www.burmeseclassic.com

# နုဝင်္ဂသမီး

ရင်ဘတ်ချင်းငြိဖို့ ရာဇဝင်တစ်ခုလိုမယ်ဆိုလျှင်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်ချစ်ကြည်ရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေး
★ ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နတ်သမီး

# ရှင်ဘတ်ချင်းငြိမ့် ရုပ်ရှင်တစ်ခုလိုပဲ အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com


[illegible] ♦ ထိန်ဇော်ကြည်

ထုတ်ဝေသူ ♦ ဒေါ်[illegible] ([illegible])
(မြဲ-၀၄၅၅၀)
အမှတ် ၁၄ ၀၀၃လမ်း
[illegible]

ပုံနှိပ်သူ ♦ [illegible] (မြဲ-၀၃၉၀၂)
[illegible]
[illegible]
[illegible]

အတွင်းဖလင် ♦ [illegible]

ကွန်ပျူတာ ♦ [illegible]

ပုံနှိပ်ခြင်း ♦ ၂၀၀၇ ဇူလိုင် [illegible]

အုပ်ရေ ♦ ၅၀၀

တန်ဖိုး ♦ ၁၅၀၀ ကျပ်

စာတိုက်အမှတ်

[illegible]

[illegible]

[illegible]


## အခန်း (၁)

"ကျွတ် ဟမိတို့ တကယ်ညှစ်တယ်ကွာ"

ဓိခင်ကို ပွစိပွစိဖြင့် မကျေမနပ် ရေရွတ်ကာ ဆိုဟာနဲ့ဝေ ခေါ်ဆောင့်ဆောင့် ထိုင်ချလိုက်သည့်ဟန်က တကယ့် ကလေးဆိုးကြီး တစ်ယောက်နှယ်။

ထိုလူငယ်လေးသည် အထင်ကရရှိသော လူငယ်လေးဖြစ်သည်။ ထိုကျစ်တစ်တစ် ပေစုတ်စုတ် စတိုင်သည်လည်း သူ့ရဲ့ပင်ကိုယ် စတိုင်သည်လည်း၊ သူ့ရဲ့ပင်ကိုယ်စတိုင်ပင် ဖြစ်သည်။

"အထိုစုတ် မာမီက သားငယ်လေးကပေါ် အကရော့များ ညစ် နေလို့လဲ၊ ဟွန်း ညစ်တာကဖြင့် သူ ဘောလုံးကန်ပြန်လာပြီး ရေမချိုး မချိုးနဲ့ ဆိုဟာနဲ့ပေါ် ထိုင်ချပစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖြူဖြူကျော် ရွှံ့တွေဖြင့် ပေလူးနေသော အထင်ကရ၏ စကားကြောင့် ရင်ဘတ်ကလေးကို လက်နှင့်အသာအိကာ ရှုံ့မဲ့မဲ့လေးလုပ်ပြီး ပြောလိုက်သည်။

“ချီးမယ်လေ ဒါပေမဲ့ မာမီမှ သားဆန္ဒကို မလိုက်လျောသေးတာ”

ချစ်ကန်ကန်ပုံစံဖြင့် ပေပြီးထိုင်နေသော သားဖြစ်သူကို ဒေါ်ဖြူဖြူကျော် ကြည့်ပြီး ပြုံးလိုက်သည်။

သားအဝမှာ မိခင်တစ်ယောက်ပေးနိုင်တဲ့ မေတ္တာမျိုး အပြည့်အဝတင် မဟုတ်ဘူး၊ လျှံထွက်အောင်တောင် ပေးနေတဲ့ ကမ္ဘာရှားမိခင်မျိုးကို သားက ဘာကိုမကျေမနပ်ဖြစ်နေသနည်း။

ပိုင်ဆိုင်သမျှ စည်းစိမ်ချမ်းသာတွေ မလျော့အောင် ထပ်တိုးလာအောင်သာ သည်းကြီးမည်းကြီး ကြိုးစားရှာဖွေနေရသည့် အဓိကရည်ရွယ်ချက်က သူမ တစ်မလွန်ကို သွားတဲ့အချိန်မှာ လူ့လောကတွင် ကျန်ခဲ့မယ့် သားလေးအတွက်ချည်းပဲ မဟုတ်လား။

“ကဲ ပြောလေ သားငယ်ရယ်၊ မာမီ့ကို အပြစ်တင်ချင်ရင် အပြစ်တင်ရလောက်တဲ့အကြောင်းပြချက်တော့ ရှိဦးမှပေါ့”

သားရဲ့ပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ကာ အားမလိုအားမရ မေးနေသော ဒေါ်ဖြူဖြူကျော်၏မျက်နှာမှာ စိတ်မကောင်းဖြစ်ခြင်းတွေကြောင့်





မှိန်ဖျော့နေ၏။

သို့သော် ထည်ဝါမှုတွေကတော့ မှိန်ဖျော့မသွား။

အိမ်နေရင်းတောင်မှ ဝတ်ထားသော စိန်တွေက ခန္ဓာကိုယ် [illegible]ရှားတိုင်း လှုပ်ရှားတိုင်းမှာ တဖျတ်ဖျတ် လက်၍နေပြီး မြင်သူတိုင်းကို မျက်စိကျိန်းစေမှာတော့ အမှန်။

ဒါက ဒေါ်ဖြူဖြူကျော်၏ ထည်ဝါမှုပြယုဂ်တစ်ခု။

“ဟုတ်တယ်လေ ဘွဲ့မရခင်တုံးကတော့ သားရယ် ဘွဲ့လေးတစ်ခုလောက် ရအောင်ကြိုးစားပါ၊ သားသာ ဘွဲ့ရခဲ့ရင် မာမီ ကျေနပ်ပါပြီ၊ ပြီးတော့ သားစိတ်ကြိုက် လုပ်ပိုင်ခွင့်တွေလည်း အပြည့်ပေးမယ်လေး ဘာလေးနဲ့ တော်ကီတွေနဲ့ အပြတ်ချည်ထားတာ၊ အခု သား ဘွဲ့ရပြီလေ”

“အင်းလေ သား ပြောသလို မာမီ့သားလေး ဘွဲ့ရပြီလေ၊ အဲဒီတော့ ဘာလုပ်ချင်သလဲပြော၊ မာမီ အကုန်ဖြစ်အောင် လုပ်ပေးမယ်၊ ယုတ်စွအဆုံး မိန်းမယူချင်ပါတယ်လို့ ပူဆာဦးမလား၊ ရပေးတယ်၊ မာမီက ကျေကျေနပ်နပ်ကြီး လက်ထပ်ပေးဦးမှာ”

အထင်ကရ စိတ်ပျက်စွာ ခေါင်းကုတ်လိုက်၏။ ဒေါ်ဖြူဖြူကျော် မမြင်။ သူ့အရှိန်နှင့်သူ ပြောကောင်းနေသည်။

“ရှေးရှေးတုန်းက အမေတွေလို အမလေး ငါ့သားလေးကို ငါတောင် ချစ်မဝတာ၊ ဘယ်မိန်းမနဲ့မှ သဘောမတူပါဘူး၊ ငါ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးနဲ့မှ မတန်မိတ္တူးဆိုတဲ့ ဟန်တက်တဲ့စကားပြောမယ့် အမေမျိုး မဟုတ်ဘူး၊ မာမီက ခေတ်ဆေးကြောင်းထဲ အလိုက်သင့် မျောနေတဲ့ ခေတ်မီမင်းတစ်ယောက်၊ သားတို့ခေတ်လူငယ်တွေအပေါ် နားလည်မှုအပြည့်ပေးထားပြီးသားပဲ"

မိခင်ဖြစ်သူ စကားဆုံးတော့ အထင်တကြ ဟက်ခနဲ တစ်ချက် ရယ်ကာ မှဲ့လိုက်သည်။

မွန်၊ အပြောကတော့ ရွှေမန်း၊ အတာ,ကတော့ ချိုမိုင်မိုင်ဆို တာ မာမီကိုပြောတာပဲ့ စိတ်ထဲမှ ခပ်ရွှံ့ရွှံ့ ပြောလိုက်သေး၏။

ကိုယ့်အသက်က ဗုဒ္ဓ စလေးငယ် မှီးသားတောက် မိန်းကလေးတော့ ပေးစားမယ်တဲ့၊ လူငယ်သဘော ရှေးခေတ်ရှုစ်တွေကိုကျတော့ ကန့်သတ် နယ်ခြေလို့ ဟိုတွေ့ရ မိမလာရနဲ့။

"ဘာမှဲ့တာလဲ သားငယ်"

သားဖြစ်သူက မှဲ့ရယ် ရယ်လိုက်သဖြင့် ဒေါ်မြမြကျော် ရယ် သံဖျော့သော အသံဖြင့် မေးလိုက်၏။

"မှဲ့မှာပေါ့ မာမီရ ကိုယ့်ဘာသာကို ကလဝ်တောင် မသွားနိုင်ဘဲ မိဘတွေက မိန်းမပေးစားဖို့အထိ စီစဉ်နေရတာ ရှက်စရာကောင်းနေတာ့ လား"

သားထံမှ ခပ်တွေ့တွေ့စကားကြောင့် ဒေါ်မြမြကျော် ခပ်လွင်





ချင်လေး ရယ်လိုက်သည်။

"အမယ်လေး၊ ဟဲ့ ဟဲ့ သားရယ် ကလဝ်ဆိုတဲ့နေရာက လူငယ် တွေ စိတ်လွတ်ကိုယ်လွတ် သွားတတ်တဲ့နေရာလေး မူးရူးသောက်စား ချော်ပါးနေကြသူ အရှုပ်ရှုပ်၊ စိတ်အခန့်မသင့်လို့ ရန်ဖြစ်ကြရင် အားလုံး အရှုပ်လက်လွှဲ ဖြစ်ကုန်တော့ ဘယ်နှယ်လုပ်မလဲ၊ ဒါကြောင့် မာမီက မှန်မိပြီး မလွှတ်ချင်တာ"

သားငယ်ကို လေပြည်နှင့်ရော်ကြည့်သည်။

"မာမီရယ်သာ တွေးပြီး ပူနေရင် ရန်ကုန်မြို့ပေါ်မှာ နိုက်ကလဝ် တစ်ခုမှ ရှိမှာမဟုတ်တော့ဘူး"

ရွှေကျယ်ချိုင်းပြတ်ကလေးနှင့် ဘောင်းဘီပွပွကြီးပေါ်မှ ညစ်ပတ် ပေရေနေသော သားဖြစ်သူ ညစ်ကျယ်ကျယ် ပြောနေပုံကိုကြည့်ပြီး ဒေါ်မြ မြကျော် သဘောတကျဖြင့် ရယ်လိုက်သည်။

တစ်ဦးတည်းသောသား၊ ဖတဆိုးလေးမို့ ငယ်စဉ်ကတည်းက အလိုလိုက်ထား၍ နည်းနည်းဆိုးချင်သော သားဖြစ်သူကို ဒေါ်မြမြကျော် တစ်ခါမှုပင် လေသံမာမာ မပြောခဲ့ပူး၊ နာကျင်အောင် ရိုက်နှက်မှုဆိုတာ တော့ ဝေးရော့။

"မာမီ ဘယ်လိုလဲ၊ ဇွဲလည်ကြောင်ပတ် လုပ်မနေနဲ့နော်၊ သား၊ တကယ် စိတ်မရှည်တော့ဘူး၊ ဒီတစ်ခါလေး သူငယ်ချင်းတွေနဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နိုက်ကလပ်တက်ဖို့ကို အဲဒီလောက် တော်ကီတွေ အများကြီး ပစ်နေရတယ်ဆိုရင်တော့ သိပ်မမိုက်တော့ဘူး၊ သား နိုက်ကလပ်သွားဖို့ ခွင့်ပြုမယ့်ကိစ္စက မာမီ့အတွက် အဲဒီလောက် ခက်ခဲနေရင်တော့ သွားအုန်းနှစ်နှယောက်ကြားမှာ အပေးအယူတစ်ခုတော့ လုပ်ရလိမ့်မယ် ထင်တယ်”

အထင်ကရ၏စကားကြီးစကားကျယ် စကားကြောင့် ဒေါ်ဖြူဖြူကျော် မျက်လုံးလေး အဝိုင်းသားဖြစ်ကာ

“အမလေး မွအေးကိုများ စကားလုံးအကြီးကြီးတွေနဲ့ ပစ်ပေါက်နေတာ ကြမ်းလှချည်လား၊ ပြောစမ်းပါဦး ဘာတွေများ အပေးအယူလုပ်ချင်နေရတာတုံး”

အထင်ကရ ချက်ချင်းမဖြေသေးဘဲ မိခင်ဖြစ်သူကို ရယ်ကျဲကျဲမျက်နှာလေးဖြင့် မင်သေသေကြည့်ကာ တဟဲဟဲဖြင့် ရယ်သည်။

ဒါတွင်ပဲလေ။ သားအမိကြားထဲမှာ ညှိမရတဲ့ကိစ္စလေးတွေ ရှိရင် အထင်ကရတို့ကာ မာမီ့ရဲ့ အားနည်းချက်ကို ကိုင်နိုင်မယ့်အကွက်တွေကို ဘယ်လိုရှာရမယ်ဆိုတာ ကြိုမြီး ဖယားချထားပြီးသား။

ရတနာစိန်တိုက်ပိုင်ရှင် သူဌေးမကြီး ဒေါ်ဖြူဖြူကျော်ရဲ့သားမဲ့ ဒီလောက်ကတော့ ခပ်ပါးပါး ပုတ်တတ်ပါသည်။

မိခင်ကို မျက်လုံးအစုံ မှေးကျဉ်းကာ ကြည့်လိုက်ပြီး

“နံပါတ်ဝမ်းအချက် မာမီ့ ရတနာဆိုင်ခွဲ ဖွင့်ပေးမယ်ဆိုတဲ့ကိစ္စ





သား လုံးဝ မစဉ်းစားဘူး၊ နံပါတ်တူး ဘွားဘွားတို့ရှိတဲ့အင်္ဂလန်မှာ စီးပွားရေးနည်းပညာ ဒီပလိုမာသင်တန်း သွားတက်ဖို့ကိစ္စကို လုံးဝ ဥဿုံ ပယ်ဖျက်တယ်”

“အို ဘုရားရေ့ ဒီလို ဘာမဟုတ်တဲ့ကလပ်ကလေး မသွားရတာနဲ့ ဒီလောက်ကောင်းတဲ့ အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးခံတယ်၊ ဗျွတ်ဗျွတ် သနားစရာလူငယ်လေးရယ်၊ ကမ္ဘာ့ထိပ်တန်းလူသားအဖြစ် ရှုံသွင်းပြဖို့တောင် ကောင်းနေပါလား”

“မဆိုးဘူး မာမီ့အိုင်ဒီယာ ကောင်းတယ်”

“ဘာကောင်းတာလဲ ရုံသွင်းပြပြီဆိုကတည်းက ဘာဖြစ်သွားမလဲ မှာင်း မပြောလိုက်ချင်ဘူး ကိုယ့်ဘဝတိုးတက်မြင့်မားဖို့ဆိုတာနဲ့ နည်းနည်းလေးမှ မစဉ်းစားတတ်တဲ့ ကလေး”

“ဒါက မာမီတို့ဘက်က အမြင်လေ၊ သားတို့ လူငယ်တွေ အမြင်ကျတော့ အဲဒါတွေက အရမ်းတာဝန်ကြီးလွန်းမနေဘူးလား မာမီရာ၊ ဒါကြောင့် မာမီတို့ပေးတဲ့တာဝန်ကို မထမ်းဆောင်ခင် လူငယ်တွေရဲ့ လွတ်လပ်ပျော်ရွှင်ချင်တဲ့ စိတ်ကလေးကို တစ်ခါတလေ လွှတ်ပေးသင့်တယ်လို့ မာမီ မထင်ဘူးလား”

စကားကြီးစကားကျယ် ပြောနေသော သားဖြစ်သူကို ဒေါ်ဖြူဖြူကျော် အမြုံးမဲ့မဲ့လေးပြုံးကာ ချစ်မျက်စောင်းထိုးလိုက်သည်။ တစ်တ



www.burmeseclassic.com

www.burmeseclassic.com



လည်း တတ်နိုင်တဲ့ သားပေါ့။

ဒါတောင် ကိုလေထွားလေးက စကားမဆုံးသေး။ ဆက်ပြောရန် ကျန်နေသေးသည့်အလား ချောင်းကို တစ်ချက်ဟန့်လိုက်ပြီး

"အဟမ်း သားမှာ လူလားမြောက်ကာစ ငါးနှစ်အရွယ်ထဲက မာမီတို့ပုံစံခွက်ထဲမှာ မွန်းကြပ်ပိတ်လှောင်ခြင်းတွေနဲ့ သင်ခန်းစာပေါင်းများစွာကို သင်ယူလေ့လာခဲ့ရတာ လွန်ခဲ့တဲ့လပိုင်းလောက်အထိပဲ၊ အဲဒီကုန်လွန်ခဲ့တဲ့အချိန်မှာ မာမီ သားကို ဘယ်နှစ်ခါများ စိတ်ထွက်ပေါက်ပေးခဲ့သလဲ"

အထင်ကရ အဖို့ ကလပ်ကလေး တစ်ခါတက်ဖို့ အတိုက်အခံပြောဆိုနေရတာ တကယ်ပင် မောလှ။ တစ်ညကလေး ပျော်ဖို့အရေး အဲဒီလောက် တော်ကီအလုံးအရေအတွက် အများကြီးချသုံးနေရတာ သိပ်တောင် မတန်တော့ဘူး။ အဲဒီလိုမှန်းသိလျှင် ဟိုကောင် အာကာတို့နှင့် ကလပ်သွားဖို့မချိန်းဘဲ ငွေသောင်ဖြစ်ဖြစ် ချောင်းသာဖြစ်ဖြစ် သွားဖို့ ချိန်းလိုက်ပါတယ်။ အဲဒီလိုသာဆိုရင် မာမီ့ရဲ့ စိုးရိမ်ပူပန်စိတ်တွေက ငယ်ထိပ်ကနေ မီးရှူးမီးပန်းတွေလို ရှူးခနဲဆိုပြီး မိုးပေါ်ထောင်တက်သွားလေမလားတောင် မသိ။

"အဟက် ဟား ဟား ဟား"

တွေးရင်းဖြင့် မာမီ့ငယ်ထိပ်က မီးရှူးမီးပန်းတွေ ဖွာထွက်နေပုံ





ကို မြင်ယောင်သွားပြီး လှတ်ခနဲ ရယ်မိသွားသည်။

"အံမယ် ဒါက ဘာတွေသဘောကျနေပြန်တာလဲ"

"ဘာမှမဟုတ်ပါဘူး မာမီရာ၊ ကျိုးငံပဲ ရယ်တာတောင် လွတ်လွတ်လပ်လပ် မရယ်ရဘူး။ ရှားတယ်ကွာ၊ ငါတို့ မာမီကတော့"

ခေါင်းမှ ခါးဆီပြေးသွားမျှပဲ ဖြူဖြူဖွေးဖွေးလေးတွေကို လက်ချောင်းတွေဖြင့် ထိုးမွှရင်း ချစ်စရာကောင်းလေး ရယ်ကာ ပြောလိုက်သည်။

"အချစ်ရေ မုန်းလာနေတယ် အချစ်ရေ မုန်းလာနေတယ်"

မှန်ပြည့်သံကြောင့် ခေါ်ဖြူဖြူကျော့ ပါးစပ်အဟောင်းသားဖြင့် ဘုရားတစ်ဖြစ်နေသည်။ မုန်းခေါ်သံတောင် အချစ်ရေ မုန်းလာနေတယ်ဆိုတဲ့ မိန်းကလေးအသံ ချိုကြည်ကြည်လေးကို ထည့်ထားပါလားဟူသော အတွေးနှင့်အတူ သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

အထင်ကရ မိခင်ဖြစ်သူကို မလုံသော မျက်ဝန်းဖြင့် ဖွေကြည့်ကာ ခပ်ကျဲကျဲ ရယ်ရင်း

"ဟဲလို အေး ဟုတ်တယ်၊ ဒီမှာကွာ ငါမာမီနဲ့ အခုထိ မှားနေရတုံးပဲ"

"အင်း နေဦး ငါ အတိအကျ မေးလိုက်ဦးမယ်"

ဖုန်းပြောရင်း အထင်ကရ မိခင်ဖြစ်သူဘက်ကို လှည့်ရင်း

"မာမီ ဘာလုပ်ရမှာလဲ၊ ဟိုကောင်တွေက ညဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



သွားမလဲ လုမ်းဒိတ်နေပြီ”

အထင်ကရ အမေးကို ဒေါ်ဖြူဖြူကျော် မကြားဟန်ပြုကာ ကယ်ကူလေတာ တစ်လုံးနှင့် အလုပ်ရှုပ်ဟန်ပြနေလိုက်သည်။

အမှန်က ကလပ်သွားဖို့ ခွင့်တောင်းကတည်းက သွားခွင့်ပြုလိုက်ဖို့ စဉ်းစားထားပြီးသား။

“ဟာ မာမီ ပြောကွာ၊ မညစ်နဲ့ သား တင်းလာပြီ”

အရပ်ကလန်ကလားကြီးကိုမှ အားမနာ၊ သူ့ကိုယ်သူ ကလေးတစ်ယောက်လို ဖုန်းပြောရင်းမှ နှုတ်ခမ်းစူကာ ခြေဆောင့်၍မေးနေသော သားကို ချစ်မျက်စောင်းလေးဝေ့ကာ

“ကြွ ကြွ အဲဒီကလပ်ကို မသွားရမချင်း မာမီ့နားတွေ ပူထူနေဦးမှာ သိတယ်”

“ဟေး ဒါမှ ငါ့မာမီကွ”

ဖုန်းကိုင်ထားရင်းမှ ဝမ်းသာအားရ ခုန်ပေါက်ပျော်ရွှင်သွားသော သားကိုကြည့်ပြီး ဒေါ်ဖြူဖြူကျော် ပီတိတွေ ရင်မှာစီမ့်သွားရ၏။

သား အမှန်တကယ် ပျော်သွားတာပဲ။ အင်းလေ သား ပျော်လျှင် သူလည်း လိုက်ပျော်ရမှာပေါ့။ ကလပ်တက်တယ်ဆိုတာ သူတို့ခေတ်လူငယ်တွေရဲ့ စတိုင်တစ်ခုပဲ မဟုတ်လား။

ဒီတော့ ခေတ်ရေစီးကြောင်းအတိုင်း အလိုက်သင့် မျောပေး





ရတော့မှာပေါ့။

ကိုယ်ကလည်း ခေတ်သစ်ရဲ့မိခင်ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဝလွှမ် ရုရွှမ် ရွှမ်"

တခေါ်မှ တွန်းတိုက်ချလိုက်သော ဟင်းပန်းကန်တွေက မီးဖိုကြမ်းခင်းတွေပေါ်မှာ အဆီတဝင်းဝင်းနှင့် ပြင်ရက်စရာမရှိ။

"သွား၊ ဘာမှလာမကျွေးကြနဲ့၊ မစားဘူး"

"စိတ်လျှော့ပါ သံစဉ်လေးရယ်၊ မမသီတာ တောင်းပန်ပါတယ်ကွယ်"

"မလျှော့ဘူး၊ လုံးဝကို မလျှော့နိုင်ဘူး။ တစ်နေ့လာလည်း ပုစွန်ထုပ်၊ ကြက်သား၊ ဆိတ်သား။ နောက်တစ်နေ့လာလည်း ဒီဟင်းတွေပဲ၊ ဒါတွေ မစားချင်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

သံစဉ်မမရဲ့အသံက ဒေါသကြောင့် ဝူးရှူးနေ၏။



မသီတာမှာသာ သံစဉ် သောင်းကျန်းထား၍ ကြမ်းခင်းပေါ်မှာ ရှုတ်ကြဲနေသော ဟင်းတွေကိုကြည့်လိုက်၊ ဒေါသဖြင့် ပြောဆိုနေသော သံစဉ်လေးကိုကြည့်လိုက်နှင့် ဘာလုပ်၍ ဘာကိုင်ရမှန်းပင် မသိတော့။

ဒီလိုအဖြစ်မျိုး မကြာခဏ ကြုံနေရ၍ ရိုးနေပေမယ့်လည်း သံစဉ် စိတ်ဆိုးပြီဆိုလျှင်တော့ မသီတာ ဘယ်လိုမှ မနေတတ်တော့။

ဒီအိမ်ကြီးမှာ သံစဉ်က ဗိုလ်ပဲ။

မိတဆိုးလေးဆိုပြီး ဦးဖေယျာမင်းမောင် အလိုလိုက်ထားလွန်း၍ ထင်တိုင်းကြဲနေခြင်း ဖြစ်သည်။

သူ့စိတ်ထဲရှိတဲ့အတိုင်း ဘယ်သူ့မျက်နှာမှ မထောက်ဘဲ အနိုင်ယူ ဗိုလ်ကျတတ်တာဟာ ကြာလာတော့ သံစဉ်ရဲ့စရိုက်ဖြစ်မှန်းမသိ ဖြစ်လာ၏။

"ဒါ ဒါဆို မမသီတာ ဘာလုပ်ပေးရမလဲဟင်"

အောက်ကျို့ အသနားခံသော လေသံလေးဖြင့် မေးလိုက်သော မသီတာကို ခပ်စူးစူးလေး စိုက်ကြည့်ကာ နှုတ်ခမ်းလေးမဲ့လိုက်ပြီး

"စကားတစ်ခွန်းကို နှစ်ခါပြောတတ်တဲ့အကျင့် သံစဉ့်ရာဇဝင်မှာ မရှိဘူးဆိုတာ မမသီတာ နားမလည်ဘူးလား၊ မနေ့ကတည်းက သံစဉ် ဘာစားချင်တယ်လို့ ပြောထားလဲ"

ရှုရှုဆောင့်ဆောင့်လေးဖြင့် တဆတ်ဆတ်လှုပ်ကာ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



သော ဟန်လေးက ချစ်စဖွယ်ကောင်းပေမယ့် အနိုင်ယူဗိုလ်ကျချင်း
စိတ်ကြီးကြောင့် မုန်းချင်စရာကောင်းနေသလို။

ပုလဲနှစ်ရောင် မျက်နှာလေးဖြင့် မျက်ဝန်းဝိုင်းဝိုင်းလေးတွေ
နှင်းဆီသွေးရောင် နှုတ်ခမ်းဖူးဖူးလေးနှင့် လိုက်ဖက်လွန်းစွာ အထက်တ
ကျကျ လှပလွန်းနေပြန်၏။

"ဩော် Micasa က သိုးသားဟင်းစားချင်တယ်လို့ ပြောထာ
တာလား"

"ဟုတ်တယ်"

မသီတာ၏မဝံ့မရဲအမေးကို အသံခပ်ပြတ်ပြတ်ဖြင့် မျက်စော
ချိုကာ ဖြေလိုက်၏။

"ဩော် ဒါလား၊ နေ့လယ်က မမသီတာလည်း အလုပ်ဒေ
ရှုပ်သွားတာနဲ့ မေ့သွားတယ်ကွယ်၊ စားချင်ရင် ခုပဲ ဖုန်းဆက်ပြီး
လိုက်ပါ့မယ်"

"ကျွတ် ခုမှ ဖုန်းဆက်မှာတော့ရော Micasa က ဝန်ထ
တွေက ဒုံးပျံစီးပြီး လာပို့မှာမို့လား"

"ဟင် ဒါ ဒါကတော့ သံစဉ်လေးရယ်"

"ဟင်း ဆင်ခြေဆင်လက် ဆင်အမြီးတွေပေးတော့မယ် မဟုတ်
လား၊ အဲဒီလို ဒုံးပျံစီးပြီး လာပို့မယ်ဆိုရင်တော့ ဒီထမင်းဝိုင်းက ထ





မှ မခွာဘဲ ထိုင်စောင့်နေလိုက်ဦးမယ် ရှင်းလား"

"ဒုံး ဒုံးပျံတော့ ဘယ်ရှိမလဲ၊ သူတို့ကားနဲ့တော့ လာပို့မှာပေါ့
သံစဉ်လေးရယ်"

"အဲဒါဆို လာမပြောနဲ့ နားညည်းတယ်"

သံစဉ် အော်သံကြောင့် မသီတာ ခပ်ယို့ယို့လေး ရယ်နေရင်းမှ
ယ်လေးတွန့်ခနဲ ဖြစ်သွားကာ မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့်
သံစဉ်ကို မဝံ့မရဲ ကြည့်နေ၏။

မသီတာအဖို့ ဖြစ်နိုင်ရင် သံစဉ်ရှေ့ကနေ အငွေ့အဖြစ် လွင့်ပျံ
သံစဉ်နဲ့ဝေးရာကို ထွက်သွားလိုက်ချင်ပါသည်။

"မီးငယ်လေး သံစဉ် သီတာ့ကို ဘာတွေချစ်တိုက်နေပြန်ပြီလဲ"

ထမင်းစားခန်းထဲကို အသံပေးကာ ဝင်လာသော ဖခင်ရဲ့အမေး
ကြောင့် သံစဉ် နဂိုရှုနေကျ နှုတ်ခမ်းထက်ပို၍ ဆူထွက်သွားကာ

"ဒယ်ဒီတို့ လုံးဝမမိုက်ဘူး၊ ကိုယ့်သမီး ဘာစားချင်လဲ ဘာ
ဖြစ်ချင်လဲဆိုတာကို ဒယ်ဒီ့လူတွေကိုတော့ နည်းနည်း စနည်းနာခိုင်းသင့်
တယ် မဟုတ်လား။ ခုတော့ သူတို့စားချင်တာတွေပဲ ချက်နေကြတယ်၊
သံစဉ် စားချင်တဲ့ဟင်းတွေကျတော့ မချက်ဘူး၊ အိမ်မှာ မချက်လို့
ဟိုတယ်က မှာပေးဆိုတော့လည်း အမျိုးမျိုး ဆင်ခြေပေးတယ်၊ ခုလည်း
Micasa က သိုးသားဟင်း စားချင်ပါတယ်ဆိုတာကို ဝယ်မပေးထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကို အပြစ်လုပ်မဲ့တင်ရင်း တိုင်တန်းနေသဖြင့် ဦးဖေ

မင်းမောင် သဲဘောကျစွာရယ်ရင်း ပါကေးကြမ်းခင်းတွေမှာ ရစရာ

အောင် ပြန့်ကြဲပေရေနေသော ဟင်းတွေကို ကွေ့ရှောင်ပြီး သံစဥ်အနာ

ကို လျှောက်လာလိုက်၏။

ကြမ်းခင်းမှာ ဟင်းတွေ ဘာကြောင့် မွစိထနေသလဲဆိုတာ

တော့ လေကုန်ခံပြီး မေးမနေတော့။ မမေးလည်း သိနေတာပဲလေ။

"ကဲ ဒယ်ဒီ့ကိုပြောစမ်းပါဦး။ မီးငယ်လေးရဲ့ မကျေနပ်ချက်

တွေ"

သံစဥ်ဘေးမှာ ဝင်ထိုင်ရင်း သံစဥ်ရဲ့ရွှေအိုရောင် ဆံပင်ပျော့

ပျော့စင်းစင်းလေးတွေကို လက်ဖြင့် အသာဖွလိုက်ပြီး သဘောတကျဖြ

မေး၏။

ဦးဖေယျာမင်းမောင်အတွက်တော့ သမီးလေးဟာ ဘွဲ့ရပြီး

ဆိုပေမယ့် သူ့အတွက်တော့ မနေ့တစ်နေ့ကမှ မွေးလိုက်သော အု

လေးလိုပါပဲ။

"သံစဥ် စားချင်တာ Micasa က သိုးသားဟင်း စားချင်တာ

အဲဒါကို မမသီတာက ကြိုဝယ်မပေးထားဘူး"

သံစဥ် ပြောရင်းဖြင့် မျက်ရည်မထွက်သော ငိုခြင်းဖြင့် တဟင့်

ဟင့် ရှိုက်ငို၏။ ဒီတော့ ဖခင်ဖြစ်သူ ဦးဖေယျာမင်းမောင် ခြေမကိုင်မိ





တ်တိုင်မိဖြစ်ပြီပေါ့။

ပခုံးလေးကိုသိုင်းဖက်ကာ ခပ်ဖွဖွလေး ပုတ်ပြီး သမီးဖြစ်သူရဲ့

နှမ်းသမှုကို လိုက်လျောမည့်ဟန်အပြည့်ဖြင့်

"ငိုတော့ မငိုလိုက်ပါနဲ့ မီးငယ်လေးရယ်၊ ဒယ်ဒီ ကိုယ်တိုင်

ယ်လေးစားချင်တဲ့ သိုးသားဟင်းနဲ့ ဒီည ဒင်နာလုပ်ပေးမယ်"

"ဟင့်အင်း မလုပ်ပေးနဲ့တော့၊ မစားတော့ဘူး"

ခေါင်းလေးကို သွက်သွက်ခါအောင်ရမ်းကာ ကလေးဆန်သော

အရာနှင့် နှုတ်ခမ်းကိုစူထော်ပြီး ငြင်းလိုက်သည်။

"ဟင် ဘာဖြစ်လို့လဲ မီးငယ်လေးပဲ Micasa က သိုးသားဟင်း

ချင်တယ်ဆို"

ဒယ်ဒီ တအံ့တသြမေးဟန်ကို အလိုမကျသော အပြုံးမဲ့မဲ့လေး

တုံ့ပြန်လိုက်ရင်း

"ဟင့်အင်း ဒယ်ဒီ့ဒင်နာကို စိတ်မကောင်းစွာနဲ့ပဲ ပယ်ဖျက်ရ

သဲ"

"ဘာကြောင့်"

"ဒီည သူငယ်ချင်းတွေနဲ့ ကလပ်သွားဖို့ ချိန်းထားတယ် ဒယ်ဒီ"

"ဪ ဒါကြောင့် သမီးလေးက ဒယ်ဒီ့ဒင်နာကို ငြင်းတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါပေမဲ့ ဒယ်ဒီ မုန့်ဖိုးတော့ ပေးရမယ်နော်၊ သံစဉ်မှာ ဆောင်းနေတယ်"

လက်ဝါးလေးဖြန့်ပြီး မုန့်ဖိုးတောင်းနေပုံက စောစောက သိုးသားဟင်း မစားရလို့ သောင်းကျန်းနေသော အမူအရာနှင့် လုံးဝခြားနားသွားကာ အပြစ်ကင်းလွန်းနေသည်။

"ဟား ဟား ဟား ရေခဲမုန့်တာများ ရေချိုးခန်းထဲမှာ ရေတွေ တစ်ပုံကြီး"

ဖခင်စကားကြောင့် ငိုမဲ့မဲ့မျက်နှာလေးဖြင့် ခြေဆောင့်ကာ

"ဟာကွာ ဒယ်ဒီနော် လူက တင်းနေရတဲ့ကြားထဲ မနောက်နဲ့ သိလား။ ဒီတစ်ခါဆိုရင် မျက်ရည်ထွက်အောင် ငိုလိုက်မှာ ဟွန့်"

"အေးပါ ငိုတော့ မငိုလိုက်ပါနဲ့ မီးငယ်လေးရာ၊ ပေးပါ့မယ် ကဲ သွား ဒယ်ဒီ့ မီးခံသေတ္တာထဲမှာ လိုသလောက်သာ ယူသွား။ အဲ သွားရင် ကားပါယူသွားနော်၊ ဒီည ဒယ်ဒီလည်း ဒင်နာတစ်ခုရှိလို့ အပြန်မိုးချုပ်မှာ၊ တို့သားအဖတွေ ဘယ်သူက အိမ်အရင်ပြန်ရောက်မလဲ မသိဘူး။ မသိတာကလည်း သူ့အိမ်ခဏပြန်မှာဆိုတော့ မီးငယ်လေး ကားယူသွားမှ ဖြစ်မှာ"

"ဟင်း ပြောတော့ သံစဉ်ကို ဒင်နာပေးမလေး ဘာလေးနဲ့ ဒယ်ဒီ့မှာလည်း ဒိတ်ထားပြီးသားဟာကို"





သံစဉ် ဖခင်ဖြစ်သူကို မျက်စောင်းလေး တချွန်ချွန်ဖြင့် ရှုမှုံ

…ဆိုး

"ခြော် မီးငယ်လေးက ဒယ်ဒီ့ဒင်နာကို လက်ခံရင်တော့ အဲဒီ …ကို နောက်တစ်ည ဖမ်းရွှေ့လိုက်ရုံပေါ့၊ ဟုတ်ဖူးလား ဒယ်ဒီ့ဘဝမှာ …ယ်လေးလောက် အရေးကြီးတာ ဘာမှမရှိဘူး"

"ယုံပါဘူး"

"ကဲ မီးငယ်လေး ယုံအောင် ဒယ်ဒီ ဘယ်လိုသက်သေပြရမ …ဘဲ"

"တကယ် သက်သေပြမယ်ပေါ့"

ဖခင်ဖြစ်သူကို လက်ညှိုးလေးတစ်ချောင်း ထောင်ကာ ချွဲပျစ် …စ်ပြောနေပုံက ကလေးဆိုးတစ်ယောက်လို ရသမျှ အခွင့်အရေး သိမ်း …ျူးယူတော့မည့်ဟန်အပြည့်။

"တကယ်ပေါ့ မီးငယ်လေးရ"

" Promise "

" Yes, Promise "

ဖခင်ထံမှ ကတိတွေ အထပ်ထပ်ယူနေပုံထောက်လျှင် အချို …ကြီးတောင်းတော့မည်ဆိုတာ ဦးဇေယျာမင်းခေါင် သိပြီးသား။ သို့သော် သမီးလေး ဘယ်လောက်ကြီးမားတဲ့ အခွင့်အရေးမျိုးကို တောင်းဆိုလေမည်



www.burmeseclassic.com

www.burmeseclassic.com



စေ လိုက်လျှောဖို့ အဆင်သင့်ဖြစ်နေသည်က ဖခင်တစ်ယောက်ရဲ့ ဝတ္တရား လို့ ဦးဖေယျာမင်းမောင် ပုံသေတွက်ထား ပြီးသား ဖြစ်သည်။ ကိုယ်က သမီးလေးကို သိပ်ချစ်တာကိုး''

''ဒါဆို အခု သံစဉ် စီးနေတဲ့ကားကို အခုနောက်ဆုံးပေါ် မော်ဒယ်နံပါတ်နဲ့ ချိန်းပေး''

''ဒီကားလဲထားတာမှ နှစ်လပဲရှိသေးတယ်လေ''

''ရှိပေမယ့် ဒယ်ဒီ့ကားပုံစံကြီးကိုလည်း ကြည့်ဦး Old Service ကြီးဖြစ်နေပြီ၊ ဘယ်လိုမှ မလန်းတော့ဘူး၊ သံစဉ် စီးချင်တာက အခု ပြင်သစ်ကထုတ်တဲ့ နောက်ဆုံးပေါ် မော်ဒယ်အလန်းစားထဲက အမိုးပွင့်ကားလေးစီးချင်တာ၊ ကားလေးက ပြိုင်ကားဆန်တယ်၊ သံစဉ်သာ စီးလိုက်လို့ကတော့ သူငယ်ချင်းတွေ ကြားထဲမှာ တကယ့် အလန်းဖယားဖြစ်သွားမှာ၊ အဟီး ဘွေးရင်းနဲ့တောင် ရင်တွေခုန်ပြီး ရင်ထဲမှာ လန်းသွားတာပဲ''

လက်နှစ်ဖက်ကို ရင်ဘတ်မှာ ခပ်သာသာဖိပြီး မျက်လုံးလေး နှစ်ဖက် မှေးစင်းကာ ဗီလင်အပြည့်ဖြင့် ပြောလိုက်သော သမီးဖြစ်သူ၏ မထိတထိဟန်ပန်လေးကိုကြည့်ပြီး ဦးဖေယျာမင်းမောင် ပြုံးလိုက်သည်။

''ကဲပါ ဒယ်ဒီက လဲပေးပါပြီတဲ့ အဲဒီပြိုင်ကားလေးကိုရော ဘယ်နှစ်လစီးမှာတဲ့လဲ၊ ငါထမ ကားတုံးကလည်း အရောင်မကြိုက်လို့





...ဆိုပြီး အရောင်ကောင်းတဲ့ မော်ဒယ်နဲ့ လဲပေးလိုက်တာ ဒယ်ဒီ နောက် ...ပ် နှစ်ရာငါးဆယ် အလိုက်ပေးလိုက်ရတယ်၊ ဟော့ ခုလည်းကျရော ...းသားဗစ်ကြီးဖြစ်သွားပြီ၊ ခုလည်း မီးငယ်လေးပြောတဲ့ကား ဒီဇိုင်းမျိုး ...ိုရင် အလိုက်ပေးပြီး လဲမယ့်သူတောင် ရှိမှာမဟုတ်ဘူး''

''ဟင့် မရဘူးကွာ၊ မရရအောင် လဲပေး''

သံစဉ် ဖွတ်တရွတ် တောင်းဆိုနေပုံက အရုပ်ဆိုင်ထဲဝင်သွား ...တဲ့ ကလေးတစ်ယောက် သူလိုချင်သော အရုပ်မရ၍ ဂျစ်တိုက်ပုံမျိုး။

''နေပါဦး ဒယ်ဒီ့စကားဆုံးအောင် နားထောင်ဦး၊ ပြင်သစ်က ...ဆွတာ ရောဘတ်ဟဲရစ်နဲ့ ဆက်သွယ်မှုရတော့မယ်၊ သူ့ကားကုမ္ပဏီမှာ ဆိုရင်တော့ မီးငယ်လေး စိတ်တိုင်းကျတဲ့ကားမျိုး ရှိမှာ ကျိန်းသေတယ်''

ဒီတော့မှ သံစဉ်၏တွန့်ကွေး ထော်လန်နေသော နှုတ်ခမ်းလေး စိတ်ကျေနပ်မှုကြောင့် ပြေလျော့သွားသည်။

ကဲ ဘယ်လောက် စိတ်ရှည်ပြီး အချစ်ပိုလိုက်တဲ့ ဖခင်လဲလို့။ အခွင့်ထူးခံလူသားထဲမှာ သံစဉ်တို့က ထိပ်ဆုံးကပါပြီးသား။

''ဘယ်လိုပဲဖြစ်ဖြစ် သံစဉ်တို့က အဲဒီလိုမျိုး ကားလေးစီးရရင် ကျေနပ်တယ်၊ ဒီကားလေး ချိန်းပြီးရင် ဒယ်ဒီ့ကို နောက်ထပ် ကားပြောင်း ပေးဖို့ လုံးဝ လုံးဝ မပူဆာတော့ဘူး စိတ်ချ''

''အောင်မလေးဗျာ သိန်းထောင်ချီပြီး ပေးဝယ်ရမယ့်ကားမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ လဲချင်သေးတယ်ဆိုရင်တော့ ဒယ်ဒီကိုယ်တိုင်ပဲ ကားထုတ်လုပ်ရေး စင်တာ ဖွင့်လိုက်တော့မယ်၊ ဟုတ်ပြီလား''

''အိုး ရက်စ် ကောင်းတယ် ဒယ်ဒီ၊ ကောင်းတယ် အဟင်း ခစ် ခစ် ခစ်''

''ဟေ ကောင်းတယ် ဟုတ်လား ဟား ဟား ဟား ဟား''

သမီးဖြစ်သူက ကျေနပ်သဘောကျပြီးရယ်တော့ ဦးဖေညွှာမင်းမောင်ပါ ပီတိတွေ တစ်လှေကြီးဖြင့် လိုက်ရယ်လိုက်၏။

သားအဖနှစ်ယောက် အပေးအယူတည့်သွားပုံကိုကြည့်ပြီး အနားမှာ တစ်ချိန်လုံး ရပ်နားထောင်နေသော မသီတာလည်း ခုမှပင် ဟင်းခနဲ သက်ပြင်းချကာ သံစဉ် ဖွထားသော ကြမ်းခင်းပေါ်က ဟာဖ်းတွေကို စိတ်ရှည်လက်ရှည်ဖြင့် သုတ်သင်ရှင်းလင်းတော့၏။ ခုတော့ Micasa က သိုးသားဟင်း ဘယ်ဆီရောက်သွားပြီလဲ မသိ။

ဒီအိမ်မှာ သံစဉ်မမ ဆိုတဲ့ ဂျစ်တူးမလေးကို ယှဉ်နိုင်မည့် ဗိုလ်မပေါ်သေးသ၍တော့ အားလုံး သည်းခံကြရုံပေါ့။

Royal City ဟိုတယ်ပိုင်ရှင် ဦးဖေညွှာမင်းမောင်ရဲ့တစ်ဦးတည်းသော သမီးပဲ။ ဒီလောက် အခွင့်အရေးကတော့ ဘယ်ပြောပလောက်မလဲ နော်။

ဒါဟာလည်း သံစဉ်မမရဲ့ ကုသိုလ်ကံပဲလေ။

■ ■ ■



## အခန်း (၃)

လူကုံထန် အသိုင်းအဝိုင်းများဖြစ်ကြသော အခွင့်ထူးခံ လူတန်းစား ခေတ်ကာလ သားပျိုသမီးပျိုတို့ ထင်တိုင်းကြဲနိုင်သော ကလပ်ဆိုသည့် ပျော်စရာနေရာတစ်ခု။

လူငယ်တွေ၏စိတ်ကို မြူးကြွစေသော ရောင်စုံဆလိုက်မီးရောင်များ ခပ်မှိန်မှိန်အောက်မှာ ဂနာမငြိမ်လောက်အောင် လှုပ်ရမ်းကခုန်နေသော လူငယ်တွေ၏ အနာဂတ်ကို မျှော်ကြည့်လို့ရလျှင် မျှော်ကြည့်ချင်ပါ၏။

ထိုတင်မကသေး အချိန်တွေကို ဥပေက္ခာပြု ကျောခိုင်းထားသော နေရာတစ်ခုဟုလည်း ယိုးစွပ်ချင်ပါသေးသည်။

မိုက်တုတ်တုတ် ကာလမီးရောင်တွေနှင့် ဆူညံပွက်လောရိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသော နိုင်ငံခြားတေးသွားတွေက လူငယ်တွေရဲ့စိတ်ကို မြူးကြွပျော်ရွှင်အောင် ဖြားယောင်းနိုင်တာကတော့ အလွန်ပင် အံ့သြစရာကောင်းနေပါ၏။

ဒီနေရာဟာ သူတို့လို အပျော်လွန် လူငယ်လေးတွေ၏ ပျော်စရာနန်းဆောင်တစ်ခုလို့ မှတ်ယူထားကြပုံလည်း ရ၏။

"အထင်ကရ မင်း ကျိုးပြီလား"

အတွင်း့ သူငယ်ချင်းအဖွဲ့ထဲမှ နေခြည်နုနှင့် ကနေရင်းမှ ဝိုင်းထဲမှ ထွက်သွားသော အထင်ကရကို မြူးဇစ်သံတွေကြားထဲမှ လှမ်းမေး၏။

"တော်ပြီကွာ ငါကရတာ ဖီးမလာတော့ဘူး၊ မင်းတို့ဖာသာဆက်ကကြတော့၊ ငါ စားသောက်ဝိုင်းမှာ ထိုင်စောင့်မယ်"

ပြောပြောဆိုဆိုဖြင့် သူတို့စားသောက်လက်စ စားပွဲဝိုင်းရှိရာဘက်သို့ အထင်ကရ တစ်ယောက် ခပ်မှန်မှန် ပြန်လျှောက်လာလိုက်သည်။

မသောက်စဖူး အသောက်ထူးတော့ အခုလို ခြေလှမ်းတွေပင် လေထဲမှာ မြောက်နေသလိုလို။

မာမီကတော့ သေချာမှာလိုက်သားပဲ၊ အလွန်အကျွံ မဖြစ်စေနဲ့တဲ့။ မဖြစ်ပါဘူး မာမီရာလို့ ကတိပေးခဲ့ပေမယ့် အာကာတို့ အတွင်း့တို့က အတင်းတိုက်လာတော့ တခြားသူငယ်ချင်း မိန်းကလေးတွေတောင်





...သောက်ရဲပြီး ကိုယ်က မသောက်ရဲလျှင် ဒီကောင်တွေက ကိုယ့်ကို ...ချယ်ကြီးလို့ ဝိုင်းပြီးပြောကြမှာပေါ့။ ဒါကြောင့် သောက်ကြည့်တော့ ရီဝေ ...သနှင့် ဘယ်လိုခံစားမှုကြီးမှန်းလည်းမသိ။

စားပွဲဝိုင်းဆီရောက်တော့ သံစဉ်နဲ့ကေရီကတော့ များသွားလို့ ...ထင်သည်။ မှောက်နေကြပြီ။

အထင်ကရ သူမတို့နှစ်ယောက်ကိုကြည့်ပြီး အထင်သေးစွာ ...ဖြင့် မဲ့လိုက်သည်။ မိန်းကလေးတွေဖြစ်ပြီး အဲဒီလောက် သောက်ရလား။

အင်းလေ ဒါက သူတို့အတွက် ပထမဆုံးအတွေ့အကြုံမဟုတ်ကြတော့တာပဲ။ အထင်ကရထက်စာရင် ပါလာတဲ့သူငယ်ချင်းအဖွဲ့အားလုံး ကလပ်ကို မကြာမကြာ တက်ဖူးနေတဲ့သူတွေ၊ ကိုယ်ကသာ ဒါပထမဦးဆုံး အကြိမ်အဖြစ် နိုက်ကလပ်ဆိုတာကို လာဖူးခြင်းဖြင့်။

သိပ်ပြီးတော့ ပျော်စရာလည်း မကောင်းပါဘူး။ မာမီပြောသလိုမူးရူးသောက်စားနေတဲ့သူတွေချည်းပဲ၊ အဲဒီအထဲမှာ ကိုယ်တောင် တစ်ညတာအဖြစ် ပါဝင်လိုက်သေးတာပဲ။

"ဟေ့ အထင်ကရ နင် သွားမကဘူးလား"

သံစဉ်က စားပွဲပေါ်မှာ မှောက်နေရာမှ အထင်ကရကို တွေ့တော့ ခေါင်းထောင်လာကာ ရီဝေစူးရှသော အသံခပ်လေးလေးဖြင့် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မကာဘူး"

အထင်ကရ သံစဥ်အမေးကို ခပ်တိုတိုပြတ်ပြတ် ပြန်ဖြေလိုက်သည်။ အမှန်တော့ သူ့ကို ကျောင်းမှာတုံးကတည်းက အထင်ကရ သိပ်ကြည့်ရခဲ့တာမှ မဟုတ်တာ။ အတန်းတူချင်းမို့သာ လူမှုရေးအရ ဆက်ဆံနေရခြင်း ဖြစ်သည်။

စိတ်ထဲမှာတော့ သူမရဲ့ ဆောင့်ကြွားကြွားပုံစံကို သိပ်သဘောမကျ။ ကျောင်းတုံးကဆို အထင်ကရတို့ ယောကျ်ားလေး တစ်ဖွဲ့လုံးကို သူ့ရဲ့ကျေးကျွန်တွေလို သဘောထားချင်တဲ့ ကောင်မလေး။ တွေ့လိုက်တိုင်း လူတွေကို ဘာခိုင်းရပါ့မလဲ။ အမြန်စဥ်းစားကြံဆနေတာ အထွင်နှင့်အာကာတို့ဆိုတော့ သူ့အလုပ်ထဲမှာမျောပြီး ဘာခိုင်းခိုင်း လုပ်ပေးဖို့ အဆင်သင့်။

သူမစီးသော ပင်စဲလ်ဟီးကိုတောင် ဖုန်သုတ်ပေးဆိုလျှင် သုတ်ပေးမယ့်ကောင်တွေချည်းပဲ။

အထင်ကရတို့ကတော့ ခပ်ရှင်းရှင်းပဲ။ လုံးဝကို အရောတဝင်မလုပ်တာ။ တစ်ခါကလည်း ကျောင်းစာကြည့်တိုက်သွားရင်း သူ့စာအုပ်တွေပါ တစ်ခါတည်း အပ်ပေးခဲ့ဆိုပြီး လူကို အကြောကြီးနှင့် လာခိုင်းသေးသည်။ ဘယ်ရမလဲ အထင်ကရတို့က ခေသူမှမဟုတ်တာ။

"ကိုယ့်မှာ လက်တွေခြေထောက်တွေ ပါတယ်ထင်ရင် ကိုယ့်





ဟာကိုယ်အပ်၊ ငါက အပ်ပေးရအောင် နင့်ကျွန်မဟုတ်ဘူး"

ထိုသို့ တစ်ခါတည်း အပြတ်ပြောလိုက်တော့ သူငယ်ချင်းတွေကြားထဲမှာ သူမဇာတ်မာနတွေ မြေကြီးပေါ် ဘုတ်ခနဲ ပြုတ်ကျပါရောလား။

ထိုအချိန်ကတည်းက သံစဥ်ကလည်း အထင်ကရကို မြင်ရင် ဘုကြည့်ကြည့်တတ်သလို အထင်ကရကလည်း သံစဥ်ကိုမြင်လျှင် ဆောင့်ကြွားကြွားဟန်နှင့် နေပြလိုက်သည်။

ယခုလို ဆုံတွေ့တာတောင် သူငယ်ချင်းတွေ ကောင်းကောင်းမဆုံဖြစ်ကြလို့ ဆုံကြရအောင်ဆိုပြီး ချိန်းလို့ ကိုယ့်မှာ မာမီနဲ့ အတိုက်အခံလုပ်ပြီး ကာလပ်ကို ရအောင်လာခဲ့တာ။ သံစဥ်မမ ဆိုတဲ့ ဘဝင်ရူးမလေးပါရင် လုံးဝလိုက်မှာမဟုတ်ဘူး။ ဒီရောက်တော့မှ သိတော့ ကိုယ်က ဘာမှမတတ်နိုင်တော့။

ဒါပေမဲ့လည်း ဘာမှမပတ်သက်ရင် ပြီးတာပဲလေဆိုပြီး ကိုယ့်ဟာကိုယ် တစ်သီးတခြား နေလိုက်သည်။

ခုတော့ မရ။ သူက စတင်ပြီး စကားဆိုလာသည်၊ ဒီတော့လည်း အလိုက်အထိုက်ပေါ့။ နောက်လည်း တွေ့စရာအကြောင်းမှ မရှိတာ။

"အထင်ကရ နင် သောက်နိုင်သေးလား၊ ငါတို့ ထပ်သောက်ကြမယ်"

အာလေးလျှာလေးသံဖြင့် မေးလိုက်သော သံစဥ်အမေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရ သံစဉ်ကို ငုံ့ကြည့်လိုက်သည်။

"နင် များနေပြီလေ၊ လူကဖြင့် မျက်လုံးတောင် အနိုင်နိုင် ဖွင့်နေရတာကို ထပ်သောက်ဦးမလားတဲ့"

"အို နီး လုံးဝ ရသေးတယ်၊ ဒီနေ့ ငါ ပါးပါးလေးပဲသောက်ထားတာ၊ ပါးပါးလေးမှ တကယ့်ပါးပါးလေး အဟင်း"

လူကသာ ပါးပါးကလေး သောက်ထားတယ်သာဆိုတယ်။ မျက်လုံးတွေကတော့ ပုလဲတစ်လုံး ရွှဲတစ်လုံး။ စကားလုံး လေယူလေသိမ်းတွေက မညီညာ။ ဒါနဲ့များ ထပ်သောက်ချင်သေးသည်ဆိုတော့ အထင်ကရ သံစဉ်ကို စိတ်ပျက်ရှုတ်ချစွာဖြင့် ကြည့်ပြီး စိတ်ထဲက ခပ်ပျစ်ပျစ်ကဲ့ရဲ့နေတုံးပင် ရှိသေး၏။ သံစဉ်မမက သူ့ရှေ့မှာ ဖန်ခွက်ဝိုင်းဝိုင်းကြီးထဲမှ လက်ကျန်ဝိုင်နီနီအရည်တွေကို ဆတ်ခနဲ မော့ချလိုက်သည်။

အထင်ကရ သံစဉ်မမကို ကြည့်ပြီး ဆလံပေးလိုက်သည်။

အံ့သြတယ်။ မိန်းကလေးဖြစ်ပြီး အဲဒီလောက်ထိ လူမှန်းမသိအောင် သောက်ရတယ်လို့ . . ။

"ဟေ့ ရော့ သောက်လေ၊ ဘာလဲ ငါနဲ့မယှဉ်ရဲဘူး မဟုတ်လား"

အထင်ကရ ဒေါသတွေ လှစ်ခနဲ ခုန်ထွက်လာသည်။

"အောင်မာ ဘာလို့ မယှဉ်ရဲရမှာလဲ"





"ယှဉ်ရဲရင် သောက်လေ"

သံစဉ်က ပြောပြောဆိုဆိုဖြင့် သူတို့ယောက်ျားလေးတွေ သောက်သည့် ဘီယာတွေကို အထင်ကရရှေ့ရှိ ဖန်ခွက်ထဲသို့ မဓိမဏာမ်းဖြင့် သိမ်းရှုံ့ထည့်ပေး၏။

အထင်ကရ မသောက်ရင် ဒီအမူးသမားမက အရစ်ရှည်နေမည်စိုးသဖြင့် ယူသောက်လိုက်သည်။

လည်ချောင်းဝမှာတစ်ဆင့် ရင်ဘတ်ထဲထိ ပူဆင်းသွား၏။ အထင်ကရ ဆိုးဝါးပြင်းရှသော ခံစားမှုကို အောင့်အီးမျိုသိပ်ရင်း သံစဉ်ကို ကြည်ကြည့် လှမ်းကြည့်လိုက်သည်။

"အိုကေ ဒီလိုမှပေါ့"

"တော်ပြီနော်၊ ငါ့ထဲ လာထပ်မထည့်နဲ့တော့၊ ငါ မသောက်တော့ဘူး"

"အဟား ဂန်ကြောက်"

သံစဉ် မကြားတကြားလေး ရေရွတ်လိုက်၏။

အာကာနှင့်အထွဋ်တို့နှစ်ယောက် ကရတာမော၍ထင်သည် စားပွဲဝိုင်းနားကို ပြန်ရောက်လာသည်။

"အာကာ နေခြည်ရော"

လှမ်းမေးလိုက်သော သံစဉ်အသံတွေက လေးပင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်တာရော ကတာရော များသွားလို့ ဝိတ်သွားလျှော့ တယ်"

"အထွဋ်နင်တို့ ကားမပါကြဘူး မဟုတ်လား"

ကေရီ စားပွဲမှ ခေါင်းမော့ကြည့်နေရင်းမှ ခေါင်းထောင်လာပြီး ရီဝေဝေအသံဖြင့် မေးလိုက်သည်။

"မပါဘူး အာကာ့ကားနဲ့ ကပ်လိုက်လာတာ"

"ဒါဆို ငါနဲ့နေခြည်ကို ကားမောင်းပြီး ပြန်ပို့ပေး၊ ပြီးရင် ငါတို့ကားကိုယူပြီး အိမ်ပြန်၊ မနက်မှ ငါ့အိမ်က တစ်ယောက်ယောက်ကို လာယူခိုင်းလိုက်မယ်လေ၊ ပလိစ် ကူညီဟာ၊ ဒီပုံအတိုင်းဆို ငါ ကား မောင်းလို့မရဘူး"

ကေရီနှင့် နေခြည်ကို အာကာ လိုက်ပို့မည်ဆို၍ သံစဉ်ကပါ

"ကေရီနဲ့နေခြည်ကို အာကာ လိုက်ပို့မယ်ဆိုရင် ငါ့ကားကို ရော ဘယ်သူမောင်းပို့ကြမှာလဲ၊ ငါလည်း ကားမောင်းနိုင်မယ် မထင် ဘူး ဟယ်"

သံစဉ်က သူ့ကိုယ်သူ မဟန်မှန်းသိ၍ အထင်ကရတို့ သူငယ် ချင်းတစ်စုကို လိုက်မောင်းပို့ခိုင်းရန် စကားခေါ်လိုက်၏။

မောင်းပို့ဖို့လူဆိုလို့ အထွဋ်နဲ့အထင်ကရပဲ ကျန်တော့သည်။

အထင်ကရ မသိချင်ဟန်ဆောင်ပြီး ကနေတဲ့သူတွေဆီကို





…ကြည့်ပို့ထားလိုက်သည်။ ဒါကို အာကာက အလိုက်ကန်းဆိုးမသိ …ာဝင်ယူသေး၏။

"အထင်ကရကို လိုက်ပို့ခိုင်းလိုက်လေ၊ ဒီကောင်က သူ ဖုန်း …က်ခေါ်မှ အိမ်က ကားလာကြိုမှာပဲ၊ သူ့မာမီက ကားပြန်ယူသွားတာပဲ"

"ဟယ် ဒါဆို အဆင်ပြေတာပေါ့"

"ငါလည်း မူးနေတာပဲ၊ ကားမမောင်းချင်ဘူး၊ အာကာ့ကို …ောင်းပို့ခိုင်းလိုက်"

အထင်ကရ ခပ်ပြတ်ပြတ်ပင် ငြင်းလိုက်၏။

အာကာက သူ့ကားသော့ကို အထင်ကရရှေ့မှ ဝှေ့ရမ်းပြပြီး

"ငါ့မှာ လက်လေးဖက် ကိုယ်ခန္ဓာနှစ်ခု မပါဘူး၊ ဒီတော့ ငါ့ …ားပဲ ငါ မောင်းလို့ရမယ်၊ မင်းတို့က အိမ်ချင်းလည်း သိပ်ဝေးတာ …ဟုတ်ဘူး၊ မင်းပို့ပြီးတာနဲ့ မင်းအိမ်ကို လမ်းလျှောက်ပြန်ရင်တောင် …တယ်"

"အေးလေကွာ ဘော်ဒါအချင်းချင်းပဲ၊ အထာမကိုင်နေပါနဲ့ …ိုက်ပို့လိုက်ပါ"

"ဟုတ်ပါတယ် အထင်ကရရယ် သံစဉ် အရမ်းမူးနေတယ်၊ …ားမောင်းလို့ ရမယ်မထင်ဘူး"

အထွဋ်နှင့်နေခြည်ကပါ ဝင်ပြီး တောင်းဆိုနေကြသဖြင့် အထင်



www.burmeseclassic.com

www.burmeseclassic.com



ကရ လိုက်ပို့လိုက်ရင် ကောင်းမလားဟု စဉ်းစားလိုက်သည်။ သို့သော[...] ချက်ချင်း အလျှော့ပေး၍တော့ မဖြစ်။

"ငါလည်း မူးနေတာပဲလေ နင်တို့ထက်ပိုမူးလို့ ကတောင်မေ[...] နိုင်တဲ့ဟာ"

"ဒါပေမဲ့ နင်က သတိရှိတယ်၊ ကားမောင်းလည်း ကျွမ်းတယ်[...] လေ၊ မူးရုံတင်မဟုတ်ဘူး ဒီလမ်းနဲ့ဒီလမ်း မျက်စိမှိတ်ပြီးတောင် မောင်[...] လို့ရတဲ့ဟာ"

"ကျွတ် ဘာလဲဟာ ဖယားရှုပ်တယ်"

အထင်ကရ စိတ်ပျက်စွာညည်းတွားရင်း ဆိုဖာနံပေါ်ကျော[...] ကာ မျက်ဝန်းမှေးဆင်းနေသော သံစဉ်ကို မနှစ်မြို့စွာ ကြည့်လိုက်သည်။

သံစဉ်ကတော့ ဘာမှမသိသူလိုပင် အမူးလွန်နေချေပြီ။ နောက်[...] ဆုံးတော့ အထင်ကရကပဲ အလျှော့ပေးလိုက်ရသည်။ မပို့ဘဲပေကပ်[...] ဆက်ငြင်းနေလျှင်လည်း ကိုယ်ကပဲ တစ်ကိုယ်ကောင်းဆန်တဲ့ အတွက်သော[...] ဖြစ်ရဦးမယ်။

လိုက်ပို့တော့လည်း သူမူးကိုယ်မူးနဲ့ အိမ်ကိုရောက်အောင် ဘယ်[...] လိုစိတ်နဲ့မောင်းပို့ရမှာလဲ။ မထူးတော့ ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်[...] ပြီး

"ကဲ ပြန်ပို့ရမယ်ဆိုလည်း မင်းတို့သူ့ကားပေါ်ကို တွဲတင်ပေ[...]





[...]ကြ"

ဒီတော့မှ သူငယ်ချင်းအားလုံး အထင်ကရကို ကျေးဇူးတင်သော [...]ကြည့်ဖြင့် ဝိုင်းပြီးကြည့်ကြ၏။

"အေး ကျေးဇူးပဲ သူငယ်ချင်းရယ် ကားကိုတော့သတိထား [...]ာင်းနော်"

နေခြည်က စိတ်မချသလို စကားဆို၏။

ကေရီက သံစဉ် စလွယ်သိုင်းထားသော ရှူးအိတ်အလုံးလေးထဲ [...]ကားသော့ကို ထုတ်လိုက်ပြီး အထင်ကရကို လှမ်းပေးသည်။ ကမ်းပေး[...]သော ကားသော့ကို မကြည့်မသာနှင့် ဆတ်ခနဲ လှမ်းယူလိုက်ပြီး [...]စတန်းတွေရှိရာဘက်သို့ ဘယ်သူ့ကိုမှ မစောင့်ဘဲ ခပ်လေးလေး [...]လှမ်းတွေနှင့်လျှောက်လာလိုက်သည်။

ဟိုကောင်တွေ ရေမှာသာဟန်ကိုယ့်ပြီး နေနေရတာ တကယ် [...]မ်တော့ အထင်ကရသည်လည်း ဘီယာအရှိန်က တရိပ်ရိပ်တက်ကာ [...]ကခွေကျနေပြီ။

ကားသော့ကိုဖွင့်ပြီး မောင်းသူနေရာတွင် ဝင်ထိုင်ပြီး သူတို့ထွက် [...]လာကို စောင့်နေလိုက်သည်။ တော်တော်နှင့်ထွက်မလာ။

အထင်ကရ စိတ်မရှည်စွာနှင့် ဟွန်းသံခပ်ဆောင့်ဆောင့် တစ် [...]က်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ နေခြည်နှင့်ကေရီက သံစဉ်ကို ဖွဲ့ပြီးထွက်လာကြ

သံစဉ်ကို နေခြည်တို့ကားထဲသွင်းပြီးဝသာနှင့် အထင်ကရ က

စက်နှိုးလိုက်သည်။

"ဂွတ်နိုက် သူငယ်ချင်း။ မနက်ဖြန်မှ see you မယ်သိလာ

အဟွန့် လမ်းမှာ ရန်ဖြစ်မသွားကြနဲ့ဦးနော်"

အာကာ ရှုတ်နောက်နောက် လှမ်းစကာ တာ့တာပြ၏။ အကြ

တွေဖြင့် ကြည့်ကာ သူတို့လည်း တာ့တာပြကြ၏။

မှုန်ရွှေနေသော သူငယ်ချင်းတွေကိုကြည့်ပြီး စိတ်ပျက်စွာပြုံး

ကားကို ခပ်မှန်မှန်လေး မောင်းလာလိုက်သည်။

နောက်ကြည့်မှန်ထဲကို လှမ်းကြည့်တော့ သံစဉ် ဖရိုဖရဲ

လေးဖြင့် လိုက်ပါလာသည်။ ဘယ်လို ကောင်မလေးလဲ မသိဘူး။ အ

ကသေမ်တွေ တက်တုံးကလည်း သူ့ကိုဘယ်သူလိုက်ပို့လဲ။

ဟာ ဘယ်သူလိုက်ပို့ပို့ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့၊ အခု ကို

အဓိကထား လုပ်ရမှာက ဒီအရှုပ်ထုပ်မကို သူ့အိမ်ကို အမြန်ပြန်ပို့

မဟုတ်လား။

ရီဝေဝေအတွေးတွေနှင့်အတူ သံစဉ်ရဲ့ကားလေးကို တရိပ်

မှုးနေသော အာရုံခံစားမှုဖြင့် သတိထား မောင်းလိုက်၏။

လူသံ ကားသံတို့ လင်းရှင်းနေသော ညသည် သူတို့နှစ်ဦး





သလိုးနေသော အသိစိတ်တွေကို ကကြိုးရှုပ်ခိုင်းဖို့ အသင့်စောင့်ဆိုင်း

နေကြ၏။

ထိုညလေးဟာ အထင်ကရနဲ့ သံစဉ်မမ ဆိုသော ကောင်လေး

နဲ့ ကောင်မလေးရဲ့ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲပေးလိုက်နိုင်မယ့်

ညကလေးလည်းဖြစ်၏။

ထိုညက လမသာခဲ့။

လရောင်မဲ့ညကို ဝိုင်တစ်ခွက်နဲ့ အမြည်းလုပ်မည်ဆိုလျှင်

အပြည်တွေကို ထိုညလေးကို ခပ်ဖြည်းဖြည်း ချော့သိပ်လိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

သံစဉ်မမတို့ ခြံရှေ့ရောက်တော့ အထင်ကရ ကားဟွန်းတီ
လိုက်သည်။ ခြံစောင့်ကြီးက အထင်ကရ ပေးလိုက်သော ဟွန်းသံကြော
ခြံတံခါးကို ကပျာကယာ ဖွင့်ပေး၏။

ညမှောင်နေသဖြင့် ကားကို အထင်ကရ မောင်းလာသည်
တာကို နည်းနည်းမှ ရိပ်မိပုံမပေါ်။

အထင်ကရ သံစဉ်မမကို အိမ်ကြီးရှိရာသို့ ကားကို ခပ်ဖြည်
ဖြည်းချင်း ဘီးလှိမ့်ပြီး မောင်းဝင်ခဲ့လိုက်သည်။

ညက အတော်ပင် ညဉ့်နက်နေပြီဖြစ်သည်။

ပတ်ဝန်းကျင်တခွင်လုံး ညအလင်းရောင် ခပ်မှိန်မှိန်အောက်မှ
ငြိမ်သက်တိတ်ဆိတ်စွာဖြင့် သူတို့နှစ်ဦးကို စောင့်ကြည့်နေကြဟန်တူ





ပုစဉ်းရင်ကွဲသံစူးစူးလေးတွေသာ သူတို့နှစ်ဦးအား ညံညံ့စီ
အောင် အော်ဟစ်စောင့်ကြိုနေကြ၏။

ပေါ်တီကိုအောက်ရောက်တော့ ကားကို ငြိမ့်ခနဲ ထိုးရပ်လိုက်
သည်။

တစ်လမ်းလုံး စိတ်တင်းပြီး မောင်းလာသမျှကို ခုမှပင် ဖြေ
လျှော့ချလိုက်သည်။ လူက လှုပ်ပင်မလှုပ်ချင်တော့။

ရီဝေသော အာရုံတွေနှင့်အတူ ကားကို စက်သတ်လိုက်ပြီး
နောက်ခန်းထဲမှာ လူမှန်းမသိ မှုးလာသော သံစဉ်ကို နှိုးဖို့ မေးစင်းနေ
သော မျက်လုံးတွေဖြင့် လှည့်ကြည့်ကာ

"သံစဉ် ဟဲ့ သံစဉ်"

"အင်"

သံစဉ်ထံမှ တိုးသဲ့သဲ့အသံဖြင့် ပြန်ထူး၏။

"ထ နင်တို့အိမ်ကို ရောက်ပြီ"

"အင်း သိုင်းကျူး သိုင်းကျူး"

သံစဉ်အသံက မပီမသလေးလံနှေးကွေးနေသည်။

"သိုင်းကျူးတွေ ဘာတွေ လုပ်မနေနဲ့၊ အိမ်တံခါးသော့ခတ်
ထားတယ်"

အထင်ကရ အပြောကြောင့် သံစဉ် ကားနောက်ခန်းထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာမှ မျက်ဝန်းကို ခပ်လေးလေး ဖွင့်ကာ သိုင်းထားသော ရှုံ့အိတ်ကလေးထဲမှ အိမ်သော့ကို ထုတ်ယူပြီး အထင်ကရကို လှမ်းပေးလိုက်သည်။

"ရော့ ဒါ ဖွင့်ပေး"

အထင်ကရ အူကြောင်ကြောင်ပုံစံဖြင့်ကြည့်ကာ သံစဉ် လှမ်းပေးသော သော့ကိုယူလိုက်၏။

ထို့နောက် ကားပေါ်မှဆင်း၍ သော့ပိတ်ထားသော မှန်တံခါးကြီးဆီသို့ ခပ်ယိုင်ယိုင် လျှောက်လာလိုက်၏။

သော့ဖွင့်ဖို့အတွက် သော့တံကို သော့ခလောက်အပေါက်ထဲ မနည်းဝင်အောင် ထည့်နေသော အထင်ကရ၏မျက်ဝန်းတွေက တင်းချက်တစ်ချက် ငိုက်ဆင်းသွားသည်။

သော့ပေါက်ထဲကို သော့တံဝင်ဖို့ အချိန်အတော်လေး ပေးလိုက်ရသည်။ သော့ဖွင့်ပြီးတာနှင့် မှန်တံခါးကို တစ်ဖက်သို့ တွန်းလိုက်၏။ အထဲမှ ကျွန်းတံခါးကို တစ်ခါထပ်ဖွင့်ရ၏။

ပြီးတာနှင့် ကားနားဆီသို့ ပြန်လျှောက်လာလိုက်၏။ ခြေလှမ်းတွေက ယိမ်းထိုးနေသည်။

"ဟော့ ဖွင့်ပြီးပြီ"

အထင်ကရ ဝေါက်ဆတ်ဆတ် အသံကြားမှ သံစဉ် ကားတံခါး





ကို ဆွဲဖွင့်ကာ ကားပေါ်မှ ခပ်ယိုင်ယိုင် ဆင်းလာသည်။

သူမ ခန္ဓာကိုယ်လေးက ဘယ်လိုမှ ဟန်နိုင်ပုံမပေါက်သဖြင့် အထင်ကရ ကိုယ်ပေါ်သို့ ယိုင်ထိုးကျလာသည်။

အထင်ကရ အချိန်မီ ထိန်းလိုက်နိုင်သဖြင့် မြေကြီးပေါ်သို့ လဲကျမသွားခြင်း ဖြစ်သည်။

"တံခါးဖွင့်ပြီးပြီလေ၊ အိမ်ထဲဝင်တော့"

"အင်း ဝင်မယ်၊ ဝင်မယ်လေ၊ ပလီစ် ငါ့ကို တွဲပို့ပေးပါ၊ ငါ့အခန်းကို ရောက်အောင် လျှောက်နိုင်မယ် မထင်ဘူး အေ့"

အထင်ကရ လက်မောင်းကို တွဲကိုင်ကာ ပြောလာသော ခပ်လေးလေး စကားသံအချို့ကြောင့် အထင်ကရ ငြင်းရမှန်းပင် မသိတော့။

ထို့နောက် သံစဉ်ကို အိမ်ကြီးထဲအထိ မလွှဲသာမရှောင်သာ လွှန်း၍ တွဲပို့လိုက်ခြင်း ဖြစ်သည်။

"ဘယ်အခန်းထဲ ပို့ရမှာလဲ"

"ဟိုးအပေါ်မှာ"

အထင်ကရ၏ ပခုံးပေါ် ခေါင်းမှီရင်း အပေါ်သို့ လက်ညှိုးထိုးပြသဖြင့် သူမ၏ယိမ်းယိုင်နေသော ခန္ဓာကိုယ်ကို မနိုင့်တနိုင် ထိန်းမတ်တွဲကူရင်း အပေါ်ထပ်သို့ ခပ်ယိုင်ယိုင် ခြေလှမ်းတွေဖြင့် တက်လာကြ၏။

အိမ်ကြီးတစ်အိမ်လုံး ပြာလဲ့လဲ့ မီးရောင်မှိန်မှိန်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ အိပ်မောကျနေကြသည်။ မှူးနေသော သူကို မှူးနေသည့် လူက တွဲကူမှတော့ အပေါ်ထပ်ကို တော်တော်နှင့် မရောက်နိုင်တော့။

နှစ်ဦးစလုံး၏အသိတွေက ရီဝေယိုင်နဲ့နေကြသည်။ အပေါ်ထပ်သို့ ခက်ခက်ခဲခဲ တက်လာနိုင်ကြပြီး လှေကားနှင့်မျက်စောင်းထိုးတွင် အခန်းတစ်ခန်းကို တွေ့သဖြင့် ဒါဟာ သံစဉ်အခန်းပဲဟု ထင်ကြေးဖြင့် မှန်းကာ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ဖွင့်လိုက်သည်။ ထိုအချိန်အထိ အထင်ကရ စိတ်တွေ လွတ်မထွက်အောင် တင်းထားဆဲ။

အခန်းထဲရောက်တော့ သံစဉ်ရဲ့အိပ်ရာပေါ်ကို သူမအား တင်လိုက်သည်။

သံစဉ်ရဲ့လက်က သူ့ခါးကို မလွှတ်တမ်း သိုင်းဖက်ထားသဖြင့် သူပါ အရှိန်မထိန်းနိုင်ဘဲ သံစဉ်ရဲ့ကိုယ်ခန္ဓာပေါ်သို့ လုံးထွေးပြိုလဲကျသွားသည်။

"ဟာ ဟေ့ ဟေ့"

"အထင်ကရ ကျေးဇူး ကျေးဇူးပဲ၊ ဘိုင့် ဘိုင် ဂွတ်နိုက်"

ကျေးဇူးဆိုသော ဗလုံးဗထွေး စကားသံတွေနှင့်အတူ သံစဉ် လက်တွေက အထင်ကရ၏ခါးကို ခပ်တင်းတင်း ဖက်တွယ်ထားဆဲ။ အထင်ကရကလည်း ရုန်းသည်။

သို့သော် မှူးဝေနေသည့် အာရုံအသိစိတ်တွေက ကုန်းရုန်းထ





နှင့်အတွက် လုံလောက်သော အင်အားတွေအဖြစ် မပေးစွမ်းနိုင်ကြ။

ထိစပ်မိသော ရင်ဘတ်နှစ်စုံတို့ တွေ့ဆုံကြသောအခါ အသိစိတ်တို့သည် မှုန်ရီဝေဝါးသွားသည်။ မသိစိတ်နှင့် သိစိတ်တို့က ခပ်မှိန်မှိန် မျဉ်းတစ်ကြောင်းပေါ်မှာ အားပြိုင်နေကြ၏။

ထိုအားပြိုင်မှု၏ရလာဒ်သည် အနိုင်လား အရှုံးလားလည်း မဝေခွဲနိုင်ကြ။ လူက လေဟာနယ်ထဲမှာ လွင့်မျောနေသလိုလို ဒီမှမဟုတ် ရေလှိုင်းလာကိုစီးနေရသလိုလို ခပ်ငြိမ့်ငြိမ့်။

မျက်လုံးအစုံ၏ မျက်ခွံနှစ်ခု ဆွဲဖွင့်လို့မရအောင် အာရုံတစ်ခုက ငြင်းထန်စွာ ပိတ်စေထား၏။ လောကသည် ထိုညအဖို့ ထင်ထားတာထက် ပို၍သာလွန်ကာ အိပ်မောကျနေ၏။

ထို့အတူ မသိစိတ်နှစ်ခုတို့၏ ရင်ခုန်သံတို့သည်လည်း သူတို့သဘောနှင့်သူတို့ဆန္ဒအရ ကြည်ကြည်ဖြူဖြူမင် မိတ်ဆွေဖွဲ့နေကြချေပြီ။

ထိုမသိစိတ်ထဲမှာ လွင့်မျောမိသော ဝိညာဉ်တို့သည် ရိုးသားခြင်းတွေနှင့်အတူ အသစ် အသစ်သော အာရုံတို့ကို ပေးစွမ်းကြ၏။

သူတို့နှစ်ဦး၏အသက်ရှူသံ ခပ်မျှင်းမျှင်းတို့က သူတို့နှစ်ဦးအား အိပ်မောကျအောင် ချော့သိပ်နေကြသည်။

ထို့နောက်မှာတော့ ထိုသို့သော ညကလေးသည်. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဦးဇေယျာမင်းမောင် ခေါင်းတစ်ခုလုံး အုံခဲနေသော ဝေဒနာ နှင့်အတူ အိပ်ရာထက်မှ ထလိုက်သည်။

ညက သောက်တာ နည်းနည်းများသွား၍ဖြစ်သည်။

ထို့ကြောင့် ခုတင်ဘေးရှိ စားပွဲပေါ်မှာ တင်ထားသော ရေ တကောင်းကိုယူ၍ ဖန်ခွက်ထဲငှဲ့ထည့်လိုက်သည်။ ပြီးနောက် ခြောက်နေ သော အာခေါင်စိုသွားရန် တစ်ငုံနှစ်ငုံ မော့လိုက်သည်။

ရေသောက်နေရင်းမှ သမီးဆီကို စိတ်ရောက်သွားလေသည်။ ညက ဘယ်လိုအခြေအနေနှင့် ပြန်လာသည်မသိ။

ဦးဇေယျာမင်းမောင် အိမ်ပြန်ရောက်တော့ မီးငယ်လေး၏ကား က ပေါ်တီကိုအောက်မှာ ကားတံခါးဖွင့်လျက် တန်းလန်းကြီးဖြင့်။ ဒါတင်





သေး အိမ်တံခါးကြီးမှာလည်း ဖွင့်လျက်သား။

ဦးဇေယျာမင်းမောင် သမီးလုပ်သူကို အပြစ်မတင်ရက်တော့ဘဲ ကိုယ်တိုင်ပင် သမီး၏ကားကို ဂိုဒေါင်ထဲ ထည့်လိုက်ရသည်။ သူငယ် တွေနှင့် ဘယ်လောက်တောင် ပျော်ပါးသောင်းကျန်းလာလဲမှမသိတာ။

ခေတ်လူငယ်ဆိုတော့လည်း လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ။ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် အဓိကက မီးငယ်လေးပျော်ဖို့ပဲ မဟုတ် ။

သမီးဖြစ်သူအကြောင်းကို ခပ်ပေါ့ပေါ့လေး တွေးကာ အခန်းထဲ ထွက်ခဲ့ပြီး သမီးအခန်းရှိရာသို့ လျှောက်လာလိုက်သည်။

အခန်းရှေ့ရောက်တော့ တံခါးကို မဖွင့်သေးဘဲ မီးငယ်လေးများ အိပ်ပျော်နေမလားဟူသော အတွေးဖြင့် အခန်းတံခါးချပ်နားကို အသာ ကပ်ပြီး အခန်းထဲမှ လှုပ်ရှားမှုအသံကို နားစွင့်လိုက်၏။ ပြီးမှ ပြန် ည့်ထွက်မည်အလုပ်

"အချစ်ရေ ဖုန်းလာနေတယ်၊ အချစ်ရေ ဖုန်းလာနေတယ်၊ ချစ်ရေ ဖုန်းလာနေတယ်"

ပြန်လှည့်ဖို့ ခြေလှမ်းပြင်ပြီးကာမှ အခန်းထဲမှ ဖုန်းမြည်သံ ကြောင့် ဦးဇေယျာမင်းမောင် တအံ့တဩဖြင့် မျက်လုံးပြူးသွားကာ ပ်တိုးတိုးလေး ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ခွေးမလေး ဖအေလုပ်တဲ့သူကတော့ ငါ့သမီးလေး အုံ
လေးပဲဆိုပြီး ချစ်နေရတုံး။ ခင်းလေးကတော့ ဖုန်းမြည်သံကိုတောင်
ထည့်စရာရှားလို့ အချစ်ရေ ဖုန်းလာနေတယ်ဆိုတဲ့ အသံကိုမှ ရွေးထည့်
ရတယ်လို့။

အတွေးနှင့်အတူ အခန်းတံခါးကို ခပ်သာသာလေး ခေါက်
လိုက်သည်။

အခန်းထဲမှ အချစ်ရေ ဖုန်းလာနေတယ် ဆိုသော အသံကထွ
ပြီး ဘာတုံ့ပြန်သံမှ မကြားရ။

"မီးငယ် မီးငယ်လေး ထတော့လေ၊ ဖုန်းလာနေတယ် မဟုတ်
လား"

အိပ်မောကျနေ၍ ထင်သည်။ အခန်းထဲမှ ပြန်ထူးသံမကြားရ
သို့ကြောင့် အခန်းတံခါး လက်ကိုင်ဘုကို ခပ်သာသာလေး ဆွဲဖွင့်၍
အခန်းထဲဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးဖေယျာမင်းမောင်၏မျက်
နှာတစ်ပြင်လုံး မိုးကြိုးအကြိမ်ကြိမ် အပြစ်ခံရသူလို ညိုမည်းညစ်ပုတ်
လျက် အံ့ဩထိတ်လန့်သွားသည်။ ရုပ်နှင့်ခန္ဓာတောင် တစ်ထပ်တည်း
မကျတော့သလို ခန္ဓာကိုယ်တစ်ခုလုံး နတ်ဝင်သလို တဆတ်ဆတ် တုန်





…သည်။

"တောက် သမီးမိုက်"

လက်ညှိုးတထိုးထိုးဖြင့် အနားသို့ တိုးကပ်လာပြီး ကိုယ့်သမီး
… နှပ်ခံထားရသော လှုံငယ်လေး၏ဘောင်းဘီအိတ်ထဲမှ မြည်နေသော
…ကို တုန်တုန်ယင်ယင်နှင့် နှိုက်ယူလိုက်သည်။

"ဟဲလို"

ဖုန်းပြန်ထူးလိုက်သော ဟဲလိုဆိုသည့်အသံမှ ဒေါသနှင့်ရက်စိတ်
…တာ တုန်ခါတိုးသက်နေ၏။

"…"

"ခင်ဗျားရဲ့သားက အခု ဘယ်ရောက်နေသလဲဆိုတာ သိချင်ရင်
…ပါတ် (105) ကို ခုချက်ချင်းလာခဲ့ပါ"

"…"

"ဟုတ်တယ် ကျုပ် သံစဉ်မမရဲ့ အဖေပဲ"

"…"

"ဒီမှာ ကျုပ် ဘာမှရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ ခင်ဗျား
…သား အထင်ကရဆိုတဲ့ကောင် ကျုပ် အိမ်ပေါ်တက်ပြီး ခွေးဖာတ်ခင်းနေ
…ကို ခင်ဗျားကိုယ်တိုင် လာကြည့်"

ဒေါသဖြစ်လွန်း၍ ဖုန်းတောင် ဆက်မပြောနိုင်တော့ဘဲ ခပ်တိုတို



www.burmeseclassic.com

www.burmeseclassic.com



နှင့် စကားစကို ဖြတ်လိုက်သည်။

ဒေါသတရားနှင့် အရှက်တရားတွေက စိတ်တွေကို ကသော

လျား ဖြစ်စေလျက် လူတစ်ကိုယ်လုံး ဆောက်တည်ရာမရသလို အခန်း

မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်သည်။

အကြည့်တွေကို သမီး၏ခုတင်ပေါ်သို့ မရောက်အောင် ပြ

အလင်းရိုးရိုးသာ ရှိသေးသော အပြင်လောကသို့ ပို့လွှတ်ထားလိုက်

"တောက် သမီးမိုက်၊ မိဘဂုဏ်နဲ့ကိုယ့်ရဲ့အရှက်သိက္ခာတော

မှ မထောက် ဟာ ကဲကွာ"

"ဝုန်း ချလွမ် ခလွမ်"

ခုတင်ဘေးရှိ မှန်တင်ခုံပေါ်က သံစဉ်အလှပြင်ပစ္စည်းတေ

ဒေါသတကြီးဖြင့် လက်နှင့်တိုက်ချလိုက်သည်။

ဒေါသတရားတွေနှင့် လောင်မြိုက်နေသော အချိန်တွေ မျ

ကြာသွားသည်မသိ။ အိမ်ရှေ့ခြံဝင်းထဲသို့ ပရာဒိုအနက်ရောင်ကား

တစ်စီး ထိုးစိုက်လာသည်။

ဦးဖေယျာမင်းမောင် အောက်ထပ်သို့ ခပ်မြန်မြန် ပြေးဆင်း

ကားပေါ်မှ ဆင်းလာသော ဒေါ်ဖြူဖြူကျော်အား မျက်လော

ကြီးနှင့်လှမ်းကြည့်ကာ

"ခင်ဗျားသား လုပ်ပုံကောင်းသေးရဲ့လားဗျာ၊ စော်ကားတော





...ကျုပ်သမီးနဲ့ ကျုပ်အိမ်ပေါ်ကိုမှ တက်ပြီးစော်ကားရတယ်လို့"

အိမ်ထဲကို လှမ်းဝင်ဝင်ချင်း မျက်နှာသေသွားသပ် အပြောခံလိုက်

...ဖြင့် စိတ်ထဲမှာ ဖျင်းခနဲ ဒေါသထွက်သွားရ၏။

"စကားကို အဲဒီလို လက်လွှတ်စပယ် မပြောနဲ့ ဦးဖေယျာမင်း

...သည်၊ ကျွန်မသားက ရှင်တို့အိမ်ပေါ်ကို ဘာကြောင့်တက်ပြီး စော်ကား

...သလဲ၊ စော်ကားတယ်ဆိုရင်လည်း စော်ကားရတဲ့အကြောင်းအရင်းနဲ့

...သိုတဲ့ စွပ်စွဲချက်တော့ ရှိရမှာပေါ့"

မခံချင်စိတ်ဖြင့် ခပ်တင်းတင်းပင် ပြန်ရန်တွေ့လိုက်သည်။

...သားသမီးပဲ အဖိုးအနဂ္ဃထိုက်တန်တာ မဟုတ်ဘူးလေ။ ကိုယ့်သား

...လည်း ရွှေလိုဥပြီး ရွှေမင်းသားလေးတစ်ပါးလို ဂရုတစိုက် မွေးထားရ

... နောက်ပြီး ကိုယ့်သားက သူ့သမီးကို ဟောဲ့ဟောဲ့ရမ်းရမ်း လုပ်ယ

...ယောက်လည်း မဟုတ်။

"အကြောင်းအရင်း နိုင်လုံမှု ဟုတ်လား၊ ကျုပ်ပြောတဲ့ စွပ်စွဲ

...ထက် ခင်ဗျားကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ထက် ကြည့်လိုက်တာက

... နိုင်လုံမယ်ထင်တယ်၊ ဒီတော့ အပေါ်ထပ်ကိုကြွပါ၊ စိန်တိုက်ပိုင်ရှင်

ဒေါ်ဖြူဖြူကျော် ခင်ဗျာ"

မာနတွေနဲ့ထန်နေသော ဒေါ်ဖြူဖြူကျော်ကို ဦးဖေယျာမင်းမောင်

...လိုက်ပြီး သံစဉ်နှင့်အထင်ကရတို့ ရှိရာအပေါ်ထပ်သို့ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြီး တက်လာသည်။

ဒေါ်ဖြူဖြူကျော်ကလည်း လက်ပွေ့အိတ်ကြီးကို လက် ဟန်ပါပါချိတ်ရင်း ဦးဇေယျာမင်းမောင်နောက်မှာ ခပ်ဆောင့်ဆောင့် တက်လာလိုက်၏။

စိတ်ထဲမှ မခံချင်၍သာ ပြုံးပြီး အချေအတင်ပြောလိုက် ရင်ထဲမှာတော့ တထိတ်ထိတ်။ ဘယ်လိုပြဿနာတွေကို မွေ့ပို သားဖြစ်သူက ကိုယ့်ကိုစောင့်နေမလဲ မသိ။ တွေးရင်းဖြင့် ရင် သားဖော်နှင့် ပူလောင်ပြင်းရှလာ၏။

"ကဲ ဒီအခန်းထဲမှာ ခင်ဗျားသား ဖြစ်ပျက်နေပုံကို ကြ ကျုပ် ပြောပြနေရင် ပိုတယ်ဖြစ်နေဦးမယ်"

ဦးဇေယျာမင်းမောင် အသံမှာ ဒေါသကြောင့် တုန်အက် ကိုယ်က သမီးရှင်လေ ကိုယ့်သမီးအိပ်ရာထဲမှာ ကောင်လေးတစ် ဝင်အိပ်နေတာ မြင်ရတဲ့မြင်ကွင်းမျိုးကို ဘယ်လို အဖေမျိုးက သ တကျ လက်ခံနိုင်မှာလဲ။ သို့သော် ကိုယ့်သမီးကလည်း ဘယ်လို ဒီကောင်လေးနဲ့ပတ်သက်နေမှန်း မသိတော့။ ဒေါသတွေကို စိတ် အတိုင်း လွှတ်တင်၍ မဖြစ်သေး။ နစ်နာခြင်းနစ်နာ ကိုယ်က နစ် မှာလေ။

တရားစွဲ အမှုဖွင့်တော့လည်း ကိုယ်က မိန်းကလေးရှင်ဆို





ဦးဆုံး အရှက်ရမယ့်သူကလည်း ကိုယ်ပဲမဟုတ်လား။

အရှက်တရားတွေ သိက္ခာတရားတွေကိုသာ မထောက်ထား ကြေးဆိုလျှင် စတွေ့တွေ့ချင်းကလည်းက ဒီကောင်လေးကို အမှုန့် အောင် လုပ်လိုက်ပြီးသား။

ဦးဇေယျာမင်းမောင် အသည်းယားလွန်း၍ လက်သီးတဆုပ် နှင့် ရင်ထဲမှာ ကျလိကျလိပင် ဖြစ်၍နေသည်။

ဒေါ်ဖြူဖြူကျော်မှာလည်း ဦးဇေယျာမင်းမောင် ညွှန်ပြရာအခန်း ကို စိတ်လောစွာဖြင့် အခန်းတံခါးကို အသာတွန်းဖွင့်ကြည့်လိုက်သည်။

"အမလေး ဘုရား ဘုရား ဒါက ဘယ်လိုဖြစ်ကြရတာတုံး"

ဒေါ်ဖြူဖြူကျော် ထိတ်လန့်တကြား ရင်ဘတ်စည်တီးအော်ဟစ် ပြီး အခန်းထဲသို့ တဟုန်ထိုး ပြေးဝင်သွားကာ သံစဉ် ခုတင်ထက် င် အိပ်ပျော်နေဆဲရှိသော အထင်ကရ၏ကိုယ်ကို ဒေါသတကြီးဖြင့် ပ်ရမ်းနိူးလိုက်သည်။

"သား သားငယ် ဟဲ့ ထစမ်း၊ အမလေး ကိုယ်ကျိုးတော့ ည်းကုန်ပါပြီ အမလေး သားငယ်ရယ်"

အထင်ကရ မိခင်၏ငိုယိုမြည်တမ်းနေသံကြောင့် မျက်လုံးများ တ်ခနဲ ပွင့်လာသည်။

"ဟင် မာမီ မာမီ ဘာဖြစ်လို့ ငိုနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိခင်အား အလော‌‌တကြီး မေးလိုက်သောစကားသံနှင့်အ…
ဆတ်ခနဲ ထထိုင်လိုက်သည်။

“အမလေး သားငယ်ရယ်၊ မာမိ ဘာလို့ငိုတာလဲလို့ မေးမယ်…
အတူတူ မင်းက ဘာကြောင့် သံစဉ်မမ အခန်းထဲကို ရောက်နေရတာ…
ဆိုတာကိုပဲ မာမီ နားလည်အောင် ရှင်းပြစမ်းပါ၊ မာမို့ရင်တွေ ပူလွန်…
လို့ ကွဲထွက်တော့မယ်ကွယ်”

“ဗျာ ဘာ မာမိ ဘာပြောတယ်၊ ဒါ သံ သံစဉ်အခန်း ဟင်”

ထွေးလိပ်နေသော အံ့ဩမှုတွေနှင့်အတူ အစီအစဉ်မကျသော…
စကားလုံးအချို့ကို ရေရွတ်ရင်း ဘေးဘီကို အလန့်တကြား ဝေ့ကြည့်…
သော့ ထခုန်မိမတတ် ထိတ်လန့်သွားသည်။

အထိတ်တလန့် မေးလိုက်ပြီး သူ့ပေါင်ပေါ်တင်ထားသော သံစဉ်…
ရဲ့ခြေသလုံးသား ဝင်းဝင်းလေးကို ဆတ်ခနဲ ဆွဲဖယ်လိုက်ပြီး မိခင်ရင်ခွင်…
ထဲကို ဆတ်ခနဲ တိုးဝင်လိုက်သည်။

“ဘာတွေလဲ ဘာတွေဖြစ်ကုန်တာလဲ မေမေ”

အထင်ကရ အသံတွေက သွေးရူးသွေးတန်း နိုင်နေ၏။

ညက သံစဉ်ကို အိမ်လိုက်ပို့ပေးပြီး ဘာကြောင့် သူက သံစဉ်…
အခန်းမှာ အိပ်နေရတာလဲ။

ရင်ထဲမှာ ဘာမှမရှိတော့သလို ဟာလာဟင်းလင်းကြီး ခံစား…





…ပြီး ထိုဟာလာဟင်းလင်းကြီးဖြစ်နေသော ရင်ထဲသို့ ကြောက်စိတ်…
…တွေ တမြေ့မြေ့ တိုးဝင်နေကြသည်။

“မာမိ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲ၊ သား ကြောက်တယ်၊
… ဘာမှမသိဘူး၊ ပြီးတော့ သား သူ့ကို ဘာမှမလုပ်ဘူး ယုံပါ
…”

မိုးပွင့်မတတ် ကြည့်နေသော ဦးဇေယျာမင်းမောင်၏အကြည့်
…တွေကို ရင်မဆိုင်ရဲသူအတွက် အမှန်တရားတစ်ခုကို ရှာဖွေဖို့ မလုံ…
…လောက်သော ထိုအချိန်ကာလထဲမှ ဘယ်လို ရုန်းထွက်ရပါ့မလဲ။

သံစဉ်မမအပေါ် ဘာမှမကျူးလွန်ခဲ့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်
…သေးသုံး။ သို့သော် ဦးဇေယျာမင်းမောင် ယုံအောင်တော့ သူ ရှင်းမပြ…
…နိုင်။

“သား ဘာမှမကြောက်နဲ့ မာမိရှိတယ်၊ ပြဿနာတစ်ခုကို
…အေးအေးထားပြီး ရင်ဆိုင်ဖြေရှင်းကြတာပေါ့၊ မာမို့သားလေး မမိုက်…
…ဆိုတာ မာမိ ယုံတယ်”

ပြောပုံကိုက ကြည့်၊ သူ့သားကို သူယုံတယ်ဆိုတော့ ကိုယ့်သမီး…
…ဲ သူ့သားကို အခန်းထဲ မတရားဆွဲသွင်းပြီး ဟိုဒင်းဟိုဟာ လုပ်သလို…
…နဲ့ တော်တော် လူပါးဝတဲ့ မိန်းမ။

“မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေနဲ့သိက္ခာတရားကို အိမ်ပေါ…



www.burmeseclassic.com

www.burmeseclassic.com



အသိတက်ပြီး ပိုးစိုးပက်စက် နင်းခြေပစ်တဲ့သားကို စိတ်အေးအေး ထား နိုင်းနေသလား၊ ခင်ဗျားလို ကိုယ်ချင်းစာစိတ်မရှိတဲ့ မိခင်မျိုး ခုမှပဲ မြင်ဖူးတော့တယ်၊ အံ့ပါရဲ့ဗျာ ဒီနေရာမှာ သံစဥ်လေးသာ ခင်ဗျာ သမီးဆိုရင် အစော်ကားခံရတဲ့ ကိုယ့်သမီးကို စိတ်အေးအေးထား သမီးရယ်၊ မာမီရှိတယ်လို့ ပြောထွက်မလား''

ကြေးတိုက်ပြောဆိုနေသော ဦးဖေယျာမင်းမောင်၏အသံတွေ အရှက်တရားနှင့်ဒေါ်သတို့ ဆတ္တုပေါင်းစုံကာ လုံးထွေးရစ်ပတ်လျ အခန်းတစ်ခုလုံး ဟိန်းနေ၏။

''ရှင် ထင်ရာတွေ စွတ်ပြီးပြောနေမယ့်အစား ပြဿနာ အရင်းအမြစ်ကို အရင်မေးကြည့်တာ ပိုကောင်းမယ်ထင်တယ် ဦးဖေယျာ မင်းမောင်၊ ကျွန်မဟာ မိန်းမဖြစ်ပေမယ့် ရှင့်လိုတော့ ကက်ကက်လ အောင် ရန်မတွေ့တတ်ဘူး၊ ဒီတော့ ကလေးတွေဆီက ထွက်လာမယ့် အဖြေပေါ်မူတည်ပြီး တရားနည်းလမ်းကျကျ ဆုံးဖြတ်ကြတာပေါ့၊ 'ဒီကိစ္စ က ကလေးတွေအချင်းချင်း ကြည်ဖြူလို့ဖြစ်တဲ့ကိစ္စဆို''

ဒေါ်ဖြူဖြူကျော် စကားမဆုံးလိုက်ခင်လေးမှာ

''မဟုတ်ဘူး မဟုတ်ဘူး မာမီ မာမီတို့ထင်သလို သူနဲ့သား ဘာမှမဖြစ်ကြဘူး''

အထင်ကရ အလန့်တကြားဖြင့် ကြားဖြတ်၍ ငြင်းဆန်လိုက်





သော စကားကြောင့် ဦးဖေယျာမင်းမောင်၏ဒေါသတွေကို ပို၍အင်အား ကြီးထွားလာစေ၏။

''ဟော့ကောင် မင်း ဘာစကားပြောတာလဲ၊ ငါ့သမီးအခန်းထဲ ရောက်ပြီးမှ ဘာမှမဖြစ်ကြဘူးဆိုတဲ့စကားကို မင်းပြောရဲသလား''

''အန် အန်ကယ် ကျွန်တော်ပြောနေတာ အမှန်တွေပဲ၊ မယုံရင် သံစဥ်ကိုမေးကြည့်''

မိခင်ရင်ခွင်ထဲမှနေ၍ ဦးဖေယျာမင်းမောင်ကို အကြောက်အ ကန် ငြင်းနေသော အထင်ကရ၏မျက်နှာတပြင်လုံး သွေးစုပ်ဖြူလျော် လျက် ထောင်ချောက်မိနေသော ယုန်သူငယ်တစ်ကောင်လို ကူကယ်ရာမဲ့ နေ၏။

ထို့နောက် သွေးရူးသွေးတန်းနိုင်သော အမူအရာနှင့် မွေ့ရာ ထက်မှာ အိပ်မောကျနေသော သံစဥ်ကို ပုတ်နှိုးလိုက်သည်။

''သံစဥ် ဟဲ့ သံစဥ် ထ ထဦး၊ နင်နဲ့ငါနဲ့ ဘာမှမဖြစ်ကြဘူးဆို တာကို နင့်ဒယ်ဒီကို ထပြီး ရှင်းပြလိုက်''

''ဟာကွာ မင်း လူယုတ်မာကောင် တောက်''

''ခလွမ်း ချွမ် ခလွမ်''

ဦးဖေယျာမင်းမောင် အထင်ကရအား ကိုယ့်တာဝန်ကိုယ်မယူ ချင်ဘဲ ခေါင်းရှောင်သည်ဟု တစ်ဖက်သတ်ယူဆကာ ဒေါသတွေ အလွတ်



www.burmeseclassic.com

www.burmeseclassic.com



အထိပ်ကို ရောက်ရှိကုန်၏။

ထို့နောက် အနီးရှိ အလုပန်းအိုးကို ဆတ်ခနဲ ဆွဲယူနမ်းရှုံ့မှာ ပစ်ပေါက်ခွဲလိုက်သည်။

ကျယ်လောင်သော ပန်းအိုးကွဲသံကြောင့် သံစဥ်မျက်တောင်များလေးတွေ လွန့်လူးလာသည်။ ပြီးနောက် မျက်ဝန်းလေးကို မဖွင့်ချင်ဖွင့်ချင်ဖြင့် ခပ်ဖြည်းဖြည်း ဖွင့်ကြည့်လိုက်သည်။

အထင်ကရနှင့် သူ့မာမီက သံစဥ်ကို ငုံ့မိုးကြည့်နေကြသဖြင့် သံစဥ့်ပုံစံလေးက အိပ်မက်မှ လန့်နိုးလာသောသူတစ်ယောက်နှယ်၊ အလန့်တကြားဖြင့် ထထိုင်လိုက်သည်။

"ဟင် အထင်ကရ ဒယ်ဒီ ဘာ ဘာဖြစ်ကြလို့လဲဟင်"

မျက်ဝန်းအဝိုင်းသားလေးနှင့် နှုတ်မှခပ်တိုးတိုး ရေရွတ်ရင်း ဒေါ်သမျက်နှာကိုယ်စီဖြင့် ကိုယ့်ဘေးမှာ ရပ်ကြည့်နေသော ဒယ်ဒီနှင့် အထင်ကရတို့သားအမိကို ကြောင်ငေးငေး ကြည့်နေမိ၏။

"ဒီမှာ ခုမှ ဘာမှမသိသလိုအထာနဲ့ အကွက်ရွှေ့မနေနဲ့၊ နင်နဲ့ငါနဲ့ ဘာမှမဖြစ်ဘူးဆိုတာကို လူကြီးတွေယုံအောင် ရှင်းပြလိုက်"

"ဟင် ဒါဆို နင် ညက ငါ့အခန်းထဲမှာပေါ့၊ အို ဘုရားရေ"

ဘုရားတရင်း သံစဥ် သူမ ခန္ဓာကိုယ်ကို အလန့်တကြား ငုံ့ကြည့်ပြီး အံ့သြထိတ်လန့်ခြင်းနှင့် ရှက်ရွံ့ခြင်းတို့ ရောထွေးကာ မျက်နှာ





လက်ဝါးဖြင့် အုပ်လိုက်သည်။

"ကျွတ် နင် ဝေ့မနေနဲ့လေဟာ၊ နင်နဲ့ငါနဲ့ ဘာမှမဖြစ်ကြဘူး သားကြတယ်ဆိုတာကို နင် ရှင်းပြရမှာလေ"

စိတ်ပျက်စွာဖြင့် ညည်းတွားရင်း သံစဥ့်ဆီမှ ဖြေရှင်းချက်ကိုသာ စောင့်တောင်းနေတော့၏။ ဒီပွဲမှာ သူ့နှုတ်က ထွက်မယ့်အဖြေသာလျှင် အထင်ကရ၏အမှန်တရားကို အထောက်အကူပြုနိုင်မှာ။ ဒါမှမဟုတ် အထင်ကရ၏ သိက္ခာတွေကို ဟိုးချောက်ကြီးထဲကို တွန်းပို့ပစ်နိုင်စွမ်း ည်း ရှိ၏။

"ဟင့်အင်း ငါ ငါ ဘာမှမမှတ်မိတော့ဘူး။ အဟင့် ဟင့် င့် ဒယ်ဒီ သံစဥ်ကို ခွင့်လွှတ်ပါ၊ သံစဥ်မှားပါတယ်၊ ည ညက သံစဥ်တို့ ဘာတွေဖြစ်ကြလဲဆိုတာ သံစဥ် လုံးဝကို မမှတ်မိဘူး"

သံစဥ် ရှိုက်ကြီးတငင် ငိုကြွေးရင်း သူ့အဖေရင်ခွင်ထဲ ပြေးဝင်ိုးဖက်လိုက်သည်။

အထင်ကရ ဝုန်းခနဲ ထရပ်လိုက်ပြီး သံစဥ်ကို စူးစူးဝါးဝါး ကြည့်သည်။

သူက ဘာအထာလဲ။ ဒီက သူ အရမ်းမူးနေလို့ ကားမောင်းလိုက်ပို့ပေးတာလေ။ နောက်ပြီး အင်း နောက်ပြီး ဘာတွေဆက်ဖြစ်ကြသလဲ။ အထင်ကရလည်း မစဉ်းစားတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ညက အထင်ကရ သံစဉ်ကို သူမ အခန်းထဲအထိ တွဲပြီး လိုက်ပို့တာလောက်ပဲ အာရုံမှာ ခပ်ရေးရေးပေါ်တော့၏။

တွေးမရခြင်းများနှင့်အတူ သံစဉ်ကို ဘယ်လိုစကားလုံးမျိုးတွေနှင့် ပြန်လည်ထိုးနှက်ရမှန်း မသိတော့။

အမှန်တရားတွေက အမှောင်တိုက်ထဲသို့ ရှောင်ဖယ်ပြေးထွက်ကုန်ကြ၏။ ထိုအမှန်တရားတွေကို သွေးရူးသွေးတန်း လိုက်ဖမ်းကြည့်သည်။ ဘယ်လိုမှ လိုက်ဖမ်း၍မရ။ အာရုံထဲမှာ အမှောင်ထုကြီးကသာ ကြီးစိုးလျက် မရည်ရွယ်သော အမှားအတွက် အမှန်တရားတွေက ချောင်ကောင်းကောင်းမှာ ထိုင်၍ လှောင်ရယ်နေကြ၏။

လူက ဖောခွေးပုံလျက် ဝိညာဉ်ပျောက်ဆုံးသူလို ခပ်ကြောင်ကြောင်ဖြင့် ရပ်နေလိုက်၏။

"ကဲ ဒေါ်ဖြူဖြူကျော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်လည်း စိတ်ကိုလျှော့ချလိုက်ပြီ၊ ဒေါသလည်း မဖြစ်ချင်တော့ဘူး။ ဖြစ်လို့လည်း ဘာအကြောင်းမှ ထူးမှာမှမဟုတ်တော့တာ"

ဘောလုံးတစ်လုံး ချက်ချင်းလေလျော့သွားသလို ဦးဖေယျာမင်းမောင် ဒေါသတွေကို ချက်ချင်း ဖြေလျှော့ချလိုက်သည်။ ဒီလို အခြေအနေမှာ ကိုယ်က သမီးရှင်။ တင်းလိုက်လျှင် ပြန်ဆက်၍မရနိုင်အောင် ပြတ်သွားနိုင်သည် မဟုတ်လား။





"ဒေါသဖြစ်စရာလည်း မလိုဘူးလေ၊ ဦးဖေယျာမင်းမောင်ရဲ့ သမီးအခန်းထဲကို သူကိုယ်တိုင် မခေါ်ဘဲနဲ့တော့ သားက ဘာလိုင်းကြီးဝင်စရာ အကြောင်းမှ မရှိတာပဲ၊ ကဲပါ ဒါတွေထားလိုက်ပါတော့ အခုတစ်ယောက်နဲ့တစ်ယောက် အလိုတူကြလို့ ဖြစ်သွားတဲ့ကိစ္စအပေါ်မှာ ရှင့်ဘက်က ဘယ်လိုဖြစ်စေချင်သလဲ၊ ကျွန်မတို့ဘက်က ဘာလုပ်ပေးရမလဲ"

"ခင်ဗျားက ဘာလုပ်ပေးချင်သလဲ"

"ဩော် ဒါကတော့ ကျွန်မကို မမေးနဲ့လေ၊ ကျွန်မဆန္ဒကို မေးလို့ကတော့ အဟင်း ကိုယ့်သားလက်ကိုဆွဲပြီး ဒီအခန်းထဲကနေ ဘာမှမဖြစ်သလိုပုံစံမျိုးနဲ့ ခပ်တိတ်တိတ် ပြန်ထွက်သွားလိုက်ရုံပေါ့၊ ဒီတော့ ရှင့်ဆန္ဒကိုပဲ ပွင့်ပွင့်လင်းလင်း ပြောကြည့်ပါ၊ လျော်ကြေးလား ဒါမှမဟုတ် လက်ထပ်ခွင့်လား။ ဒီအချိန်မှာ ကျွန်မတို့ဘက်က ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ လိုက်လျောရတော့မှာပေါ့"

အထက်က တက်ပြောသော ဒေါ်ဖြူဖြူကျော့စကားက ချိုးနှိမ်ထားသော ဦးဖေယျာမင်းမောင်၏ဒေါသနှင့်မာနကို လာပြီး တို့ထိမြှူဆွယ်နေပြန်၏။

"ဘာ လျော်ကြေး ဟုတ်လား၊ ကျုပ် သမီးအခန်းထဲအထိ ရောက်လာပြီး ကျုပ်သမီးရဲ့ဘဝနဲ့ ဂုဏ်သိက္ခာတွေကို စော်ကားချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



စော်ကားသွားတဲ့ ခင်ဗျားတို့ဘက်က လျှော်ကြေးဆိုတဲ့စကားမျိုး ထွက်လာ။ ဟင် ခင်ဗျားတို့အမြင်မှာ ကျုပ်က အနုတ်စုတ်ဂုတ်ရင်း တစ်ကောင် ဖြစ်နေလို့လား။ ခင်ဗျားရဲ့မဖြစ်စလောက် ရည်းစိမ်ချမ်းသာ လေးကို ခေါင်းပေါ်ရွက်ပြီး လာမာန်တက်ပြမနေနဲ့၊ ခင်ဗျားစည်းစိမ် လောက်ကတော့ ကျုပ် နိုင်ငံခြားမှာ တစ်လသွားဖြုန်းစာလောက်ပဲ ရှိ တယ်ဆိုတာ နားလည်ထား။ ဟင်း ပျင်းတောင်ပျင်းသေးတယ်''

သားသမီးတွေ၏ပြဿနာကို ဖြေရှင်းပေးနေကြရင်းမှ စည်းစိမ် ဥစ္စာ ပိုင်ဆိုင်မှုတွေဘက်ကို ရောက်သွားသော လူကြီးနှစ်ယောက်ကိုကြည့် ပြီး သံစဉ်ရော အထင်ကရရော ဘာလုပ်ရမှန်းမသိတော့။

''ဒယ်ဒီ ဒယ်ဒီ သံစဉ် တောင်းပန်ပါတယ် ဒယ်ဒီရယ်၊ စိတ်ကို လျှော့ပါနော်၊ ဒီအမှားတွေရဲ့အစက သံစဉ်ပါ၊ သူ့ကို ကားမောင်းပို့ပေး ဖို့ အကူအညီမတောင်းခဲ့ရင် ခုလိုကိစ္စတွေ ပေါ်လာမှာမဟုတ်ဘူး ဒယ်ဒီ ရဲ့ သံစဉ် ရှက်လွန်းလို့ သေသွားလိမ့်မယ် ဒယ်ဒီရယ် သံစဉ်ကို သနားပါ''

''တောက် အမိုက်မ ချစ်လွန်းလို့ အလိုလိုက်လာမိသမျှဟာ ခုလို ခွေးဖာတ်ခင်းဖို့အထိ ဖြစ်သွားရတယ်လို့''

ဒေါသတွေက သမီးဖြစ်သူထံသို့ ရောက်သွားပြန်သည်။

သံစဉ်ရဲ့အပျိုစင်တန်ဖိုး သံစဉ်ရဲ့ဂုဏ်သိက္ခာတွေဟာ အထင် ကရထံမှ တကယ်ပဲ ပြားပြားဝပ် ဝပ်ဆင်းပေးဆပ်ခဲ့ရပြီလား။





ဘာကိုမှ ရေရေရာရာ မသိနိုင်သော အခြေအနေဆိုးကြီးထဲ မှာ သံစဉ် ဘယ်လိုရုန်းထွက်ရမည်နည်း။ အမှန်တော့ ဒါတွေအားလုံးဟာ သံစဉ်ရဲ့အပျော်လွန်ကြူးရာမှ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကျိုး ရလဒ်တွေပဲ။

ဒီတော့ ကံစီမံရာကို နာခံလိုက်ဦးပေါ့ မိသံစဉ်ရယ်လို့ပဲ ကိုယ့် ကိုယ်ကိုယ်သာ ခပ်ကြိတ်ကြိတ် ကျိန်ဆဲမိတော့၏။

ခုတော့ သံစဉ်မှာ ရွေးချယ်စရာလမ်းမရှိတော့။

ဒါဟာ လွတ်လပ်မှုကို မှူတစွာ မသုံးစွဲတတ်သော သံစဉ်၏ အသိဉာဏ်ကင်းမဲ့မှုတွေပေါ့။

အရာအားလုံးသည် နောက်ကျခြင်းဖြင့် အဆုံးသတ်ခဲ့လေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)



"မဟုတ်သေးဘူး မာမီရေး သား သူနဲ့ဘာမှမဖြစ်ခဲ့ဘူးဆိုတာ ကျိန်းသေတယ် မာမီ၊ အဲဒါကိုတော့ သားကိုယုံပေးပါ"

"တော်စမ်း သားငယ်၊ ဒီလောက် အခန်းထဲမှာ လက်ပူးလက်ကြပ်မိတာတောင် ရှိုးသားပါတယ်၊ ကင်းရှင်းပါတယ်ဆိုပြီး တစာစာအော်နေရလား၊ ဟိုတက်က တရားမစွဲလိုက်တာပဲ ကျေးဇူးတင်ရမယ် နားလည်လား"

"သူတို့ တရားစွဲလည်း တရားခွင်မှာ သားကတော့ ရအောင်ဖြေရှင်းမှာပဲ၊ မာမီ သားနဲ့သူနဲ့ တကယ် ဘာမှမဖြစ်ခဲ့ကြဘူး"

ဒေါ်ဖြူဖြူကျော် မျက်နှာမှာ မယုံကြည်ခြင်းတွေဖြင့် ပြည့်နှက်ကာ သားဖြစ်သူကို ခပ်မှဲ့မှဲ့ ကြည့်ပြီး





"ယောကျ်ားဆိုတာ ကိုယ်ရှုပ်ခဲ့တဲ့ ပြဿနာကို ကိုယ်တိုင်…ဆိုင်ဖြေရှင်းရဲရတယ်၊ ခုချိန်ထိ ဘာမှမဖြစ်ခဲ့ကြပါဘူးလို့ ငြင်းနေရင်…အတွက် ဘာများ ပိုပြီးထူးခြားလာမှာလဲ အထင်ကရ၊ ညနေဆိုရင်ပဲ…ပြုအနေနဲ့ ဂုဏ်သရေရှိလူကြီးတွေခေါ်ပြီး သွားတောင်းရမ်းရတော့…မယ်"

အထင်ကရ စိတ်ပျက်လွန်းစွာဖြင့် နှစ်ယောက်ထိုင် ဆိုဖာခုံ…ပေါ်သို့ ဘုန်းခနဲ ပစ်လှဲချလိုက်သည်။

ကံကြမ္မာက တကယ်ပဲ မိန်းမယူဖို့ ဖန်တီးပေးလိုက်ပြီပေါ့။ …ကလေးတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ဖို့ အဆင်သင့်မဖြစ်သေး…ဲ့ ယောကျ်ားတစ်ယောက်ရဲ့ရင်ထဲကို သံစဉ်မမဆိုတဲ့ မိန်းကလေးက …ယ်လိုပုံစံမျိုးနဲ့ ဝင်လာမှာလဲ။ ခုတော့ ရင်ခုန်ဖို့နေနေသာသာ စိတ်…က်လွန်းလို့ အုတ်နံရံနဲ့ခေါင်းနဲ့သာ အကြိမ်ကြိမ် တိုက်ပစ်လိုက်ချင်တော့…

သားဖြစ်သူ၏ သွေးပျက်နေပုံကို စိတ်ပျက်စွာကြည့်ပြီး အနားမှ…တ်ခနဲ ထလာခဲ့လိုက်၏။ ရင်ထဲမှာ အပူလုံးကြွနေသည်။ ကိုယ့်သား…ထွတ်ထွတ်လေးကို မိန်းမပျိုတစ်ယောက်ရဲ့အခန်းထဲမှာ လက်ပူးလက်…ြပ်တွေမြင်ခဲ့ရတဲ့ မိခင်တစ်ယောက်၏ခံစားမှုအပူလုံးဟာ ဘယ်လောက်…ြီးကျယ်လိုက်မလဲလို့။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းကို မျက်လုံးထဲ ပြန်မြင်ယောင်လေလေ သားဖြင်
ကို သူ့ဘဝထဲကနေ တခြားမိန်းကလေးတစ်ယောက်ဘဝထဲ တွန်း
တော့မယ်ဆိုတဲ့ အသိက အာရုံကိုပိုပြီး ခြောက်လှန့်လေလေပါပဲ။ အ
နှင့်အာကာ အိမ်ထဲဝင်လာကြ၏။

"အန်တီဖြူ အထင်ကရ ရှိလား"

အတွင့်ရှိတို့ အာကာတို့အမေးကြောင့် ဒေါ်ဖြူဖြူကျော် မျက်
နေသော မျက်နှာကို ဟန်ဆောင်ပြုံးဖြင့် ဖုံးဖိလိုက်ရင်း ညှော်ခန်းဆီ
မေးဆတ်ပြကာ

"ညှော်ခန်းထဲမှာရှိတယ် သားတို့"

"ဟုတ်ကဲ့"

သူငယ်ချင်းနှစ်ယောက် ဒေါ်ဖြူဖြူကျော် ရှေ့မှ ခပ်ကုတ်ကု
ပုံစံဖြင့် အထင်ကရ ရှိရာညှော်ခန်းထဲသို့ ဝင်လာကြသည်။

သူငယ်ချင်းနှစ်ယောက်ကို အထင်ကရ မြင်တော့ ဆိုဖာခုံ
မှာ စိတ်ပျက်လက်ပျက် မှီလျှောထိုင်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်
အတွင့်ရှိနှင့်အာကာတို့ စပ်ကူတောင်းသည့်အနေနှင့် မျက်နှာငယ်ဖြင့် ကြ
လိုက်သည်။

"မင်းတို့လာတာနဲ့ အတော်ပဲကွာ"

"အေး ငါတို့လည်း ကြားကြားချင်း ဒီကိုတန်းလာတာ၊ ဘယ်





ကြတာလဲ၊ ငါတို့ ယုံတောင် မယုံနိုင်ဘူး ဖြစ်နေကြတယ်"

"မင်းတို့တောင် မယုံနိုင်ရင် ကာယကံရှင်ဖြစ်တဲ့ ငါဆိုရင်တော့
ကာသာကြည့်ပေါ့ကွာ"

အတွင့်ရှိက ပြုံးဖြီးဖြီး မျက်နှာပေးဖြင့် အထင်ကရကို ခြေဆုံး
ခေါင်းဆုံး အသေအချာကြည့်ကာ

"မင်းနဲ့သံစဉ်နဲ့ တကယ်ရော ဇယားချဖြစ်လိုက်လို့လား အဟီး
ငါတော့ မင်းအစား ရင်တွေခုန်နေတယ် သိလား"

"သွားစမ်းပါကွာ အထာမကျတဲ့စကားတွေ လာမပြောနဲ့ အဲဒီ
ညက သူလည်း အမူးလွန်၊ ငါလည်း အမူးလွန်၊ ဒါကြောင့် သူ့အခန်း
ထဲမှာ ငါ အိပ်ပျော်သွားတယ်၊ ဒါပဲ ဒီအဆင့်ထက်ကျော်ပြီး ဘာဇယားမှ
ချရာအကြောင်းမရှိဘူးနော်၊ ငါ့ကို လာမအာစ်နေနဲ့"

သူငယ်ချင်းတွေကို စိတ်အချဉ်ပေါက်စွာဖြင့် ဘုတောဖြစ်လိုက်
သည်။

"ဒါဆို မင်းရောသံစဉ်ရော လူကြီးတွေကို ဘာမှမဖြစ်ကြပါဘူး
ဆိုတဲ့အကြောင်း ငြင်းပေါ့"

အာကာ အားမလိုအားမရ ဖြစ်ကာ အမှန်အတိုင်း ဝန်ခံခိုင်း
၏၊ အထင်ကရ စိတ်ပျက်စွာ ခေါင်းကိုခါရမ်းလိုက်ပြီး

"မင်းတို့ပြောသလောက်သာ လွယ်ရင်လေ ဒီညနေ အဲဒီ အ



www.burmeseclassic.com

www.burmeseclassic.com



ထုပ်မကိုသွားပြီး မိသားဖသားပီပီ တောင်းရမ်းစရာတောင် မလိုဘ ရှင်းလား''

ထွက်ပေါက်ပိတ်သော အထင်ကရ စကားကြောင့် အာက တို့လည်း ဒီထက်ပိုပြီး အကြံဉာဏ်မပေးတတ်တော့။

အထင်ကရ မိန်းမရတာ အဲဒီလောက် လွယ်သလားလို့ပဲ တွေ တွေးပြီး အံ့ဩနေလိုက်ရုံသာ။

''ဘာပဲဖြစ်ဖြစ် မင်း ဒီလိုဖြစ်တာ ငါတို့ပယောဂ မကင်းဘ ဟော့ကောင်၊ ငါတို့သာ အဲဒီ အရုပ်ထုပ်လေးကို လိုက်မပို့နိုင်းရင် မ လည်း စောစောစီးစီး မိန်းမရမှာ မဟုတ်ဘူး''

အထွဋ် သူတို့အပြစ်မကင်းကြောင်း တာဝန်သိစွာဖြင့် ဝန်ခံ

အထင်ကရ သူတို့နှစ်ယောက်စလုံးကို ကလေးဆန်သော တည်တည်အမူအရာဖြင့် မျက်စောင်းလှမ်းထိုး၏။ မင်းတို့ပယောဂကြော ဖြစ်တယ်ဆိုတာတော့ သိသားပဲဆိုသည့် ငေါ့တော့တော့ အကြည့်မျိ

''ဒါနဲ့ အဲဒီညက မင်းနဲ့သူနဲ့ ဘာဖြစ်ကြလဲ၊ မင်းမှတ်မိ လောက်လေး ပြန်ပြောပြစမ်းပါ၊ အပြည့်အစုံ မပါရင် နေပါစေ ငါ ဖာသာ ငါတို့ စိတ်မှန်းနဲ့ပုံဖော်ကြည့်လို့ဖြစ်တယ်''

အထွဋ် ဖွဲ့မလျှော့သေး။

''အဲဒီညက သူ့ကားကို ခြံထဲအထိ မောင်းပို့ပြီး ငါက အိမ်





ဆက်မယ်ပေါ့၊ ဒါပေမဲ့ သူတို့အိမ်ကြီးက သော့ခပ်ထားတော့ သူက ကို အိမ်သော့ထုတ်ပေးပြီး ဖွင့်ခိုင်းတယ်၊ ငါလည်း ကူညီလက်စနဲ့ ဆုပါဘူးဆိုပြီး အိမ်သော့ကို ဖွင့်ပေးပြီး သူ့ဆီပြန်လျှောက်လာတော့ ရ အတော်လေး မူးနေပြီ၊ သူ လမ်းတောင်မလျှောက်နိုင်အောင် မူးနေ တော့ ငါ့ကို သူ့အခန်းထဲထိ လိုက်တွဲပို့ခိုင်းတယ်''

အထင်ကရ မောသွားဟန်ဖြင့် သက်ပြင်းခပ်ဖျော့ဖျော့ကို ကြား တ်၍ ချလိုက်သည်။

''အဲဒါနဲ့ မင်း သူ့အခန်းထဲထိ လိုက်ပို့လိုက်တယ်ပေါ့၊ နောက် ာက်တော့ ဘာဆက်ဖြစ်လဲ''

အာကာက စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ကို ကြည့်နေရ လို မျက်နှာမျိုးဖြင့် အားမလိုအားမရဖြစ်နေ သော အငမ်းမရမေး၏။

''ဘာဆက်ဖြစ်လဲဆိုတော့ သူ့ကို အိပ်ရာပေါ်အထိ တင်ပေး က်တယ် ထင်တာပဲ၊ အဲ နေဦး ငါ မှတ်မိတာ တစ်ခုရှိတယ်ကွ''

''ဘာလဲဟင်''

အာကာရော အထွဋ်ရော ပြိုင်တူ မေးလိုက်သော မေးခွန်းဖြစ် သည်။

''သူ ငါ့ခါးကို ဖက်ထားတာ ငါ ရုန်းလို့မရတာတော့ မှတ်မိတယ် ာက်ပြီး ဘာဆက်ဖြစ်လဲဆိုတာတော့ ငါလည်း မသိတော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကောင်းခန်းရောက်မှကွာ"

အထွင့် မအီမလည်လေသံကြီးဖြင့် အားမလိုအားမရ

"အဲဒါ မင်းကြောင့်ပေါ့၊ မင်းသာ ဒီကောင့်ကို ဘီယာ

အတင်းမှုတ်မတိုက်ရင် နောက်ဆက်တွဲ ဘာဆက်ဖြစ်ကြမယ်ဆို

ဒီကောင် ကောင်းကောင်းမှတ်မိတယ်"

"အမ်"

အာကာ့အပြစ်တင်စကားကြောင့် အထွင့် ပါးစပ် အဟော

သား ဖြစ်သွားသည်။ ပြီးမှ အပြစ်မရှိသူတစ်ယောက်လို တဟား

အော်ရယ်ရင်း အကွက်ရွှေ့လိုက်သည်။

"အဲဒီ ဥက သံစဉ်ဝတ်ထားတာ စကဒ်အတိုလေး မဟုတ်လ

အထွင့် အမေးကို ဘုဆတ်ဆတ် မေးလိုက်သည်။

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ သူ့ပေါင်တံရှည်ရှည်လေးကိုများ မင်း မျက်

ထဲမှာ ခပ်ရေးရေးလေး မြင်လာမလားလို့ မင်းမှတ်မိသလောက် စဉ်း

လို့ရအောင် အစဖော်ပေးတာ၊ အဟဲ သူ့ပေါင်တံလေးက နူးနူးညံ့ညံ့

မဟုတ်လား"

မရမက အစ်အောက်မေးနေသော အထွင့်ပုံစံကိုကြည့်

အထင်ကရ ဒေါသပိုထွက်သွားရ၏။





"မသိဘူးကွာ ငါ ဘာမှမမှတ်မိတော့ပါဘူးဆိုတာကို မရမက

အောင်းနေတယ် နာဘူး"

အထင်ကရ အထွင့်အား ဤသို့ပင် ခပ်ပျစ်ပျစ် ဆဲလိုက်၏။

"ဟော့ကောင် ယောကျ်ားမှာ နာဘူးနဲ့ဂန်ထူး နှစ်မျိုးပဲရှိတယ်ကွ၊

ဖြစ်ဦးတော့ ဂုဏ်ရှိသေးတယ်၊ ခုဆို မင်းက ငါတို့ထက်တောင်

ဆရာကျသွားပြီး ဒါကို မင်းကိုယ်မင်းရော သိရဲ့လား"

"မသိဘူး"

"မသိလည်းနေ၊ မင်းကို ဘာမှမေးလို့မရရင် သံစဉ်ကို သွား

ယ်"

"မေးပေါ့ ဟိုက မင်းပါးကို အချက်တစ်ရာလောက် ဖိမ်ခံပြီး

လိမ့်မယ်"

အထင်ကရ စကားကြောင့် အထွင့် သူ့ပါးကို အယောင်ယောင်

မှားမှားဖြင့် ပွတ်ကာ

"ငါကိုယ်တိုင် မေးမလားကွ၊ အဟီး နေခြည်ကို မေးနိုင်းမှာပေါ့၊

နေခြည်ကတစ်ဆင့် ငါ့ကိုအကုန်ပြောပြလိမ့်မယ်၊ အဟီး ပြီးရင် ငါနဲ့

နေခြည်လည်း အဟဲ ဟဲ"

အထွင့် စကားကို ဆက်မပြောဘဲ အာလုပ်သံကြီးဖြင့် တဟဲဟဲ

ရယ်နေ၏။ အထင်ကရ သူတို့ကိုကြည့်ပြီး စိတ်ပျက်စွာ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့်တွေ့၍ တဒင်္ဂစိတ်ချမ်းသာပေမယ့်လည်း ရင်ထဲမှာတော့ ခါးနေဆဲပါပဲလား။

■ ■ ■

ဒိုး:မိုး:၀၁၄ပ

## အခန်း (၇)

"အမလေး နင်တို့အဖြစ်ကြီးကလည်း ကြားရတာ ကြက်သီးထစရာကြီးပါလား"

နေခြည် ဖျော်ရည်ပိုက်ကလေးနှင့် ဖန်ခွက်ထဲမှ ဖျော်ရည်တွေကို မွှေနှောက်ရင်း ခပ်ညည်းညည်းလေး ဆို၏။ အထင်ကရနှင့် သံစဉ်မမတို့ ရုတ်ချည်းပြောင်းလဲသွားကြသော အခြေအနေကြီးကို သူငယ်ချင်းတွေ တော်တော်နှင့် အံ့သြ၍မဆုံးကြ။ ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလို ဖြစ်နေတာကတော့ အမှန်ပင်။

"နင်တို့နှစ်ယောက်စလုံး အဲဒီညက တကယ်ပဲ ဘာမှမဖြစ်ကြဘူးလား"

မယုံကြည်သော အကြည့်ဖြင့် မေးလိုက်သော ကေရီအမေး

ဒိုး:မိုး:၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သံစဉ် စိတ်မရှည်သော သက်ပြင်းခပ်ဖျော့ဖျော့ကို ဟင်းခနဲ ချကာ ကေရီကို မျက်စောင်းလှမ်းထိုး၏။

"ငါ ဘာမှမမှတ်မိပါဘူးဆိုမှတော့ ဘာဖြစ်တယ်ဆိုတာရော သိမလားဟဲ့၊ ဒါပေမဲ့ ငါထင်တယ်၊ ငါတို့နှစ်ယောက် ဘာမှမဖြစ်ကြဘူး ဆိုတာ ငါ့စိတ်က အလိုလိုသိနေတယ်ဟာ"

"သိနေရဲ့သားနဲ့များ နင့်ဒယ်ဒီကြီးက ပေးစားဖို့ပြောတော့ နင်က အပြတ်ငြင်းပေါ့ဟဲ့၊ ငါဆိုရင် ငြင်းမှာ၊ ကိုယ့်ချစ်သူမဟုတ်ဘဲနဲ့ တော့ တစ်ဘဝလုံးစာအတွက် လက်မထပ်နိုင်ပါဘူး"

ကေရီ ခပ်မဲ့မဲ့လေး ပြော၏။

"နင်တို့ပြောတော့သာလွယ်တာဟဲ့၊ သူနဲ့ငါ့ကို ခုတင်ပေါ်မှာ ယှဉ်အိပ်လျက်သားပုံစံနဲ့ ငါ့ဒယ်ဒီရော သူ့မာမီရော တွေ့သွားမှတော့ ငါတို့ ရိုးသားကြပါတယ်လို့ ဘယ်လောက်ပဲ အသက်ထွက်အောင်ပြော ပြော ငါ့ဒယ်ဒီရော သူ့မာမီရော ယုံမတဲ့လား၊ ဘယ်လိုမှ မယုံနိုင်တဲ့ ကိစ္စကြီးပဲလေ"

"အဲဒါကို နင်က အထင်ကရကို ဟကယ် လက်ထပ်မယ်ပေါ့"

နေခြည့်အမေးကြောင့် သံစဉ် ခပ်တွေတွေလေး ဖြစ်ကာ အောက်နှုတ်ခမ်းလေးကို ခပ်နာနာလေး ဖိကိုက်လိုက်သည်။

ကိုယ့်အမှားထေစ်ခုကြောင့်သာ မိတ်တွေသဘောအတိုင်း ငြိမ်နေ





လိုက်ရပေမယ့် နေရင်းထိုင်ရင်း ယောက်ျားရမယ့်အရေးကိစ္စကြီးက ကိုယ့် ရဲ့အာရုံတွေကို တစ္ဆေခြောက်သလို အခါခါလာ၍ ခြောက်လှန့်နေကြ၏။

အိပ်မက်များဖြစ်နေမလားဟု လွဲမှားစွာ လိုရာဆွဲတွေးပေမယ့် ဒါဟာ အိပ်မက်မဟုတ်။ ကိုယ့်ရဲ့ပစ္စုပ္ပန်တည့်တည့်မှာ အမှန်တကယ် ရင်ဆိုင်နေရသည့် ပြဿနာကြီးတစ်ခု။

ဘယ်လောက် စိတ်ပျက်စရာကောင်းတဲ့ လွဲမှားမှုကြီးလဲလို့။ ချစ်သူတွေ မဟုတ်ကြဘဲနှင့် အမြင်လွဲစရာ ပြဿနာတစ်ရပ်ကြောင့်သာ ငြိစ်မနေ လက်ထပ်လိုက်ရပေမယ့် သံစဉ်ရင်ထဲမှာ အချစ်မှမရှိသေးတာ။

အထင်ကရကို သံစဉ်ရဲ့ခင်ပွန်းနေရာမှာ သံစဉ် ဘယ်လိုပုံစံ မျိုးနဲ့ ထားရမှာလဲ။ ပြီးတော့ သူကရော သံစဉ်ကို သူ့ဇနီးမယား တစ် ယောက်လို တစ်ဘဝလုံးစာအတွက် အလေးအနက်ထားပြီး ချစ်သွားနိုင် မယ်တဲ့လား။

သူရော ကိုယ်ရော လက်ထပ်ပြီးကာမှ တခြားသူကို တစ်ခါမှ မဖြစ်ပေါ်ဖူးသော အချစ်စစ်နှင့်ချစ်မိသွားကြလျှင်လည်း ဒုက္ခ။

အတွေးတွေက အနာဂတ်အတွက် မရေရာသော စိုးရိမ်ပူပန် မှုတွေအဖြစ်နဲ့ ရင်ထဲကို မဆီမဆိုင် ဆွဲတွေးနေမိ၏။ ဘယ်လိုပဲတွေး တွေး ဘယ်လိုပဲ စိုးရိမ်ပူပန်နေပါစေ အချိန်တန်လျှင် ဒါမှမဟုတ် သိပ် မကြာသော အချိန်ကာလတစ်ခုမှာ သံစဉ်မဆိုတဲ့ ကိုယ်က အထင်ကရ



www.burmeseclassic.com

www.burmeseclassic.com



၏ ဖနီးမယားတစ်ယောက် ကျိန်းသေဖြစ်ရတော့မှာပေါ့။

"နင် အထင်ကရကို ကြွေနေပြီမဟုတ်လား"

ပန်းချင်းတိုက်၍ မထိတထိ မေးလာသော နေခြည့်အမေး ကြောင့် အတွေးတို့ကို စိမ်းတောက်စွာ ဖြတ်တောက်လိုက်ပြီး ခပ်ယဲ့ယဲ့ လေး ပြုံးလိုက်သည်။

ထိုအပြုံးက နေခြည်နှင့်ကေရီတို့အတွက် အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သော အပြုံးမျိုးဖြစ်သည်။

"မကြွေသေးဘူးလို့တော့ ထင်တာပဲ"

ဖြေပုံကိုက နောင်တစ်ချိန်မှာ အထင်ကရကို ချစ်လာနိုင် လောက်တယ်ဆိုသည့် အဖြေမျိုးကို သွယ်ဝိုက်ပြီး ဖြေလိုက်သည့်ပုံစံမျိုး။

"ဟင်း မိန်းမ ခုကတည်းက အညာက မခိုင်ချင်တော့ဘူး ရှကိုရှတယ်"

ကေရီ မျက်စောင်းချိကာ ခပ်ပျစ်ပျစ် ဝေဖန်၏။

"အေးလေ ဒါကြောင့်လည်း မိတ်တွေစိစဉ်တာပါဆိုပြီး အသာ မှိန်းနေတာမဟုတ်လား၊ ဟိုကလည်း မက်လောက်စရာလေ"

"ဘာကိုလဲ"

သံစဉ် နားမရှင်း၍ ပြန်မေး၏။

"ရုပ်ကိုပြောတာ၊ အရမ်းမိုက်တယ်၊ အဖြောင့်စားထဲကပဲ





ပင်နဲ့ဆို ဓနနဲ့လ ရွှေနဲ့မြပဲ"

ကေရီ ပြောမှပင် ယောကျ်ားသားတစ်ယောက်ဟု ဆိုရခက် အောင် နုဖတ်ကြည်လင်နေသော မျက်နှာက သံစဉ်အာရုံမှာ ဖျတ်ခနဲ ပေါ်လာသည်။

မထူမပိန်း မျက်ခုံးအောက်က စူးရှလက်တောက်သည့် မျက်ဝန်း အစုံနှင့် ဝိရိုပြီး ထင်းနေအောင် ညီညာနေသည့် နှုတ်ခမ်းရဲရဲနှင့် သွား ဖွေးဖွေးလေးတွေက သူ့မျက်နှာအကျနှင့် လိုက်ဖက်လွန်းကာ မြင်ရသူ မိန်းကလေးတိုင်း အသည်းထဲ စွဲငြိသွားစေမည့် ရုပ်ရည်လက္ခဏာမျိုး။ သူနှင့်သံစဉ်သာ လူပုံအလယ်မှာ လက်ချင်းချိတ်တွဲပြီး ယှဉ်လျှောက်လို့ ကတော့ အလှချင်းပြိုင်နေသော စုံတွဲတစ်တွဲလို့ မြင်ရသူပါးစပ်ဖျားမှာ ပြောစမှတ်တွင်တော့မည်မှာ အသေအချာ။

"တွေ့လား ပြောရုံနဲ့တင် ဖီလင်တွေဝင်နေပြီ ကြည့် ကြည့်"

နေခြည်နှင့်ကေရီ တစ်ယောက်လက်တစ်ယောက်တို့ကာ ခပ် တိုးတိုး ဝေဖန်နေကြသည်။

ဒီတော့မှ သံစဉ် သွားတန်းဖွေးဖွေးလေးတွေ ပေါ်အောင် အား ရပါးရ ရယ်လိုက်ပြီး မျက်လုံးလေးဝင့်ကာ

"ဟုတ်တယ် နင်တို့ပြောမှပဲ အထင်ကရ ပုံစံလေးက မိုက်တာ၊ ပြန်မြင်ယောင်မိတော့တယ်၊ သူနဲ့ငါ ဘယ်သူပိုချောလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရည်ရူပကာရော အသွေးအမွေး အရောင်အဆင်းနဲ့ ပကာ
သနု၊ အလှ အကုန်အတူတူပဲ၊ ငါတို့မျက်စိထဲမှာ နင်လည်းချော တာဲ
ယောကျ်ားလေးတွေ လည်ပြန်ငေးရမယ့် အလှစွမ်းအားနဲ့ ညှို့ ဓာတ်တွေ
နင့်မှာရှိပြီးသားပဲ၊ မယုံရင်ကြည့် အထင်ကရ နင့်ကိုချစ်မိ သွားလိမ့်မယ်"

"ဟယ် တကယ်"

"နင့်ကို ညာပြောလို့ အတွင်နှံ့ငါ မင်္ဂလာပွဲကို စပွန်ဆာရမယ်
ဆိုရင်တော့ အကြိမ်ပေါင်းတစ်သောင်းလောက်တောင် ညာပြောလိုက်
ဦးမယ်"

နေခြည် ခပ်ရွှဲရွှဲ ပြန်ပြောလိုက်၏။

အမှန်တကယ် နေခြည် ညာပြောခဲ့မည်ဆိုလျှင်လည်း ထိုညာ
ပြောသော အကြောင်းအရာလေးကို တကယ်ပဲ နှစ်မြို့က်ချင်ပါသည်

"ဒါနဲ့ နင့်ဒယ်ဒီကြီးကရော ကွယ်ရာမှာ နင့်ကို ကျိုင်သေးလား"

ကေရီအမေးကို ဆံပင်သားလေးများ ဝဲခါသွားအောင် ခေါင်း
လေးတဆတ်ဆတ် ခါရမ်းလိုက်ရင်း

"ဟင့်အင်း အကြီးအကျယ်တော့ မကျိုင်ပါဘူး။ ဒါပေမဲ့ ဒယ်
ငါ့ကြောင့်တော့ အရမ်း အရှက်ရသွားတယ်၊ အဲဒီအတွက် ငါ တကယ်
စိတ်မကောင်းဖြစ်မိတယ်"

"ဒါက ရှောင်မရှိတော့ပါဘူးဟာ၊ အချိန်တန် အဲဒီအရှက်တွေ
က သူ့ဟာသူ အငွေ့ပျံသွားလိမ့်မယ်၊ ဒါနဲ့ နင့်ဒယ်ဒီက အထင်က





အမေကို နင့်ကိုစိန်တစ်ဆင်စာနဲ့ သိန်းတစ်ထောင် တင်တောင်းရမယ်လို့
တောင်းဆိုလိုက်တယ်ဆို"

"အင်း ဟုတ်တယ် ဒါကလည်း ရွှေတောင်ကြားက အိမ်ကို
သူနဲ့ငါ လက်ထပ်ပြီးရင်နေဖို့ ဒယ်ဒီက မင်္ဂလာလက်ဖွဲ့အဖြစ်ပေးတယ်၊
နောက်ပြီး ကားတစ်စီးနဲ့ လပ်ဗ်ဆဲဗင်းအလှကုန်လုပ်ငန်းကို လွှဲပေးမယ်
လေ၊ သူတို့ဆီက တောင်းဆိုထားတဲ့ ပမာဏက ငါ့ဒယ်ဒီ လက်ဖွဲ့မယ့်
ပမာဏထက်စာရင် သေးသေးလေးပါဟယ်၊ နောက်ပြီး ဒယ်ဒီက ငါ့
ဂုဏ်သိက္ခာအတွက် ဒီလိုတောင်းဆိုလိုက်တာပါ၊ မက်လို့တော့ မဟုတ်ဘူး၊
သူတို့ဆီက တင်တောင်းမယ့် စိန်တစ်ဆင်စာလောက်များ မမှုသေးဘူး၊
ငါ့မာမီ ထားခဲ့တဲ့ စိန်တွေဆို ဆယ်ဆက်လောက်တောင် ရှိတယ်၊ ဒါတောင်
ပတ္တမြားတွေ၊ နီလာတွေ မပါသေးဘူး"

သံစဉ်က ခပ်မော့မော့လေး ပြောလိုက်၏။

"ဟုတ်တယ်လေ သူတို့ကများ သိန်းတစ်ထောင်နဲ့ စိန်တစ်ဆင်
စာလောက်ကို စကားထဲ ထည့်ပြောနေသေးတယ်၊ သံစဉ်တို့က အဲဒီ
လောက်ကလေးကို မမက်သေးဘူး၊ ဒါတောင် ငါ့မှာ ဘိုးဘွားပိုင်အမွေ
တွေရထားတာ မပါသေးဘူး၊ သံစဉ့်ပိုင်ဆိုင်မှုလေးတစ်ခုကို ချပြရတွက်
ကြည့်ရင်တောင် အထင်ကရတို့ စိန်တိုက်တစ်တိုက်လုံးတောင် ဝယ်နိုင်
သေးတယ်"

"အေးလေ နင်တို့က သူတို့ထက်တောင် ပိုပြီး ချမ်းသာနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာကိုများ လေကြီးလေကျယ်တွေ လုပ်နေသေးတယ်၊ အသာနေ အတွင်း နဲ့ဇတ္တ့မှ နင်တို့ ဘယ်လောက်ချမ်းသာတယ်ဆိုတာ နည်းနည်းပွားပေး လိုက်ဦးမယ်၊ ဒါမှ ထပ်ပြီး လေမကျယ်ရဲတော့မှာ''

နေခြည်က သံစဉ်ဘက်ကနေ၍ မခံချိမခံသာ စကားဆိုဖေ

ဘာပဲဖြစ်ဖြစ် မိုးထိတော့မယ့် မာနနှစ်ခု ထိပ်တိုက်ရင်ဆိုင်ပြီ ဘဝတစ်ခုကို တူးအင်နှံဝမ်းဖြစ်အောင် တည်ထောင်ရဦးတော့မှာပေ

သံစဉ်အဇတွေးလေးတွေ မောရှသွားကာ အနာဂတ်ကို မျှော် ကြည့်လိုက်သည်။

ရင်ခုန်စရာတော့ အကောင်းသား။

■ ■ ■



## အခန်း (၁)

နန်းဆောင်တမျှ ကြီးကျယ်ခမ်းနားသော သံစဉ်တို့တိုက်ကြီး၏ ခြံထဲသို့ ကားလေးစီး တစ်သီတစ်တန်းကြီး တန်းစီ၍ ဝင်လာ၏။

ရှေ့ဆုံးမှ ပရာဒိုအနက်ရောင်ကားကြီးကို အထင်ကရ ကိုယ်တိုင် မောင်းနှင်လာပြီး ဘေးမှ ဒေါ်ဖြူဖြူကျော် လိုက်ပါလာသည်။

အနောက်မှ မာစီဒီးကားကြီးက ဒေါ်ဖြူဖြူကျော်၏ရှေ့နေ မောင်လွင်၏ကား။ ကျန်သည့်ကားတွေကတော့ သံစဉ်ကို တောင်း ရမ်းဖို့အတွက် ရပ်မိရပ်ဖသဘောဖြင့် ခေါ်လာသော ဂုဏ်သရေရှိ လူကြီး ကောင်း သုံးလေးဦး၏ကားတွေဖြစ်သည်။

အများအမြင်မှာတော့ အင်မတန်မှ တင့်တယ်ပြီး ကြည့်ကောင်း တောင်းရမ်းပွဲလေးတစ်ခုပေါ့။ ဒါတောင် ဒေါ်ဖြူဖြူကျော့်မိတ်ဆွေ

www.burmeseclassic.com



တချို့က ကန်တော့ပွဲဖြင့် တောင်းရမ်းရမည်ဆို၍ အထင်ကရမှာ ရှက်လွန်း၍ ကန်တော့ပွဲမလုပ်ရန် မနည်းကြီး တားမြစ်ရ၏။

ဒီလို ထုံးတမ်းစဉ်လာက မြန်မာ့ဓလေ့ဖြစ်ပေမယ့်လည်း ဒီ ရှေးကျပြီး တောဆန်သော အပြုအမူမျိုးကို အထင်ကရ အမှန် မလုပ်ချင်။

အများအမြင်မှာသာ ထိုတောင်းရမ်းပွဲလေးက တင့်တယ်ပြီး ကြည်နူးစရာကောင်းချင်ကောင်းနေမှာ။ အထင်ကရ ရင်ထဲမှာတော့ ခုန် ထိကို ယုံကြည်စွာ လက်ခံ၍မရသေး။ အိပ်မက်တစ်ခုလို ဝေဝါးနေသေး

ကံကြမ္မာ၏လွှဲမှားစွာ အကွက်ချစီမံလိုက်ခြင်းကြောင့်သာ သံ ကို လက်ထပ်ဖို့ သဘောတူခဲ့တာ တကယ်တမ်း တွေးကြည့်လျှင် က တော့ပွဲရွက်ပြီး ခခယယ တောင်းခံရလောက်အောင် မြင့်မြတ်သော ဣန္ဒြေနှင့် ငြိမ်းအေးပြည့်စုံနေသော မိန်းကလေးတစ်ယောက်မှ မဟုတ် တာ။

ဒီတော့ သူတို့တောင်းဆိုသလို စိန်တစ်ဆင်စာနှင့် သိန်းတ ထောင်တန်ချက်လက်မှတ်ပါလျှင် လုံလောက်ပြီပေါ့။

"သားငယ် မင်းမျက်နှာကြီးကို အရမ်းမတင်းထားနဲ့လေ၊ မျက် နှာကြော နည်းနည်းလျှော့"

မာမီ့ သတိပေးမှုကြောင့် အထင်ကရ မျက်နှာကြော နည်းနည်





လိုက်ရသည်။

ကားကို ပေါ်တီကိုအောက်မှာ ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

အထင်ကရ ကားပေါ်မှအရင်ဆုံးဆင်း၍ မာမီရှိရာဘက်သို့ က်သွက် လျှောက်သွားပြီး ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ဒေါ်ဖြူဖြူကျော် စိန်ရောင်တွေ တဖျပ်ဖျပ်လက်ကာ ကားပေါ်မှ ည်ထည်ထည် ဆင်းလာ၏။ ကားပေါ်မှ ဆင်းလာသည့် အထင်ကရ းက ပိုးသားစတစ်ကော်လာ အဖြူရွပ်ရွပ်နှင့် ရေညှိစိမ်းရောင် ဆိုးမှောင်မှောင်လေးကို သေသပ်ကျနစွာ ဝတ်ဆင်ထားသဖြင့် ျာမင်းမောင် ယခင် မြင်နေကျ ခပ်ပေါ့ပေါ့ပုံစံနှင့် ကွဲပြားစွာ စ်တစ်မျိုးဖြင့် ထူးခြားစွာ ရှင်းသန့်ကြည်လင်နေ၏။

ဘာကြောင့်ရယ်မသိ မီးငယ်လေးအတွက် ရင်မှာ စိတ်ဒွေး သလို ခံစားလိုက်ရသည်။ တည်ကြည်အေးချမ်းသည့် ယောကျာ်း သော အရိပ်အယောင်တွေက ဖနီးမယားတစ်ယောက်အပေါ် အကြင် မဂ္ဂာတွေပေးမည့် ကရုဏာရိပ်တွေကို ဖတ်မိလိုက်သည်။

ထိုနေ့လို ကားတွေ တစ်သီတစ်တန်းကြီးဖြင့် သမီးလုပ်သူကို ရောက် တောင်းရမ်းသော ပွဲမျိုးလေးကိုကြည့်ပြီး ယခင့်ယခင်က ပ်မြိုက်နေသော ရှက်စိတ်နှင့် ဒေါသစိတ်တွေ အနည်းငယ် အရောင် သွားတာ အမှန်။ ရင်ထဲကို ပီတိတွေသာ အလုံးအရင်းနှင့် ဖ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့၏။

“ကြွကြွပါ ခင်ဗျာ ကြွကြွပါ”

ဦးဖေယျာမင်းမောင် အပြုံးဖြင့် လိုက်လှဲပျူငှာစွာဖြင့် ညွှန်ခန်း ထဲသို့ ဖိတ်ခေါ်လိုက်သည်။ ပျူငှာလွန်းသော အသံတို့သည် ပျားသကာ တွေ လိမ်းကျံထားသလို ချိုမြိန်လွန်းနေ၏။

ဒေါ်ဖြူဖြူကျော့မှာလည်း ကိုယ့်ဘက်က ညွှန်သည်တွေပါလာ သဖြင့် ရင်ထဲမှာ မပြုံးချင်ပေမယ့်လည်း အများအမြင်မှာ တင့်တယ် ထည်ဝါအောင် အပြုံးချိုချိုဖြင့် ပြန်လည်တုံ့ပြန်ရ၏။

“ကျွန်မတို့ နည်းနည်းနောက်ကျသွားတယ်၊ ဦးဖေယျမင်း မောင်”

“ဩော် ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး”

ဒေါ်ဖြူဖြူကျော့ ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။ အထင်ကရ မိခင်ဘေးမှာ မင်းသေသေဖြင့် ဝင်ထိုင်လိုက်၏။

ရွှေနေ ဦးခင်မောင်လွင်နှင့် ရပ်မိရပ်ဖအဖြစ် လိုက်ပါလာသော ဒေါ်ဖြူဖြူကျော့၏လုပ်ငန်းပါတနာများကလည်း အလျဉ်းသင့်သောနေရာ တွင် ဝင်ထိုင်လိုက်ကြ၏။

မသီတာ ကော်ဖီနှင့်မုန့်မျိုးစုံ ပြင်ဆင်လာသော ဇန်းကြီးကို ထိန်းကိုင်ရင်း ညွှန်သည်တစ်ဦးချင်းစီ၏ရှေ့ကို တရိုတသေ လိုက်ချပေး





၏။ ထိုအချိန်ထိ သံစဉ်မမ ထွက်မလာသေး။

“သီတာ မီးငယ်လေးကို ခေါ်လိုက်တော့လေ”

“ဟုတ်ကဲ့ ဦး”

မသီတာ ကော်ဖီဇန်းကြီးကိုင်ပြီး ညွှန်ခန်းအတွင်းခန်းဘက်ဆီ သို့ ခပ်သုတ်သုတ် ပြန်ဝင်သွား၏။

မသီတာ ဝင်သွားပြီး သိပ်မကြာလိုက် အဖြူရောင်ဇာဝတ်စုံ လေးကို ခပ်ယဉ်ယဉ်လေး ဝတ်ဆင်ထားသော သံစဉ် အခန်းထဲမှ ရှုံးတုံး နှုံတန့်အမူအရာလေးနှင့် ထွက်လာသည်။

“လာ သမီး ထိုင်”

သံစဉ် ဘယ်သူ့ကိုမှ မကြည့်ရဲဘဲ ဖခင်ဘေးမှာ ခပ်ရှိုးရှိုး ဝင် ထိုင်လိုက်သည်။

“ဒေါ်ဖြူဖြူကျော့ အရွေးတော်ပါပေတယ်ဗျာ၊ ကြည့်ပါဦး လာရောက်တောင်းရမ်းတဲ့ သမီးလေးက တကယ့် ကြေးရုပ်ကလေးအတိုင်း ပါပဲဗျာ”

ရှေ့နေ ဦးခင်မောင်လွင် သံစဉ်အလှကို ချီးမွမ်းခန်းဖွင့်၍ တောင်းရမ်းစေ့စပ်ပွဲလေးကို စတင်လိုက်၏။

“ဟုတ်ပါ့ဗျာ၊ ဒါ ဦးဖေယျာမင်းမောင်နဲ့တူလို့ ဖြစ်မယ်ဗျ”

ရပ်မိရပ်ဖအဖြစ် လိုက်လာသော ဒေါ်ဖြူဖြူကျော့၏ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းရှင်ပါတနာ ဦးကျော်ခင်က ဦးခင်မောင်လွင်၏ အမြှောက်အလ
စကားလေးကို ဝင်ရှဲထောက်ခံသည်။

"အဟဲ ခင်ဗျားတို့အမှန်ကို မြင်တတ်ကြတာပဲ၊ ဟုတ်တယ်
သမီးက ကျုပ်နဲ့ရော သူ့မာမီနဲ့ရော နှစ်ဖက်ချွပြီး တူတာဗျ၊ လွတ်လပ်
ကို ခုံမင်တဲ့ စရိုက်ကတော့ ကျုပ်နဲ့တစ်ထရာထဲပေါ့ဗျာ"

စကားဝိုင်းလေးက စတင်အသက်ဝင်လာပြီ။

"အဟမ်း လာရင်းကတော့ ဒီလိုဗျ၊ ဦးဖေယျာမင်းမောင်
ဒီက ဦးဖေယျာမင်းမောင်လည်း သိပြီးသား ဖြစ်မှာပါ"

ရှေ့နေ ဦးခင်မောင်လွင် ဤသို့အစချီ၏။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ဟောဒီက ဒေါ်ဖြူဖြူကျော်ရဲ့သားနဲ့ ဦးဖေယျာမင်းမောင်
လူငယ်တို့သဘာဝအတိုင်း အချင်းချင်း သံယောဇဉ်တွယ်နေကြပြီဖြစ်
အတွက် သားရှင်ဖြစ်တဲ့ ဒေါ်ဖြူဖြူကျော်က မိဘတို့ဝတ္တရားရှိတဲ့အတိုင်
ဟောဒီက သမီးချောလေး သံစဉ်မကို တောင်းရမ်းမင်္ဂလာပြုဖို့ လာ
ခြင်းပါ"

ဦးဖေယျာမင်းမောင်မှာ သမီးတောင်းခံရခြင်းအတွက် ဝမ်း
မြှောက်ပီတိဖြစ်သော ဟန်အပြည့်ဖြင့် ခေါင်းတညိတ်ညိတ်နှင့် နားထော
နေ၏။





"အဟမ်း ဒီတော့ ဟောဒီက ဒေါ်ဖြူဖြူကျော်က သား အထင်
ကရ ဘဝတစ်သက်တာ မြတ်နိုးတန်ဖိုးထားနိုင်ဖို့အတွက် သိန်းတစ်ထောင်
နဲ့ စိန်တစ်ဆင်စာကို မင်္ဂလာလက်ဖွဲ့အနေနဲ့ ကြိုပြီး တင်တောင်းပါတယ်
။ ဒေါ်ဖြူဖြူကျော်ရဲ့ကိုယ်စား ကျွန်တော်ကပဲ မင်္ဂလာအဖွင့်စကား
ဆိုပါရစေ"

ဒေါ်ဖြူဖြူကျော်မှာ သိန်းတစ်ထောင်နှင့်စိန်တစ်ဆင်စာ အရှိန်
ကြောင့် မျက်နှာမှာထည်ဝါမှုတွေဖြင့် ပင့်မော့နေ၏။ သံစဉ် အထင်ကရ
ကို ဖျတ်ခနဲ ဝေ့ကြည့်၏။ အထင်ကရက သံစဉ်ကို လုံးဝမကြည့်ဘဲ
သူ့ခြေဖြူဖွေးနီရဲနေသော ခြေချောင်းသွယ်သွယ်တွေကိုသာ အဓိပ္ပာယ်မဲ့
ကြည့်နေဟန်တူ၏။

"သမီးလေး ကျေနပ်ရဲ့လားကွယ်"

"ရှင်"

အထင်ကရကိုကြည့်နေသော သံစဉ် ဒေါ်ဖြူဖြူကျော်အမေး
ကြောင့် ရှုံ့တို့ရှုန့်တန့်ဖြင့်ထူးကာ မျက်လုံးအဝိုင်းသားနှင့် ဘာပြန်ဖြေရမှန်း
မသိ။

ထို့ကြောင့် ဖခင်ကို လှမ်းကြည့်၏။

"ဘာမကျေနပ်စရာလိုလဲ ဒေါ်ဖြူဖြူကျော်ရယ်၊ ကျွန်တော့်
သမီးလေးကို တန်ဖိုးထားမြတ်နိုးလွန်းလို့သာ ဒီလို တန်ဖိုးကြီးတာတွေ



www.burmeseclassic.com

နဲ့ လာတင်တောင်းတာပဲ၊ ကျွန်တော်တို့က ကျေနပ်ရုံတင်မဟုတ်ဘူး
သားနဲ့သမီးအတွက် ပီတိတွေတောင် ဖြစ်ရပါတယ်ဗျား၊ အဓိကက လူငြ
တွေ ပုံပိုးရကျိုးနပ်အောင် လူငယ်တွေက နိုင်မြဲတဲ့သစ္စာတရားကို ရှေ့
အနာဂတ်မှာ ပျော်ရွှင်စွာ နေသွားကြဖို့ပဲ မဟုတ်လား''

''ဒါပေါ့ဗျာ ဒါပေ့ါ လူငယ်တွေအချင်းချင်း တစ်ယောက်အ
တစ်ယောက် နားလည်ပေးပြီး သစ္စာရှိရှိနဲ့ ချစ်သွားကြမယ်ဆိုရင်ပဲ
ကြီးတွေ စိတ်အေးစရာပဲပေ့ါ၊ ကျွန်တော်တို့အမြင်မှာတော့ သား
သမီးရော လိမ္မာကြပါတယ်၊ ဟော့ဟော့ရမ်းရမ်း မရှိရှာကြပါဘူး''

ဦးကျော်ခင် စကားကြောင့် ဒေါ်ဖြူဖြူကျော် စိတ်ထဲက
လိုက်သည်။

ဟင်း ဟော့ဟော့ရမ်းရမ်း မရှိဘူးတဲ့လား။ ယောကျ်ား
တစ်ယောက်ကို ကိုယ့်အိပ်ခန်းထဲအထိ ခေါ်သိပ်ရဲတဲ့ မိန်းကလေး
တော်ရုံ မိန်းကလေးတဲ့လား။ သူ့ကိုယ်မှာ ကုန္တြေသိက္ခာဆိုတာ မြူတစ်
စာတောင် ကပ်နေတာမဟုတ်ဘူး။

ခုတော့ သူ့ရဲ့အရှက်သိက္ခာတရား ကင်းမဲ့မှုတွေကြောင့် ကို
သားက မယူသင့်သေးတဲ့အချိန်မှာ မိန်းမယူလိုက်ရတဲ့အဖြစ်။ အမှန်
ဘယ်လောက်ချစ်ကြတဲ့ ချစ်သူတွေဖြစ်ပါစေ လက်မထပ်ခင်မှာ အ
နယ်မကျူးသင့်ဘူးလေ။





ဒေါ်ဖြူဖြူကျော် စိတ်ထဲမှာ သံစဉ်ကို မနှစ်မြို့စွာဖြင့် ခပ်တိတ်တိတ် ဝေဖန်လိုက်သည်။ အထင်ကရကတော့ စိတ်နှင့်လူနှင့်မကပ်စွာဖြင့် အကြည့်တွေကို ဘယ်မှမပို့ဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားလိုက်သည်။

မဖြစ်မနေ လုပ်ရတဲ့ပွဲဖြစ်တဲ့အတွက် သူ့ရဲ့တက်ကြွတဲ့ဟန်တွေကို တကူးတက ထုတ်သုံးစရာမှ မလိုတာ။ ဦးဖေယျာမင်းမောင် အထင်အရေးအမူအရာကို သိပ်မနှစ်မြို့ပေမယ့်လည်း တမင်ပင်မမြင်ချင်ဟန်ဆောင်ကာ သူ့ဘက်က ထုတ်ပေးမည့် လက်ဖွဲ့ပမာဏကိုပြောဖို့ အရှိန်ယူကာ လည်ချောင်းကို တစ်ချက်ရှင်းလိုက်သည်။

''အပဟမ်း ခုလို တောင်းရမ်းစေ့စပ်ပွဲလေးမှာ ဒေါ်ဖြူဖြူကျော်တို့ သားရှင်ဘက်က အထိုက်အလျောက် တာဝန်ယူထားသလို ကျွန်တော်တို့ဘက်ကလည်း ကလေးတွေရဲ့ အနာဂတ်အတွက် စီစဉ်ထားတာလေးတွေကို တင်ပြချင်ပါတယ်''

ရှေ့နေနှင့်ရပ်မိရပ်ဖများ ဦးဖေယျာမင်းမောင် ပြောမည့် စကားကိုသာ နားစွင့်နေကြ၏။

''ကျွန်တော်ကလည်း ကလေးတွေ လက်ထပ်ပြီးရင်နေဖို့ ရွှေတောင်ကြားက အိမ်ရယ်၊ ပြီးတော့ ကားတစ်စီးနဲ့ အလုပ်ကုန်လုပ်ငန်းတစ်ခုကို ကလေးတွေနဲ့ အနာဂတ်မှာ အထောက်အကူဖြစ်စေဖို့အတွက်

www.burmeseclassic.com



လက်ဖွဲ့ချင်ပါတယ်''

''ဟာ ကောင်းလိုက်တဲ့ အစီအစဉ်ဗျာ၊ ဒီကလေးတွေ ...
ကောင်းကြသလို မိဘတွေရဲ့တာဝန်ကျေမှုတွေကလည်း တကယ့်...
အံ့ပခန်းပဲဗျာ''

''ဒီနေ့ စေ့စပ်ပွဲလေးက အရမ်းကို မင်္ဂလာရှိတဲ့ စေ့စပ်ပွဲ...
ဆိုရင် မမှားဘူးထင်တယ်နော် ဦးကျော်ခင်''

လူကြီးတွေ အတိုင်အဖောက်ညီစွာနှင့် အားရကျေနပ်သော...
စကားတွေကို ကိုယ်စီဆိုကြ၏။

သံစဥ်ရင်ထဲမှာလည်း ဘာကြောင့်ရယ်မသိ အနာဂတ်အတွက်
ကြိုတင်မျှော်ကြည့်ရင်း ရင်ထဲမှာ လှိုက်ဖိုလာသည်။

ကိုယ့်ချစ်သူလည်းမဟုတ် ကိုယ့်ကိုလည်း နည်းနည်းမှ အမြင်
မကြည်တဲ့ ယောကျ်ားတစ်ယောက်က သိပ်မကြာတော့မယ့် အနာဂတ်မှာ
သံစဥ်ရဲ့ ခင်ပွန်းဖြစ်တော့မယ်တဲ့။

သံစဥ်အတွက်တော့ ခုချိန်ထိ အိပ်မက်များလားလို့ ပစ္စုပ္ပန်
အချိန်တွေကို သံသယဝင်နေဆဲ။

ရင်ထဲမှာ အချစ်တစ်ခုဖြစ်တည်လာဖို့အတွက် အနာဂတ်တစ်...
လိုအပ်တယ်ဆိုရင် အဲဒီအနာဂတ်ကို လှပတဲ့ရင်ခုန်သံတွေနဲ့ပဲ ကြိုဆို
ချင်တယ်။ ဇာတ်သိမ်းခန်းမှာ မလွမ်းရဘူးဆိုရင်ပေါ့...။

■ ■ ■



အခန်း (၉)

''ဘာပြောတယ် လက်ထပ်ပြီးရင် ငါက နင်တို့ရဲ့အိမ်မှာ လိုက်
နေရမယ် ဟုတ်လား အထင်ကရ''

သံစဥ်အသံက အလိုမကျမှုတွေဖြင့် အနည်းငယ် မာဆတ်နေ
သည်။ နှုတ်ခမ်းသား နီနီထွေးထွေးတွေက စေ့တင်းကာ အံကြိတ်ထားမိ
သွက် အထင်ကရကို ခပ်စူးစူးလေး စိုက်ကြည့်လို့နေ၏။

နဂါးမျက်စောင်းသာဆိုလျှင် သံစဥ်ရဲ့အကြည့်စူးစူးတွေက အ
ထင်ကရ၏ခန္ဓာကိုယ်တစ်ခုလုံး ပြာကျလောက်၏။

အထင်ကရ ဝါးလက်စ ပီကေကို မြက်ခင်းနုနုတွေပေါ်သို့ ဖူးခနဲ
နှုတ်ထုတ်ကာ ထွေးလိုက်ရင်း ခပ်ထေ့ထေ့ပြုံးကာ

''ဟုတ်တယ်လေ ငါက မာမီနဲ့မွေးကတည်းက တစ်ခါမှ ခွဲဖူး



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး၊ ငါ့ကို မာမီက မခွဲနိုင်သလို ငါကလည်း မာမီ့ကို မခွဲနိုင်ဘူး၊ ဒါကြောင့် ယောင်နောက်ဆံထုံးပါဆိုသလို နင်က ငါနေတဲ့နေရာကို လိုက်နေရမှာမဟုတ်လား''

''မဟုတ်ဘူး လုံးဝ မနေဘူး''

နိုင်ကွက်ရုံတုံး သံစဉ်အပေါ် အကြောကြီးကြီးနဲ့ မထိတထိပြော နေသော အထင်ကရ၏မျက်နှာကို စုတ်ပြတ်သတ်သွားအောင် တစ်ချက် ကုတ်ဖဲ့ပစ်ချင်သည့်ဆန္ဒကို မျိုသိပ်ပြီး ဒေါသတွေအဖြစ်သာ အသွင် ပြောင်းပြီး ကျုံးအော်လိုက်သည်။

''ဟာ ဟေ့ ဘယ်လိုဖြစ်တာလဲ၊ ပုံကျရေးတန်းက ငါးစိမ်းသည် ကျနေတာပဲ၊ ဖြည်းဖြည်းအော် ငါ နားမကန်းဘူး''

''နင့်နားက မကန်းပေမယ့် နင့်အသိတွေက ကန်းနေတယ် မဟုတ်လား၊ နင်ဆွဲတဲ့အစီအစဉ်အရဆို ငါ့ဒယ်ဒီလက်ဖွဲ့တဲ့ ရွှေတောင် ကြားကအိမ်ကို မီးပုံရှို့ပစ်လိုက်ရမှာလား''

အရွဲ့တိုက်မေးလိုက်သော သံစဉ့်အမေးကြောင့် အထင်က ဟတ်ခနဲ တစ်ချက်ရယ်လိုက်သည်။

''အဲဒါတော့ နင့်သဘောပဲလေ၊ ငါကတော့ ငါ့ရဲ့ပစ္စုပ္ပန် အနာဂတ်ကို နင့်ရဲ့မိုက်မဲမှုတွေနဲ့ လဲလှယ်လိုက်ရတဲ့အတွက် ရင်ထဲမှာ နာကျင်နေသေးတယ်၊ ဒါကိုမှ ငါက အမှတ်မရှိဘဲ နင့်ရဲ့မာယာတွေနဲ့အ





...တို့အိမ်ရဲ့ပုံစံခွက်ထဲမှာ အချိန်ကုန်ခံပြီး အလိုက်သင့် မမျောနိုင်ဘူး။ ...တော့ နင်ကျေနပ်ရင် ငါ့အိမ်မှာ လိုက်နေ၊ မကျေနပ်ရင်တော့ နင့်အဖေ ...က်ဖွဲ့မယ့် ရွှေတောင်ကြားက အိမ်မှာ နင့်ဖာသာသွားနေ''

သံစဉ် နှုတ်ခမ်းတွေကို ပြတ်ထွက်လုမတတ် ကိုက်လိုက်ပြီး ...မဲ့မြင် အမုန်းအရာနှင့် ခပ်တည်တည်ပြောနေသော အထင်ကရကို ...စိမ်းစိမ်းစိုက်ကြည့်လိုက်၏။

ဒီစကားက မိန်းမတစ်ယောက်ရဲ့ မာနကို လှလှပပကြီး ရိုက်ချိုး ...ကားလိုက်တယ်ဆိုတာ တွေးကြည့်စရာတောင် လိုမည်မထင်ပါ။

''နင့်ဘက်က ဒီလို စိမ်းပြတ်နေမှတော့ ငါတို့နှစ်ယောက်ကို ...က်ထပ်ပေးမယ်လို့ လူကြီးတွေ စီစဉ်နေတုံးက နင် အပြတ်ငြင်းလိုက် ...လား၊ 'အဲဒီတုံးက နင်ဘာလို့ လက်ခံလဲ''

လက်ညှိုးလေး တထိုးထိုးနှင့် တုန်ယင်စွာပြောဆိုနေသော ...ားသံတွေထဲမှာ ဒေါသနှင့် နာကျင်ရိပ်တွေကအပြည့်။

''ဘာ ငြင်းရမယ် ဟုတ်လား၊ နင် ငါ့ကိုခွပြီး အိပ်နေတဲ့မြင် ...င်းကြီးကို နင့်ဒယ်ဒီရော ငါ့မာမီရော မြင်ပြီးကာမှ ငါက နင့်ကို ...က်မထပ်ပါဘူးလို့ ငြင်းလိုက်ရင် အပေါ်ယံအမြင်အရတော့ ငါက ...ပ်ယုတ်မာတဲ့ ဗီလိန်တစ်ယောက် ဖြစ်သွားမှာပေါ့၊ နောက်ပြီး အဲဒီညက ...ရောတဲ့အကြောင်းအရာလေးတစ်ခုနဲ့တင် နင့်ကို လက်ထပ်ဖို့ အ



www.burmeseclassic.com

www:burmeseclassic.com



ကြောင်းဖန်လာတာလေ၊ အဟွန့် နင့်ကိုချစ်လို့ ခေါင်းညိတ်လက်ခံတယ်လို့တော့ မထင်လိုက်နဲ့၊ ငါ့ရင်ဘတ်ထဲကို နင် ဘယ်လိုပုံစံမျိုးနဲ့မှ ဝင်လာနိုင်မှာမဟုတ်ဘူး''

''အထင်ကရ နင် နင်''

မာနတရားနှင့် ခံပြင်းခြင်းတွေကြောင့် လည်ချောင်းထဲမှာ ဘာစကားမှ ဆက်ပြီး ထွက်မလာနိုင်အောင် ဆို့နစ်နေ၏။

ကိုယ်နဲ့လက်ထပ်ဖို့ ရက်ပိုင်းလောက်ပဲ လိုတော့တဲ့ယောကျာ်း တစ်ယောက်ဆီက စိမ်းပြတ်တဲ့စကားတွေ တစ်သီတစ်တန်းကြီး ထွက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မထားခဲ့သလို အထင်ကရကို လျှော့တွက်ခဲ့မိတာဟာလည်း သံစဉ်ရဲ့ အမှားတစ်ခုလို့ပဲ ကိုယ့်ကိုယ်ကိုယ် အကြိမ်ပေါင်းများစွာသာ အပြစ်တွေ တင်နေမိတော့၏။

တကယ်တော့ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးတာဆိုသလို ဒီလို အခြေအနေအထိ ဖြစ်လာအောင် ဖန်တီးခဲ့တဲ့ တရားခံကလည်း ကိုယ်ပဲမဟုတ်လား။

ကိုယ်စခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ် အဆုံးသတ်ကောင်းအောင် ကြိုးစားရေးခြယ်ရတော့မှာပေါ့။ ဒီတော့ ဒေါသတွေနှင့် ဆူဝေနေသော စိတ်တွေကို ဖြေလျှော့ချလိုက်ပြီး လှောင်ရိပ်ဆန်သော အပြုံးတစ်ခုနှင့် မျက်နှာပေါ်က ခံပြင်နာကျင်ရိပ်တွေကို ကြိုးစားဖုံးအုပ်လိုက်သည်။





''အေးပေါ့လေ ဒီအခြေအနေအထိ ဖြစ်လာပြီးမှတော့ နင်နဲ့ငါ ...ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ အငြင်းပွားရင် အနာဂတ်မှာ ထပ်ပေါ်လာ...ယ့် ဒီထက်ကြီးမားတဲ့ နားလည်မှုအလွဲတွေကို ခံနိုင်ရည်ရှိကြမှာ ...တ်ဘူး။ အဲဒီလိုဖြစ်လာရင် ငါတို့နှစ်ယောက်စလုံးအတွက် မကောင်း...ဘူး။ လူကြီးတွေလည်း ငါတို့ကြောင့် စိတ်ဆင်းရဲကြလိမ့်မယ်''

လေသံခပ်အေးအေးဖြင့် လေးနက်စွာပြောနေသော သံစဉ်...အားကြောင့် အထင်ကရ နှုတ်ခမ်းလှုပ်ရုံ ပြုံးသည်။

နာကြည်းခြင်း အရိပ်ထင်သောအပြုံး။

နင့်ရဲ့မဆင်ခြင်တဲ့အမှားတစ်ခုကြောင့် ငါ့ဘဝတစ်ခုလုံး ပေး...ဆပ်လိုက်ရပြီးကာမှ ငါက နင့်ကို အလျှော့ပေးရမယ်ဆိုတာ ဖြစ်နိုင်ပါ့...လား သံစဉ်။

ငါ နင့်ကို လုံးဝအလျှော့မပေးနိုင်တော့ဘူး သံစဉ်။ နင့်ရဲ့မှုန်း...ပ်လှတဲ့ နှောင်ကြိုးတွေအောက်မှာ ငါ အရုပ်ကြိုးပြတ်လဲမကျအောင် ...နေတွေ အရောင်တင်ရမယ်။ ဒါကြောင့် နင့်ရဲ့မာယာတွေနဲ့ ငါ့ကို ...ည်နှောင်ဖို့ မကြိုးစားပါနဲ့တော့။

နင် ငါ့အနားမှာ မရှိသလို ငါ သဘောထားမယ်။ အထူးသဖြင့် နင့်ကို စိတ်ရှိလက်ရှိ မုန်းချင်တယ် သံစဉ်။

နင့်ကိုမြင်တိုင်း စိတ်လှုပ်ရှားတဲ့စိတ်ဟာ နင့်ကိုမုန်းလို့ဖြစ်တာ...



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ခံစားမှုလို့ ငါ တသမတ်တည်း စွဲနေပြီ။ ဝေခွဲဆန်းစစ်ကြည့်

တောင် မလိုဘူးလို့ ငါ ထင်တယ်။

အမုန်းနဲ့အတူ နင် ငါ့စိတ်တွေထဲကို တဖွတ်ဖွတ်ထိုးတိုးဝင်နေတယ်။ ငါ့ရင်မှာ တကယ် ခါးနေတယ် သံစဉ်။

■ ■ ■



## အခန်း (၁၀)

မင်္ဂလာပွဲကို ဆီဒိုးနားဟိုတယ်တွင် ခေအာင်မြင်စွာ ကျင်းပဖြစ် ကြသည်။ ညနေပိုင်း ဒင်နာပွဲလေးကိုတော့ အထင်ကရ သူငယ်ချင်းများ နှင့် သံစဉ်သူငယ်ချင်း သုံးလေးယောက်နှင့်သာ အထင်ကရတို့အိမ်မှာ င် အကျဉ်းချုံးလိုက်ကြ၏။

ဒေါ်ဖြူဖြူကျော်က လူငယ်တွေ လွတ်လွတ်လပ်လပ် ပျော်နိုင် အတွက် ခုနစ်ရက် တရားစခန်းရိပ်သာသို့ ညနေကပင် အထင်ကရ ယ်တိုင် လိုက်ပို့လိုက်ရ၏။

ဦးဖေယျာမင်းမောင်ကလည်း မင်္ဂလာပွဲပြီးသည်နှင့် ပြန်သွား ည်။ သံစဉ်မှာသာ ယောက္ခမဆီမှ အိမ်မှုကိစ္စတွေ သင်ချင်လို့ပါဆိုသော ကြောင်းပြချက်ဖြင့် အထင်ကရအိမ်မှာ ခဏလိုက်နေရသည်။ ဒပြီ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့သော ရွှေတောင်ကြားက အိမ်မှာ လိုက်နေဖို့ လုံးဝစိတ်မဝင်စား ဒယ်ဒီသိလျှင် စိတ်မကောင်းဖြစ်မှာ အမှန်။

သို့သော် သံစဉ် အကြောင်းပြချက် ခိုင်လုံနေ၍ သမီးဖြစ်သူကို ယောက္ခမအိမ်မှာ လိုက်မနေစေချင်ပေမယ့်လည်း စိတ်လျှော့ကာ ငြိမ်နေလိုက်ရပေမယ့် သံစဉ်ကိုတော့ သိပ်စိတ်ချပုံမပေါ်။

ခုလည်း သူငယ်ချင်းတွေနှင့် အထင်ကရတို့အိမ်ကြီးမှာ အားလုံး စိတ်လွတ်ကိုယ်လွတ်ဖြင့် တစ်ယောက်တစ်ပေါက် ဆူညံနေကြ၏။

သံစဉ်တို့ မိန်းကလေးတွေက ဟိုတယ်ကမှာထားသော အစားအသောက်တွေကို ထမင်းစားခန်းထဲမှာ ပြင်ဆင်နေကြ၏။ အထင်ကရတို့ ယောကျ်ားလေးတွေက အထင်ကရနှင့် သံစဉ်တို့၏မင်္ဂလာအိပ်ရာ အခန်းကြီးကို ဝင်ကြည့်ကာ သွားရည်ကျနေကြ၏။

"ဟာ ရေလည်မိုက်တယ်ကွာ အဟီး အိနေတာပဲ"

အထွန်းက မွေ့ရာထက်မှာထိုင်ကာ တငြိမ့်ငြိမ့်နှင့် ကိုယ်ကို လှုပ်ရမ်းနေ၏။

"ဟေ့ကောင် ဒီည ငါတို့ကိုခဲဖိုးပေးရမယ်နော်၊ ခဲဖိုးမပေးရင်တော့ မင်းတို့ရဲ့မင်္ဂလာခုတင်ကြီးပေါ်ကို ယောင်လို့တောင် မတက်ရဲ့ လုံးဝကို မဖယ်ပေးဘူး"

အထွန်း ပြောပြောဆိုဆို ကြည်ပြာရောင် ဖဲမွေ့ရာပေါ်သို့ ဘုန်း

နိုးမိုး၈၁၉ပေ



ခဲ့အိပ်လိုက်၏။

"မင်းတို့ကို ခဲဖိုးပေးမှ ဒီအိပ်ရာပေါ်တက်ရမယ်ဆိုရင်တော့ မြှာနဲ့ သဲဖိုးတောင် မမျှော်လင့်နဲ့ ဟေ့ကောင်တွေ"

ခုတင်ဘေးရှိ ဆိုဖာခုံပေါ်တွင် ခြေချိတ်ထိုင်ကာ ခပ်တည်တည်ပြောလိုက်သော အထင်ကရ စကားကြောင့် အထွန်းနှင့်အာကာတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပခုံးတွန့်ပြီး မဲ့လိုက်ကြသည်။

"မင်း ချိုးထုပ်ကျုံတာ မဟုတ်လား"

"ဟေ့ကောင်တွေ ငွေကို နှမြောလို့မဟုတ်ဘူးကွ၊ ဒီမင်္ဂလာကြီးပေါ်မှာအိပ်ဖို့ ငါ စိတ်ကိုမဝင်စားတာ၊ နားလည်လား"

"ဒါဆို ဘာလို့ မင်္ဂလာဆောင်သေးလဲ"

"မလွဲသာ မရှောင်သာလို့"

"ဟင်း အနှစ်မပါတဲ့ မင်္ဂလာဆောင်ကြီးပေါ့"

အကွန့်က မဲ့ကာရွဲ့ကာဖြင့် ဆို၏။

"အနှစ်တွေ အကာတွေ ငါ နားမလည်ဘူး၊ ငါ နားလည်တာ ချစ်တဲ့မိန်းမတစ်ယောက်နဲ့တော့ ငါ့ဘဝကို အိမ်ထောင်ရေးသားရဲ့ ထဲကို ခုန်မဆင်းနိုင်ဘူး"

"ဟာကွာ နှမြောစရာကြီး၊ မင်း အဲဒီလိုတော့ အခွင့်အရေးကို လွှတ်ပါနဲ့ကွာ၊ ပုတ်ထုတ်မယ်ဆိုရင်လည်း ငါ့ဘက်ကို ရောက်အောင်

နိုးမိုး၈၁၉ပေ

www.burmeseclassic.com

www.burmeseclassic.com



သာ ပုတ်ထုတ်လိုက် အဟီး''

အာကာ့စကားကြောင့် အထွဋ်ရဲ့ ခုတင်ထက်မှာ လှဲနေရာ ဆတ်ခနဲ ထပြီး အာကာ့ခေါင်းကို ဘတ်ခနဲ ရိုက်ကာ

''အရေးထဲ မင်းက သွားရည်တမြားမြားနဲ့ မျှော်နေသေးတာ အချောင်သမား ဒုသနသောကောင်''

''အဟဲ ငါက နောက်တာပါကွ''

အာကာ နာသွားသောခေါင်းကို အသာပွတ်ကာ သွားဖြဲ ဖြင့် ဆိုရှာ၏။

အထွဋ်က အတည်ပေါက်ဟန်ဖြင့်

''မင်း သူ့ကို တကယ်မချစ်ဘူးလား အထင်ကရ''

''နိုးပဲ သူနဲ့ပတ်သက်ပြီး ငါ့မှာ ဘာကာလာမှ မရှိဘူး''

''နောက်တော့ တဖြည်းဖြည်း ချစ်သွားမှာပါကွာ''

''မထင်ဘူး၊ သူနဲ့ငါနဲ့ ပုံစံချင်းမတူဘူး၊ သူက အပျော်အ အရမ်းမင်တယ်၊ သူ အဲဒီလို မင်လို့လည်း ငါနဲ့လက်ထပ်ဖို့ အကြောင်း လာတာပဲကြည့်လေ၊ သူ့ပုံစံက ဘယ်အရာကိုမှ လေးလေးနက်နက် ထားပုံမပေါ်ဘူး၊ အဲဒီလို မိန်းကလေးမျိုးကို ငါ စိတ်ပျက်တယ်''

''ကျွတ် ဒါနဲ့များကွာ မင်းဘဝကိုများ မိန်းမတစ်ယောက် ဘဝထဲ ခုန်ဝင်နိုင်းလိုက်ရတယ်လို့''





''အေးလေ ကိုယ်မလိုချင်တဲ့ဘဝကြီးထဲကိုများ မိုက်မိုက်မဲမဲ ဝင်တိုးရတယ်လို့ မင်းလောက်မိုက်မဲတဲ့သူ ကမ္ဘာပေါ်မှာ ရှိပါဦးမ ''

အထွဋ်နှင့်အာကာ အထင်ကရရဲ့ ပျော့ညံ့မှုတွေကို ပျစ်ပျစ်နှစ် ဝေဖန်၏။

ထိုစကားဝိုင်းလေးကို အခန်းအပြင်မှာ ရပ်နားထောင်နေသူက ည်။

ရင်ထဲမှာ လှိုက်ဖိုခြင်းတွေနှင့်အတူ မျက်ဝန်းမှာ မျက်ရည်တွေ ရှ်လာ၏။

နင့်အမြင်မှာ ငါက အဲဒီလောက် တန်ဖိုးမဲ့နေပြီလား အထင် ရရယ်။ ငါ ငါလေ တကယ် ဝမ်းနည်းတယ်ဟယ်။ ငါကတော့ နင့်ကို ချစ်နိုင်သေးပေမယ့် မမုန်းဘူး။ ဘယ်တော့မှ မမုန်းဘူး။

ပါးပြင်ပေါ်ကို စိမ့်ထွက်ကျလာသော မျက်ရည်တွေကို လက်ဖမိုး ဖြင့် ခပ်ကြမ်းကြမ်း ဖိဆွဲသုတ်လိုက်ရင်း အခန်းဝမှာ ရပ်လိုက်သည်။

''ဟော့ ဘာတွေလေပေါနေကြတာလဲ၊ ဒီမှာ ငါတို့အားလုံး ပြင် ပြီးပြီ''

''ဟော ဟုတ်လား၊ လာပြီ လာပြီ ဗိုက်က အတော်ဆာနေတာ ၊ အဟဲ ဒီကောင် အထွဋ်ဆိုရင် နင်တို့မွေ့ရာ အလယ်က အသည်း



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ ထည့်ထားတဲ့ ပန်းသီးရဲရဲလေးကို ကိုက်မယ်တကဲကဲ လု...
လို့ ငါ့မှာ မနည်းတားထားရတာ''

အာကာ အထွဋ် ခေါင်းမှဆံပင်ထောင်ထောင်တွေကို ခပ်ကြ...
ကြမ်း ဆွဲဖွခဲ့ရင်း ထမင်းစားခန်းဆီသို့ အရင်ဦးဆုံး ထွက်သွားသည်...

''လာလေ ဟောကောင်''

ခပ်ပေပေ ထိုင်နေသော အထင်ကရ၏ပခုံးကို အထွဋ် ...
ပုတ်၍ခေါ်သည်။

''သွားနှင့် ငါ လိုက်ခဲ့မယ်''

''မြန်မြန်လာနော်၊ တော်ကြာ မင်းအတွက် အရိုးပဲကျန်...
မယ်''

အထွဋ် ထွက်သွားတော့ အခန်းထဲမှာ အထင်ကရနှင့်သံ...
နှစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

သံစဉ် အထင်ကရနားသို့ ခြေသံခပ်ဖွဖွဖြင့် အသာလျှော...
လာ၏။

''လာလေ အထင်ကရ၊ စိတ်ထဲမှာ မရှင်းလင်းစရာဆိုရင်လည်း...
သူငယ်ချင်းတွေနဲ့ ပျော်ရွှင်ရမယ့်အချိန်လေးမှာတော့ ခဏဖြစ်ဖြစ် ...
ထားလိုက်ပေါ့၊ သူတို့ပြန်သွားရင်တော့ နင် ကြိုက်သလို နေပါ ...
ဘာမှ မစွက်ဖက်ဘူး''





သံစဉ်လေသံဖျော့ဖျော့ထဲမှာ တောင်းပန်တိုးလျှိုးသံတွေ ခပ်...
...ရေး ပျော်ဝင်နေသည်ဆိုတာ သိသာထင်ရှား၏။ အထင်ကရ သံစဉ်...
...အကြည့်ချင်းမဆုံမိအောင် ကြိုးစားထိန်းချုပ်ရင်း သံစဉ့်ရှေ့မှ ထွက်လာ...
...၏။ ထမင်းစားခန်းထဲရောက်တော့ အားလုံးက အထင်ကရကို အပြစ်...
...င်းဖို့ကြ၏။

''တစ်ခါစားဖို့အရေးကို သံစဉ်အခေါ်ကို စောင့်နေတာ မဟုတ်...
...ား''

နေခြည်က နှုတ်ခမ်းလေးမဲ့ပြီး ခပ်ရွဲ့ရွဲ့ဆိုတော့

''ဘာမှမဆိုင်ဘူး''

အထင်ကရ အတည်ပေါက်နှင့် ဖြေပြီး အထွဋ်ဘေးနားမှ ...
...တွင် ဝင်ထိုင်လိုက်၏။ သံစဉ် ထမင်းစားခန်းထဲ နောက်ဆုံးမှဝင်လာ...
...ပြီး အထင်ကရဘေးတွင် ခပ်ငြိမ်ငြိမ် ဝင်ထိုင်လိုက်သည်။

လက်တစ်လုံး ကြိုးဂါဝန်အနီရဲရဲလေးနှင့် ကြည်လင်ဝင်းဖန့်...
နေသော သူမ၏အသားအရေမှာ လိုက်ဖက်တင့်တယ်လွန်းနေ၏။ အထင်...
ကရ၏ နှာခေါင်းထဲသို့ သူမထံမှ မွှေးပျံ့သော ရနံ့သင်းသင်းလေး တိုးဝင်...
လာသည်။

ဘာကြောင့်မှန်းမသိ အထင်ကရ ရင်ထဲ ရှိန်းခနဲ ဖြစ်သွား၏။

''ကဲ လူစုံပြီဆိုတော့ ငါတို့ စားရင်းသောက်ရင်းနဲ့ ဆွေးနွေးရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြတာပေါ့"

ကေါရီစကားကြောင့် အထွန့်နှင့်အာကာ မိုက်ဆာဆာဖြင့် ခေါ
မဖော်တာမ်းစားနေရင်းမှ ခေါင်းမော့လာပြီး

"ဘာလဲ ဘာဝေခြမ်းရေးလဲ"

"ခဲဖိုးလေ ခဲဖိုး တစ်သိန်းရထားတယ်၊ ငါတို့သူငယ်ချင်း
ဒီည သူတို့ကို မနှောင့်ယှက်ဖို့ပေါ့"

"ဟင် ဘယ်သူပေးတာလဲ၊ ဒီကောင်ပြောတော့"

အထွန့် စကားမဆုံးခင် နေခြည် အထွန့်ခြေထောက်ကို
ခြေထောက်ဖြင့် လှမ်းတို့ပြီး မျက်ရိပ်ပြ၏။

"ဒီမှာ ဘယ်သူပေးပေး အဓိကက ရဖို့ပဲမဟုတ်လား၊
ဟဲ သံစဉ် သင့်ခယ္ယပဲ ဟဲ ဟဲ ဟဲ၊ ဒီည လုံးဝ လုံးဝ မနှောင့်ယှက်အော
ငါ တာဝန်ယူတယ် ဟုတ်ပြီလား"

အာကာ့စကားကြောင့် သံစဉ် ရှက်ရယ်ရယ်လေး ရယ်
ခေါင်းလေးကို အသာငုံ့လိုက်သည်။

သူငယ်ချင်းတွေ တောင်းတဲ့ခဲဖိုးကို သံစဉ် ပေးလိုက်သ
နောက်ထပ် ဒီကောင်တွေ ဂျီကျတော့မှာမဟုတ်ဟု တွေးရင်း သံ
အထင်ကရရှေ့မှာရှိသော ဖန်ခွက်ထဲကို ဘီယာငှဲ့ထည့်ပေးလိုက်သည်
သူငယ်ချင်းအားလုံး သံစဉ်၏အပြုအမူကို စားနေရင်းဖြင့် မသိမသာ





ထဲခတ်နေကြ၏။

သံစဉ် အလျှော့ပေးလိုက်လျော့မှုတွေကို သူတို့ကြည့်ပြီး အံ့သြ
ဆောင်း အံ့သြနေကြလိမ့်မည်။

"သောက်လေ အထင်ကရ"

"အင်း"

အထင်ကရ အင်းဟူသော ခပ်လေးလေးအသံဖြင့် ဖန်ခွက်ထဲ
ဘီယာတွေကို မော့ချပစ်လိုက်သည်။

နေခြည် ဝိုင်ငှဲ့ထားသော ဖန်ခွက်ကို သံစဉ်ရှေ့သို့ ချပေးလိုက်
သည်။

"သောက်လိုက် သံစဉ်၊ နင်လည်း သောက်မှဖြစ်မယ်"

"ဟင့်အင်း ငါ မသောက်ချင်ဘူး နေခြည်၊ ငါ ဒီနေ့ကစပြီး
ဒါတွေ မသောက်တော့ဘူး"

သံစဉ့်စကားကြောင့် အထင်ကရ မဲ့လိုက်သည်။ ပြီးနောက်
ဘီယာအချို့ကို သူ့ဖန်ခွက်ထဲ ထပ်ဖြည့်လိုက်ပြန်၏။ မော့သောက်လိုက်
သည်။ နောက်တစ်ကြိမ် ထပ်ထည့်ပြီး ထပ်မော့ပြန်၏။ အထင်ကရပုံစံ
ကိုကြည့်ပြီး အထွန့်နှင့်အာကာတို့ မျက်နှာ ပြုံးစိစိတွေဖြစ်ကုန်ကြ၏။

"ဟော့ကောင် များသွားရင် ဘာမှန်းမသိတွေ ဖြစ်ကုန်မယ်နော်
နည်းနည်းလျှော့၊ ဒီလိုညမျိုးက ပုံမှန်လေးပဲကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



အထွဋ်မှ အထင်ကရ နားနားသို့ တိုးကပ်ပြီး ခပ်တိုးတိုး သ
ပေး၏။

အားလုံးက မင်္ဂလာဦးညရဲ့ရင်ခုန်သံတွေအတွက် ကြိုပြီးရယ်
တင်သည်ဟု မှတ်ယူထားပုံရသဖြင့် ယောကျ်ားလေးအချင်းချင်း သ
ပေးကာဖြစ်သည်။

အထွဋ်၏သတိပေးစကားကို ဆန့်ကျင်သည့်အနေဖြင့် အ
ကရ ခေါင်းကို ခပ်လေးလေး ခါရမ်းလိုက်ပြီး

"မတားနဲ့ ငါ အားလုံးကို မေ့ထားချင်လို့ အများကြီးသော
တာ အေး၊ မင်းတို့လည်း များများသောက်ကြ ပြီးရင် ဒီညကို ငါနဲ့အ
ဘာအသိစိတ်မှမရှိဘဲ အတူတူကျော်ဖြတ်ပေးကြ"

"ဟာကွာ မင်း ပေါက်ကရ မပြောနဲ့"

"အေးလေ အထင်ကရတို့တော့ ကျိုင်ရှာပြီဟာ"

နေခြည်က ပန်းကန်ထဲမှ အသားတုံးလေးကို ခက်ရင်း
ထိုးစားရင်း အပြစ်တင်စကားဆို၏။

"နေပါစေဟာ ဒီညကို သူ ဖြတ်သန်းချင်တဲ့ပုံစံနဲ့ ဖြတ်သ
ပါစေ၊ အဓိကက ဒီညကို မြန်မြန်ကုန်စေဖို့ပဲ မဟုတ်လား"

"နင် ဘာလို့ အဲဒီလောက် အလျှော့ပေးနေရတာလဲ သံ
အိမ်ထောင်စကျကျခြင်း နင့်ဘက်ကပဲ အလျှော့ပေးနေရင် နင့်တ





ဘ အလျှော့ပေးနေရလိမ့်မယ် မိသံစဉ်ရဲ့"

ကေရီ မိန်းကလေးအချင်းချင်း ခပ်ကြိတ်ကြိတ် သတိပေး
စကားဆို၏။ သံစဉ် ပန်းကန်ထဲမှ ထမင်းကို ဇွန်းဖြင့် အဓိပ္ပာယ်မဲ့မွှေရင်း

"နင်မသိပါဘူး ကေရီရယ်၊ ယောကျ်ားတွေ ဘယ်လောက်ပဲ
မိန်းမတွေအပေါ် မာန်တက် မာန်တက် အချိန်တန်ရင် မိန်းကလေးတွေ
ရှေ့မှာ ပြားပြားဝပ်ကြရတာချည်းပဲ"

သံစဉ်စကားကြောင့် ကေရီ သဘောပေါက်သော အပြုံးဖြင့်
ခပ်ခနဲ ရယ်လိုက်သည်။

"ပေါက်ပြီ ပေါက်ပြီ အဟီး နင် ကောင်းမယ်ထင်ရင် ဆက်
သုံး၊ ပြီးရင် အချိန်တန်ရင် အဖြစ်မှန်အားလုံး ငါတို့ကို ပြန်ပြောရမယ်"

"အေးပါ"

လေသံမျှသာ အသံဖြင့် ခပ်ကြိတ်ကြိတ်ပြောနေကြသော သံစဉ်
နှင့်ကေရီကိုကြည့်ပြီး အထွဋ်နှင့်အာကာ မေးငေါ့ရင်း မေး၏။

"နင်တို့ ဘာတွေကြိတ်ပြီး တိုင်ပင်နေကြတာလဲ"

"ဘာမှမတိုင်ပင်ဘူး။ နင်တို့ယောကျ်ားလေးတွေဖြစ်ပြီး တော်
ဆော်စပ်စုတယ်၊ ဟင်း မြန်မြန်စားကြ ပြီးရင် ပြန်ကြမယ်၊ သူများရဲ့
တန်ဖိုးရှိတဲ့အချိန်တွေကို ငါတို့ ဝိုင်းပြီး ဖြုန်းနေလို့မဖြစ်ဘူး"

"သြော် အေး ဟုတ်တယ်၊ မှန်တယ်၊ ကဲ အားလုံး မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



စားကြ၊ ပြီးရင် လစ်မယ် ဟဲ ဟဲ ဟဲ"

အထာနှင့်ပြောနေသော အာကာ့ကို အထင်ကရ မျက်လုံးပြူး ကြည့်ပြီး

"ဘာလစ်မှာလဲ၊ မင်းတို့လစ်ရင် ငါလည်း လစ်မယ်"

"မင်းက ဘယ်လစ်မှာလဲ၊ ဒါ မင်းအိမ်လေ"

"မသိဘူး အဲဒါတွေ ငါ မသိဘူး၊ ငါ သိတာ မင်းတို့ ငါ့နား နေ ဒါပဲ"

"အေးပါ နေမယ်"

"အိုကေ ရော့ ထပ်ထည့်ပေးဦး"

အထင်ကရ သူ့ဖန်ခွက်ကို အာကာ့ရှေ့တိုးပေး၏။ အာကာ ဘီယာငှဲ့ထည့်ပေးလိုက်၏။

"သောက်မယ် ဒီည လူမှန်းမသိအောင် သောက်မယ်"

အထင်ကရ ဖန်ခွက်ထဲမှ ဘီယာတွေကို ငှပ်ခနဲ မော့သော လိုက်၏။ သိပ်မကြာခင် အထင်ကရ ခေါင်းမဖော်နိုင်တော့။

"ဟဲ့ သူ အရမ်းမူးသွားပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်၊ နင်တို့ ကလည်း အရမ်းကိုစွတ်တိုက်ကြတာပဲ"

ကေရီက အထင်ကရကိုကြည့်ပြီး စိုးရိမ်စွာဖြင့် အထွန်းနှင့် အာကာတို့ကို အပြစ်တင်စကား ဆို၏။





"ဘာမှရှော့ခ်မရှိဘူး၊ သူ့ဘေးမှာ သံစဉ်တစ်ယောက်လုံး ရှိ သယ်၊ လာ အထွန်း ဒီကောင်ကို အခန်းထဲ တွဲပို့ကြရအောင်"

အာကာ စားပွဲပေါ်မှာ မှောက်နေသော အထင်ကရကို အခန်း ထဲ တွဲပို့ခဲ့ကြ၏။ နေခြည်နှင့် ကေရီက စားပြီးသောက်ပြီးသားတွေကို သိမ်းဝန်းသိမ်းဆည်းပေးကြပြီး အထွန်းကားနှင့်ပင် အားလုံး ပြန်သွားကြ သည်။

သံစဉ်တစ်ယောက်တည်း ငေါင်ပြီး ကျန်ရစ်ခဲ့၏။ အိမ်တံခါး တွေကို အသေအချာပိတ်ပြီး သံစဉ် အပေါ်ထပ်ကို တက်ခဲ့လိုက်၏။

အခန်းထဲရောက်တော့ ခုတင်ထက်တွင် ကန့်လန့်ဖြတ်ကြီး အိပ် နေသော အထင်ကရကိုကြည့်ပြီး သက်ပြင်းခပ်လေးလေးကို ချလိုက်၏။ ရင်မှာ ဘာကြောင့်ရယ်မသိ။ နုံးခွေနေသည်။

အိပ်ပျော်ခြင်းကို တတ်မြောက်စေသည့် အရက်ပြင်းပြင်းတချို့ က အထင်ကရနှင့်သံစဉ်ရဲ့ မင်္ဂလာညကို တိတ်ဆိတ်စွာ ပြီးဆုံးစေခဲ့၏။

ဆို့နစ်လှိုက်မောခြင်းတွေနှင့်အတူ သံစဉ်ပါ အထင်ကရနားမှာ ဝင်ပြီး လှဲအိပ်လိုက်သည်။

"အင်း"

"အို"

အထင်ကရ၏ အိပ်ပျော်ခြင်းတစ်ဝက် အမူးလွန်ခြင်းတစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သံစဉ်ရဲ့ကိုယ်လုံးလေးကို တအားသိမ်းဖက်လိုက်သည်။

မျက်ဝန်းဝိုင်းလေးဖြင့် အထင်ကရကို အလန့်တကြား မော့ကြည့်လိုက်သော သံစဉ်ရဲ့ရင်ဘတ်ထဲမှာ ရင်ခုန်သံလှိုင်းတွေက တဝုန်းဝုန်း။

အိပ်မက်ကလေးတစ်ခုအဖြစ် ဒီညရဲ့တစ်ညစာကို မိုက်မဲခွင့်ပြုလိုက်ရမလား အထင်ကရရယ်။

ဒါပေမဲ့ ငါ နောင်တမရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ ငါလေ…။

■ ■ ■



## အခန်း (၁၁)

ရင်ဘတ်ဆီသို့ ဝင်သက်နွေးနွေးတချို့ လာရောက်ထိတွေ့သော ည်သည့် အထိအတွေ့လေးကြောင့် အထင်ကရ မျက်လုံးတွေ ဖျတ်ခနဲ ာသည်။

နံနက်ခင်း၏နေခြည်နုနုက ပိုးသားလိုက်ကာစတွေကြားထဲမှ က်နှာပေါ်သို့ တိုးဝင်ဖြာဆင်းကျနေ၏။

ကိုယ့်လက်အစုံက တစ်စုံတစ်ခုကို တင်းကြပ်စွာ ဖက်တွယ်ထား ည်ဆိုသည့် အထိအတွေ့နှင့်အတူ လဲ့အိပ်နေရာမှ ခေါင်းထောင်ပြီး င်ထဲကို ပြန်ငုံ့ကြည့်လိုက်သည်။

"ဟာ"

မြင်ရသော မြင်ကွင်းက အထင်ကရ၏နံနက်ခင်း အာရုံတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဓောက်ထိုးမိုးမျှော် ဖြစ်သွားစေ၏။

အံ့သြစိတ်တွေက ရင်ဘတ်ထဲမှာ တဒဂ်အတွင်း ဝုန်းဒိုင်းကြ သွား၏။ ကိုယ့်ရင်ခွင်ထဲမှာ ဘာကြောင့် သံစဉ်က ရောက်နေရတာလဲ။

ဆောက်တည်ရာမရသော အတွေးမျိုးစုံတို့နှင့်အတူ ကိုယ်ချင်း ပူကပ်ဖက်တွယ်ထားရာမှ ချက်ချင်းခွာလိုက်ပြီး ခုတင်ထက်မှ ဝုန်းခနဲ ထထိုင်လိုက်သည်။

"အာကွာ အထွင့်"

လူက ဘာလုပ်ရမှန်းမသိ၍ အာကာတို့ကို လှမ်းပြီးအော်ခေါ် လိုက်သည်။ ဒီကောင်တွေ ညက ဒီမှာအိပ်ကြတာ မဟုတ်လား။ ဘာ ကြောင့် တစ်ကောင်မှပေါ်မလာတာလဲ။ ကံကြမ္မာက သူတို့နှစ်ယောက်ကို မနိုးနိုးစပ်အောင် ကြံဖန်အောင်သွယ်နေတာလား။

"ဟင် အထင်ကရ နှင် နိုးပြီလား"

သံစဉ်အသံကြောင့် အထင်ကရ၏ကိုယ်လေး ဆတ်ခနဲ တွန့် သွားရ၏။ သံစဉ် မနှိုတရိုလေး ပြုံးလိုက်သည်။ ထိုအပြုံးကို အထင်ကရ ကတော့ မမြင်။

"အာကာတို့ရော"

"သူတို့ ညကတည်းက ပြန်သွားကြတယ်လေ၊ နှင်က အရမ်း မူးနေ့တော့ ဘယ်သိမလဲ"





သံစဉ်က ဖရိုဖရဲဖြစ်နေသော ညဝတ်အင်္ကျီလေးကို ဆွဲဆန့် ...း ဆံပင်တွေကို သပ်တင်ရင်း ခပ်အေးအေး ဖြေ၏။

ညဝတ်အင်္ကျီဖြူလွလွလေးနှင့် ကပိုကရိုလှနေသော အိပ်ရာထစ ...နှာကြည်ကြည်လေးကို အထင်ကရ မရဲတရဲ နိုးကြည့်လိုက်ပြီး ...ကြည့်ကို ဆတ်ခနဲ ချက်ချင်းလွှဲလိုက်သည်။

ထို့နောက် သူ့ကိုယ်မှာ ဝတ်ထားသော အပြာရောင်ညဝတ် ...ကို သတိထားမိသွားသည်။

"ဟဲ့ ငါ ငါ့ရဲ့အဝတ်အစားတွေကို ဘယ်သူလဲပေးတာလဲ"

အလန့်တကြား ထမေးလိုက်သော ခပ်ကြောင်ကြောင်အသံနှင့် ...သိတ်တလန့် မေးလိုက်သော မျက်နှာရဲရဲကြောင့် သံစဉ် မရယ်မိအောင် ...အောင့်အီးမျိုသိပ်လိုက်ပြီး

"ကျွတ် ဒီအိမ်မှာ နှင်နဲ့ငါနဲ့ နှစ်ယောက်တည်းရှိတာ၊ နှင့်ည ...အင်္ကျီကို ငါ မလဲပေးလို့ ဘယ်သူလဲပေးမလဲ၊ တကယ်ပဲ ရှက်ပါတယ် ...မှ ဘာတွေလာမေးနေမှန်းကို မသိဘူး ခစ် ခစ် ခစ်"

စကားလုံးတွေအဆုံးသတ်တာနှင့် မျက်နှာလေးကို မော့လှန် ...တ် အရှက်ပြေရယ်လိုက်သည်။ ရင်တွေခုန်နေတာတော့ အမှန်တကယ်ပါ ...ဘာပဲဖြစ်ဖြစ် နှင်နဲ့ငါရဲ့ အနာဂတ်မှာ အချစ်တွေနှင့် ရှုံးသွပ်ခဲ့ကြပြီး ...မဟုတ်လား။



www.burmeseclassic.com

နှင် ငါ့ကိုချစ်မိသွားပြီဆိုတာ ငါ သိတယ် အထင်ကရ

လည်း နှင့်ကိုအရမ်းချစ်သွားပြီ။

"ဟော့ ဟော့ ဘာရယ်နေတာလဲ"

"ရယ်စရာရှိလို့ ရယ်တာပေါ့ လူဆိုးရဲ့"

"အမ်"

ပြောပြောဆိုဆိုဖြင့် ရေချိုးခန်းရှိရာသို့ လှစ်ခနဲ ပြေး သွားသော သံစဉ်ကိုကြည့်ပြီး အထင်ကရ ကြောင်အမ်းအမ်းဖြစ်နေ ၏။

လူဆိုးတဲ့။ ကိုယ်က သူ့ကို ဘာဆိုးလို့လဲဟု ခပ်တိုးတိုး ရေ ရင်းမှ။

"ဟာ ဒါ ဒါဆို ငါနဲ့ညက တကယ်လင်မယားဖြစ်ပြီပေါ့ ကျွင်ပဲကွာ၊ ဒီတစ်ခါလည်း ငါ့ကိုအနိုင်ပိုင်းသွားပြန်ပြီ"

အထင်ကရ ခေါင်းမွေးများထောင်ထလာလောက်အောင် ထိတ်လန့်သွားကာ ခံစားလို့မရနိုင်အောင် ရင်ထဲမှာ စပ်ပူစပ်လော ဖြစ်၍နေ၏။ သံစဉ်မျက်နှာကို ဘယ်လိုမျက်နှာကြီးနှင့် ရင်ဆိုင် မသိတော့။

အတွေးတွေ ယောက်ယက်ခတ်စွာဖြင့် ခုတင်ထက်မှာ ထိုင်နေ၏။ သံစဉ် ရေချိုးခန်းထဲမှ ပြန်ထွက်လာသည်။





ဝင်းနှစ်ဖြူဖွေးနေသော ဆင်စွယ်ရောင်မျက်နှာလှလှလေးပေါ် ရေစက်ကြည်ကြည်လေးတွေကို မွေးပွသဘက်ဖြင့် သုတ်ရင်း အထင် ကရ ကို ငေ့ကြည့်သည်။

"ဟော့ ထလေ၊ မျက်နှာသစ်တော့၊ ပြီးရင် အပြင်မှာ မောနင်းစာ သွားစားကြမယ်"

အထင်ကရ မှုပျက်နေသလောက် သံစဉ်ကတော့ အေးဆေး သည်။ ညကအဖြစ်အပျက်တွေကို မမှုတဲ့ပုံစံမျိုး။ ဒါ ဘာအထာလဲဟု အထင်ကရ စိတ်အချဉ်ပေါက်မိသည်။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ်ပဲ သံသယဝင်နေမိတာလား။

"နှင်နဲ့ငါနဲ့ ညက ဘာတွေဖြစ်ကြလဲ"

သံစဉ်နှင့်မျက်နှာချင်းမဆိုင်ဘဲ မေးလိုက်ခြင်းဖြစ်သည်။

မွေးပွသဘက်ဖြင့် ရေစိုနေသော ဆံပင်ဖျားတွေကို ခပ်ဖွဖွသုပ် ရင်း သံစဉ် အထင်ကရရှေ့မှာ ခပ်တည်တည်ဖြင့် လာရပ်ရင်း

"နှင် ဘယ်လိုထင်လဲ အထင်ကရ"

"ငါ ငါမသိလို့ နှင့်ကိုမေးတာပေါ့ဟ၊ နောက်ပြီး ငါနဲ့ဘာမှ ဆိုင်ဘူး၊ ငါက မူးနေတာလေ၊ မူးနေတဲ့လူရဲ့အပြုအမူနဲ့ အပြောအဆို ကို အတည်ယူလို့မရဘူးဆိုတာ နှင် သိတယ်နော်၊ နှင်လည်း သောက် ထားတာပဲ၊ ဒါဟာ ငါတို့နှစ်ယောက်ရဲ့ ဒုတိယမြောက်အတွေ့အကြုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဟုတ် နင့်အနေနဲ့တော့ ရှိးသွားပြီမဟုတ်လား''

လျောင်ပြုံးတွေပါသော အထင်ကရ စကားကြောင့် သံ

ရင်ထဲက သွေးကြောမျှင်တွေ ပြတ်တောက်မတတ် ရှုရှိနာကျင်သွားရ

ဒီလိုအချိန်မျိုးမှာ အထင်ကရ၏နှုတ်က ဒီလိုစကားတွေ

ထွက်ခဲ့တယ်ဆိုတာ တကယ်ပဲ မယုံချင်။ လက်သီးဆုပ်ကလေးကို

တင်းတင်းဆုပ်လိုက်ပြီး အထင်ကရကို ခပ်စူးစူးလေးစိုက်ကြည့်က

''ပြီးသွားတဲ့ကိစ္စကို နင် ဘာလို့ ထပ်ပြီးပုံဖော်ချင်နေရတာ

ငါက မိန်းကလေးပါဟဲ့၊ ဒီလောက်အထိ နင့်အပေါ် လိုက်လျောခဲ့

တောင် ငါ့အပေါ် နင် ဒီလိုပြောရက်တယ်၊ နင်နဲ့ငါနဲ့ လက်ထပ်ပြီ

ဆိုကတည်းက နင် မူးသည်ဖြစ်စေ၊ မမူးသည်ဖြစ်စေ နင့်ဆန္ဒကို လို

လျောပေးရမှာ ငါ့တာဝန်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ငါက နင့်မိန်းမ

နေလို့ပဲ၊ အဲဒါကို မယားဝတ္တရားလို့ ခေါ်တယ်''

သံစဉ် ကွဲအက်တုန်ခါနေသော ဒေါသမျက်နှာနှင့် ကိုယ်

ငုံ့ကိုင်းပြီး အထင်ကရ မျက်နှာနှင့် အနီးဆုံးသို့ တိုးကပ်လိုက်ပြီး

''ဘာလဲ မူးနေတာကို အခွင့်အရေးယူပြီး ငါ့အပေါ် ယူလို

တဲ့ အခွင့်အရေးကို ဘာမှမသိသလို ပုံစံနဲ့ အရှုံးကွက်နင်းဖို့ ကြိုး

နေတာလား၊ အဟင်း ဒါဆို နင်က လူယုတ်မာပေါ့''

''ဘာ''





သံစဉ်၏အကြည့်နဲ့အပြောတွေက သွေးအေးလူသတ်သမား

ယောက်လို အေးစက်တင်းမာနေ၏။ ထိုတင်းမာမှုအကြည့်တွေကို

ဆိုင်ရဲစွာဖြင့် သေလိုက်စမ်း သံစဉ်မရေရလို့ ရင်ထဲက ဒေါသတကြီး

ပါးပြီး အထင်ကရ ခုတင်ပေါ်မှဆင်းကာ အခန်းထဲမှ ခြေသံခပ်ပြင်း

နင်း၍ ထွက်လာခဲ့လိုက်၏။

အထင်ကရမှာ သူ့ကိုပြန်ချေပစရာ စကားလုံးအသစ်တွေ မရှိ

လေ။ ဒီတော့ ရှောင်ထွက်ခဲ့ရုံပေါ့။ ဒါဟာ သံစဉ်နှင့်ပတ်သက်ပြီး

နက်တကယ် ရင်ဆိုင်ရတဲ့စိတ်လှုပ်ရှားခြင်းတွေဆိုတာတော့ ငြင်းမွယ်ရာ

ပထမတစ်ကြိမ်တုံးက မသေချာမှုတွေက ယခုသေချာသော

ခြေအနေတစ်ခုနှင့်ယှဉ်လျှင် အတိတ်မှာခပ်မှုန်မှုန် ခပ်သေးသေးပဲ

ရစ်ခဲ့တော့၏။

ရင်မှာ ပထမဦးဆုံး လေးပင်ထုံမှိုင်းသွားခဲ့ရတဲ့ ခံစားမှုပါပဲ။

နင် ငါ့ကို ဒီနည်းနဲ့ထပ်ပြီး အနိုင်ယူလိုက်ပြန်ပြီလား သံစဉ်။

ချ နင့်ရှေ့မှာ ငါဟာ ဘယ်တော့မှ ဒူးမထောက်ဘူးဆိုတာ နင် ယုံ

လိုက်။

ငါ့စိတ်တွေ နင့်ဆီကို ယိမ်းထိုးလာအောင် ဒီနည်းနဲ့ဖြားယောင်း

နင့်ကို ငါကလည်း ဥပေက္ခာတွေ တသီကြီးလက်ဆောင်ပြန်ပေးဦးမ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပါ။ နှင် သိနိုင်ရည်ရှိအောင် ကြိုးစားထားပေါ့။

နှင်နဲ့ငါ မင်္ဂလာဆောင်ပြီးတဲ့ အကြင်လင်မယားဖြစ်နေကြပေမယ့် ငါ့စိတ်ထဲမှာတော့ နှင့်ကို ငါ့ရဲ့ဇနီးမယားတစ်ယောက်အဖြစ် သတ်မှတ်လို့မရသေးဘူး။

အိမ်နာစရိတ်ကောင်းပေးမယ်လည်း ငါ ဘယ်လိုမှ မတတ်နိုင်ဘူး သံစဉ်။ နှင့်ရဲ့မဆင်ခြင်မှုတွေကြောင့် ငါ့ဘဝတစ်ခုလုံးကိုတောင် ရက်ရက်စက်စက် ပေးဆပ်ပြီးမှ ငါ့ရင်ထဲမှာ အချစ်တွေဖြစ်လာဖို့ နှင် လောဘတကြီးနဲ့ မမျှော်လင့်နဲ့။ နှင့်ရဲ့မာယာတွေကိုလည်း ထပ်ပြီးအသုံးမချနဲ့တော့။ ငါ စိတ်မဝင်စားဘူး သံစဉ်။

နှင့်အပေါ် အထင်မကြီးတဲ့ငါ့ရဲ့စိတ်နဲ့အတူ ဖြစ်ပေါ်လာတဲ့ မာန တွေက အင်အားကြီးကြီးနဲ့ ငါ့ရဲ့သွေးကြောတွေထဲကို စီးဆင်းနေတဲ့အတွက် နှင့်မာယာတွေ ထိုင်ငိုသွားရမယ် နားလည်လား။

■ ■ ■



## အခန်း (၁၂)

"ဒီနေ့လည်း ဟိုတယ်ကပဲ မှာစားရမှာပဲလား သံစဉ်"

ထမင်းစားခန်းထဲ ဝင်ဝင်ချင်း ထမင်းစားပွဲပေါ်မှာ ဘာ ထမင်းဟင်းမှ ပြင်ဆင်ထားခြင်းမရှိသော မြင်ကွင်းကိုကြည့်ပြီး အထင်ကရ ...ည်းငယ်တော့ စိတ်အချဉ်ပေါက်သွားရ၏။

ဒါလား မိန်းကလေး။ ယောက်ျားယူထားမှတော့ မီးဖိုချောင်...ပ်ဖြစ်တဲ့ ထမင်းဟင်းချက်တဲ့ကိစ္စလောက်ကတော့ မဖြစ်မနေ လုပ်...တော့မယ်ဆိုတာ မသိဘူးလား။ နားမလည်တာလား။ နားမလည်ချင်...ဆောင်ပြီး ရေသာခို အချောင်လိုက်နေတာလား။

ဆာလောင်နေသော ဗိုက်ထဲက တဂွီဂွီအသံတွေနဲ့အတူ သံစဉ်...မ မပီသမှုတွေကိုကြည့်ပြီး ရင်ထဲမှာ ဒေါသတွေ လှိမ့်ထွက်နေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်တယ်လေ၊ ဟိုတယ်က မှာမစားလို့ ငါတို့ ဘယ်နိုင်ငံက စားဖိုမှူးက လာချက်ကျွေးမှာလဲ"

ရေခဲသေတ္တာထဲမှ ရေပုလင်းကိုယူ၍ မော့သောက်ပြီး ပြောလ သော သံစဉ်အပြောက ခပ်ပေါ့ပေါ့။

အမှန်တော့ သံစဉ် အရွဲ့တိုက်ဖြေလိုက်ခြင်းမဟုတ်။

မီးဖိုချောင်ကိစ္စဆိုတာ သံစဉ် ဘာမှမသိသော အိမ်မှုကိစ္စတ ဒီတော့ သံစဉ် ဘယ်လို ချက်ပြုတ်စီမံမလဲ။

မိဘအိမ်မှာ ရွှေမင်းသမီးလေးလို ထင်ရာစိုင်းပြီး နေလာ သံစဉ်က ယောက်ျားလည်း ယူလိုက်ရော မီးဖိုချောင်ဝင်ပြီး ထမင်းဟ ချက်ပြုတ်နေရတယ်ဆိုရင် သံစဉ်ရဲ့ရာဇဝင် ဘယ်လှတော့မှာလဲ။

ဒယ်ဒီသာ မြင်ရင်လည်း ရင်နာလွန်းလို့ဆိုပြီး သူ့ရင်ဘတ် ခပ်နာနာလေး ထုမှာ သေချာသည်။ အခုလို သူစားဖို့အတွက် ဟိုတ က ကိုယ်တိုင်လှမ်းမှာပေးရတဲ့ အလုပ်တောင် အတော်လေးကို လွှ ပြီ။

"ခု ဘယ်အချိန်ရှိပြီလဲ၊ ငါ့မာမီနဲ့သာဆိုရင် ဒီအချိန်ဆို ထ တောင် စားပြီးနေပြီ"

"မာမီ တရားစခန်းက ပြန်မလာမချင်းတော့ ခဏတော့ သ ခံပေးပါ အထင်ကရရယ်၊ ငါလည်း မာမီနှင့်ကို ချက်ကျွေးသလို





ချက် ကျွေးချင်ပါတယ်၊ ဒါပေမဲ့ ငါက ထမင်းတောင် အဲဆင်ပြေအောင် ချက်တတ်တာ မဟုတ်ဘူး၊ ဟင်းဆိုရင်တော့ ချက်တတ်ဖို့နေနေသာသာ ဟင်းချက်စရာဝယ်ဖို့ ဈေးတောင် သွားဖူးတာ မဟုတ်ဘူး၊ အဟင်း ငါ သည်း နင့်မာမီလက်ရာ အမြိန်စားချင်လှပါပြီ၊ ငါ့အိမ်က မသိတာထက် ဆိုတော့ ငါ့ယောက္ခမရဲ့ဟင်းချက်လက်ရာက အပြတ်အသတ် ကွာမှာ ငါ သိတယ်"

"အောင်မယ် နင် ဘာစကားပြောတာလဲ၊ နင်စားဖို့ကို ငါ့မာမီက ချက်ကျွေးရမယ် ဟုတ်လား၊ တန်ရာတန်ကြေးပြော နင့်ပါးစပ်က၊ ဒါနဲ့ နေပါဦး နင့်အခန်းထဲက အဝတ်တောင်းထဲမှာ နင့်အဝတ်တွေ ခုထိ မလျှော်သေးဘူးလား၊ ဟင်း တောင်းနဲ့တောင် မဆန့်လို့ ကြမ်းပေါ်လျှံ ကျနေပြီ"

အထင်ကရ ပွစိပွစိ ပြောနေပုံကြောင့် သံစဉ် စိတ်ရှုပ်စွာဖြင့် ခေါင်းကိုခါရမ်းလိုက်ပြီး

"ဟာကွာ အဘိုးကြီးအိုလေး ကျနေတာပဲ၊ တကာယ် နားငြီးတာ ပဲ အဝတ်လျှော်တဲ့အလုပ်က ငါ့အလုပ်မှမဟုတ်တာ၊ နင်ရော နင့်အဝတ် ကို ဘယ်သူလျှော်ပေးလဲ"

"ဟ ငါ့အဝတ်ကို ငါ လျှော်တာပေါ့၊ ဘယ်သူက လျှော်ပေးရမှာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် နင့်အဝတ်ကို နင်ကိုယ်တိုင် လျှော်တယ် ဟုတ်လား။ ဟယ် အံ့ဩစရာပဲဟယ်"

သံစဉ် အံ့ဩမိတာ အမှန်။ သံစဉ့်ဘဝမှာ လူမှန်းသိတတ်စကတည်းက ကိုယ်ဝတ်တဲ့အဝတ် ကိုယ်ဘယ်လိုလျှော်ရမလဲဆိုတာ စဉ်းတောင် မစဉ်းစားဖူးဘူး။

"နင်တို့အိမ်မှာ အိမ်ဖော် မရှိဘူးလား။ ဘာလဲ အိမ်ဖော်လခ မပေးနိုင်လို့လား၊ အဲဒါဆိုရင်လည်း ငါပေးပါ့မယ်ဟယ်၊ အိမ်ဖော်လေးတော့ ခေါ်ပေးပါ၊ ဒီတစ်လအတွင်း ရအောင်ခေါ်နော်၊ မရလည်း ကိစ္စမရှိပါဘူးလေ၊ အိမ်ဖော်မရမချင်း ထုတ်ဝတ်နေတဲ့ ငါ့အဝတ်အစားတွေက နောက်သုံးလေးလအထိတော့ ဝတ်စရာကျန်ပါသေးတယ်"

"ဒီမှာ ငါ့ကို မိန်းမပျင်းစကားတွေ လာမပြောနဲ့၊ နင့်ကိုလုံးဝ အထင်မကြီးဘူး။ ငါတို့အိမ်မှာ အိမ်ဖော်မထားတော့ အိမ်ဖော်လခ မတတ် နိုင်လို့မဟုတ်ဘူး၊ ငါ့မာမီက အိမ်ဖော်တွေကို ခေါ်လိုက်တိုင်း တစ်ယောက်မှစိတ်တိုင်းမကျလို့ မခေါ်ဘဲထားတာ၊ တစ်ခါတလေ နယ်ကငါ့အဒေါ် ဝမ်းကွဲလောက် ဒီမှာလာနေပြီး အိမ်အလုပ်လုပ်ပေးတာကလွဲလို့ ငါတို့ အိမ်မှာ ကိုယ့်စစ်စတန်နဲ့ကိုယ် အိမ်သန့်ရှင်းရေးလုပ်ရတယ်၊ ကိုယ့်ပန်းကန်ကိုယ်ဆေး ကိုယ့်အဝတ်ကိုယ်လျှော်၊ နင့်တစ်ယောက်အတွက်နဲ့ အိမ်ဖော်ခေါ်မပေးနိုင်ဘူး"





"နင် အဲဒီလို မညစ်ပတ်နဲ့နော်"

သံစဉ် အောက်နှုတ်ခမ်းလေးကို ဖိကိုက်လျက် ခပ်ရှုရှုလေး …တွေ့၏။

"ဘာ အဟုတ် လောလောဆယ် ငါက ညစ်ပတ်တာလား၊ …က ညစ်ပတ်တာလား၊ အခန်းတွေထဲမှာ အဲယားကွန်းတွေ တပ်ထား… နင် မလျှော်ရသေးတဲ့ အဝတ်တွေကထွက်တဲ့ အနံ့ဆိုးတွေကို …ချင်းရှင်းပစ်ပါ၊ တစ်ခန်းလုံး နံဟောင်နေတာပဲ၊ ဟင်း မိန်းကလေး …ပြီး အတွင်းခံဘောင်းဘီကအစ အခွေလိုက်"

သံစဉ် သူ့ဖာသာသူ ပြောချင်တာပြောပါစေဟူသော သဘော… နားနှစ်ဖက်ကို ပိတ်ထားလိုက်သည်။

အထင်ကရ သံစဉ်၏ပေါ့ပျက်ပျက်နိုင်မှုကို မနှစ်မြို့စွာကြည့်…က် နံရံမှာ ချိတ်ထားသော နာရီကို လှမ်းကြည့်လိုက်သည်။

"ကျွတ် ဗိုက်ဆာလာပြီ"

ဗိုက်ကလေးပွတ်ပြီး ခပ်တိုးတိုး ညည်းနေသော သံစဉ်ကို …ထင်ကရ ဘုကြည့်လှမ်းကြည့်လိုက်သည်။

"အေး နင်တင်ဆာတာ မဟုတ်ဘူး၊ ငါလည်း ဆာတာပဲ၊ …ကယ့်ကို အထာမကျဘူးဟာ"

"နင်ရော ဆာနေပြီပေါ့၊ နေဦး ငါ ဖုန်းထပ်ဆက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဂါဝန်ဖားဖားလေးရဲ့ ဘေးအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်
ပြီး ဖုန်းခလုတ်ကလေးတွေကို အလျှင်အမြန် နှိပ်လိုက်၏။

သူမပုံစံက တကယ့်ကို ပေါ့ပေါ့ပါးပါးနှင့် ဘာအပူအပင်
မရှိသော ကလေးတစ်ယောက်နှယ်။ အထင်ကရ သံစဉ်ကိုကြည့်ပြီး
ရှုးချင်စိတ်ပင်ပေါက်၍နေပြီ။

"ဟဲလို ဒီမှာ ဗိုက်ဆာနေပြီ၊ ခုထိ လာမပို့ကြသေးဘူးလား
ဘာလုပ်နေကြတာလဲ"

"အေး နောက်ငါးမိနစ်အတွင်း လာ မလာရင် နင်တို့အလုပ်
ပြုတ်ပြီသာမှတ်"

ဆူဆူဆောင့်ဆောင့်လေးနှင့် ဖုန်းပြောပြီး အထင်ကရကို လှမ်း
ကြည့်ကာ

"နောက်ငါးမိနစ်ဆိုရင် ရောက်လိမ့်မယ် သိလား၊ အဲဒီလို
စားဖို့ဆောင်က ဝန်ထမ်းတွေ အရမ်းပေါ့လျော့တာ ခဏလေးပဲ စောင့်
တော့၊ သူတို့လမ်းမှာ ရောက်နေပြီ သိလား"

သံစဉ် စူပုတ်နေသော အထင်ကရကို မျက်နှာချိုလှမ်းသွေး
ပြီးဆို၏။

"ငါ မစားဘူး၊ ငါ့ဖာသာငါ အပြင်ထွက်စားမယ်"

သံစဉ် မျက်နှာလေး ပြုံးနေရာမှ ညှိုးသွားကာ





"ဟယ် အဲဒီလို မညစ်နဲ့လေ၊ ငါက နှစ်ယောက်စာ မှာထား
တာ"

"နင့်ဟာနင် နှစ်ယောက်စာပဲမှာမှာ၊ အယောက်နှစ်ဆယ်စာပဲ
မှာမှာ ငါကတော့ လုံးဝမစားဘူး"

ထမင်းစားခန်းထဲမှ ထွက်ရန် ခြေလှမ်းပြင်လိုက်သော အထင်
ကရ၏ရှေ့မှ သံစဉ် ကမန်းကတန်း ပိတ်ရပ်လိုက်ပြီး

"အဲ အဲလိုတော့ မလုပ်နဲ့ဟာ၊ ငါ တစ်ယောက်တည်း ထမင်း
စားရမှာ ပျင်းလို့ပါဟယ်၊ ဪ ဒါနဲ့ ညကျရင် အာဆင်နယ်နဲ့ ချယ်စီး
ရှိတယ်၊ နင်ကြည့်မှာလား၊ ဒီညပွဲက ကောင်းမှာဟ၊ ငါကတော့ ည
ဆန်းခါရီ ထကြည့်မှာ"

"ဘာ"

အထင်ကရ ခါးထောက်ကာ ဒေါသတကြီးဖြင့် အသံကုန်
ဟစ်လိုက်၏။

"အမလေး ဖြည်းဖြည်းအော်ပါဟဲ့၊ လန့်လိုက်တာ"

"နင်က ဘောလုံးပွဲလည်း ကြည့်တာပဲလား"

"အင်းလေ ဘာဖြစ်လို့လဲ၊ ဘောလုံးပွဲကြည့်တာ ဘာဆန်းလဲ
ဟာ နင်ကလည်း"

ဂျွတ်ဆတ်ဆတ် ပေစောင်းစောင်း ပြောနေသော သံစဉ်ရဲ့စ



www.burmeseclassic.com

www.burmeseclassic.com



က အမြင်ကတ်စရာကောင်းလောက်အောင်ကို ထုရိုက်ချင်စရာ။

မိန်းကလေးတွေ တတ်သင့်တဲ့ အချက်အပြုတ်အလျှော်အ

ကျတော့ နီးပဲ။ ဘာမှမသိဘူး။

ဘောလုံးပွဲကျတော့ စိတ်ဝင်စားတယ်ဆိုတော့ လူကြား

ကောင်းပါရဲ့လား။ မာမီသာ သူ့ရဲ့အရည်အချင်းမှန်တွေကိုသာသိလျှ

သားဖြစ်သူအတွက် ရင်ထုမနာဖြစ်မှာ ကျိန်းသေသည်။

ဒီလောက် ပရမ်းပတာနိုင်ပြီး အလေးအနက် ဘာမှမ

မိန်းကလေးကို လူပုံအလယ် လက်ဆွဲခေါ်သွားပြီး ဒါဟာ ကျွန်တော်

ဖနီးမယားပါလို့ ဘယ်လိုလုပ်ပြီး ပွဲထုတ်ရဲပါ့မလဲ၊ ရုပ်နဲ့စရိုက်နဲ့က တ

စီ။

ရုပ်ကလေးကတော့ မှုံနေအောင်လှသည်။ အပြင်ပန်းကြ

ရင်တော့ ဒီမိန်းကလေးဟာ နေတာထိုင်တာ သွားတာလာတာ စမတ်

သည်။ အထက်တန်းလွှာထဲကလို မြင်ရုံကြည့်ရုံနှင့် သိနိုင်သည်။

သို့သော် မစင်တွင်းထဲ ပြုတ်ကျသော ပန်းတစ်ပွင့်လို ဘာ

အသုံးမဝင်သော အရည်အချင်းတွေကသာ သူ့ဘဝမှာပြည့်နှက်နေ

ငွေကြေးချမ်းသာနေလို့သာ အခြွေအရံတွေပေါများပြီး လ

ညီးညွန်ရာ ရေဖြစ်ဆိုသလို အရာရာ လိုတရပြီး ပြည့်စုံနေတာ။ ငွေ

ကြေးချို့တဲ့သည့်အသိုင်းအဝိုင်းကသာ ပေါက်ဖွားကြည့်ပါလား ဒီလို စ





မျိုးနဲ့ အိမ်ထောင်ဆယ်ခါပြန်ကျသွားနိုင်သည်။

နောက်ဆုံး ယောကျ်ားတွေက ဒီမိန်းမ ဘာအရည်အချင်းမှ မရှိဘူးဆိုပြီး ကန်ထုတ်ခံရရင်းနဲ့ နောက်ဆုံး လမ်းဘေးရောက်မယ့် အပေါက်မျိုး။

စိတ်ထဲမှာ အမြင်ကတ်လွန်းနေ၍ ပယ်ပယ်နယ်နယ် ပျစ်ပျစ်နှစ်နှစ်ကို ဝေဖန်ပစ်လိုက်သည်။ လောကမှာ ရုပ်ကလေးလှရုံနဲ့ အရာရာပြီးပြည့်စုံပြီး လူဖြစ်ရကျိုးနပ်နေပြီလို့ ထင်နေသော သံစဉ်မမလို ပေါ့ပျက်ပျက်ကောင်မလေးကို လှလှပပကြီး ပညာပေးရသေးတာပေါ့။

အထင်ကရဆိုတဲ့ကောင်က မိန်းမတစ်ယောက်ရဲ့အပေါ်ယံ အရေပြားတစ်ထောက်စာလောက်သာရှိတဲ့အလှကိုပဲ ဘုမသိဘမသိ မက်မောနေတဲ့ကောင်မျိုးမဟုတ်ဘူး။ မိန်းမတစ်ယောက်ရဲ့အလှထက် တန်ဖိုးနဲ့ကုန္ဒြေသိက္ခာကို လေးစားမြတ်နိုးစိတ်နဲ့ တစိမ့်စိမ့် ထိုင်ကြည့်နေချင်တဲ့ ယောကျ်ားမျိုးပဲ။

သံစဉ်လို မိန်းကလေးမျိုးကို ဒီတစ်သက်မပြောနဲ့ နောင် ဆယ်သက်တောင် အထင်မကြီးဘူး။

အဲဒီအတွက် ငါ့ဆီက ဘာမှမမျှော်လင့်နဲ့ သံစဉ်။

ငါ့ဆီက နင် ဘာမှမရနိုင်ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''အမလေး ဒါက ဘယ်လိုဖြစ်ကြတာလဲ၊ တစ်အိမ်လုံးကို ပြောင်းဆန်အောင် ဖွထားကြပါလား''

တရားရိပ်သာကအပြန် ညှော်ခန်းထဲတွင် ရှုပ်ပွနေသော မြင်ကွင်းကိုကြည့်ပြီး ဒေါ်ဖြူဖြူကျော် မျက်စိမျက်နှာပျက်ဖြစ်နေ၏။

သံစဉ် သူ့ကို မပြောသဲလိုပင် ဂိမ်းအနိုပ်ပင်မပျက်၊ ယောက္ခမကား ပေါ်တီကိုအောက်သို့ ထိုးစိုက်လာလို့လည်း ထွက်ကြိုရကောင်းမှန်း မသိ။

ဒေါ်ဖြူဖြူကျော်အိမ်ကြီးထဲ လှမ်းဝင်လိုက်တာနှင့် အပြစ်ပြောစရာက တန်းပြီးတော့ကို တွေ့တော့တာပဲ။

''သံစဉ် ဒါတွေက ဘယ်တုံးက စားထားတာတွေလဲ''





ကျွန်းရောင်ဖိတ်ဖိတ်တောက်နေသော ဆက်တီစားပွဲပေါ်တွင် ...ကော်စ လက်ဖက်ပန်းကန်နှင့် ရေသန့်ဘူးတွေ နေကြာစေ့ခွံတွေက ...ရာမရှိအောင်ကို ပြန့်ကျဲပွယောင်းနေ၏။

ဂိမ်းနှိပ်နေရင်းမှ သံစဉ်အကြည့်တွေက ထိုစားပွဲပေါ်ကို ဖျတ်ခနဲ ...ကြည့်လိုက်ပြီး

''ညက ဘောလုံးပွဲကြည့်ရင်း စားထားတာ မာမီ၊ သိမ်းမလို့ပဲ၊ ...နှိပ်နေတာ အရှိန်ပျက်သွားမှာစိုးလို့ မသိမ်းသေးတာ''

သံစဉ်ရဲ့အလေးအနက်မရှိသော ပေါ့ပျက်ပျက် အဖြေစကားကြောင့် အတော်လေးကို စိတ်ပျက်သွားရ၏။ ဘယ်လိုမိခင်စရိုက်မျိုးက ...ပ်ဖွားလာတဲ့ သမီးမျိုးပါလိမ့်ဟုဟာ ခပ်တိတ်တိတ် တွေးလိုက်မိပြီး

''သမီး အိမ်မှာရော ဒီလိုပဲ နေတာပဲလား သံစဉ်''

လေသံခပ်အေးအေးဖြင့် မေးလိုက်သော ဒေါ်ဖြူဖြူကျော် ...နှာမှာ အထင်သေးရှုတ်ချခြင်းတွေက အထင်းသားပေါ်လွင်နေ၏။

''ဟုတ်တယ်လေ မာမီ၊ သံစဉ်တို့အိမ်မှာဆိုရင်တော့ ဒီအလုပ်...ကို သံစဉ်ကိုယ်တိုင် လုပ်တာ မဟုတ်ဘူး၊ မမသီတာ အကုန်လုပ်...တာ၊ အခု ဒီရောက်တော့ အိမ်ဖော်လေးတစ်ယောက်တောင် မရှိ...လေတော့ သံစဉ်ကိုယ်တိုင်ပဲ သိမ်းနေရတာ''

''ဪ ဒါနဲ့ မာမီ သံစဉ်အတွက် ဝေယျာဝစ္စ လုပ်ဖို့ လူငယ်...



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက်တော့ ခေါ်ချင်တယ်၊ မာမီ စီစဉ်ပေးနိုင်မလား ဟ
တကယ်လို့ လိုအပ်မယ်ဆိုရင် မာမီ့အိမ်အတွက်ပါ အကူတစ်ယော
လောက် ပိုခေါ်လိုက်ပါလား။ အိမ်အကူလစာတွေကို သမီးစဉ်ပေးပါ့မယ်

ဒေါ်ဖြူဖြူကျော် စိတ်ထဲမှာ ဘုရားတမိရသည့်အဖြစ်။ ဘယ်
မိန်းကလေးပါလိမ့်။ ယောက္ခမဆိုပြီး ကြောက်ရကောင်းမှန်း ရိုသေ
ကောင်းမှန်းမသိ။ အပြောအဆို ရဲတင်းပြီး ပေါ့ပေါ့ပျက်ပျက်နိုင်လွန်း
ပါလားဟု တွေးပြီး ရင်ထဲမှာအလိပ်လိုက်ဆို့တက်လာသော ဒေါသ
ကို အကြိမ်ကြိမ်မျိုချနေရ၏။

"မလိုဘူး သံစဉ်၊ မာမီတို့အိမ်မှာ မထား ရှိတယ်၊ ခုလ
သူ့အဖေနာရေးကိစ္စကြောင့် ရွာကိုခဏပြန်သွားလို့သာ အိမ်ကြီးက
လောက်ပြောင်းဆန်နေတာ၊ ဒါတောင် အိမ်ရှေ့ဧည့်ခန်းထဲပဲ ဝင်ရသေ
တယ်၊ ထမင်းစားခန်းနဲ့အိပ်ခန်းထဲမှာဆိုရင် ပိုပြီးတော့တောင် ရှုပ
ရှိမှာမဟုတ်ဘူး"

ဒေါ်ဖြူဖြူကျော် မကျေမနပ်ပြောရင်း အိမ်ထဲကို ဝင်ခဲ့လိုက်
ထင်သည့်အတိုင်းပင် ထမင်းစားခန်းရှိ ဘေစင်ထဲမှာ မဆေးရသေး
ပန်းကန်ခွက်ယောက်တွေ ထမင်းစားပွဲပေါ်မှ စားကြွင်းစားကျန်တွေ
တကယ့်ကို ရစရာမရှိ။ ဒေါ်ဖြူဖြူကျော် စိတ်ပျက်စွာ ခေါင်းကိုခါ
လိုက်ပြီး အထင်ကရနှင့်သံစဉ်တို့ အခန်းဆီသို့ တက်လာခဲ့၏။





အခန်းထဲဝင်ဝင်ချင်း မြင်ရှုမကောင်းသော ရှုပ်ပွခြင်းတွေက ဒေါ်ဖြူဖြူကျော်အား ပိုလို့ပင် အမောဆို့စေ၏။ ခုတင်ထက်တွင် စောင်တွေ ခေါင်းအုံးတွေက ဖရိုဖရဲဖြင့် ခေါက်ပြီး သိမ်းဆည်းထားခြင်းမရှိ။

အဝတ်စင်ပေါ်တွင် စကဒ်တွေ အတွင်းခံ ဘလာဇီရာတွေ အတွင်းခံဘောင်းဘီတွေက တိုးလို့တွဲလောင်း။ ဝတ်ပြီးသားအဝတ်တွေကို နေ့စဉ်ပုံမှန်မလျှော်၍ ခြင်းနှင့်တောင် မဆန့်၍ ကြမ်းပေါ်တွင် အပုံလိုက်သုံကျနေ၏။

အနံ့အသက်မကောင်းလွန်း၍ ဒေါ်ဖြူဖြူကျော် နှာခေါင်းရှေ့မှာ သက်ကလေးတရမ်းရမ်းနှင့် ထိုအောက်သိုးသိုးအနံ့ကို မခံနိုင်။

"အို ဘုရားရေ ငါ့သားအကျီပေါ်ကို သူ့စကဒ်က ဘာလို့တင်ထားရတာလဲ ဒုက္ခပါပဲ၊ ဒီကလေးမ အသိစိတ်ရော ရှိသေးရဲ့လားမသိပါဘူး။ ဒါ ဘယ်လိုမိဘတွေက ပေါက်ဖွားလာတဲ့ စရိုက်တွေပါလိမ့်"

အဝတ်စင်ပေါ်ရှိ အထင်ကရ အကျီပေါ်သို့ တင်ထားသော သံစဉ် မီနီစကဒ်လေးကိုကြည့်ပြီး ဒေါ်ဖြူဖြူကျော် သည်းခံစိတ်တွေ ကုန်လွန်သွားသည်။

"သံစဉ်မမ သံစဉ်မမ"

လှေကားဝမှ အောက်ထပ်ရှိ သံစဉ်ရှိရာသို့ ကုန်းအော်လိုက်သည်။ သံစဉ်အပေါ်ထပ်သို့ စိတ်ရှုပ်သော မျက်နှာလေးဖြင့် အမြန်ပြေးတက်



www.burmeseclassic.com

www.burmeseclassic.com



လေး တက်လာ၏။

အပေါ်ရောက်တော့ သူမကို ခပ်ထန်ထန် ကြည့်နေသော ယောက္ခမလုပ်သူကိုမြင်တော့ အောက်နှုတ်ခမ်းလေးကို ခပ်သာသာ ကိုက်လိုက်ရင်း

"ပြော မာမီ၊ ဘာကိစ္စ"

မေးပုံကိုက လူကြီးလူကြီးမှန်းမသိ လေးစားရကောင်းမှန်းမသိ မိမဆုံးမ ဖမဆုံးမ သားသမီးစတိုင်မျိုး။ ဘယ်လောက် အသည်းယား ပိတ်ရိုက်ပစ်ချင်စရာကောင်းသလဲလို့။

"လာစမ်း မာမာနဲ့ အခန်းထဲ ခဏလိုက်ခဲ့၊ မင်းကို ပြစရာ ရှိတယ်"

ဒေါ်ဖြူဖြူကျော် ခပ်ဆတ်ဆတ်ပြောပြီး အခန်းထဲသို့ ချာခနဲ ပြန်လှည့်ဝင်လိုက်ပြီး

သံစဉ်ကပါအနောက်မှ စိတ်ရှုပ်သော သက်ပြင်းမသိမသာ ကာ လိုက်ဝင်လိုက်သည်။

"ဒီမှာကြည့်စမ်း သမီး၊ ဒီမြင်ကွင်းက သမီးရဲ့အရည်အချင်း တန်ဖိုး ဘယ်လောက်ပဲရှိတာပါလို့ ယောက္ခမမြင်သာအောင် ပြလိုက်တာ မဟုတ်လား"

ဒေါ်ဖြူဖြူကျော် တစ်ခန်းလုံး မြင်မကောင်းအောင် ရှုပ်ပွနေ





သော မြင်ကွင်းအနေအထားကို လက်ညှိုးထိုး မေးငေါ့ရင်း လေသံခပ် မာမာဖြင့် မေးလိုက်သည်။ ထို့နောက် အဝတ်စင်ရှိရာသို့သွားကာ

"ဒါ ဘယ်သူ့အင်္ကျီလဲ သံစဉ်"

"အထင်ကရ အင်္ကျီပါ"

"အေး အထင်ကရ အင်္ကျီပေါ်တင်ထားတဲ့ စကာဒ်ကရော ဘယ် သူ့စကာဒ်လဲ"

သံစဉ် ဘာဖြေမယ်ဆိုတာ အဖြေအဆင်သင့်ရှိပေမယ့် ချက်ချင်း ပြောမထွက်။ ကိုယ့်အမှားကို သိသော မျက်နှာ ခပ်ညှိုးညှိုးဖြင့် ခေါင်း ဖျတ်ခနဲ ငုံ့ချလိုက်ပြီး တိုးသက်သောလေသံမျှနှင့်

"သံစဉ်ရဲ့စကာဒ်ပါ မာမီ"

ဒေါ်ဖြူဖြူကျော် သံစဉ်ကို အထင်သေးသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"ကိုယ့်ရဲ့ယောကျ်ားအင်္ကျီပေါ်ကို မိန်းမလုပ်တဲ့သူရဲ့ စကာဒ်ကို တင်ထားရတယ်ဆိုတဲ့ အလိုက်ကန်းဆိုးမသိမှုတွေက အရမ်းကို အစွန်း ထွက်နေပြီ သံစဉ်၊ ဒီလို စရိုက်မျိုးတွေက မှာမီတို့ မြန်မာအမျိုးသမီး တွေမှာ မရှိဘူး"

သံစဉ် ဘာမှပြန်မပြောနိုင်။ ကိုယ်က မှားနေတာကိုး။

"သမီး အရင်က ဘယ်လိုစရိုက် ဘယ်လိုအတန်းအစားမျိုးလဲ



www.burmeseclassic.com

ဆိုတာ မာမီ မသိချင်ပေမယ့် အခု အိမ်ထောင်ကျပြီးတဲ့အချိန်မှာတော့ အဲဒီစရိုက်တွေကို အပျိုစင်ဘဝမှာ ချန်ထားခဲ့ပြီး အခု အိမ်ထောင်ရှင် ဘဝမှာ ဇနီးမယားတစ်ယောက်ရဲ့ ကျင့်ဝတ်ကျေအောင်တော့ ကြိုးစား မှာ မဟုတ်ဘူးလား၊ အခုတော့ သမီးရဲ့အဆင့်အတန်း စရိုက်ကို မာ မြင်သာအောင် ကောင်းကောင်းကြီး ဖော်ပြလိုက်တာပဲ''

အမှန်တွေကို အပြစ်ဖို့ခြင်းတွေနှင့် ရောနှောသင်ပြနေသော ဒေါ်ဖြူဖြူကျော်၏ရင်ထဲမှာ သားဖြစ်သူကိုသာ နမြောတသစွာနှင့် ဒီ မိန်းမမျိုးကိုမှ လက်ထပ်ရလေခြင်းလို့ ယူကျုံးမရဖြစ်နေမိတော့၏။

"အဲဒါတွေ သံစဉ်မသိဘူး မာမီ၊ မယားဝတ္တရားငါးပါး ခြောက်ပါးတို့ဆိုတာလည်း သံစဉ် မသိဘူး၊ စိတ်လည်းမဝင်စားဘူး သံစဉ်ဘဝက ဟိုးအရင်ကတည်းက လိုလေသေးမရှိ နေလာခဲ့ရတော့ အခု အိမ်ထောင်လည်းကျရော သံစဉ်အဖြစ်က အရမ်းကို ဖရိုဖရဲနိုင်လွန်း နေတယ်ဆိုတာပဲ သံစဉ် သိတယ်၊ ဒီအိမ်မှာ သံစဉ်နေရတာ အရမ်း အခက်အခဲ ရှိတယ် မာမီ''

ရင်ဘတ်ကိုညည်းတွားအတိုင်း ရွေ့တင်ပြလိုက်သော သံစဉ်၏မျက် မှာ စိတ်ပျက်ညည်းညူခြင်းတွေက အလျှံအပယ်။ ကိုယ်က ရွှေဘုံပေါ် နေရတဲ့ မင်းသမီးလေးလို နေလာခဲ့ရတဲ့သူလေ။ ဒီယောက်တော့ တော တက်ခွင့်တော့ ရှိရမှာပေါ့။





"ဘယ်လောက်ပဲ အခက်အခဲတွေရှိပြီး အိမ်မှုကိစ္စတွေ မနိုင် တဲ့ မိန်းမတစ်ယောက်ဖြစ်နေပါစေ၊ ယောက်ျားအကျိုးပေါ်ကို ကိုယ့် ဒ်တင်ရလောက်အောင် အသိဉာဏ်တွေ သေးသိမ်တာတော့ မ ကောင်းဘူးပေါ့ သမီးရယ်"

ဒေါ်ဖြူဖြူကျော် လေပြည်လေးနှင့် အပြစ်ဖို့၏။

"ဆောရီးပဲ မာမီ၊ သံစဉ် ညက ကလပ်ကပြန်လာပြီး အိပ်ချင် ဘူးနဲ့ မေ့ပြီးတင်လိုက်မိတာပါ၊ နောက်မဖြစ်စေရတော့ပါဘူး''

တစ်ပြစ်မှ ဆူလို့မပြီးသေးဘူး နောက်တစ်ပြစ်က ထပ်ပေါ်လာ ပြီ။

ကလပ်တက်တယ်ဆို၍ ဒေါ်ဖြူဖြူကျော် ရင်ထဲ ပို၍ပင် ကသိ အောက် ဖြစ်သွားရ၏။ ဒါပေမဲ့ လူငယ်တွေကိစ္စကို ဘာမှဝင်မစွက်ဖက် ကိုယ့်၏အလိုမကျမှုတွေကို အချိန်မီသတိလေး ကပ်လိုက်၏။ ဒီလို ပေါ့ပျက်ပျက် မိန်းကလေးတစ်ယောက်ကို အိမ်ရှင်မတွေရဲ့ကျင့်ဝတ် ရွတ်ပြပြီး ပြောဆိုဆုံးမနေလည်း ဘာမှနားလည်မှာမှ မဟုတ်တာ။ ဖြူဖြူကျော်အနေနဲ့ သားရှင်ဆိုပြီး ကိုယ့်ဘက်ကို သိမ်းသွင်းပြီး ပြောတယ်လို့ပဲ အမြင်ခံရမှာ။

ဒီတော့ သားငယ်ကို နောက်မှပဲ အေးအေးဆေးဆေး ပြောပြ ဒီကလေးမကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာကိုနည်းလမ်း ရှာရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားလေးကတော့ မိခင် တရားစခန်းဝင်နေတုန်း အ...

အလုပ်တွေကို အကုန်လုံး တာဝန်ယူလုပ်ကိုင်နေရတော့ စိတ်ပင်ပန်းပြ...

သူ့မိန်းမရဲ့ချို့ယွင်းချက်တွေကို ထောက်ပြသင်ကြားနိုင်မှာမဟုတ်။ ...

ရက်ထဲမှာ အစားအသောက်မှ ကောင်းကောင်းစားရဲ့လားမသိ။

အတွေးတို့နှင့်အတူ အခန်းထောင့်ရှိ ဒရင်းဘက်ဆီသို့ အကြ...

ရောက်သွားသည်။

"ဒါနဲ့ ဒီဒရင်းဘတ်ပေါ်က စောင်ကရော ဘာဖြစ်လို့ ဒီပေ...

ရောက်နေတာလဲ၊ ဒီဒရင်းဘတ်ပေါ် ဘယ်သူအိပ်လို့လဲ"

"ဟို အဲ အဲဒါ အထင်ကရ အိပ်ထားတာပါ"

"သားငယ်က ဘာလို့ ခုတင်ပေါ်တက်မအိပ်တာလဲ"

"အဲဒါတော့ သံစဉ်လည်းမသိဘူး မာမီ၊ ကိုယ်တိုင်မေးကြ...

ပေါ့"

ဒေါ်ဖြူဖြူကျော် သက်ပြင်းကို ဟင်းခနဲ ချပြီး သံစဉ်တို့အခ...

ထဲမှ စိတ်ပျက်စွာ ထွက်လာခဲ့လိုက်သည်။

နိပ်သာဝင်စဉ်တစ်လျှောက်လုံး စိတ်တွေငြိမ်းအေးခဲ့သမျှ အ...

ပြန်ရောက်လာတာနှင့် ငြိမ်းအေးခြင်းတွေက ပူလောင်ခြင်းသို့ ချက်ချ...

ကူးပြောင်းသွားခဲ့ပြန်ပြီ။

ရင်မောလိုက်တာ သားငယ်ရယ်။

■ ■ ■



## အခန်း (၁၄)

"ဒယ်ဒီ သံစဉ်ဘဝက သူနဲ့လက်ထပ်ပြီးမှ ငရဲကျနေသလို ခံစားရတယ်"

တရှုံ့ရှုံ့ငိုကာ ငိုသံနှောသောအသံဖြင့် ဖခင်ရင်ခွင်မှာ တိုးဝင်ရှင်ဖွင့်လိုက်သည်။ ဦးဇေယျာမင်းမောင် မျက်ရည်လည်ရွှဲဖြစ်နေသော သမီးငယ်လေးကိုကြည့်ပြီး ရင်ထဲမှာမကောင်း။

"သမီး ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရလို့လဲ၊ ဒယ်ဒီ့ကို ပြောစမ်း၊ ဒယ်ဒီ ဒီကောင့်ကို ကောင်းကောင်းကြီး ဆုံးမပြမယ်၊ ပြော ဒယ်ဒီကို ဘာမှမကွယ်မဝှက်ဘဲပြော၊ လိုအပ်ရင် ဟိုမိန်းမကိုပါ ဒယ်ဒီ သွားတွေ့မယ်"

"ဟုတ်တယ် ဒယ်ဒီ၊ မာမီကို ဒယ်ဒီ သွားတွေ့သင့်တယ်၊ သမီးကို အဲဒီလောက်ထိ ဖိအားတွေမပေးပါနဲ့လို့ပြော၊ ဒါမှ သမီးရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ မားမားမတ်မတ် ရပ်ပြတာတွေ့မှ သံစဉ်ကို သူတို့သားအမိနှစ်ယောက် အနိုင်မကျင့်ရဲတော့မှာ၊ ခုတော့ သံစဉ်မှာ ဘာလုပ်လုပ် သူတို့မျက်နှာကို ကြည့်နေရတယ်၊ ယောက္ခမဆိုတဲ့အတိုင်း ယောက္ခမစိတ်ရှိတယ် ဒယ်ဒီ၊ သူ့သမီးတစ်ယောက်လို လုံးဝမမြင်သလို ချွေးမတစ်ယောက်အပေါ် ပေးသင့်တဲ့ မေတ္တာလည်း မပေးဘူး၊ သူတို့လို ပါးစပ်ပါးစပ်များတဲ့လူစားမျိုးတွေ တစ်ခါမှ မမြင်ဖူးဘူး၊ လူတွေကို အပြစ်ထိုင်ပြောဖို့ လူလုပ်နေကြတဲ့ သားအမိတွေ''

မတွေ့ဖြစ်တာကြာပြီဖြစ်သော ဖခင်ဖြစ်သူကို သူ ခံစားရသမျှတွေကို မှန်၏မမှန်၏ ဝေဖန်ဆန်းစစ်ခြင်းမရှိတော့ဘဲ ကလေးငယ်တစ်ယောက်က ဖခင်ကို အားကိုးတကြီး ဖက်တွယ်ကာ ငိုယိုတိုင်တန်းနေပုံပေါက်နေသော ပုံစံဖြင့် တိုင်တန်းနေသည်။ သံစဉ် မျက်နှာပေါ်မှာ အလိုမကျခြင်း မကျေနပ်မှုတွေက မျက်ရည်တွေဖြင့် ရောနေ၏။

ဦးဖေယျာမင်းမောင် သမီး၏ကျောပြင်ကို ခပ်ဖြည်းဖြည်း ပွတ်ရင်း နှစ်သိမ့်နေရှာ၏။

''သံစဉ် အဲဒီအိမ်ကြီးမှာ မနေချင်ဘူး ဒယ်ဒီရယ်''

''မနေချင်ရင် ရွှေတောင်ကြားက မီးငယ်လေးကို လက်ဖွဲ့ထားတဲ့အိမ်မှာ ပြောင်းနေပေါ့ကွယ်''

သံစဉ် ခေါင်းလေးကို ခပ်ယဲ့ယဲ့ခါ၏။





''နေချင်ပေမယ့် သူမှလိုက်မနေတာ၊ သူက သိပ်ခေါင်းမာတယ် ဒယ်ဒီ၊ သူတင်မဟုတ်ဘူး သူ့မာမီကလည်း ရက်စက်တယ်၊ သံစဉ်ကို အမြဲတမ်း အပြစ်ရှာနေတဲ့ မျက်လုံးတွေနဲ့ပဲ ကြည့်တယ် သိလား''

''ပြောစမ်းပါဦး အဲဒီမိန်းမက ဒယ်ဒီ့သမီးလေးကို ဘယ်လိုတွေ အနိုင်ကျင့်သလဲ''

ကိုယ့်ဒယ်ဒီ ကိုယ့်ဘက်ပါနေ၍ သံစဉ် တိုင်တန်းချက်တွေက အတောမသတ်နိုင်။

''သံစဉ်ကို အဝတ်တွေလျှော်နိုင်းတယ်၊ ထမင်းဟင်းတွေလည်း ချက်နိုင်းတယ်၊ နောက်ပြီး အိမ်မှာရှိသမျှ အခန်းထဲက ခန်းဆီးလိုက်ကာတွေ လဲနိုင်းတယ်''

ကိုယ်တိုင် မနိုင်းရက်ဘဲ ပိုးလိုဥထားတဲ့သမီးလေးကို ဒီလို တန်မရာ အလုပ်တွေ လုပ်နိုင်းရလား။

''ဒါ တမင်နှိပ်စက်တာပဲ၊ ဟိုကောင် အထင်ကရကရော ငါ့သမီးလေးကို သူ့အမေက မညှာမတာ နိုင်းနေတာကို ဝင်မတားဘူးလား''

''ဟင့်အင်း တားပါဘူး''

သံစဉ် နှုတ်ခမ်းလေးစူနဲ့ပြီး မကျေနပ်ချက်တွေကို စိတ်ရှိတိုင်း ရင်ဖွင့်လိုက်သည်။ သမီး၏ခံစားချက်တွေကို ဘုမသိဘမသိ မျှဝေခံစားပေးနေသော ဖခင်တစ်ယောက်ရဲ့ရင်မှာ မချမ်းမြေ့နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးက အခွင့်ထူးခံ မိန်းကလေးတစ်ယောက်။ ဒါ သိသိကြီးနဲ့ လမ်းဘေးက ကောက်ယူထားတဲ့မိန်းကလေးကို ဆက်ဆံသ ပုံစံမျိုး ချိုးတာကိုတော့ ငြိမ်ခံနေလို့မဖြစ်။

သို့သော် အရမ်းကြီး ပြဿနာရှာလို့ကလည်း မဖြစ်သေး ကိုယ့်သမီးဆိုးချက်ကိုလည်း အကုန်အစင် သိထားလေတော့ ပြောသ တာမှန်ပေမယ့် ကိုယ့်အလွန်မရှိအောင်တော့ ချိန်ဆပြီး မေးမြန်းဖြေရှ ရမှာပင်။

ပြဿနာတစ်ခုကို အချိန်မဆွဲတဲ့ လောလောလတ်လတ် ဖြေရှင်း တာပဲ ကောင်းတယ်ဆိုသော အတွေးနှင့်အတူ အထင်ကရထံသို့ ဖုန်းခေ လိုက်သည်။

"ဟဲလို အထင်ကရ အေး ဒယ်ဒီပါ၊ မင်း အချိန်ရတယ်ဆိုရင် ဒယ်ဒီနဲ့ စကားလေးဘာလေး ပြောကြရအောင်၊ မီးငယ်လေးကိုလည်း ဝင်ခေါ်ရင်းပေ့ါ"

"..."

"အေး ကောင်းပြီသား၊ ဒယ်ဒီ စောင့်နေမယ်၊ အိုကေ"

"ဘာတဲ့လဲ ဒယ်ဒီ"

"သူ အခုပဲ လာလိမ့်မယ် သမီး၊ သူ့အမေ ရတနာဆိုင်က ထွက်လာပြီတဲ့၊ ဘာမှမပူနဲ့ ဒယ်ဒီ ငါ့သမီးလေး အခက်အခဲတွေကို





ရှင်းပေးမယ် သိလား"

"ဟုတ် ဒယ်ဒီ"

သံစဉ်မျက်နှာလေး အလိုကျမှုတွေနှင့် လက်ဖြာ၍သွားရ၏။

ဦးဇေယျာမင်းမောင် ပျော်ရွှင်ကျေနပ်သွားသော သမီးကိုကြည့် သူပါ လိုက်ပြုံးလိုက်ည်။ သူကိုယ်တိုင်ကလည်း သမီးကို လိမ္မာရေး ရှိသော မိန်းကလေးတစ်ယောက် ဖြစ်စေချင်ပါ၏။

သို့သော် သမီး၏အရာရာကို အနိုင်ယူချင်သောစိတ်၊ ဖခင်အ နဲ့ဆိုးခိုးလိုသော စိတ်တွေက တဖြည်းဖြည်း သူ့အာရုံမှာ အင်အား း ခိုင်မာလာပြီး ကိုယ်လိုချင်သော ပုံစံမျိုးရအောင် ဘယ်လိုမှ သိမ်း ၍မရတော့၊ ခု အိမ်ထောင်ကျတော့ ကောင်းကောင်းကြီး အခက်တွေ့ ပေ့ါ။

ဒါတွေအားလုံးရဲ့ တရားခံကတော့ ကိုယ်ပါပဲ။ သမီးကို ဒီလို ခြေအနေအထိရောက်အောင် ဥည့်ဆိုးတွေ မွေးထုတ်ပေးခဲ့တဲ့ ကိုယ့် ပြစ်ပါပဲ။

"ကဲ မီးငယ်လေး အခန်းထဲမှာ အနားသွားယူလေ၊ အထင်က ရင် ဒယ်ဒီ ခေါ်နိုင်းလိုက်မယ်"

သံစဉ်ရဲ့ဆံစလေးတွေကို တယုတယ သပ်လိုက်ရင်း သမီးကို ခန်းထဲသွား အနားယူရန် လွှတ်လိုက်သည်။ ဒါမှ အထင်ကရ လာ



www.burmeseclassic.com

www.burmeseclassic.com



လျှင် အေးအေးဆေးဆေး ညှိနှိုင်း၍ရမှာ။

"အင်း ဟုတ်သားပဲ၊ ရောက်ကတည်းက သံစဉ်အခန်းထဲ ဝင်တောင် မဝင်ရသေးဘူး"

ခုမှပင် သံစဉ်စိတ်တွေ ယခင်အတိုင်း ပြန်လည်၍ လန်းဆန်း တက်ကြွလာသည်။ အားကိုးရာသော ကလေးတစ်ယောက်နှယ် ဖေ ရင်ငွေ့ကို ခဏတာ နိုလှုံလိုက်ရ၍ အရာရာကို အနိုင်ယူလိုသော စိတ် ဉာဉ်ဆိုးတစ်ခုလို သံစဉ်အာရုံထဲ ပြန်လည်နိုးထလာပြန်သည်။

သံစဉ် အခန်းထဲဝင်သွားပြီး သိပ်မကြာလိုက် အထင်ကရ လေး ခြံထဲသို့ မောင်းဝင်လာသည်။

ဧည့်ခန်းထဲမှာ အသင့်ထိုင်စောင့်နေသော ဦးဖေမျှာ အထင်ကရ ဝင်လာတာမြင်တော့ ဖတ်လက်စ သတင်းစာကို ခေါက် ဆက်တီစားပွဲပေါ် ပစ်တင်ကာ ဆိုဖာခုံပေါ် ကျောမှီ၍ ခြေချိတ်ထိုင်လို သည်။

"လာ သား"

ကိုယ့်သမီးနှင့် လက်ထပ်လိုက်ပြီဆိုတော့လည်း သမက် သားတစ်ယောက်လို ဆက်ဆံရတော့မှာပေါ့။ ထို့ကြောင့် ဦးဖေမျှ မောင် အိမ်ထဲဝင်လာသော သမက်ကို အနွေးထွေးဆုံးအပြုံးဖြင့် ကြ လိုက်ခြင်းဖြစ်သည်။





အထင်ကရ ကားသော့ကို ခါးကြားထိုးလိုက်ပြီး အပြုံးဖြင့် ကြိုဆိုနေသော ယောက္ခထီးကို တရိုတသေ ပြန်၍ ပြုံးပြလိုက်ပြီး မျက်နှာ ချင်းဆိုင် ဆိုဖာခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

"ထိုင် သား၊ ခုပဲ သမီး သူ့အခန်းထဲ ဝင်သွားတာ"

"ဟုတ်ကဲ့ ကျွန်တော်လည်း မာမီ့ဆိုင်ခွဲမှာ ဝင်ပြီးဦးစီးနေရတာ နဲ့ ဒယ်ဒီ့ဆီကို မရောက်ဖြစ်ဘူး"

ကိုယ့်ရဲ့ဝတ္တရားပျက်ကွက်ခြင်းကို အရင်ဦးဆုံး ဝန်ခံတောင်းပန် ဘက်လိုက်သည်။

"ရပါတယ် သားရယ်၊ စီးပွားရေးဆိုတာ အရွယ်ရှိတုန်း အခွင့် အရေးရတုန်း ကြိုးစားရှာဖွေထားရမှာပဲ မဟုတ်လား၊ တစ်ခုပဲ ဒယ်ဒီ စိတ်မကောင်းဖြစ်မိတာပါ"

"ဘာများလဲ ဒယ်ဒီ"

"ဒယ်ဒီ လက်ဖွဲ့ထားတဲ့ အလှကုန်လုပ်ငန်းကို သား စိတ်ဝင် စားမှုမရှိတာကိုပါ"

အထင်ကရ ယောက္ခထီးဖြစ်သူကို အားနာသောအပြုံးဖြင့် တုံ့ ပြန်ပြုံးပြလိုက်ရင်း

"ဟို ဒါက ဒီလိုရှိပါတယ် ဒယ်ဒီ၊ ကျွန်တော် ဒယ်ဒီ့လုပ်ငန်း ကို စိတ်ဝင်စားမှုမရှိတာ မဟုတ်ပါဘူး၊ ကျွန်တော့်ရဲ့စိတ်ရင်းကိုပြောရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် သံစဥ်ကို ဒီလိုအချိန်တွေ အလကားဖြုန်းတီးမယ့်အစား သူ့ကိုအလုပ်ကုန်လုပ်ငန်းကို ဦးစီးလုပ်ကိုင်စေချင်ပါတယ်၊ ဘ၀တွေဟာ အချိန်နဲ့အမျှ ရွေ့လျားနေကြတာပါ၊ သံစဥ်လည်း ခေတ်ပညာတတ် တစ်ယောက်ပဲ၊ ကိုယ့်အရည်အချင်းကို ဒီအတိုင်း မှိုတက်ခံပြီး အချိန်နဲ့ အခွင့်အရေးကို စိတ်လွတ်ကိုယ်လွတ် ဥပေက္ခာပြုထားမယ့်အတူတူ သူ့ကို ဦးစီးလုပ်ကိုင်စေချင်တယ်၊ နောက်ပြီး သူ့လက်ထဲမှာ ဒီလုပ်ငန်းကြီးကို ပုံပြီး တိုးတက်စေချင်တယ်''

အကြောင်းပြချက် ခိုင်လုံစွာရှင်းပြတော့ ဦးဖေယျာမင်းမောင် ဆိုဖာခုံပေါ် လက်ထောက်လျက် ခေါင်းတညိတ်ညိတ် လုပ်သည်။

''အင်း သားပြောတာလည်း သဘာ၀ကျပါတယ်လေ။ ခက်တာက မီးငယ်လေးက ခုချိန်ထိ ကလေးစိတ်က မကုန်သေးဘူး''

''အဲဒါက သတ်မှတ်ချက်တစ်ခုပါ ဒယ်ဒီ၊ အိမ်ထောင်သည် မိန်းကလေးရဲ့ အပြုအမူနဲ့ စိတ်နေသဘောထားကို မပြုပြင်ပေးဘဲ ကလေးစိတ်မကုန်သေးဘူးလို့ ပြောနေတာဟာ သူ့အနာဂတ်ကို အကျည်းတန်အောင် လုပ်နေတာနဲ့ အတူတူပါပဲ၊ တစ်ချိန်မှာ သူ မိခင်တစ်ယောက် ဖြစ်တော့မှာပါ။ အဲဒီအချိန်ထိ ကလေးစိတ်မကုန်သေးဘူးဆိုရင် ကျွန်တော်နဲ့သူ့ရဲ့ အနာဂတ်မှာ မွေးဖွားလာမယ့် ကလေးအတွက် ရင်လေးစရာ ကောင်းပါတယ် ဒယ်ဒီ''





အမှန်တရားတစ်ခုကို ရဲရဲဝံ့ဝံ့ တင်ပြနေသော လူငယ်လေးကို ကြည့်ပြီး ဦးဖေယျာမင်းမောင် နည်းနည်းတော့ အထင်ကြီးသွားရ၏။

သမက်ပြောတာတွေအားလုံးက သဘာ၀ကျနေတော့ သမီးလုပ်သူဘက်မှနေ၍ ဘယ်လိုအကြောင်းပြချက်မျိုးနှင့် ကာကွယ်ရမှာလဲ။

''အေးလေ သားပြောတာတွေအားလုံးက မှန်နေလေတော့ ဆုံးမစရာရှိရင် ဒယ်ဒီ့သမီးကိုပဲ ဒယ်ဒီ ဆုံးမရတော့မှာပေါ့၊ ခုလည်း ဒယ်ဒီ့ကို တိုင်နေတာကွ အဟား ဟား မင်း မာမီက သူ့ကိုထမင်းဟင်း တွေချက်ခိုင်း၊ အဝတ်တွေလျှော်ခိုင်းဆိုပြီးတော့လေ''

ဖခင်မေတ္တာစိတ်ဖြင့် သမီးလုပ်သူဘက်မှ နည်းနည်းလေးတော့ ရပ်တည်ပေးလိုက်မိသေး၏။

အထင်ကရ ပြုံးလိုက်သည်။

''ဒီကိစ္စနဲ့ပတ်သက်ပြီး ဒယ်ဒီ့ကို အနူးအညွတ် တောင်းပန်ပါတယ်၊ မာမီ့အနေနဲ့ ချွေးမလေးကို သိတတ်စေချင်တဲ့စေတနာနဲ့ မသိခဲ့ဘာတ်ခဲ့တာကို သင်ပြပေးရုံပါ၊ သူ့ကိုစိတ်ကျဉ်းကြပ်အောင် ဘာမှမလုပ်ပါဘူး၊ နောက်ဆုံးအဆင့် နိုက်ကလပ်နေ့တိုင်းတက်ပြီး သန်းခေါင်ကျော်မှ ပြန်လာလည်း မာမီနဲ့ကျွန်တော်က အိမ်တံခါးစောင့်ဖွင့်ပေးနေကျပါ''

အထင်ကရ၏ ပညာသားပါပါ ပြန်ပြီးတုံ့ပြန်ပြောဆိုဖြေရှင်းပြသော စကားအဆုံး ဦးဖေယျာမင်းမောင် မျက်စိမျက်နှာပျက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးက ခုချိန်ထိ ကလပ်တက်နေတုံးတဲ့လား။ ဒါဟာ လုံးဝမဖြစ်သင့်
မလုပ်သင့်တော့တဲ့ကိစ္စပဲ။

မှားပြီးရင်း မှားနေသူက ကိုယ့်သမီးဖြစ်နေပါလား။

"ရွှေတောင်ကြားက အိမ်မှာ ကျွန်တော် သွားမနေတာကိုလည်း
ဒယ်ဒီ့အနေနဲ့ နားလည်ပေးစေချင်ပါတယ်၊ သံစဉ်အနေနဲ့ ယောကျ္
တစ်အိမ်တည်း အတူနေနေတာတောင် လွတ်လပ်မှုတွေကို မက်
ခင်တွယ်နေရင် ရွှေတောင်ကြားက အိမ်မှာသာ ပြောင်းနေလိုက်
သူ့စိတ်တွေ ပိုပြီး အထိန်းအကွပ်မဲ့သွားနိုင်ပါတယ်၊ ဒါကြောင့် ကျွန်တေ
မာမီနဲ့အတူနေတာပါ"

"အေးကွာ ဒယ်ဒီ့သမီးကို ဒယ်ဒီ ဘယ်လိုပြန်ပြီးကိုင်တွ
ရမှန်း မသိတော့ပါဘူး။ ဒါတွေအားလုံးဟာ ဒယ်ဒီ့အမှားတွေပါ"

ဦးဇေယျာမင်းမောင် ကိုယ့်အမှားကို ကိုယ့်သမက်ရှေ့မှာ ရှ
ရှက်ဖြင့် ဝန်ခံလိုက်သည်။

"ဒီတော့ ဒယ်ဒီ့သမီးလေးကို လိမ္မာရေးခြားရှိတဲ့ ဇနီးကော
လေးဖြစ်အောင် မင်းစိတ်ကြိုက် ပုံသွင်းခွင့်ပြုလိုက်မယ်၊ မင်းကို ဒယ်
ယုံတယ်၊ ဒီတော့ ရှေ့လျှောက် ဒယ်ဒီ ဘာမှဝင်မစွက်ဖက်ဘူး သာ

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဒယ်ဒီ၊ အဲဒီအတွက် ဒယ်
ကျွန်တော် နားလည်မှုတစ်ခုတော့ ယူရလိမ့်မယ်"





"ပြော ဒယ်ဒီနဲ့ ဘယ်လိုနားလည်မှုယူမလဲ"

"အဲဒါကို နောက်မှ အသေးစိပ်ဆွေးနွေးကြတာပေါ့ ဒယ်ဒီ၊
ျွန်တော်တို့ နားလည်မှုယူပြီးပြီဆိုရင်တော့ သံစဉ်နဲ့ကျွန်တော် ရွှေ
ောင်ကြားလမ်းက အိမ်မှာပြောင်းနေကြမယ်"

"ဟေ တကယ်လား"

"တကယ်ပြောတာပါ ဒယ်ဒီ၊ အဲဒီမှာ သူ့ကို ကျွန်တော့်စိတ်
ြိုက် ပြုပြင်ပြောင်းလဲရလိမ့်မယ်"

"ဟို တစ်ခုတော့ ဒယ်ဒီ တောင်းဆိုချင်တယ်"

"ဟုတ်ကဲ့ ပြောပါ ဒယ်ဒီ"

"ဒယ်ဒီ့သမီးလေးကို ရိုက်နှက်ဆုံးမတာမျိုးတော့ မလုပ်ပါနဲ့လို့
ယ်ဒီ မှာချင်တယ်၊ ဒယ်ဒီ့ကို ကတိပေးနိုင်မလား သား"

ဖခင်မေတ္တာတရားကို အထင်ကရ ထင်းထင်းကြီး တွေ့မြင်
ိုက်ရ၍ ရင်ထဲမှာ ယောကျ္ာမကို အထင်ကြီးလေးစားသွားရသလို စိတ်
ကောင်းလည်း ဖြစ်သွားမိ၏။

"စိတ်ချပါ ဒယ်ဒီ၊ ဒယ်ဒီက သံစဉ်ကို ရိုက်နှက်ဆုံးမခွင့်ပေး
ယ်ဆိုရင်တောင် သူ့ကို ကျွန်တော် နာကျင်အောင် မလုပ်ရက်ပါဘူး၊
ဒီအတွက် ကျွန်တော် ကောင်းကောင်းကြီး ကတိပေးနိုင်ပါတယ်"

သမက်နှင့်ယောကျ္ာထီး အတိုင်အဖောက်ညီစွာဖြင့် သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



ညီချက် ရယူလိုက်ကြ၏။

ဦးဖေယျာမင်းမောင် ယခင်မြင်နေကျပုံစံ ခပ်ဟော့ဟော့ ...
စားဆင်ယင်မှုဖြင့် ဂျစ်ကန်ကန် အထင်ကရ မဟုတ်တော့ဘဲ အိမ်...
ရှင်တစ်ယောက်လို တည်ငြိမ်သွားသော အထင်ကရ၏ နေပုံထိုင်ပုံ ...
စားပုံနှင့် စိတ်နေသဘောထားကို ကွက်ကွက်ကွင်းကွင်း သိလိုက်...
ရင်ထဲမှာ သမက်ကောင်းရတာပဲဟူသော အတွေးတွေဖြင့် သမီးအနာ...
ကို စိတ်ချလက်ချ ဖြစ်သွားရပြီ။

"ဒယ်ဒီ့သမီးလေးကို ခုလို နားလည်ပေးတဲ့အတွက် သား...
ရော သားရဲ့မာမီကိုရော ကျေးဇူးတင်ပါတယ်ကွာ"

ဦးဖေယျာမင်းမောင် ရင်ထဲမှ ဆန္ဒအမှန်ဖြင့် လှိုက်လှိုက်...
ကျေးဇူးတင်နေမိ၏။

"မလိုပါဘူး ဒယ်ဒီရာ၊ ဒယ်ဒီ့ဘဝထဲကနေ သံစဥ်ကို ...
ရှယ်ဘဲ ခေါ်ထုတ်ပိုင်ဆိုင်ရပြီးပြီဆိုမှတော့ သံစဥ်အနာဂတ် ...
ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

အထင်ကရ သေသပ်လှပသော စကားလုံးတွေဖြင့် ယော...
၏ ယုံကြည်မှုကို ရယူလိုက်သည်။

အပြောနှင့်အလုပ် ညီအောင် လုပ်ရတော့မှာမို့ မင်း ခံနိုင်...
ရှိအောင် ကြိုးစားထားပေတော့ သံစဥ်မရေ ...။

■ ■ ■



## အခန်း (၁၅)

"ဘယ်လို နင်နဲ့ငါနဲ့ ရွှေတောင်ကြားအိမ်မှာ ပြောင်းနေမယ်
...တ်လား၊ ငါ နားကြားတော့ မလွဲပါဘူးနော်"

သံစဥ်မျက်နှာလေး ပျော်ရွှင်ကျေနပ်ခြင်းတွေဖြင့် နေရောင်ထဲ
...ာ ပွင့်တဲ့ပန်းလို လင်းလက်တောက်ပ၍နေ၏။

ဒါဟာ သူမ ဘယ်လိုမှ မျှော်လင့်မထားတဲ့ကိစ္စတစ်ခုပဲ၊ အခု
အထင်ကရနှုတ်က ကိုယ်တိုင်ဖွင့်ပြောလာတော့ ရင်ထဲမှာ ပြောမပြတတ်
...အောင်ကို ပျော်ရွှင်သွားရတာ အမှန်ပါ။

ယောက္ခမအိမ်မှာနေပြီး သူ နိုင်းတာလုပ် သူကျွေးတာစားပြီး
...သူ့ပုံစံခွက်ထဲမှာနေရတဲ့ဒုက္ခက သံစဥ်အတွက်တော့ ငရဲကျသလို ပူလောင်
...ခြင်းရှိလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို့ အထင်ကရ ရိပ်မိပြီး သူ့အခက်အခဲကို ကိုယ်ချင်း...
မိသွား၍ ရွှေတောင်ကြားအိမ်မှာ ပြောင်းနေမယ်လို့ ပြောတာနေ...
ဓကျနဖွှပဲ အထင်ကရရယ်။

နောက်ဆုံးတော့ နှင် ငါ့အပေါ် သံယောဇဉ်ကြီးတွေ တင်...
ပြီးတစ်ရစ် တွယ်ငင်နေပြီမဟုတ်လား။ အဟင်း ဒီလိုပဲဖြစ်ရမှာ...
သံစဉ်မမရဲ့ အလှတွေကို ယစ်မူးမိတဲ့ယောက်ျားတိုင်း သံစဉ်ရှေ့မှာ ပြ...
ပြားဝပ် ကျဆုံးကုန်တာပဲ မဟုတ်လား။

ဘာပဲဖြစ်ဖြစ် နှင်နဲ့နှစ်ယောက်တည်း အတူနေရမယ့်အရေး...
တွေးမိရင် ငါ ကြက်သီးရင်ခုန်တယ်။

"ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်ကြီးမနေနဲ့ သံစဉ်၊ ရွှေ...
တောင်ကြားအိမ်ကို ပြောင်းတာ နှင်နဲ့နှစ်ယောက်တည်း နေချင်တဲ့အ...
ကြောင့် မဟုတ်ဘူးဆိုတာကိုတော့ နှင် သိထားလိုက်"

အထင်ကရ အသံတွေက ခံစားမှုမဲ့စွာဖြင့် အေးစက်တင်း...
နေသေး၏။ သံစဉ် မျက်ခုံးလေးပင့်တက်ပြီး အထင်ကရကို ပြုံးကြည့်...
လိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ ပျော်တယ်"

"အဟား သိပ်လည်း ပျော်မနေနဲ့ သံစဉ်၊ အဲဒီကို ရောက်...
ငါ့မာမီ သင်ပေးတဲ့ပညာရပ်တွေကို အကုန်အသုံးချရမယ်နော်၊ အဲဒီလို...





...ဘဲ ပေါ်ကြော့နေမယ်ဆိုရင်တော့ နှင့်ဟာသာ တစ်ယောက်တည်းပဲ
...ပြောင်းနေတော့၊ ငါကတော့ ငါ့မာမီနဲ့ပဲ နေတော့မယ်"

တည်ငြိမ်ပြတ်သားသော အထင်ကရ၏စကားတွေကြောင့်
...မျက်နှာ ရှုံ့မဲ့သွားရ၏။

ဒါပေမဲ့ ဒီအချိန်မှာ သံစဉ်ဘက်က သူ့ တောင်းဆိုချက်တွေကို
...တ်လျှောရင် ဒီအိမ်ကြီးကနေ လွတ်မြောက်မှာမဟုတ်ဘူး။ သံစဉ်
...ယောက်တည်း ပြောင်းနေဖို့ကျတော့ ဒီလောက်ကြီးတဲ့အိမ်ကြီးမှာ
...လိုမှ တစ်ယောက်တည်းမနေရဲ။ ဒီတော့ နောက်မှ နောက်ကိစ္စ
...ရှင်းမယ်၊ ခုလောလောဆယ်တော့ သူ့သဘောအတိုင်း ခေါင်းညိတ်
...က်ရုံပေါ့။

"ငါ့တာဝန် ငါသိပါတယ် အထင်ကရရယ်၊ နှင် ငါ့ကို ဇနီး
...ားတစ်ယောက်ရယ်လို့ အသိအမှတ်ပြုလာရင် ငါ့ဘက်ကလည်း
...ဝန်ကျေရမှာပေါ့ စိတ်ချ၊ ဟိုရောက်ရင် နှင် နေစေချင်သလို ငါ
...မယ်"

"စောင့်ကြည့်ရသေးတာပေါ့"

သံစဉ် ကတိစကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ခပ်မဲ့မဲ့
ပြောလိုက်သည်။ ဒီလို ပေါ့ရှပ်ရှပ် မိန်းကလေးတစ်ယောက်ရဲ့စကားက
...တည်ဖြစ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတစ်ချက်ဝှေ့တာနှင့် စကားလုံးတွေက လေနှင့်အတူ လွင့်သွားမှာ။

“နင် ထမင်းစားတော့မလား”

“အင်း”

“ဒါဆို ငါ ထမင်းပွဲသွားပြင်ပေးမယ်လေ”

မယုံနိုင်စရာကောင်းသော အလိုက်သိမှုတွေက သံစဉ့်နှုတ်ဖျားမှ ခုန်ထွက်လာသည်။ ရွှေတောင်ကြားအိမ်ကို ပြောင်းမည်ဆိုတာနှင့် လိုက်လျောမှုတွေကို ဘုံးပေါလအောာ သွန်ချနေမှန်း သိသာ၏။

အထင်ကရရှေ့မှ လှစ်ခနဲ ထွက်သွားသော သံစဉ့်ပုံစံကိုကြည့်ပြီး အထင်ကရ စိတ်ပျက်လက်ပျက် ပြုံးပြီး အနောက်က မသိမသာ လိုက်လာခဲ့၏။

“ဒေါ်ထား အထင်ကရ ထမင်းစားမယ်၊ အမြန်ဆုံး ပြင်ပေးပါ ဟင်းရည်တွေအေးနေရင် အမြန်ပြန်နွှေးလိုက်”

ဒေါ်ထား ပန်းကန်တွေကို အဝတ်စဖြင့် သုတ်နေရင်းမှ အထင်ကရ ထမင်းစားမည်ဆို၍ လုပ်လက်စအလုပ်ကို ရပ်ထားလိုက်ပြီး

“အေး ပြင်လိုက်မယ် သံစဉ်၊ ဟင်းရည်တွေကတော့ နွှေးစရာ မလိုတော့ဘူး၊ စောစောလေးကမှ နွှေးထားတာလေ”

“ဟုတ်လား ဒါဆို အထင်ကရကို သွားခေါ်လိုက်ဦးမယ်”





ခြေလှမ်းတွေကို ထမင်းစားခန်းအဝသို့ လှည့်လိုက်ပြီးကာမှ အစ်ခုံတစ်ခုကို သတိရသွားဟန်ဖြင့်

“အဲ နေဦး၊ သံစဉ် သွားမခေါ်တော့ဘူး၊ ဒေါ်ထားပဲ သွားခေါ်လိုက်တော့၊ သူ့ သံစဉ်ကိုမေးရင် ထမင်းပွဲပြင်နေတယ်လို့ ပြောလိုက် သိလား”

“ဩော် အေး ကောင်းပါပြီကွယ်”

ဒေါ်ထား ပြောပြောဆိုဆိုနှင့် ထမင်းစားခန်းထဲမှ ထွက်ရန် ဟန်ပြင်လိုက်သည်။

“အို ဒါက ဘယ်တုံးလို့”

“ဟင် သံစဉ်လေးပဲ သားငယ်ကို သွားခေါ်ဆို”

“ဩော် ဒုက္ခပဲ ပိန်းလိုက်တာ ထမင်းပွဲပြင်ပြီးမှ သွားခေါ်ခိုင်းတာ၊ အခုမဟုတ်ဘူး”

“ဩော် ဒီလိုလား၊ အင်း အင်း ဒေါ်ထား အမြန်ပြင်လိုက်မယ်”

ထိုမြင်ကွင်းကို ထမင်းစားခန်းအပြင်မှ အသာရပ်ကြည့်နေသော အထင်ကရ စိတ်လေးစွာ သက်ပြင်း ဟင်းခနဲ ချပြီး ခေါင်းကို ယမ်းဖြည်းဖြည်း ခါရမ်းလိုက်သည်။

သံစဉ်ရဲ့ မပြောင်းလဲသော အမူအကျင့်တွေကိုလည်း ဘယ်လို ပြင်ရမလဲဟု အတွေးတွေ ခြာလည်သွားသည်။ ထို့ကြောင့် ဒေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



လာအခေါ်ကို မစောင့်တော့ဘဲ ထမင်းစားခန်းထဲကို ဝင်လိုက်သည်။

အထင်ကရ ဝင်လာတာမြင်တော့ သံစဉ်သည် ထမင်းစားပွဲ ဝိုင်းတွင် ထိုင်နေရာမှ ပြူးပြူးပျာပျာဖြင့်ထကာ ဟိုဟာကိုင်ရမလို ဒီဟာ ကိုင်ရမလိုနှင့် ယောင်လည်လည်ဖြစ်ပြီး ဟန်ရေးပြသည့်အနေဖြင့်

"ဒေါ်ထားရေ ဒီမှာလာကြည့်ပါဦး၊ ဟင်းပွဲတွေ ဘာလိုသေးလဲ လို့"

ဒေါ်ထား သံစဉ်အမေးကြောင့် ကြောင်သွားသည်၊ ပြီးမှ အထင် ကရ ဝင်လာတာမြင်တော့မှ အခြေအနေကို သဘောပေါက်စွာဖြင့်

"ဩော် အင်း မလိုတော့ဘူးလေ၊ အားလုံး ပြည့်စုံပါပြီကွယ်"

"အထင်ကရကလည်းလေ ငါ လာခေါ်မှာပေါ့၊ ဒီမှာ ပြင်လို့ တောင် မပြီးသေးဘူး"

"မလိုပါဘူး ငါ့မှာခြေထောက်ပါတယ်၊ ငါ့ဖာသာ ဆင်းလာလို့ ရတယ်"

အထင်ကရ ခပ်တည်တည်နှင့်ပြောပြီး ထမင်းဝိုင်းတွင် ဝင် ထိုင်လိုက်သည်။

"ပေး ပေး ဒေါ်ထား၊ သံစဉ် သွားချပေးမယ်၊ ဒေါ်ထားသာ လုပ်စရာရှိတာ ဆက်လုပ်ပါ"

ဒေါ်ထား လက်ထဲမှ ဟင်းရည်ပန်းကန်ကို လှမ်းယူလိုက်သော





သံစဉ်ရဲ့ပုံစံမှာ မလိုအပ်ပါဘဲနှင့် ပျာယာခတ်နေ၏။ ဒေါ်ထားပင် သံစဉ်ရဲ့ အူးခြားစွာ ပြောင်းလဲနေပုံကိုကြည့်ပြီး အံ့ဩနေမိ၏။ အရင်တုံးက သူ့ အပေါ် မောက်မောက်မာမာ ဆက်ဆံချင်သော သံစဉ် အခုတော့ ဒေါ် ထား ဒေါ်ထားနှင့် တစ်ထားတည်း ထားနေတာ ဘာအကြောင်းတွေ ရှိနေလို့များပါလိမ့်။

အကြောင်းတစ်ခုခုတော့ ရှိမှာသေချာနေပြီ။ ထိုအကြောင်း တစ်ခုခုမှာ သားငယ်နှင့် မမဖြူကို ဘာများထိခိုက်နစ်နာစေဦးမလဲ ဟု စိတ်ထဲမှာတွေးမိလိုက်သည်။

ဒီကောင်မလေး အိမ်ရောက်လာမှ မမဖြူခမျာ တစ်ရက်ကလေး မှ စိတ်မချမ်းသာရ။

ဒီလို မိန်းကလေးကို သားငယ် ဘာဖြစ်လို့များ လက်ထပ်လိုက် ဘာလဲဆိုတာ ဒေါ်ထားအနေနဲ့ တွေးလို့တောင် မရ။

တကယ့်ကို ပေါ့ပျက်ပျက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မိန်းမ ကိုယ့်ဟာကိုယ် အိမ်ခွဲနေရလို့ အရှမ်းကိုမြူးနေတယ်ပေါ့ ဟုတ်လား"

နေခြည်နှင့်ကေရီက သံစဉ်ထိုင်နေသော မွေ့ရာပေါ်သို့ တက်ထိုင်လိုက်ကြပြီး သံစဉ် ပျော်ရွှင်နေပုံကို သဘောတကျဖြင့် မေးလိုက်သည်။

"မြူးရမှာပေါ့ဟဲ့၊ ဒီလို ပျော်စရာကောင်းတဲ့ကိစ္စအတွက် မမြူးလို့ ဘယ်ကိစ္စမှာ အူမြူးရမလဲ၊ အဟိ ဘာလဲ နင်နဲ့အတွင်ရှ မင်္ဂလာဆောင်မှ အူမြူးပေးရမှာလား"

နေခြည်က ရက်ရယ်ကလေးရယ်ရင်း ဆွဲသားဘောင်းဘီအင် ကပ်ကပ်လေး ဝတ်ထား၍ ပေါ်နေသော ပေါင်တံဖြူဖြူလေးကို မနာအောင် ခပ်ဖွဖွလိမ်ဆွဲကာ





"ဟယ် မိန်းမ မဟုတ်တာကစပြီး ပြောပြီ၊ ငါတို့မင်္ဂလာဆောင်မှတော့ ငါတို့ပဲ မြူးမှာပေါ့ဟဲ့၊ ရှင်က ဘာကိစ္စ လိုက်မြူးပေးရမှာလဲ"

သံစဉ် နာသွားသော ပေါင်လေးကို ခပ်သာသာပွတ်လိုက်ပြီး

"သိဘူးလေ ငါ့ကိုများ ကူပြီး မြူးနိုင်းမလားလို့၊ ခစ် ခစ် ခစ် အလကားစတာပါဟာ၊ ငါ့မှာလေ ညားကတည်းက နေချင်တဲ့ဖိလင်လေးကို အခုမှပဲ အကောင်အထည်ဖော်ခွင့်ရတော့ နင်တို့ပြောသလို မြူးတာပေါ့ဟဲ့"

ဖိလင်အပြည့်ဖြင့် အဖြစ်သည်းပြနေသော သံစဉ့်ကိုကြည့်ပြီး နေခြည်နှင့်ကေရီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ မဲ့လိုက်ကြ၏။

"ဒါဆို နင် ညကျရင် ကလပ်မတက်တော့ဘူးလား"

"ဒီနေ့မှ အိမ်ပြောင်းလာတယ်၊ ဒီနေ့ပဲ ကလပ်သွားလို့ ဘယ်ဖြစ်ဦးမလဲဟဲ့၊ နည်းနည်းတော့ အထာလေးနဲ့ နေရဦးမှာပေါ့"

"အေးလေ သူပြောတာလည်း ဟုတ်တာပဲ၊ ငါတို့ ဒီတစ်ရက်နှစ်ရက်တော့ နားလိုက်ကြမယ်ဟာ"

ကေရီက ကလပ်မသွားရန် သူမကစ၍ အတည်ပြုလိုက်သည်။

"ငါတို့က နားလည်းကိစ္စမရှိပါဘူး၊ ဒါပေမဲ့ သံစဉ် ဘော်ဒါအသစ်ကလေးကတော့ မျှော်နေမှာပဲနော်၊ ပုံစံလေးက တကယ့် အလန်း



www.burmeseclassic.com

www.burmeseclassic.com



ဖယားလေး။ နှင်တို့နှစ်ယောက်တွဲကရင် အရမ်းကြည့်လို့ကောင်းတယ် သိလား။ အားလုံး နှင်တို့ဆီကိုပဲ အာရုံစိုက်နေကြတော့တာပဲ''

နေခြည့်စကားကြောင့် သံစဥ် ခေါင်းလေးမော့ပြီး ခပ်လွှင်လွှင်လေး ရယ်လိုက်သည်။

''ဘိုးတိုးပြောကြပါဟယ်၊ အထင်ကရ ကြားသွားရင် ငါ့ကို တစ်မျိုးထင်နေကြပါဦးမယ်''

''ဘာဆိုင်လဲဟ၊ နှင်တို့က ရိုးသားတာပဲဟာ၊ ဘာကို ကြောက်နေတာလဲ၊ သူ အထင်လွဲရင်လည်း လွယ်လွယ်နဲ့ရှင်းလို့ရတဲ့ကိစ္စပဲဟာ''

''နေပါဟာ ဒီအချိန်မှာ အထင်ကရနဲ့ငါ ဘာပြဿနာမှ မဖြစ်ချင်ဘူး''

ကြည်ကြည်နူးနူးနဲ့ ရင်ခုန်စရာ ဇာတ်လမ်းလေးတွေ ဖန်တီးရမယ့်အချိန်မှာ ဘာမဟုတ်တဲ့ ပြဿနာသေးသေးလေးနှင့် အထင်လွဲမှုတွေ မဖြစ်စေချင်ပါ။ ဒါဟာ သံစဥ်ရင်ထဲက ဆန္ဒအမှန်စစ်စစ်။

''နှင်တို့ ခုထိ မကြည်ကြသေးဘူးလား''

''ဟင့်အင်း''

''ဒါဆို နှင် ညံ့တာပေါ့''

''သူက မာနကြီးတာဟ၊ အရင်တုံးက သူ ဒီလောက်ခေါင်းမာမယ်မှန်း ငါ လုံးဝ မထင်ထားမိခဲ့ဘူး''





''ဒါဆိုလည်း နှင် ကလေးယူလိုက်ပါလား၊ နှင်တို့အိမ်ထောင်ရေး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တာပဲ၊ နောက်ပြီး နှင့်ဘက်ကလည်း အပျော်အပါးနည်းနည်းလျှော့လိုက်ပေါ့ဟာ၊ နှင်က ငါတို့နဲ့ မတွဲရင် အေမိတ်နဲ့ သွားသွားတွဲနေတာကိုး၊ ဒီတော့ သူတို့ဆီက အကျင့်ဆိုးတွေ နှင့်ဆီကူးလာလိမ့်မယ်၊ နှင်တို့အိမ်ထောင်ရေးမှာ ရှော့ခ်တွေရှိလာနိုင်တယ်နော် သံစဥ်''

''နှင်တို့ပြောတဲ့ကိစ္စတွေကို ငါ တစ်ခုမှ မလုပ်နိုင်ဘူး၊ ခုတောင် ကို မကြင်နာတာ၊ ကလေးသာရသွားကြည့်ပါလား ငါ့မှာ လင်ဆိုးမယားအားဖားဘဝနဲ့ အိမ်ထဲမှာပဲ ကလေးတိုးလို့တွဲလောင်းနဲ့ ချောင်ထိုးခံရ နောက်ပြီး ငါ လွတ်လွတ်လပ်လပ် နေချင်တယ်၊ စိတ်ရှုပ်စရာကောင်းအတွေးတွေကို ငါ ဘယ်တော့မှ မတွေးမိအောင် ကြိုးစားမယ်၊ ဒါ့ဘဝ ငါ အလေးအနက်အထားဆုံး အရာက ငါ့ကိုယ်ငါ ပျော်ရွှင်အောင် ထားနိုင်ဖို့ပဲ''

တစ်ယူသန်အစွဲကြီးဖြင့် သူ့ရင်ထဲက ဆန္ဒအမှန်ကို ဖွင့်ဟနေသော သံစဥ်ကိုကြည့်ပြီး နေခြည်နဲ့ကေရီ မျက်နှာမကောင်းစွာဖြင့် ခေါင်းလေးတွေ လေးပင်စွာ ခါရမ်းလိုက်ကြသည်။

ဒီပုံအတိုင်းဆို အထင်ကရနဲ့သံစဥ်တို့ အိမ်ထောင်ရေး အနာဂတ်က ယဲ့ယဲ့လေးရယ်။ အထက်တန်းကျောင်းမှာကတည်းက တွဲလာ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့် သူငယ်ချင်းတွေပဲ။ သူတို့ရဲ့စိတ်တွေကို ကောင်းကောင်း တတ်တာပေ့ါ။

အထင်ကရက သံစဉ်နဲ့လက်ထပ်ပြီးကတည်းက သူ့ကိုယ် လူကြီးတစ်ယောက်လို တည်တည်တံ့တံ့နဲ့ အရာရာကို လေးလေးနက် တွေးတတ်လာတယ်။ တည်ငြိမ်လာတယ်။

သူ့အမေရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်လာသည် ဒါဟာ အထင်ကရဘက်က ထူးခြားတဲ့ပြောင်းလဲမှုတစ်ခု။ သံစဉ်ကျ အထင်ကရလို မဟုတ်။ အရင်လိုပဲ အပျော်ကြူးတုံး။ လွတ်လပ်မှ ခုံမင်နှစ်သက်တုံး။ အရာရာကို ခပ်ပေ့ါပေ့ါပဲ တွေးတတ်တုံး။

နှိုင်းယှဉ်လိုက်လျှင် အကျင့်စရိုက်ချင်းက အရမ်းကို ကွာ လွန်းနေ၏။

မဆုံနိုင်တဲ့ မျဉ်းပြိုင်တစ်ကြောင်းပေါ်မှာ နှစ်ယောက်သား ပေးရပ်ရင်း အမုန်းတွေကိုပဲ မွေးဖွားကြတော့မှာလား။

တကယ်တမ်း လမ်းမှားလျှောက်နေသူက သံစဉ်ဆိုတာကို သူငယ်ချင်းအားလုံး ရိပ်မိတန်သလောက် ရိပ်မိကုန်ကြလေပြီ။

သို့သော် လင်မယားကြား မဝင်ကောင်းဘူးဆိုသော အတိုင်း သူတို့ရဲ့နေထိုင်မှုပုံစံကိုသာ တိတ်တဆိတ် အကဲခတ်ပြီး ဘေး က ထိန်းပေးရုံသာ ထိန်းပေးလို့ရကြသည်။





အထင်ကရနှင့် သံစဉ်ကို အဆင်ပြေစေချင်တာ။ သူငယ်ချင်း နှုံးတဲဆန္ဒ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"နင် အရမ်းပျော်လာတယ်ပေါ့၊ ဟုတ်လား သံစဉ်"

ကားပေါ်မှ ဆင်းဆင်းချင်း အိမ်ပေါက်ဝမှ မာထန်သော

တစ်သံက ဆီးကြိုလိုက်သဖြင့် သံစဉ့်ခြေလှမ်းတွေ တွန့်ဆုတ်သွား

"ဩော် နင် မအိပ်သေးဘဲကိုး၊ ငါက အိပ်လောက်ပြီ

ထင်နေတာ"

သံစဉ့်အသံက အရှိန်တက်နေသော အမူးသမားတစ်

လို ရီဝေဝေ။ ပုံစံမကျသော သံစဉ့်ပုံကိုကြည့်ပြီး အထင်ကရ

ဒေါသတရားတွေ အစုအပြုံလိုက် တိုးဝင်လာသည်။

"တောက်"

တက်ခေါက်သံ ခပ်ပြင်းပြင်းကြောင့် သံစဉ် တစ်ချက်မှ





"ဘာတွေ မကျေမနပ် ဖြစ်နေတာလဲ အထင်ကရ"

"နင် ဘယ်အချိန်အထိ ဒီအပျော်တွေကို မက်နေဦးမှာလဲ သံစဉ်၊ နင့်ရဲ့တန်ဖိုးက ဒီလို အပျော်ကြူးမှ ပိုပြီးတက်လာမယ်လို့ နင် မှုဆထားလို့လား၊ ငါ့အမြင်မှာတော့ နင် နည်းနည်းလေးမှ တန်ဖိုး ရှိဘူး"

"တန်ဖိုး ဟုတ်လား၊ ငါကတော့ တန်ဖိုးဆိုတာ လူတွေသတ် မှတ်ထားတဲ့ ပညတ်ချက်တစ်ခုလို့ပဲ မြင်တယ်၊ ငါ အပျော်အပါးမက်တာ နင့်ကို ဘာများထိခိုက်မိလို့လဲ၊ ငါ့ကြောင့် နင့်ဂုဏ်သိက္ခာ ဘယ်လောက် ထိခိုက်ပွန်းပဲ့သွားလို့လဲ"

သံစဉ့်အသံက မခံချင်စိတ်တွေ ပေါင်းခုကာ မာထန်နေသည်။

သက်ထပ်ပြီးတဲ့ မိန်းမတစ်ယောက်ကို အကြင်နာတွေ မေတ္တာတွေပေးဖို့ တွန့်တိုနေတဲ့ ယောကျ်ားတစ်ယောက်က ဒီလိုပြောပိုင်ခွင့်တွေ ရှိလို့လား။ တွန့် ဝေးပါသေးတယ် အထင်ကရရယ်။ နင်က ငါ့နလုံးသားကို တစ်စိမ့် စိမ့်နဲ့ ဖဲ့ခြွေမှတော့ ငါကလည်း ဓားထက်ထက်နဲ့ နင့်ရဲ့မာနတွေကို သွေးစိမ်းရှင်ရှင်ထွက်အောင် မွှန်းပစ်မယ် နားလည်လား။

အတွေးနှင့်အတူ သံစဉ် မျက်ရည်ဝဲတက်လာသည်။ နှုတ်ခမ်း ဖူးဖူးလေးကို ပြတ်ထွက်လုမတတ် ဖိကိုက်လိုက်သည်။

"ငါ့ဂုဏ်သိက္ခာ ဘယ်လောက်ပဲ့သွားလဲ ဟုတ်လား သံစဉ်၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုယ်နင် အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဆိုတာရော နင် ပြ
သတိထားမိရဲ့လား''

အပျိုစင်ရှုံးလောက်အောင် လန်းနေသော သံစဉ်ပုံစံလေး
တကယ့်ကို သဝန်တိုချင်စရာကောင်းနေတာတော့ အထင်ကရ ကို
ကိုယ်ကိုယ် ဝန်ခံပါသည်။

သူ့ရင်ထဲမှာ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးအသွင် ပြော
ဖို့ သံစဉ် အချိုးတွေပြောင်းလာနိုး ပြောင်းလာနိုးနှင့် စောင့်ခဲ့
အချိန်တွေသာ အလီလီပြောင်းလဲလာတယ်။ သံစဉ်ရဲ့အနေအထိုင်တွေ
ထူးခြားစွာ ပြုပြင်မလာသေး။

အထင်ကရ တကယ်ပင် စိတ်မောမိ၏။

အထင်ကရတင်မဟုတ် မာမီနှင့်ဦးဖေယျာမင်းမောင်ပါ သံ
အတွက် ရင်မအေးရ။

''ငါ အိမ်ထောင်ရှင်မိန်းမဆိုတာကို နင် လက်ခံတယ်
ဟုတ်လား အထင်ကရ၊ အဟုတ် ရယ်စရာကြီး အရမ်းကို ရယ်
ကောင်းတယ်၊ ငါက နင့်မိန်းမဆိုတာ နင် လက်ခံပြီပေါ့''

ပြုံးတေ့တေ့ အမူအရာနှင့် အထင်ကရ မျက်နှာနား ထိ
နီးပါး တိုးကပ်၍ပြောလိုက်သော သံစဉ်ရဲ့မျက်နှာလေးက အသည်း
ချင်စရာကောင်းလောက်အောင် ဖရိုဖရဲ နိုင်လွန်းနေ၏။ ကိုယ့်အ





မ်းထိုးကျလာတော့မည်မို့ နောက်ကိုခြေတစ်လှမ်း ဆုတ်လိုက်ပြီး
''နင်က ငါ့မိန်းမမဟုတ်လို့ ဘယ်သူ့မိန်းမဖြစ်ချင်သေးလို့လဲ၊
ကို ဒီလို ရှုးကြောင်ကြောင်စကားတွေနဲ့ လာမထိုးနှက်နဲ့ သံစဉ်''

''ထိုးနှက်တာ မဟုတ်ပါဘူး။ ငါက နင့်မိန်းမဆိုရင် နင်နဲ့ငါနဲ့
ကြင်နာပေးဖူးလား''

ခပ်ရွတ်ရွတ် မေးလိုက်သော သံစဉ်အမေးကြောင့် အထင်ကရ
က်နှာ ရဲခနဲဖြစ်သွားသည်။ မေးပုံကိုက အကြင်နာပေးဖူးလားတဲ့။

သူကရော ကိုယ့်ဘက်က အကြင်နာပေးချင်လောက်အောင်
ယ်လိုစိတ်ကျေနပ်မှုတွေ ပေးနေလို့လဲ။ အမြဲတမ်း သူ့အတွက်ကြောင့်
တ်ညစ်ခဲ့ရတာ။

ညနေ ပြန်လာတိုင်း အိမ်မှာရှိမနေတတ်တဲ့ မိန်းမတစ်ယောက်
ဲ ဘယ်လိုယောကျ်ားမျိုးကရော အကြင်နာပေးချင်မှာတဲ့လဲ။

''နင့်လို မိန်းမဖြစ်ပြီး မိန်းမမပီသတဲ့ ဇနီးမယားတစ်ယောက်
ဲ အကြင်နာမပေးတာ ငါ့အပြစ်လား သံစဉ်၊ ဟောဒီလောကကြီးမှာရှိ
ဲ ယောကျ်ားတိုင်းကို လိုက်မေးလိုက်၊ ဘယ်လိုမိန်းမမျိုးကိုမှ အကြင်နာ
းသင့်လဲလို့၊ ငါကတော့ နင့်လို တန်ဖိုးမဲ့တဲ့ မိန်းမမျိုးကို ဆောရီးပဲ''

စကားနှင့်အနိုင်ယူပြီး ချာခနဲ လှည့်ထွက်သွားသော အထင်ကရ
ကြည့်ပြီး သံစဉ် ငေးကြောင်စွာပင် ရပ်၍ကျန်ရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ငါက တန်ဖိုးမဲ့တဲ့ မိန်းမတဲ့လား။ ဘယ်လို စံတွေနဲ့ သတ်မှတ်ထားတဲ့မိန်းမကိုမှ နင်က တန်ဖိုးရှိတယ်လို့ သတ်မှတ်မှာလဲ အထင်ကရ။ နင့်ရှေ့မှာ ငါ တန်ဖိုးရှိရှိ နေပြရင်ရော ငါက နင့်အတွက် တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက် ဖြစ်လာမှာလား အထင်ကရ။

ငါ့ရင်ထဲမှာ နင်နဲ့ပတ်သက်ပြီး ရင်နဲ့မဆံ့တဲ့ ဝေဒနာတွေ တနင့်တပိုးကြီး ဖြစ်ကည်နေပြီဆိုတာ နင်သိရဲ့လား။

ငါ ဒီလိုတွေလုပ်နေတာဟာ နင့်ဆီက အချစ်ကို လိုချင်လို့ တမင်အရွဲ့တိုက်နေတယ်ဆိုတာ နင် နားလည်ရဲ့လား အထင်ကရ။

နင့်ရဲ့အကြင်နာတွေ မေတ္တာတွေ အငွေ့အဖက်နဲ့ အနမ်းတွေကို အာသာငမ်းငမ်းနဲ့ တောင့်တနေပါတယ်လို့ ဝန်ခံမှ နင် ငါ့အပေါ် နားလည်မှာလား အထင်ကရ။ ဒါဆိုရင်တော့ ငါတို့ရဲ့ အမုန်းဖာတ်လမ်းတွေက ရှေ့ဆက်ဖို့ပဲ ရှိတော့တာပေါ့။

ဘာဖြစ်လို့လဲဆိုတော့ ငါ နင့်ရှေ့မှာ လုံးဝ ဒူးမထောက်ချင်ဘူးဟာ။ ငါ့မှာ အဲဒီလောက် မာနတော့ ရှိသင့်တယ် မဟုတ်လား။

ဒါပေမဲ့ ငါ နင့်ကို မမုန်းချင်ဘူး။

■ ■ ■



## အခန်း (၁၈)

"မှာမီလည်း ငါ့သားလေး အိမ်ထောင်ရေးအတွက် တစ်နေ့မှ ...မအေးရပါလား သားငယ်ရယ်"

"သားအတွက် ဘာမှစိတ်အရှုပ်ခံပြီး တွေးမနေနဲ့ မာမိ၊ ဝဋ် ...ရှိသရွေ့အချိန်ထိတော့ ဆက်ကနေရဦးမှာပေါ့၊ အချိန်တန်ရင် သူ့ ...လို အဆုံးသတ်သွားပါလိမ့်မယ် မာမီ"

ဒေါ်ဖြူဖြူကျော် ရင်ထဲမှာ သားငယ်လေး အိမ်ထောင်ရေး ...ွက် မတွေးနိုင်မအန်နိုင်ဖြစ်နေခဲ့တာ ကြာခဲ့ပါပြီ။ သားအမိနှစ် ...ကိစလုံးရဲ့အဖြစ်က ဝဋ်ကြွေးတွေ ရှင်သန်အောင် ရေလောင်းပေး ...တွေ ဖြစ်မှန်းမသိ ဖြစ်နေကြရတာတော့ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီးကာမှ ကိုယ့်သားရဲ့အိမ်ထောင်ရေးကို ကိုယ်
သောအတိုင်း ကွာရှင်းလိုက်ကြလို့ တစ်ချက်လွှတ်အမိန့်ပေးလိုက်ပြ
လည်း ကိုယ့်ဆန္ဒအတိုင်း သားဖြစ်သူက ခေါင်းညိတ်လက်ခံမှာ အ
အချား။

ဒါပေမဲ့ ကိုယ့်လုပ်ရပ်က မိဘမပီသမှာကိုလည်း စိုးသည်
နောက်ပြီး သံစဉ်မမရဲ့အကျင့်ဆိုးတွေ ပြုပြင်နိုး ပြုပြင်နိုး
အချိန်ယူစောင့်ကြည့်နေတဲ့ ကိုယ့်သားရဲ့သံယောဇဉ်တွေကိုလည်း ဥပေ
မပြုရက်ပြန်။

ကိုယ့်စိတ်ရင်းနဲ့သာဆိုလျှင် ဒီလို ချွေးမဆိုးမျိုးကို ကိုယ့်သာ
တစ်မိနစ် တစ်စက္ကန့်လေးတောင် ဆက်ပြီး ပေါင်းသင်းစရာမလို။

ခုလည်း မနက်ကိုးနာရီပင် ထိုးလို့ ယောက္ခမဖြစ်သူက
ကောင်းသောက်ဖွယ်လေးတွေကို စီမံပြီး လာပို့နေတာတောင် မယ်
ကြီးမက အိပ်ရာမှမနိုးသေး။

ကိုယ့်သားက မီးဖိုခန်းထဲမှာ စားဖို့သောက်ဖို့ ပြင်ဆင်နေ
မြင်ရတော့ ရင်ထဲမှာ နည်းနည်းလေးမှ မကောင်း။ ငါ့သားလေး မယ
ဆိုးကို ရထားတာပါလားလို့သာ ဟစ်ဟစ်ပြီးသာ ငိုလိုက်ချင်ပါရဲ့။

ဘယ်လောက် ရင်နာစရာကောင်းလိုက်ပါသလဲ။

"မာမီ ကော်ဖီပူပူလေး သောက်လိုက်ပါဦး။ ဒီမှာ သား ကိုယ်





ဘိုင်ကင်ပြီး သုပ်ထားတဲ့ ပေါင်မုန့်ထောပတ်သုတ်"

သားဖြစ်သူ၏ပျာပျာသလဲ ညွှတ်ကျွန်မှုလေးတွေကို ကြည့်
ပြီး မျက်ဝန်းအိမ်မှ မျက်ရည်တွေ ဝေ့ဝဲတက်လာ၏။

ကိုယ့်သားလေး ဒီအလုပ်တွေကို ဘယ်အချိန်ကစပြီး လုပ်တတ်
သွားပါလိမ့်။ အရင်ကဆို အိပ်ရာထက်ကနေ မအေကိုယ်တိုင် ဆွဲထူပြီး
ဆေးအဆင်သင့် ထည့်ထားသော သွားတိုက်တံကို သားလက်ထဲထည့်
ပြီး မျက်နှာသစ်မပေးရုံနဲ့ သွားမတိုက်ပေးရုံတမယ်။ သားကို ဂရုစိုက်
ယုယခဲ့ရတာတွေ။ သားငယ်က ငါးဟင်းကြိုက်လို့ဆိုပြီး မအေကိုယ်တိုင်ပဲ
ဈေးမှာတိုင်ပြီး စိတ်ရှည်လက်ရှည် အရိုးထွင်ပေးနေရတဲ့ သားလေးက

ခုတော့ အိမ်ထောင်ရှင်ကြီးလုံးလုံးကို ဖြစ်ပြီး တစ်ခါမှ မလုပ်
ဖူးတဲ့အလုပ်တွေကို လုပ်နေရပါလား။ မိခင်အပေါ် အမြဲတမ်း ဂျစ်တိုက်
နွဲ့ဆိုးဆိုးနေတဲ့ သားလေးက ခုတော့ သူ့မှာ ဂျစ်တိုက်နွဲ့ဆိုးဆိုးဖို့တောင်
အချိန်မပေးနိုင်တော့ပါလား။ ကံဆိုးလိုက်တဲ့သားလေးရယ်။

"မာမီ ဘာတွေတွေးနေတာလဲ ကော်ဖီတွေ အေးကုန်တော့
မယ်၊ ဒါ ပြင်သစ်ကော်ဖီနော် မာမီ၊ သားကိုယ်တိုင် ကော်ဖီဖျော်စက်နဲ့
ဖျော်ထားတာ"

အငွေ့တထောင်းထောင်း ထနေသော ကော်ဖီပန်းကန်ကို မိခင်
အရှေ့သို့ တိုးပေးရင်း ပေါ့ပေါ့ပါးပါး ပြောနေသော သားဖြစ်သူကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်မကောင်းစွာဖြင့်

"နေပါစေ သားရယ်၊ ငါ့သားလေးကိုကြည့်ပြီး မာမီ့ရင်ထဲ နင့်နေတာနဲ့ ဘာမှတောင် စားလို့ဝင်မှာမဟုတ်တော့ပါဘူး၊ မဖြစ်ပါဘူး နောက်ရက်တွေဆိုရင် ငါ့သားလေး ဒီအလုပ်တွေ မလုပ်ရအောင် မာမီ အိမ်ဖော်တစ်ယောက် ပို့ပေးထားမယ်ကွယ်"

မီးကင်ပြီးသား ပေါင်မုန့်ချပ်ပေါ် ထောပတ်သုတ်နေရင်းမှ မိခင်၏ အစီအစဉ်ကို အထင်ကရ လက်တကာကာဖြင့်

"မပို့နဲ့ မာမီ၊ သားခေါ်ချင်မှတော့ ဒီအိမ်ပြောင်းလာစကတည်းက ခေါ်ဖို့ စီစဉ်မှာပေါ့၊ တမင်တကာ မခေါ်တာ မာမီ၊ ဒီမိန်းမ ဘယ်လောက် ရေသာခို အချောင်လိုက်မလဲဆိုတာကို နာနာကျည်းကျည်း စောင့်ကြည့်ချင်လို့ကို တမင်မခေါ်ဘဲ ထားထားတာ"

"ဒါပေမဲ့ သားငယ် ပင်ပန်းတယ်လေ၊ မာမီ့ဆိုင်အလုပ်ကိုလည်း ဦးစီးရ၊ အိမ်မှုကိစ္စတွေလည်း လုပ်ရနဲ့၊ ဟင်း ဒင်းလေးက ပိုပြီးတောင် သဘောကျဦးမယ်၊ သူစားဖို့အတွက် ယောက်ျားက အဆင်သင့် ပြင်ဆင်ပေးတာပဲဆိုပြီးတော့"

"ထားလိုက်ပါ မာမီ၊ လူ့အသိစိတ်မရှိတဲ့ မိန်းမတစ်ယောက်ကို အသိစိတ်ရှိတဲ့ သားနဲ့မာမီက သဘောထားကြီးကြီးနဲ့ စောင့်ကြည့်ပေးလိုက်ကြတာပေါ့၊ လောကကြီးက သူ့ကိုဒဏ်ခတ်ပါလိမ့်မယ်"





ရင့်ကျက်တည်ငြိမ်လွန်းနေသော သား၏စကားလုံးဆန်းဆန်း ...ကြောင့် သက်ပြင်းခပ်လေးလေးကိုချရင်း ထိုင်နေရာမှ ခပ်လေးလေး ...ိုက်သည်။

"ကဲ မာမီ ဆိုင်သွားတော့မယ် သားငယ်"

"ဟုတ်ကဲ့ မာမီ၊ ဒီနေ့ သားကို ဘာခိုင်းစရာရှိသေးလဲ"

"ဘာမှထွေထွေထူးထူး ခိုင်းစရာမရှိဘူး သား၊ ပုံမှန်လုပ်နေကျ ...ိုင်း ဆက်လုပ်ပါ၊ ကဲ မာမီသွားမယ် သား"

"ဗျာ သွားတော့မလို့လား မာမီ၊ သား အိမ်ရှေ့လိုက်ပို့မယ်"

"နေ နေ မပို့နဲ့တော့ သား၊ ကိုယ့်ဟာကိုယ် စားစရာရှိတာ ... မာမီ သွားပြီ"

"ဟုတ်ကဲ့ မာမီ"

ဒေါ်ဖြူဖြူကျော် ထမင်းစားခန်းထဲမှ ထွက်တော့ သံစဉ် အိပ်ရာ...ပြီး အောက်ထပ်ကို ဆင်းလာတာနှင့် တန်းတိုး၏။

"ဟယ် မာမီ ရောက်နေတယ်"

"ဟုတ်တယ်"

ဒေါ်ဖြူဖြူကျော်ကလည်း ဝတ္တရားအရ ခပ်တိုတိုပဲ ဖြေလိုက် ... ပေါ်တီကိုအောက်မှာ ရပ်ထားသော ကားဆီသို့ ခပ်တည်တည်ဖြင့် ...ျှောက်သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြည်လင်သော ယောက္ခမဖြစ်သူရဲ့ မျက်နှာကြောနှင့် အေးစက်သောအသံကြောင့် သံစဉ် ပခုံးလေးတွန့်ပြီး ဟတ်ခနဲ တစ်ချက်ရယ်လိုက်သည်။

နော၊ မတတ်နိုင်ဘူးလေ။ ဒါ ယောက္ခမတွေရဲ့အထာပဲ။

အိမ်၊ ခပ်ဖော့ဖော့လေးတွေးပြီး ထမင်းစားခန်းထဲ ဝင်သွားလိုက်၏။ အထင်ကရ ကော်ဖီသောက်ရင်း ဂျာနယ်ဖတ်နေ၏။ သံစဉ် ဝင်လာတာကို မျက်လုံးလေးနှင့် တစ်ချက်တောင် လှန်မကြည့်။

သံစဉ်ကလည်း အရေးတယူ လုပ်မနေဘဲ ဗိုက်ထဲက ဆာလောင်နေသဖြင့် ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ဆတ်ခနဲ ယူစားလိုက်သည်။ အထင်ကရ မကြည်ကြည့်လှမ်းကြည့်ရင်း

"သူများ အဆင်သင့်လုပ်ပေးတာကျတော့ မင်း အဆင်သင့် စားတတ်သလား သံစဉ်"

"ဒါပေါ့ သံစဉ်ဘဝမှာ သံစဉ် ဘာလုပ်လုပ် ဘာကိုင်ကိုင် အားလုံးအဆင်သင့်တွေချည်းပဲလေ"

"ဒါဆို မင်းက သူများအဆင်သင့်ပြင်ပေးတာပဲ ထိုင်စားမယ် မင်းကတော့ ဘာမှပြင်ဆင်မပေးဘူးပေါ့ ဟုတ်လား"

လက်ထဲမှ ဖတ်လက်စ ဂျာနယ်ကို စားပွဲခုံပေါ် ဆောင့်ခနဲ ပစ်ချလိုက်ပြီး မာထန်သော မျက်နှာပေးဖြင့် သည်းမခံနိုင်စွာ မေးလိုက်





သည်။

"သံစဉ် လုပ်ပေးချင်ပါတယ်၊ ဒါပေမဲ့ အဲဒါတွေ သံစဉ် မလုပ်တတ်ဘူး"

ပေါင်မုန့်ထောပတ်သုတ်ကို ပလုပ်ပလောင်း ဝါးလျက် ယောက္ခမဖြစ်သူ သောက်မသွားသော ကော်ဖီခွက်ကိုယူပြီး တစ်ငုံငုံရင်း ပလုပ်ပလောင်းအသံဖြင့် ဖြေလိုက်၏။

"ကောင်းပြီလေ မင်းမှာ ဘာအရည်အချင်းမှ မရှိမှတော့ ငါတို့ တစ်ယောက်ကိုတစ်ယောက် ဝင်မစွက်ဖက်ကြေးပေါ့"

အထင်ကရ ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး အခန်းထဲမှ ခြေသံခပ်ပြင်းပြင်းနင်း၍ ထွက်ခဲ့လိုက်၏။

ဘယ်လိုမိန်းကလေးပါလိမ့်။ အပျင်းကြီးတာများ ကမ္ဘာတောင် ကျော်လောက်ပါပေ့။

အဲဒီ အပျင်းထုပ်ကြီး ခေါင်းပေါ်ရွက်ပြီး ငါ ဘာလုပ်မလဲဆိုတာ သာ စောင့်ကြည့်တော့ သံစဉ်ရေ။

ပြီးရင် နင့်မျက်ရည်တွေကို ငါ တစိမ့်စိမ့် ထိုင်ကြည့်မယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈)

အပျော်တွေ အပျင်းတွေနှင့် နေသားတကျ ဖြစ်နေသည့် မိန်း
တစ်ယောက်ကိုချစ်ရတာ ရေတံပင်ကို ရေလောင်းနေရသလိုပင်။ ဘယ်
အချိန်မှာ ပူလောင်စပ်ဖြူမှုတွေနှင့် ရင်ဘတ်ထဲ တိုးဝင်လာဦးမလဲလို့မ

"တီ တီ တီ"

စားပွဲပေါ်တွင် ကားသော့နှင့်အတူ ယှဉ်တွဲ၍ တင်ထားသေ
အထင်ကရဖုန်းမှ အသံမြည်လာသဖြင့် မှန်တင်ခုံရှေ့မှာ ထိုင်ပြီး ဘော
လိုးရှင်းလိမ်းနေသော သံစဉ် ကပျာကယာ ထပြီး ကောက်ကိုင်လိုက်သည်

"ဟဲလို"

"..."

"သူ မအားဘူး ရေချိုးခန်း ဝင်နေတယ်"





"..."

"ဘာ ဆို ဟုတ်လား၊ ဘယ်က ဆိုလဲ၊ ဘာကိစ္စလဲ"

"..."

"ငါ သူ့မိန်းမပဲ၊ နင် နည်းနည်းလေးမှ အရှက်မရှိဘူးလား"

"တောက်"

"ဘုတ်"

ဒေါသမျက်နှာဖြင့် တက်တစ်ချက်ခေါက်ရင်း ဖုန်းကို အထင်ကရ အိပ်သောမွေ့ရာပေါ်သို့ ဆောင့်ခနဲ ပစ်ချလိုက်သည်။

ရုပ်ကတော့ ဘယ်လိုရုပ်လဲ မသိဘူး။ အသံကတော့ နာမည် နှင့်လိုက်အောင် ချိုလွန်းနေသည်။ အိုဗာဖြစ်လွန်းသော အသံမျိုး။ ဒီ နာမည်ကို သံစဉ် တစ်ခါမှ မကြားဖူး။ အပေါင်းအသင်း သူငယ်ချင်း တွေထဲမှာလည်း ဒီလိုနာမည်မျိုးမရှိ။

"စောစောက ငါ့ဖုန်းကို နင်ကိုင်လိုက်တယ်မဟုတ်လား သံစဉ်"

ရေချိုးပြီးစ ကိုယ်ကို မွေးပွသဘက်ကြီးဖြင့် ပတ်ကာ ရေချိုး ခန်းထဲမှ ထွက်လာသော အထင်ကရ၏ အမေးကြောင့် သံစဉ် နှုတ်ခမ်း လေးကို တွန့်ကွေးရုံမဲ့လိုက်ပြီး

"ဟုတ်တယ် ဆိုတဲ့ မနှေးညက ချိန်းထားတဲ့နေရာကို မလာမိ လို့ တောင်းပန်ချင်လို့တဲ့၊ ဟင်း ဘာတွေမှန်းကိုမသိဘူး ရှုပ်ရှုပ်ယှက်



www.burmeseclassic.com

www.burmeseclassic.com



ယှက်''

သံစဉ် မကျေမနပ် ရေရွတ်ရင်း လိုးရှင်းဘူးကို မှန်တင်ခုံပေ ဆောင့်ခနဲ ချလိုက်သည်။

''ငါ့အခန်းထဲကိုလည်း မပြောမဆို ဝင်လာသေးတယ်၊ ငါ့ကိုယ် ရေးကိုယ်တာကိစ္စကိုလည်း ဝေဖန်သေးတယ်၊ မင်း မလွန်လွန်းဘူးလား''

''ဒီမှာ သိပ်လည်း ဘဝင်လေဟပ်မနေနဲ့ ငါ့လိုးရှင်းကုန်သွာ လို့ နင့်ဟာ ခဏလာယူလိမ်းတာ''

မခံချင်စိတ်ဖြင့် နှုတ်ခမ်းရူကာ ရန်ပြန်တွေ့လိုက်သည်။

''အခု လိမ်းပြီးပြီမဟုတ်လား၊ ပြန်ထွက်တော့''

အထင်ကရ ခေါင်းမှဆံပင်ရေစိုတွေကို သဘက်ဖြင့် သုတ်ရင်း သံစဉ်ကို အခန်းထဲမှ နှင်လွှတ်၏။

ပြီးနောက် ဖုန်းကိုကောက်ယူပြီး ဖုန်းခလုပ်တွေကို ခပ်သွက် သွက် နှိပ်လိုက်သည်။

အထင်ကရ၏ ဖြူဖွေးကြည်သန့်နေသော ကျောပြင်မှာ တင် နေသော ရေပေါက် ရေစက်ကလေးတွေကို သံစဉ် ဘာကြောင့်ရယ်မ အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။ ရင်ထဲမှာ ဖော်မပြတတ်သော ခံစာ မှုနွေးနွေးက တိမ်စိုင်တစ်အုပ်လို တဖြည်းဖြည်းခြင်း ရွေ့လျားနေသည်

''ဟဲလို ဆွိ ဆောရီးကွာ၊ ကိုယ် ရေချိုးခန်းဝင်နေလို့''





''...''

''ဩော် ဒါလား ရပါတယ် ဆွိရာ၊ အဲဒီအတွက် စိတ်ထဲမထား …နဲ့ ရှောခ်မရှိဘူး''

''...''

''ဩော် တကယ်ပြောတာပါ၊ ဆွိက အရမ်းအလုပ်များတဲ့သူမို့ …အလုပ်များတဲ့အထဲက ကိုယ့်ကို အချိန်ဖဲ့ပေးနေရတဲ့ ဆွိကိုတောင် …ယ်က အရမ်းအားနာနေတာ''

''ဒီညလား အင်း အားတယ် ဆွိ၊ ဘာ ဒင်နာပေးမယ် ဟုတ် …အဟား ကိုယ့်အတွက် သီးသန့်ဒင်နာပဲ၊ လာရမှာပေါ့၊ ကိုယ် …ခြောက်နေတာ ကြာပြီကွ၊ အလုပ်ကများနေတော့ ဆွိလက်ရာလေး …ာင် မစားရတာကြာလို့ ဟိုရက်ကဆို အိပ်မက်တောင် မက်ယူရတယ်''

''...''

''ဩော် ဆွိရယ် တကယ်ပြောတာပါ၊ ဆွိလို ဉာဏ်ရွှေသိက္ခာနဲ့ …ည်စုံပြီး အရည်အချင်းရှိတဲ့ အမျိုးကောင်းသမီးလေးကို ကိုယ်က ညာ …ပြောရဲပါဘူးဗျာ''

''...''

''အိုကေ ဆွိ ကိုယ် ဘယ်လောက်ပဲ အလုပ်များများ ဆွိနဲ့ကိုယ်နဲ့ …တွက် သီးသန့်စီစဉ်ထားတဲ့ ဒင်နာပွဲလေးကိုတော့ ကိုယ် ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ်၊ ကိုယ် အီတလီစာ စားချင်နေတာ ကြာပြီကွ၊ ကိုယ့်ရဲ့
တွေကို ဆွိက ကြိုကြိုသိနေတော့ ကေနွှ ဆွိ ဗိုက်ထဲမှာ ပုရွှာ
တယ် ထင်တယ်ကွ"

"..."

"အိုကေ အိုကေ ဆွိ၊ ဒါပဲနော် အိုကေ မောနင်း မော
ဘိုင့်ဘိုင်"

ဆွိဆိုတဲ့ မိန်းမနှင့် ဖုန်းပြောနေသော အထင်ကရ၏မျက်
မှာ ပျားရည်အိုးထဲ မှောက်လဲထားသလို ချိုမြိန်လွန်း၍နေသည်။ သ
နားထဲမှာ နည်းနည်းတော့ အိုဗာဖြစ်နေ၏။

"ဟော့ ငါ့အခန်းထဲက မထွက်သေးဘူးလား"

ဖုန်းကို မွေ့ရာပေါ် အသာချရင်း အခန်းတံခါးချပ်ကို
လက်ပိုက်ရပ်ကြည့်နေသော သံစဉ်ကို လှမ်းပေးပြီး ရတနာဆိုင်သွား
ခပ်သွက်သွက် ပြင်ဆင်လိုက်၏။

သာယာချိုမြိန်ခြင်းတွေက ကိုယ့်ဆီကို ရောက်မလာကြ
တော့ ထိုသာယာချိုမြိန်နေသော နေရာကို ကိုယ်ကပဲ ရှာဖွေ၍ သွား
တော့မှာပေါ့။

လင်းလက်သော အတွေးချိုချိုတွေနှင့်အတူ လေလေးတွ
ဖြင့် အထင်ကရ၏လှုပ်ရှားမှုတွေက နံနက်ခင်းနေခြည်နှင့်အပြိုင်





ခန်းမြူးကြွလို့နေ၏။

"ဒီမှာ ဆွိဆိုတာ ဘယ်သူလဲ"

Hair Coat လိမ်းနေသော အထင်ကရ၏ပခုံးကို ခပ်ဆတ်ဆတ်
တ်ကာ မအောင့်အီးနိုင်သော မေးခွန်းကို ထုတ်မေးလိုက်သည်။

သံစဉ်ရဲ့မျက်ဝန်းတွေမှာ မနာလိုခြင်းအရိပ်တွေ တဖျတ်ဖျတ်
ခင်းလက်နေတာကို အထင်ကရ အလွယ်တကူ ရှာတွေ့လိုက်၏။

သို့သော် သူလည်း ဘာမှမတတ်နိုင်တော့။

ကိုယ်နှင့်သူမကြားမှ ဆက်ဆံမှုက မှန်တစ်ချပ်လို ကွဲအက်ကြေမွ
နေမှတော့ ဘယ်လိုလုပ်ပြီး ပြန်ဆက်၍ရတော့မှာလဲ။

ဒီတော့ ကိုယ့်ရဲ့အနာဂတ်ကို ကိုယ်တိုင်ပဲ ရွေးချယ်ရတော့မှာ
ပေါ့။ တဆိတ် ငါ့ရဲ့အနာဂတ်ကို ဝင်စွက်ဖက်ဖို့ မကြိုးစားပါနဲ့ သံစဉ်။
တစ်ခါတော့ ငါ လုံးဝအလျှော့ပေး သည်းခံမှာမဟုတ်တော့ဘူးဆိုတာ
င် နားလည်ထားစမ်းပါ။

စိတ်ထဲက ရေရွတ်နေပေမယ့် မျက်ဝန်းက စကားတွေပြောနေ
သယောင်ဖြင့် သံစဉ်ရဲ့မျက်နှာပေါ်က ခံစားမှုတွေကို တစ်ဝကြီး ဖတ်နေ
လိုက်သည်။ သံစဉ် မျက်နှာပေါ်မှာ မနာလိုရိပ်တွေ ပြည့်နှက်နေတာကို
အထင်ကရ ကျေကျေနပ်နပ်ကြီး တွေ့မြင်နေရ၏။

"ဒီမှာ ငါ မေးနေတယ်လေ၊ ဆွိ ဆိုတဲ့မိန်းမက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် သိစရာလိုလို့လား သံစဉ်၊ ငါ့ရဲ့ကိုယ်ရေးကိုယ်တာ
ကို စပ်စုတာ ငါ မကြိုက်ဘူး"

အထင်ကရ ပုံစံက တည်ငြိမ်လွန်းနေ၏။

"အဲဒါဆို ငါက နင့်အတွက် ဘာလဲ"

"အပေါ်တ် ဒီမှာ အိပ်ရာမနိုးသေးတဲ့ မျက်လုံးတွေနဲ့ ကြေ
တောင်တောင် ဇေါက်တောက်တောက် မေးခွန်းတွေ ငါ့ကို လာမေး
ငါ စိတ်ဝင်စားမယ်များ ထင်နေလား"

"ဘာ"

သံစဉ် ဒေါသတကြီးဖြင့် အော်လိုက်သည်။

"ဒီမှာ နင်နဲ့စကား နပန်းသတ်ဖို့ ငါ့မှာ အချိန်မရှိဘူး။
က အချိန်တွေကို ငါတို့အသက်ထက် တန်ဖိုးထားပြီး ကိုယ့်တန်ဖိုး
မြှင့်နေတဲ့သူတွေ၊ ဒီတော့ ငါနဲ့ ခပ်ဝေးဝေးနေပေးပါ"

အထက်စီးနင်းဆန်သော အထင်ကရ၏စကားလုံးတွေ
သံစဉ့်နားထဲသို့ အစီအစဉ်မကျ တိုးဝင်လာပုံများ သံစဉ်ရဲ့သိက္ခာ
နံ့ရုံတစ်ချပ်နဲ့ လွှဲရိုက်နေသလိုပါပဲ။ ခံရခက်လွန်း၏။

သို့သော် တုံ့ပြန်စရာစကားလုံး မရှိ၊ သိမ်ငယ်စရာကောင်း
ဒေါသတွေက သံစဉ့်မျက်နှာပေါ်ကို တရိပ်ရိပ် ဆန်တက်လာကြ
ဒေါသတွေကို အထင်ကရ လုံးဝဂရုမစိုက်။ ဂရုစိုက်စရာ ဘာအ





ဘူးဟု တွေးထားပုံရသော ခပ်မိုက်မိုက် စတိုင်နှင့် ကားသော့နှင့်ဖုန်း
ကောက်ကိုင်ကာ သံစဉ့်ရှေ့မှ ထွက်သွား၏။

ကိုယ့်ရှေ့မှ ထီမထင်သော မျက်နှာပေးဖြင့် တစ်ချက်ကလေးမှ
ဘင်းငဲ့မကြည့်ဘဲ ထွက်သွားသော အထင်ကရကို ငေးကြည့်ကျန်ရစ်ပြီး
သံစဉ့်ရင်ထဲမှာ ဖျတ်ခနဲ ဟာသွားသည်။

မျက်နှာပေါ်မှာ ဒေါသတွေအစား မနာလိုမှုရဲ့အရိပ်တွေ လှစ်
ခနဲ ပြောင်းလဲသွား၏။

ကိုယ့်အနားမှ ထွက်မသွားဖို့ အထင်ကရ လက်ကို ဖမ်းဆွဲထား
အောင်လည်း ကိုယ့်မှာ ခိုင်လုံတဲ့အင်အားက မရှိ။ ကိုယ့်ရင်ဘတ်ကို
ဓားဆစ်နှင့် အကြိမ်ကြိမ် ပက်နေသလို ခံစားရတဲ့ ဝေဒနာက နည်းတဲ့
ဝေဒနာမှ မဟုတ်တာ။

အရာရာကို လိုတရပြည့်စုံနေတဲ့ ကိုယ့်ဘဝမှာ အချစ်က ဘာလို့
ကိုယ့်အလိုဆန္ဒတွေကို ဖြည့်ဆည်းမပေးတာလဲ။

တစ်အိမ်တည်းအတူနေပြီးကာမှ ရင်ဘတ်ချင်း မနီးစပ်နိုင်တာ
ဘယ်လောက် ဆိုးဝါးလိုက်သလဲ။ လောကကြီးက ဘဝနှစ်ခုကို ရက်ရက်
ရောရော ပေါင်းစပ်ပေးပြီးကာမှ ရင်ဘတ်နှစ်ခုကြားထဲကို အချစ်တွေ
ဖြည့်မပေးသေးတာကြောင့် အင်မတန် ရက်စက်လွန်းရာ ကျပါသည်။

ဝေ့ခနဲ ကျလာဆဲဆဲ မျက်ရည်တွေကို မျက်တောင်ကော့ကော့



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ပုတ်ခတ်သိမ်းသွင်းလိုက်ရင်း အထင်ကရ အိပ်ရာပေါ်ကို ဝုန်းခနဲ မှောက်အိပ်လိုက်သည်။

မျှော်လင့်ချက်တွေနှင့် ခြောက်သွေ့အက်ကွဲနေသော မရေရာသည့် အနာဂတ်ကို ရင်မဆိုင်ရဲစွာဖြင့် မျက်ဝန်းနှစ်ဖက်ကို အသည်းကြီးစွာ စုံမှိတ်လိုက်၏။

ကြေကွဲဆို့နစ်ခြင်းတွေနှင့်အတူ ကိုယ့်ရင်ခုန်သံတွေကို ကိုယ်ပြန်နားစွင့်ဖို့ ကြိုးစားလိုက်၏။

ရင်ခုန်သံတွေ ငိုနေကြလေ၏။

■ ■ ■



## အခန်း (၂၀)

"သံစဉ် မင်း အရမ်းမူးနေပြီ၊ ကိုယ် ပြန်လိုက်ပို့ပေးမယ်လေ"

"ရတယ် ဂျွန်၊ သင့်ခယူ ရတယ်၊ ကျွန်မဖာသာပဲ ပြန်မယ်"

စိတ်တွေ ရှုပ်ထွေးလွန်း၍ သံစဉ် ဒီည အပြတ်ကို သောင်းကျန်းလိုက်သည်။

နေခြည်တို့ ကေရိတို့နှင့်တော့ မဟုတ်။ အေမီတို့အဖွဲ့နှင့် ဖြစ်သည်။

"သံစဉ် ယူ့ဖာသာ ပြန်လို့ မလွယ်ဘူးထင်တယ်ဟယ်၊ ဂျွန်ပဲ ပြန်လိုက်ပို့လိုက်တော့"

မူးရွဲနေပြီး ကိုယ့်ခန္ဓာကိုယ်ကို ဟန်ချက်ညီအောင် မထိန်းနိုင်ဘဲနေသော သံစဉ်ကို ဒီအတိုင်း ကားမောင်းခိုင်းပြီး ပြန်ဖို့ လုံးဝစိတ်မချ။

"ဟင့်အင်း နေပါစေ၊ ဂျွန်လိုက်ပို့ရင် ကျွန်မကို အထင်ကရ



www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲလိမ့်မယ်''

ရိုဝေလေးတွဲသော အသံနှင့်ပြောနေသော သံစဉ်ရဲ့အာရုံထဲ
အထင်ကရ အထင်လွဲမှာကိုတော့ သေမလောက် ကြောက်နေပါ၏

''ဟာ ယူကလည်း ရှင်မူးနေတယ်လေ၊ ဥျှန် လိုက်ပို့တာ
ဘာရှော့ခ်ဝင်စရာအကြောင်းရှိလဲ၊ စိုးရိမ်စရာမရှိ ကြဖန်စိုးရိမ်နေတယ်
ရှင့်လူ ကျိုင်ပူလာရင် ကိုယ်တို့ ဝင်ရှင်းပေးမယ်ဟုတ်ပြီလား၊ အိုကေ
တယ်နော်''

''ကဲ ဥျှန် ယူပဲလိုက်မောင်းပို့လိုက်၊ ယူ့ကားကို ကိုယ်နဲ့သော်
ယူပြီး ရှင်တို့ကားနောက်က လိုက်ခဲ့မယ်''

မူးနေသော သံစဉ်ကို ကားမမောင်းစေလို၍ အကွက်ချ စီ
နေသော အေမီ့စကားကြောင့် ဥျှန်သံစဉ် ကားရှေ့ခန်း မောင်းသူနေ
တွင် ဝင်ထိုင်လိုက်သည်။

လိုက်ပို့ပေးချင်တဲ့သူက ကိုယ့်ကားပေါ်တောင် ရောက်နေပြီ
တော့ ဘယ်လိုမှ ငြင်း၍မရတော့။ သံစဉ် ဥျှန့်ဘေးနားမှာ ခပ်လေးလေး
ဝင်ထိုင်လိုက်သည်။ စိတ်ထဲမှာတော့ အိမ်ပြန်ရောက်လျှင် အထင်က
စကားပြောရဦးမည်။

အို ဘာရှုံးကျိုက်စရာလဲ။ သူတောင် ဆွဲဆိုတဲ့ မိန်းမနဲ့ဖောက်ပြ
နေသေးတာပဲ။ သံစဉ်နဲ့ဥျှန်ကို တွဲပြီး တွေ့သွားတော့ရော ဘာကြေ





ဖြေရှင်းချက်ပေးစရာလိုမှာလဲ။ အဓိကက သံစဉ်တို့ ရိုးသားကြတာပဲ။
ဥျှန်နဲ့တွဲလို့လည်း သံစဉ်ရဲ့ ဂုဏ်သိက္ခာတွေ ကျဆင်းသွားစရာ ဘာ
အကြောင်းမှ ပိုထူးပြီး ရှိလာမှာမှ မဟုတ်တာ။

အတွေးတို့နှင့်အတူ ဥျှန် မောင်းလာသော သံစဉ်၏ကားလေးက
ညမီးတိုင် ထိန်ထိန်တွေအောက်မှာ တရိပ်ရိပ်နှင့် သံစဉ်အတွေးတွေကို
အိမ်သို့ဆောင်ကြဉ်းပေးနေ၏။

''သံစဉ် မင်းတို့အိမ်ထောင်ရေးမှာ ရှော့ခ်ဝင်နေတယ်ဆို ဟုတ်
လား''

''ရှင့်ကို ဘယ်သူပြောလဲ''

''အေမီ ပြောတာလေ၊ တစ်နေ့က မင်းလူကို ကောင်မလေး
တစ်ယောက်နဲ့ ရှော့ပင်းမော်လ်တစ်ခုမှာ တွေ့လိုက်တယ်တဲ့''

ရင်ထဲမှာ အောင့်မျက်သော ဝေဒနာနှင့်အတူ ခပ်ဆွေးဆွေး
အပြုံးမဲ့လေးဖြင့် တုံ့ပြန်လိုက်ပြီး

''သူလည်း သူ့ဖယားနဲ့သူပေါ့လေ၊ ကျွန်မဘက်က သူ့ရဲ့စိတ်ကို
ခြယ်လှယ်ပိုင်ခွင့်မှမရှိတာ''

''ဒါတော့ ဒါပေါ့ကွာ ဒါပေမဲ့ ကိုယ့်မှာ မိန်းမရှိရဲ့သားနဲ့ နောက်
တစ်ယောက်ကို ဖီးလ်ဖြစ်တာတော့ သံစဉ်အပေါ်မှာ သက်သက်ရင့်တာပဲ''

ဥျှန် သံစဉ်ဘက်က ရပ်တည်ပေးချင်စိတ်ဖြင့် သံစဉ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မခံမရပ်နိုင် ဖြစ်နေ၏။

"ကျွတ် ထားလိုက်ပါ ဥန်ရယ်၊ သူ့ဟာသူ အရှိန်ကုန်ရင် ရပ်သွားလိမ့်မယ်"

ရင်ထဲက နာကျင်တာတွေကို ဟန်ဆောင်ဖုံးကွယ်ရင်း ဘာမှ မဖြစ်သောလေသံဖြင့် ခပ်ပေ့ါပေ့ါပင် ပြောလိုက်၏။

"ဒါဆို သံစဉ်လည်း အားကျမခံ ကိုယ်နဲ့တွဲကြရအောင်၊ ကိုယ့်ဘက်က သံစဉ်ရဲ့အထီးကျန်မှုတွေကို ပျော်ရွှင်စရာတွေအဖြစ် ပြောင်းလဲဖန်တီးပေးချင်တယ်၊ မင်းရဲ့စိတ်မချမ်းမြေ့မှုတွေကို ခါချခဲ့ပြီး ကိုယ့်ဆီလာပါလား၊ ရင်ခုန်သံချင်း ညှိကြမယ်လေ"

ဆိုဖာနောက်ကျောကို ခေါင်းမှီရင်း သံစဉ် ခပ်မဲ့မဲ့ပြုံးလိုက်ပြီး

"အဟင်း ရယ်ရတယ်၊ ကျွန်မအဖြစ်က ကြောင်ဆီမှာ ငါးကြော် အပ်မိသလို ဖြစ်နေပြီထင်တယ်"

"ဟင့်အင်း အဲဒီကြောင်လေးက ငါးကြော်ကို မစားရက်လို့ ဒီအတိုင်း အလှကြည့်ထားမှာ"

ဥန်စကားကြောင့် လက်ခုပ်ကလေးခပ်ဖွဖွတီးကာ မျက်နှာလေး ပင့်မော့ပြီး ခပ်လွင်လွင်ရယ်လိုက်သည်။

ဥန်က အလာကြီးပဲ၊ သူက အကတင်တော်တာမဟုတ်၊ မိန်းမ တစ်ယောက်ကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုသည့်အထာလည်း ကျွမ်းနေ





ပါလား။ တကယ် ရယ်ရသည်။ အထင်ကရသာသိလျှင် သံစဉ့်အဖြစ်ကို ကြည့်ပြီး သူ့ကိုယ်သူ ကလိထိုးပြီးတောင် ရယ်မလားပဲ။

"ဘယ်လိုလဲ အလှကြည့်ခွင့်ပေးမှာလား"

"သဘောပေ့ါ အလှကြည့်တာလောက်တော့ ကျွန်မအသား ထွက်သွားတာမှ မဟုတ်တာ၊ အဟင်း ဟင်း ပြီးရင်သာ ရှင့်ကို ငါး ကြော်ကို အလှကြည့်တဲ့ ကြောင်ကလေးအဖြစ် ဝက်ဘ်ဆိုဒ်တွေပေါ် တင်ရမယ်၊ ဒါမှ ကမ္ဘာကျော်သွားမှာလေ အဟင်း ဟင်း ဟင်း ခစ် ခစ် ခစ်"

"ဘာလဲ လူကိုလှောင်တာလား"

"ဟင့်အင်း မလှောင်ပါဘူး၊ ကျွန်မလည်း ဥန်ကို သဘောကျ ပါတယ်၊ ဥန်က ပွင့်လင်းပြီး ချစ်ဖို့ကောင်းတယ်"

"ဒါဆို ကိုယ် အိမ်လာလည်မယ်လေ"

ဥန် တစ်ဆင့်တက်၍ အခွင့်အရေးတစ်ခု ထပ်တောင်းသည်။

"အင်း လာလို့တော့ရတယ်၊ ဒါပေမဲ့ ကျွန်မ သိပ်တော့ မအား ဘူးနော်"

"ဟင် နေ့ခင်းဘက်ကို သံစဉ် တခြားအလုပ်ရှိလို့လား"

"ရက်စ် ရှိတာပေ့ါ၊ စားဖိုမှူးတစ်ယောက်ကို အိမ်ခေါ်ပြီး အချက်အပြုတ်နဲ့ အိမ်အလှဆင်နည်း သင်နေတယ်၊ ဒါပြီးရင် ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဦးစီးခိုင်းထားတဲ့ အလုကုန်လုပ်ငန်းဗယားတွေကို လေ့လာရတယ်"

"ဟာ တို့သံစဉ်လေးက ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ အမြော်အမြင်ရှိပြီး ထက်မြက်တဲ့မိန်းကလေးပဲ"

"အို ဒါပေါ့ ရှိရမှာပေါ့ အဟား ဟား အထင်ကရ တွဲနေတဲ့ ဆွိ ဆိုတဲ့မိန်းမရဲ့ အရည်အချင်းလောက်ကို သံစဉ်တို့က စာမဖွဲ့ဘူးဆို တာ အထင်ကရ သိသွားစေရမယ်လေ၊ ဘာမှမလုပ်ချင်လို့သာ မလုပ် တတ်ဘူးဆိုပြီး သက်တောင့်သက်သာလေး နေလာတာ၊ ဟွန်း မိန်းမ တစ်ယောက် သိထားတတ်ထားသင့်တဲ့ နည်းပညာတွေကို တစ်လ မလေ့လာရပါဘူး ဠျန်ရာ၊ ရှင်ပါ ဝါသနာပါရင် ကျွန်မနဲ့အတူလာပြီး လေ့လာလို့ရတယ် အိုကေ"

"စိန်လိုက်လေ ဠျန်တို့က ဘွာမခတ်ကြေးထဲကပဲ"

သံစဉ် ဠျန့်စကားကြောင့် ခပ်လေးလေး ရယ်လိုက်သည်။

ရီဝေဝေ စကားဝိုင်းလေးတစ်ခုကို အပျင်းပြေ ပြောဆိုနေကြ ရင်း အိမ်သို့ရောက်မှန်းမသိ ရောက်လာသည်။ ခြံထဲကို ကားဝင်လိုက် သည်နှင့် မြင်လိုက်ရသော မြင်ကွင်းကြောင့် သံစဉ် ခပ်ရိပ်ရိပ်မှုးနေသော အမူးတွေပင် ပျောက်သွားသလိုပင်။

"ဠျန် ခုလို အိမ်အထိလိုက်ပို့ပေးတဲ့အတွက် သင့်ခယူပဲကွာ၊ See you "





အိမ်ကြီးရှေ့ပေါ်တီကိုအောက် ကားရပ်လိုက်သည်နှင့် သံစဉ် ကားပေါ်မှဆင်းကာ ဠျန့်ကို ကျေးဇူးတင်စကား ဆိုလိုက်၏။

"စီးယူ ဠွတ်နိုက်"

ဠျန် သံစဉ့်ကားပေါ်မှ ဆင်းကာ နှုတ်ဆက်လိုက်သည်။

"ကဲ ကိုယ်လစ်ပြီ ခြံရှေ့ကနေပဲ သင်္ဂီတို့ကားကို သွားစောင့်နေ လိုက်တော့မယ်"

ဠျန့်အကြည့်တွေက ခြံထဲရှိ ခုံတန်းမှာ ထိုင်နေသော အထင် ကရနှင့် ဆွိထံသို့ ဝေ့ကြည့်လိုက်ပြီး ပခုံးလေးကို ဆတ်ခနဲ တွန့်လိုက် သည်။ ဠျန့်မျက်နှာမှာ လှောင်ပြုံးရိပ်တစ်ခု ပေါ်လာသည်။

သံစဉ့်ခြေလှမ်းတွေက အထင်ကရနှင့် ဆွိထံသို့ ခပ်မှန်မှန် လျှောက်သွားလိုက်၏။

"ဆွိ အတော်တောင် ညဉ့်နက်နေပြီ ခုချိန်ထိ မပြန်သေးဘဲကိုး"

"အင်း ဟုတ်တယ် သံစဉ်၊ အိမ်က ကားလာမကြိုသေးလို့ စောင့်နေတာ"

ဆွိ မလုံမလဲ မျက်နှာလေးဖြင့် သံစဉ့်ကို ခပ်အေးအေးဆို၏။ အထင်ကရ ဆွိဘေးမှာ ကပ်ထိုင်နေရင်းမှ သံစဉ်ကို မနှစ်မြို့သော အကြည့်ဖြင့်ကြည့်ကာ

"မင်း မူးလာတယ်ဆိုရင် သွားနားလိုက်တော့ သံစဉ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်နံ့ငါ့ကို အနှောင့်အယှက် လာမပေးနဲ့၊ မင်းလည်း အပျော်ရှာ နဲ့ ဝလာတာပဲမဟုတ်လား''

ထွန်းလိုက်ပို့တာကို တွေ့လိုက်၍ အထင်ကရ တမင်ခနဲ့လိုက်ခြင်း ဖြစ်သည်။

''ဟင့်အင်း မှားနေပြီ၊ အထင်ကရရဲ့ သံစဉ်ဆိုတဲ့ မိန်းမက အပျော်တွေနဲ့ပတ်သက်လာရင် ဘယ်တော့မှ အာသာမပြေတဲ့သူတစ် ယောက်၊ ဒြော် ဆွိကို ကြုံတုံးဖိတ်လိုက်ဦးမယ်၊ ခုလာမယ့် ဆန်းဒေး သံစဉ့်မွေးနေ့လေ၊ အဲဒါ ညပိုင်းဒင်နာလေး လုပ်မလားလို့ ဆွိ လာမယ် မဟုတ်လား''

သံစဉ့်ဖိတ်ခေါ်မှုကြောင့် ဆွိ အားတုံ့အားနာဟန်လေးဖြင့် မျက် လုံးဝင့်ကြည့်ကာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

အိုဟာဖြစ်လွန်းနေသော ဆွိရဲ့ဟန်ကိုကြည့်ပြီး သံစဉ် စိတ်မျက် သော အပြုံးတစ်ချက်ကို လှစ်ခနဲ ပြုံးလိုက်၏။

ပုံစံကတော့ အတော်လေး မိန်းမပီသသည့်ရိုက် ဖမ်းထားသည်။ မိန်းမဆန်ဆန် သဘောက်အင်္ကျီ ကြည်ပြာနုရောင်လေးကို အထက် အောက်ဆင်တူ ဝတ်ထားပုံက သံစဉ့်မျက်စိထဲမှာ သကြြန်တွင်း စင်ပေါ် တက်ကသည့် ယိမ်းသမနှင့်ပင် တူနေသယောင်ယောင်။ ဒီလို ယဉ်ကျေး သိမ်မွေ့ဟန်ပြနေတဲ့ မိန်းကလေးတစ်ယောက်က အိမ်ထောင်ရှိပြီးသား





ယောကျ်ားတစ်ယောက်၏ အိမ်မှာ ညဉ့်နက်တဲ့အထိ မပြန်သေးဘူးဆိုတော့ ရယ်စရာတော့ ကောင်းသား။ ဒီလို ညဉ့်နက်သန်းခေါင် အိမ်လည်တတ်တဲ့ မိန်းကလေးမျိုးကိုမှ အထင်ကရ အမြင်မှာ တန်ဖိုးရှိတယ်တဲ့လား။

''အိုကေ ကျေးဇူးတင်တယ်၊ ဒင်နာပွဲလေးက တခြားသူတွေ မပါပါဘူး၊ သံစဉ်တို့လင်မယားရယ် ရှင်ရယ် သံစဉ့်မိတ်ဆွေ ထွန်းရယ် လေးယောက်တည်း''

''လာပေးလိုက်ပါ ဆွိ၊ ကိုယ်လည်း ကိုယ့်အမျိုးသမီးရဲ့ အရည် အချင်းတွေကို ဆွိ မြင်အောင် လက်တွေ့ပြချင်နေတာနဲ့ အတော်ပဲ''

''အို ကိုကလည်း သံစဉ့်ကို အားနာစရာ''

ကာမပိုင်မယားတစ်ယောက်လုံးရှေ့မှာ တစ်ကိုတည်း ကိုနေ သော ဆွိ၏အရှက်မရှိပုံကို အသည်းယားလွန်း၍ ဖြစ်နိုင်လျှင် ...မျက်နှာ တစ်ပြင်လုံး သွေးစိမ်းရှင်ရှင် ထွက်အောင်ပင် ကုတ်ဖဲ့ပစ်လိုက်ချင်၏။ သို့သော် ထိုစိတ်ကို ချိုးနှိမ်ပြီး သံစဉ် အတတ်နိုင်ဆုံး ပြုံးလိုက်သည်။

''ရတယ် အားနာစရာအကြောင်း ဘာမှမရှိဘူး။ ဟုတ်တယ် နော် သံစဉ်''

''ဟုတ်တာပေါ့ ဆွိရယ်၊ သံစဉ်ရဲ့တန်ဖိုးမဲ့တာတွေကို အထင် ကရ ပြောရုံလောက်နဲ့ ဘယ်လုံလောက်မလဲ၊ ရှင်ကိုယ်တိုင်လာကြည့်မှ သိထားတာထက် ပိုအံ့ဩသွားရမှာ''



www.burmeseclassic.com

www.burmeseclassic.com



လိုတာထက်ပို၍ ခပ်ရွဲ့ရွဲ့ပြောပစ်လိုက်ပြီး ငွေမင်ရောင်လည်သာ အိတ်အလုံးလေးကို ပခုံးထက်မှာ စလွယ်သိုင်းလွယ်လိုက်ပြီး အိမ်ဘက်သို့ ခပ်ယိုင်ယိုင် ခြေလှမ်းတွေဖြင့် လှည့်ထွက်ခဲ့လိုက်၏။

အထင်ကရ အမြင်အရဆိုလျှင်တော့ သံစဥ့်ပုံစံက သူ့ကို တမင်လာရွဲ့နေကာဟု ထင်သွားမှာ သေချာ၏။

ရင်ဘတ်ထဲမှာကတော့ ဘီယာခွက်ထဲမှ လျှံထွက်လာသည့် အမြှုပ်တွေလို ဆူဝေတက်နေသော ရင်ထဲက အပူမြှုပ်တွေကိုတော့ ဘာနဲ့ခြစ်ယူရမှန်း မသိတော့။

အထင်ကရရယ် နင်က အဲဒီလောက်ထိ ငါ့ရင်ကို ဆုတ်ချေနိုင်သတဲ့လား။

နင့်ရက်စက်မှုတွေက ငါ့ရင်ကို တဲကယ် ခါးစေတယ် သိလား

■ ■ ■



## အခန်း (၂၁)

"မင်းတို့အဖြစ်က အပျက်ပျက်နဲ့ နာခေါင်းသွေးလျှံမယ့်အဖြစ်ကို ရောက်နေပြီ"

"နာခေါင်းသွေးထွက် လုပ်စမ်းပါကွာ"

အတွင့်စကားကို အာကာက ဝင်၍ထောက်၏။

"ဟ သွေးထွက်ရုံတင်မဟုတ်တော့ဘူး၊ သူတို့နှစ်ယောက်ရဲ့ အခြေအနေက သွေးပါလျှံတဲ့အဖြစ်ကို ရောက်နေပြီ"

စိတ်မောစွာဖြင့် ပြောဆိုဝေဖန်နေသော သူငယ်ချင်းနှစ်ယောက်ကိုကြည့်ပြီး အထင်ကရ ဖန်ခွက်ထဲမှ လက်ကျန်ဘီယာကို ထပ်မော့လိုက်သည်။

နောက်တစ်ခါ ဘီယာဘူးထဲမှ ဘီယာအချို့ကို ဖန်ခွက်ထဲ ငှဲ့



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်သည်။ ဆူဝေတက်လာသော အမြှုပ်တွေကို အထင်က

ကြည့်နေကြပြီပဲ။

"ဒီဖာတ်လမ်းက ငါကခဲ့တဲ့ ဖာတ်လမ်းမှ မဟုတ်တာ"

အထင်ကရ၏ ရှောင်လွှဲချက်ဆန်သော စကားကြောင့်

က အထင်ကရကို စေ့စေ့စိုက်ကြည့်လိုက်ပြီး

"မင်းစပြီးကတဲ့ဖာတ်လမ်း မဟုတ်ပေမယ့် ဒီဖာတ်

မင်းက မင်းသားအခန်းကဝင်ကနေရတာလေ၊ ဒီတော့ စိတ်ပါပါ

ဘေးပရိသတ်တွေ ကြည့်ကောင်းရှုကောင်းအောင်တော့ လှလှ

ကပြရမှာပေါ့"

အထွဋ်၏ ဝေ့လည်ကြောင်ပတ် ဖြေလိုက်သော အထ

စကားကို ဒဲ့ပြောချလိုက်သည်။

အမှန်တကယ်လည်း သူတို့နှစ်ယောက်ရဲ့သွေးအေး

ကြပုံတွေက ဘေးလူတွေကို စိတ်မောရင်မောစေသည်ပဲလေ။

"နောက်ပြီး မင်းနဲ့ဆွိနဲ့က ဘာအထာတွေလဲ၊ မသင့်

မအပ်စပ်ပါဘူးကွာ"

"ကျွတ် ဒါ ငါ့ကိစ္စပါကွာ"

စိတ်မရှည်စွာ ဖြေလိုက်သော အထင်ကရစကားကြောင့်

နှင့်အာကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စိတ်မသ





နှာဖြင့် ခေါင်းကိုခါရမ်းလိုက်သည်။

"ဘာလဲ မင်းနဲ့သံစဉ်ရဲ့ကြားမှာ သူ့ကိုအသုံးချဖို့ လိုအပ်လို့

သား၊ မင်းမို့ ကြံကြံဖန်ဖန်ကွာ၊ ဆွိကို ရာဇဝတ်သွားရတယ်လို့"

အာကာ ရယ်ကျဲကျဲဖြင့် ဆို၏။

"ဘာပဲဖြစ်ဖြစ် ဆွိက ဘာလဲ ဘယ်သူလဲဆိုတာ မင်းတို့ကလွဲ

ပြီး ဘယ်သူမှသိလို့မဖြစ်ဘူးနော်၊ ဟော့ကောင်တွေ မင်းတို့ ငါ့ကို အဲဒါ

တော့ ကတိပေးမလား"

အထင်ကရ စကားကြောင့် မအူမလည်ပုံစံတွေဖြင့် အထင်ကရ

ကိုကြည့်ကာ

"မင်း အတည်မဟုတ်ဘူးဆိုရင် ငါတို့ ကတိပေးတယ်"

အထွဋ်၏တောင်းခံလိုက်သော ကတိစကားကို အပြုံးယဲ့ယဲ့ဖြင့်

ခေါင်းညိတ်ကတိပေးလိုက်ရင်း ဘီယာခွက်ကိုယူပြီး တစ်ငုံထပ်မော့လိုက်

ပြန်၏။

"မင်း ဘာတွေခံစားနေသလဲဆိုတာ မင်းဖွင့်မပြောလည်း ငါ

တို့သူငယ်ချင်းအားလုံး သိတယ်၊ ဒါပေမဲ့ ပွဲက နှစ်ဖက်စလုံး တင်းနေ

တော့ နိုင်ခြေကို ခုထိမမြင်သေးဘူး"

"ဟ နိုင်ခြေမမြင်ရအောင် သူရောငါရော ပြိုင်ပွဲတစ်ခု

စိတ်တူကိုယ်တူ ဆင်နွှဲနေတာမှမဟုတ်တာ၊ ငါ့ဘက်က သူ့ကိုလုံးဝပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အရှုံးအနိုင်ဆိုတာလည်း သူနဲ့ငါကြားမှာ သတ်မှတ်ချက်တစ်ခု
စည်းမထားထားဘူး၊ ငါ့ဘက်က သူ့ရဲ့သမိုင်းကြောင်းကို ပြန်ပြင်ပေး
နေချင်တဲ့စေတနာလေးပဲ ရှိတယ်''

''ဒါက မင်းရဲ့စေတနာလေ၊ မင်း သူသိအောင် မြင်အော
လုပ်ပြခဲ့လို့လား''

''အေးလေ အခုဆို မင်းက တွဲတော့ သူကလည်း ဂျွန်
ကောင်နဲ့ တွဲပြနေတာပဲကြည့်''

အာကာ့စကားကို အထွဋ်ကပါ ဝင်၍ ထောက်ခံပေး၏

''အေး ဂျွန်ဆိုတဲ့ အဲဒီကောင် ဘယ်ကလဲ၊ အရင်က ကယ
မလာဖူးပါဘူး''

အာကာက ဖဝေဖဝါ အမေးဖြင့်မေးရင်း အမြည်းပန်းကန်
ထဲမှ အာလူးကြော်တစ်ချပ်ကို ကောက်ယူကာ ဂျွတ်ခနဲ ဝါးလိုက်သ

''အေမိတ္တို့ ခေါ်လာတာပဲ၊ ပုံစံကတော့ နည်းနည်းမိုက်
ကန်းပုံစံပဲ၊ အထာတော့ သိပ်မကျဘူးကွ''

''အဟား မင်းတို့က အဲဒီအဆင့်ပဲ သိတာကို၊ အခု ဂျ
အိမ်ပေါ်တောင် နယ်မြေတက်ချဲ့နေပြီလေ၊ ဒါကို မင်းတို့ မသိ
မဟုတ်လား''

အထင်ကရ၏စကားကြောင့် နှစ်ယောက်စလုံး အထူးအ





ဝန်းတွေဖြင့် ဝိုင်းကြည့်ကြ၏။ သူတို့အကြည့်၏အဓိပ္ပာယ်တွေက
တော့ မင်း ဒါကိုလက်ပိုက်ကြည့်နေသလားပေါ့။

အထင်ကရ ထိုအကြည့်တွေကို လွှဲလိုက်ပြီး ပင့်သက်ကြီး
ချက်ကို ရင်မောစွာ ရှိုက်ထုတ်လိုက်သည်။

''ဒါ သူ့စတိုင်ပဲလေ၊ ငါတောင် အဲဒီလို အဖြစ်မျိုးနဲ့ သူ့ကို
ထပ်ယူရတဲ့အခြေအနေထိ ဖြစ်ခဲ့သေးတာပဲ''

''ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ မင်းက သူ့ရဲ့ကာမပိုင်လင်လေကွာ၊
လို ဖောက်ပြန်စရာလား၊ ကဲ အဲဒီလိုပဲ ရိုးရိုးပြောလိုက်တော့မယ်''

အထွဋ် အားမလိုအားမရပုံစံဖြင့် လက်ထဲက ဘီယာခွက်ကို
ဆင့်ချလိုက်ပြီး မကျေမနပ်ဆို၏။

,သံစဉ် လုပ်ပုံတွေကိုကြည့်ပြီး ဘေးက သူငယ်ချင်းတွေပင်
လာကြသည်။

''ရှုပ်ပါတယ်ကွာ၊ ဒီတစ်ခါ ဒီကောင်အိမ်ပေါ်တက်လာရင် အဲဒီ
ကောင်ကိုရော သံစဉ်ကိုရော မင်းရဲ့လက်သီးစာသာ အမြည်းကျွေးလိုက်
ကွာ၊ ဒါမှ သံစဉ်လည်းမှတ်ပြီး အိမ်ကို မခေါ်ရဲမှာ''

အာကာ မကျေမနပ်ဖြင့် မြှောက်ပေး၏။

သူတို့ သံစဉ်အပေါ်မှာ မှားယွင်းတဲ့အပြစ်တွေ ပေးခိုင်းတယ်
ဆိုလျှင်တောင် ဒါဟာ စေတနာအမှားပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါကွာ မိန်းမတစ်ယောက်ကို လက်ပါလောက်အောင် ရိုက်
နက်ဆုံးမမရတဲ့အဖြစ်မျိုး ငါ့ရဲ့အဘိဓာန်မှာ မရှိဘူးကွ၊ ငါ ဘယ်တော့
သူ့ကိုသက်ဖျားနဲ့မတို့ဘူး"

အထင်ကရ ရင်ထဲရှိသည့်ဆန္ဒအတိုင်း ပြောလိုက်ခြင်း ဖြစ်
သည်။ မိန်းမတစ်ယောက်ကို လက်ထပ်ပြီဆိုကတည်းက ချစ်ဖို့ပဲလေ
ရိုက်နှက်ဆုံးမဖို့မှ မဟုတ်တာ။ ဒီလိုလုပ်ရပ်မျိုးဟာ ယောကျ်ားတစ်
ယောက်ရဲ့စိတ်ဓာတ်နဲ့ ဂုဏ်သိက္ခာကို နိမ့်ပါးသွားစေနိုင်တယ်လို့ အထင်
ကရ ယူဆမိ၏။

"အေး ငါ ကြားထားတာ တစ်ခုရှိတယ်၊ မင်းကတော့ ငါ့ထက်
ပိုသိမှာပေါ့။ ဒံစဉ် အခု စားဖိုမှူးတစ်ယောက်ကို ခေါ်ပြီး ချက်ပြုတ်နည်း
သင်နေတယ်ဆို၊ ဘာအကွက်တွေ ရွှေဦးမလဲ မသိဘူး၊ တစ်ခုခုတော့
တစ်ခုခုပဲ"

အာကာ နားမလည်စွာဖြင့် နားထင်ကို လက်ညှိုးနှင့် ကုတ်ခြ
မှင်း လေချဉ်တစ်ချက်တက်ကာ သူကြားထားသည်ကို အထင်ကရအား
ပြန်ပြောပြ၏။

"ဟင့်အင်း ငါ မသိဘူး၊ မင်းကို ဘယ်သူပြောလဲ"

"ဇေကေနီပြောတာ၊ ဟိုးတစ်ရက်က ရှော့ပင်ထွက်ဖို့ ဒံစဉ်ကို
ဖုန်းဆက်ခေါ်တော့ သူ မအားဘူး ဟင်းချက်နည်းသင်နေတယ်လို့ ပြော

စိုး:မိုး၊ ၈၁၇၆ပ



တဲ့၊ ဇေကေနီတောင် ငါ့ကိုပြောပြီး သူလည်း အံ့ဩနေတယ်"

မှော်လင့်ချက်ရောင်ခြည်တန်းလေးတစ်ခုက အထင်ကရရင်ထဲ
ချက်ခနဲ တိုးရွေ့ဝင်လာ၏။

နောက်ဆုံးတော့ အထင်ကရ ပုံစံခွက်ထဲကို တိုးဝင်လာပြီပေါ့။
အထင်ကရ ပြုံးလိုက်သည်။

■ ■ ■

စိုး:မိုး၊ ၈၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ထမင်းစားခန်းထဲ ဝင်ဝင်ချင်း မွှေးကြိုင်နေသော ဟင်းရနံ့ကြော

ကြောင့် အထင်ကရ ခြေလှမ်းတွေ ပိုသွက်စွာဖြင့် ထမင်းစားပွဲဝိုင်းနာ

သို့ အမြန်လျှောက်လာကြည့်လိုက်၏။

အောပရွှန်လေး ခါးမှာစည်းလျက် ထမင်းဝိုင်းကို စိတ်ရှည်လက်

ရှည်ဖြင့် ပြင်ဆင်နေသော သံစဉ်မျက်နှာလေးမှာ ချွေးလေးတွေဖြ

ပြောင်ရှင်းရှင်းလေး ဖြစ်နေ၏။

စုံလင်လှသော ဟင်းပွဲတွေကြောင့် ထင်ထားတာထက်တော

ပို၍ အံ့ဩစရာကောင်းနေ၏။ သံစဉ်ပြောင်းလဲလာပြီပဲဟု အထင်က

တွေးလိုက်သည်။ ဘေးမှကပ်ပါလာသော ဆွိပင် ပါးစပ်အဟောင်းသာ

လေးဖြင့် အံ့ဩသွားရ၏။





"အို ကို ပြောတော့ သံစဉ်က ဘာမှမချက်တတ်ဘူးဆို"

"အင်း အဟဲ အခုချက်တတ်သွားလို့နေမှာပေါ့"

တအံ့တဩလေး ဖြစ်နေသော ဆွိကို အထင်ကရ ခပ်လွှယ်လွှယ်ပင် ဖြေလိုက်၏။ ဂျွန် ထမင်းစားခန်းထဲ ဝင်လာသည်။

"လာ ဂျွန် ရှင်စားဖို့ ကျွန်မ ရှယ်ချက်ထားတယ်၊ ကျွန်မ လက်ရာကို ဗိုက်ကြီးကွဲထွက်အောင် စားရမယ်နော်"

ဂျွန့်လက်မောင်းကို ဖမ်းဆွဲလိုက်ပြီး ချိုအီအီပြောလိုက်သော သံစဉ်ရဲ့အိုဟာဖြစ်နေပုံကို ကြည့်ပြီး အထင်ကရ ကြည့်မရဖြစ်သွားရ၏။

ထို့ကြောင့် သူကလည်း အားကျမခံ သံစဉ်ကို ပြန်ရွဲ့သည့်အနေဖြင့် ဆွိပခုံးလေးကို ခပ်ဖွဖွ လှမ်းကိုင်လိုက်ရင်း

"ထိုင် ဆွိ မွေးနေ့ရှင်က စားကောင်းသောက်ဖွယ်တွေနဲ့ ညှော်ခံမှတော့ ဒါနလေးမြောက်သွားအောင် စားပေးလိုက်ကြတာပေါ့"

"အဟင်း ဒီအတိုင်းစားလို့တော့ ဘယ်ရမလဲ၊ မွေးနေ့ရှင်လေးကို ဘတ်ဒေးလက်ဆောင်တော့ ပေးရဦးမှာပေါ့"

မလိုအပ်ဘဲနှင့် နွဲ့နေသော ဆွိ၏ချွဲပျစ်ပျစ် ချိုအီအီအသံကြောင့် သံစဉ် မသိမသာ မဲ့လိုက်သည်။

"သံစဉ်ရေ ရော့ ဒါ ဆွိရဲ့လက်ဆောင်၊ ဟက်ပီးဘတ်ဒေး"

"သင့်ခယူ"



www.burmeseclassic.com

www.burmeseclassic.com



ဆွိ လှမ်းပေးသော ပါကင်ထုပ်ကို မယူချင်ပေမယ့်လည်း မကောင်းတာတတ်၍ ယူလိုက်ကာ တစ်လက်စတည်း ကျေးဇူးတင်စကားပါ ဆိုလိုက်၏။

ဠွန်ကတော့ သူ့ရဲ့ကုတ်အင်္ကျီထဲမှ အနီရောင်ကတ္တီပါဘူးလေးကို ထုတ်ယူကာ

"ရော့ သံစဉ် ဒါက ကိုယ့်ရဲ့ အမှတ်တရတွေထဲကမှ အမှတ်ရနေစေမယ့် လက်ဆောင်"

ဠွန့်လှမ်းပေးသော ကတ္တီပါဘူးလေးကို ရွှင်မြူးသွက်လက်စွာ လှမ်းယူကာ ဖွင့်ကြည့်လိုက်သည်။

"ဟယ် လှလိုက်တာ"

စိန်ပွင့်လေးတွေဖြင့် တဖျတ်ဖျတ်လက်နေသော ပလက်တီနမ်ဆွဲကြိုးလေးကိုမြင်ပြီး သံစဉ်မျက်နှာလေး အံ့ညရိပ်ထင်ကာ လင်းသွား၏။

ပြီးမှ အားနာသောဟန်လေးဖြင့် ဠွန့်ကိုမျက်လုံးလေးဝင်ကာ ကြည့်ရင်း

"ဠွန်ရယ် အဲဒီလောက်တန်ဖိုးကြီးတဲ့ဟာမျိုးမှရွေးပြီး လက်ဆောင်ပေးရသလား၊ အရမ်းအားနာတယ်"

ဠွန် သဘောတကျဖြင့် အောင်နိုင်သူတစ်ယောက်လို ပုံစံမျိုးဖြင့် အထင်ကရကို ဝေ့ကြည့်လိုက်သည်။





ဠွန့်အကြည့် ဠွန့်အပြုံးတွေက ပြိုင်ပွဲတစ်ခုအတွက် စိန်ခေါ်နေတဲ့ ဟန်တွေအပြည့်။ အထင်ကရမှာလည်း ရင်ထဲမှာရှိတဲ့ မနာလိုခြင်းနှင့် နှစ်မြို့ခြင်းတွေကို ခက်ခက်ခဲခဲ ဖုံးကွယ်ကာ ဠွန့်ကိုအသိအမှတ်ပြု အပြုံးမျိုးပြန်ပြုံးကာ

"စိန်တိုက်ပိုင်ရှင်ရဲ့ချွေးမကို ခုလို စိန်ဆွဲကြိုးလက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်တယ် ဠွန်"

အထင်ကရ တမင်ပင် ခပ်ရွဲ့ရွဲ့ ပြန်ပြောလိုက်ခြင်းဆိုကမမှား။ ဒီအမြင် မင်း ပိုးကြေးပန်းကြေးနဲ့ပေးနေတဲ့ သံစဉ်ဆီမှာ တာမပိုင်လင်ရှိတယ်ဆိုတာကို သူ သိအောင် တမင်မထ္လာပ်တိုင်တက်ပြရာလည်း ရောက်တာပေါ့။

"အဟင်း ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်တယ် ဠွန့်ရယ်၊ စိန်တိုက်ပိုင်ရှင်ရဲ့ချွေးမဆိုပေမယ့် အဲဒီစိန်တိုက်ကြီးကို သံစဉ်ပိုင်တာမှ မဟုတ်တာ၊ အဟင်း ဟင်း ဟင်း"

အထင်ကရ အရွဲ့တိုက်ပြောလိုက်မှန်းသိ၍ သံစဉ် ဝင်ထိန်းလိုက်သည်။ အထင်ကရအတွက်တော့ သံစဉ်စကားတွေက စိတ်ကျေနပ်စရာမရှိ။

မျက်ယွင်းသွားသော မျက်နှာကို အချိန်မီထိန်းရင်း

"ကဲ ဆွိရေ စကားတွေပြောနေရင် လေကုန်တယ်၊ စားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်၊ ပါးစပ်ထဲမှာ အရသာမရှိလည်း လှူတဲ့သူ ဒါနမြောက်အောင် ကိုယ်ပေးတဲ့မွှေးနေ့လက်ဆောင်နဲ့လည်း တန်အောင် ကြိတ်မှိတ်ပြီးတော့သာ စားပေတော့"

အထင်ကရ ဆိုဖို့ ပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေး၏။

"အထင်ကရ နှင့်အမျိုးသမီးကို သေချာဂရုစိုက်ထည့်ပေးလေ သံစဉ်နဲ့က အလုမ်းဝေးနေလို့ မထည့်ပေးတော့ဘူး"

ကြီးမားကျယ်ဝန်းသော ထမင်းဝိုင်းကြီး၏ တစ်ဖက်တစ်ချက်စီတွင် ကိုယ့်အတွဲနှင့်ကိုယ် ရှိနေကြသဖြင့် သံစဉ်ဘယ်လိုမှ ဆိုဖို့ ပန်းကန်ထဲသို့ ထည့်ပေးလို့မရသဖြင့် ကိုယ်နှင့်သားချင်းယှဉ်ထိုင်နေသော ဂျွန့် ပန်းကန်ထဲသို့သာ ဟင်းတွေခပ်ထည့်ပေးနေလိုက်၏။

ထိုမြင်ကွင်းက အထင်ကရ ရင်ကို အတော်လေး ကသိကအောက်ဖြစ်စေ၏။ အကြည့်တွေက ရုပ်ချည်းဆိုသလို မနှစ်မြို့စွာဖြင့် ဆတ်ခနဲ မာသွား၏။

သံစဉ် ပုံစံက အထင်ကရကို မမှုသောပုံစံဖြင့် တမင်ရင့်လိုက်တာပဲ။

ဆိုဖို့ကို အထင်ကရ အမျိုးသမီးတစ်ယောက်အဖြစ် မြင်နေတယ် ဆိုသည့်ပုံစံမျိုးနှင့် ဂျွန့်ရှေ့မှာ ကြော်ငြာဝင်လိုက်တာပဲ။

မာဆတ်ဆတ်အကြည့်တွေဖြင့် အထင်ကရ ပေါ်တင်ကြည့်ပစ်





လိုက်သည်ကို သံစဉ်ကလည်း ကောင်းကောင်းသဘောပေါက်စွာ နားထင်စပ်နားမှာဝဲကျနေသော ဆံစအချို့ကို ဆတ်ခနဲ ပင့်တင်လိုက်ရင်း ဂဏန်းလက်မအသားတွေကို ဂျွန့် ပန်းကန်ထဲသို့ ခပ်ထည့်ပေးနေ၏။

ထမင်းစားဝိုင်းလေးက အသံတိတ်တိုက်ပွဲလေးအဖြစ် တဒင်္ဂ အေးစက်သွား၏။

"သံစဉ်ရယ် ကိုယ့်တဝမှာ ဒီလောက်ကောင်းတဲ့ လက်ရာမျိုး စားဖူးတာ ဒီတစ်ခါ ပထမဦးဆုံးပဲ"

"အင်း ဒါဆို့နေ့တိုင်းလာစားပေါ့၊ အဲ နေဦး နေ့တိုင်းလာစားလို့ မဖြစ်သေးဘူး၊ သံစဉ်က နောက်ရက်တွေဆို အလုကျန်လုပ်ငန်းအတွက် အချိန်တွေ ပေးရတော့မှာလေ၊ အဟင်း ဟင်း နေ့တိုင်းမစားရပေမယ့် လည်း မကြာမကြာ ဖိတ်ကျွေးမှာပေါ့၊ ဂျွန်သာ လာစားဖြစ်အောင် လာစား"

"သံစဉ်သာ ဖုန်းတစ်ချက်တောက်လိုက် ကိုယ်ကအပြေးရောက်လာမှာ"

"ဘယ်လိုလဲ ဆိုဖို့ စားလို့ကောင်းရဲ့လား"

"အင်း ကောင်းတယ်၊ သံစဉ် အရှမ်းစားလို့ကောင်းတယ်"

ဆာလောင်နေသောဟန်ဖြင့် အားရပါးရစားနေသော ဆိုဖို့ကို ကြည့်ကာ ရှုတ်ချအထင်သေးသော အကြည့်ဖြင့် မေးလိုက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းကလေးမျိုးကိုမှ အထင်ကရ အထင်ကြီးတာတဲ့လား အဟင့် အော်တောင်ရယ်လိုက်ချင်သေးရဲ့။ နေ့ခင်းကြောင်တောင် မှ လောင်ရတဲ့ကြားထဲ ပြင်ဆင်ထားပုံကိုက မိတ်ကပ်ထူလပျစ်နဲ့ ရိုးမင် ယဉ်မလို ကြည့်ရတာ ဘယ်လိုမှန်းကိုမသိဘူး။ စကားတစ်ခါပြောရင် လည်း သူ့ခံပင်အရှည်ကြီးကို တစ်ခါခါနှင့် ဟန်ရေးပြပြီးမှ ပြောနေပုံ ရယ်ချင်စရာကောင်းနေပြန်သေးသည်။

သံစဉ်လို ဘာမှ မဖြီးလိမ်း မပြင်ဆင်ဘဲနှင့် တစ်ရေးနိုးထပြီ ကြည့်တော့တောင် ကြွေရုပ်လေးလိုလှနေတဲ့ မိန်းမကျတော့ ဒင်း ဥပေက္ခာပြုပြီး မတွေ့သလို မတန်သလိုနှင့်။ ခုလည်း တမင်သူ့ရှေ့မှာ ဒယ်ဒီ့အလုပ်ရှုပ်လုပ်ငန်းကို ကိုယ်ကိုယ်တိုင်ဦးစီးတော့မယ့်အကြောင်း ပြောလိုက်ရတာ။

သူက ဆွဲနိုကိုယ့်ကိုယ် လာယှဉ်နေတာကိုး။ ဒီတော့ ဘယ်သူ အရည်အချင်းပိုရှိသလဲဆိုတာ ဒင်းတဖြည်းဖြည်းသိလာစေရမယ်။

မခံချင်စိတ်တွေထုံမွမ်းထားသော အတွေးတွေနှင့်အတူ တစ်ရှူး ဘူးထဲမှ တစ်ရှူးတစ်ရွက်ကိုလှမ်းနှိုက်လိုက်သည်။

ရုတ်တရက် လက်နှင့်ကော်ဖီပန်းကန်လုံးကို တိုက်မိပြီး ကော်ဖီ တွေက ဂျွန့်အကျီပေါ်ကို ဖိတ်စင်ကာ ပန်းကန်လုံးက ကြမ်းပြင်ပေါ် ကို ပြုတ်ကျသွား၏။





"အို အားနာစရာကွယ် ရှင့်အကျီပေါ် ကော်ဖီတွေ ကျကုန်ပြီ"

"ရတယ် သံစဉ် ကိစ္စမရှိဘူး၊ ရတယ်"

"အို ကိစ္စမရှိလို့တယ်ရမလဲ၊ အဝတ်အစားလဲရမှာပေ့ါ၊ အတော် ပဲ ဂျွန့်ကို လက်ဆောင်ပေးဖို့ ဝယ်ထားတဲ့ဝတ်စုံလေးရှိတယ်၊ လာ လာ ခုပဲ ကျွန်မအခန်းထဲမှာ လိုက်လဲလိုက်နော်"

စေတနာတွေ အိုဟာဖြစ်နေသော သံစဉ့် အပြုအမူတွေကြောင့် အထင်ကရ စားနေသော ထမင်းလုပ်ပင် နင်သွားရ၏။

ဘာအထာလဲ၊ အကျီလေး ကော်ဖီပေတာနဲ့ အခန်းထဲကို ခေါ် သွားစရာလား ဒီမိန်းမတော့ ဖနောင့်နဲ့မသေမချင်း ပေါက်သတ်လိုက်ချင် ရဲ့။

သံစဉ့်ကို နင်နေရင်းကြားမှ ခပ်စူးစူးကြည့်ကာ အသံကိုက်ရန် ထောင်လိုက်သေး၏။

သံစဉ်က မသိချင်ဟန်ဆောင်ကာ အားတုံ့အားနာဖြစ်နေသော ဂျွန့်ကို သူမအခန်းထဲသို့ ဆွဲခေါ်သွား၏။

ဂျွန် ယက်ကန်ယက်ကန်ဖြင့် သံစဉ် ဆွဲခေါ်ရာသို့ပါသွား၏။

အထင်ကရ ရင်ထဲ ဂျွန် သံစဉ့်အခန်းထဲသို့ လိုက်သွားသဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကာ ထမင်းစားနေရင်းမှ မျက်စိမျက်နှာ ပျက် ဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆွိုက ထမင်းစားနေရင်းမှ ပြိတ်တီမျက်နှာပေးဖြင့် ရယ်ပြ၏။

အထင်ကရ ဖျတ်ခနဲ မျက်နှာလွှဲကာ ထိုင်ရမလို ထရမလိုဖြင့် သံစဥ္ဆ အခန်းရှိရာဘက်ကိုသာ တမျှော်မျှော် ဖြစ်နေရှာ၏။

သံစဥ်နှင့်ဂျွန်မှာ တော်တော်နှင့် ထွက်မလာ။

ရင်ထဲမှာ အကြိမ်ကြိမ် တက်ခေါက်နေမိ၏။ ဘယ်နှစ်ကြိမ် မြောက်မှန်းတောင်မသိတော့။ စိတ်ကိုဖျောက်ပြီး စားလက်စထမင်းကို ဆက်စားလိုက်သည်။

ငါးမိနစ် ဆယ်မိနစ် ဆယ့်ငါးမိနစ် ထွက်မလာကြသေး။ မရ တော့ ဆက်စား၍ ဘယ်လိုမှမဝင်တော့။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး သံစဥ္ဆအခန်းရှေ့သို့ ဇော အဟုန်ဖြင့် ထွက်ခဲ့လိုက်၏။

"ဟယ် အရမ်းမိုက်တာပဲ ဂျွန်ရယ်"

"အဟား ဟား ဟား သံစဥ်က မြောက်နေပြန်ပြီကွာ"

"ကြိုက်လား"

"အင်း ကြိုက်တယ်"

"အို ခစ် ခစ် ခစ် သွား လူဆိုး ဘာတွေလာမေးနေမှန်း မသိဘူး"

"လူဆိုးလေးက သံစဥ်နဲ့တွေ့ရင် လိမ္မာသွားမှာပါ"





"ဟော့ မကဲနဲ့နော် သတိ ဒိန်းဂျရတ်"

"တောက် လင်ကြီးဒုတ်တုတ်နဲ့တောင် သူ့အကြောင်းကို အခန်း ထဲထိတောင်ခေါ်ရဲတယ်"

အထင်ကရ ပုံစံက ဆုတောင်းတစ်ခုကို ရွတ်နေသလိုပုံစံမျိုး နှင့် အခန်းပေါက်ဝမှာ ပွစိပွစိဖြင့် မကျေမနပ် ရေရွတ်နေ၏။

ရင်ထဲမှာ မနာလိုခြင်း၊ ခံပြင်းခြင်းတွေက ခန္ဓာကိုယ်တစ်ကိုယ် လုံးရှိ သွေးဆဲလ်တွေထဲကို တစ်စိမ့်စိမ့်တိုးဝင်နေကြ၏။

ရင်ထဲမှာ တဖြည်းဖြည်း အသက်ရှူကျပ်လာတယ်။
သူမကို အဆုံးရှုံးမခံနိုင်တော့တာ သေချာသွားပြီ။
ဒါကို အချစ်လို့ခေါ်သလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"တီ တီ တီ တီ"

အိပ်ပျော်နေရင်းမှ ဖုန်းမြည်သံကြောင့် သံစဉ် မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်လာ၏။

"ကျွတ် ဒီအချိန်ကြီးကျမှ ဘယ်ကဖုန်း ထမြည်နေပါလိမ့်"

ကျိန်းစပ်နေသော မျက်ဝန်းကိုလက်ဖြင့် အသာပွတ်ရင်း အိပ်ရာထက်မှ မထသေးဘဲ အိပ်လျက်သားနှင့်ပင် မှန်တင်ခုံပေါ်မှ ဖုန်းကို မမှီတမီ လှမ်းယူလိုက်သည်။

"ဟယ်လို "

"..."

"အင်း တစ်ရေးနိုးကြီး ဘာထကြောင်တာလဲ"





"..."

"ဘာ ဝမ်းတွေသွားလို့ ဟုတ်လား"

"..."

"အင်းလေ ခုပဲဆေးယူပြီးလာခဲ့မယ်"

ဖုန်းကို ခေါင်းအုံးပေါ် ပစ်တင်ပြီး ဆေးဘောက်စ်ထဲမှ ဝမ်းပိတ်ဆေးကို ကပျာကရာ ရှာလိုက်သည်။

ဆေးယူပြီး အထင်ကရ အခန်းထဲသို့ ဝင်လာတော့ မွေ့ရာထက်တွင် မှောနေသော အထင်ကရကို တွေ့လိုက်ရ၍ ပါးစပ်လေးအဟောင်းသားဖြင့် အံ့သြသွားသည်။

"နင် နေသာရဲ့လား"

"အင်း"

ဖြေသံက အင်အားမရှိ။

"ငါ ဆေးယူလာတယ် သောက်ထားလိုက်"

ဆေးကို အထင်ကရ လက်ထဲထည့်ပေးလိုက်ပြီး ရေဗန်ချိုင့်ထဲမှ ရေကို ကြွေမတ်ခွက်ထဲ ငှဲ့ထည့်ပြီး အထင်ကရကို လှမ်းပေးလိုက်၏။

"ရော့ ရေလေးနဲ့မျှောချလိုက် ငါ ဓာတ်ဆားထုတ်လည်း ယူလာတယ်၊ နင် နောက်တစ်ခါ ရေမသောက်ရတော့ဘူး။ ဓာတ်ဆားရေပဲ သောက်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဋီ ဋီ ဋီ"

အထင်ကရ ဗိုက်ထဲမှ တဂွီဂွီအသံက အတိုင်သား ကြားနေရ၍ သံစဉ် မအောင့်အီးနိုင်စွာဖြင့်

"အဟင်း ခစ် ခစ် နင့်ဗိုက်ထဲမှာ signal ပြနေပြီ"

"အား အ သွားချင်ပြန်ပြီ၊ ထွက် ထွက်တော့မယ်၊ ငါ့ ငါ့ကို တွဲပါဦး၊ ငါ လမ်းမလျှောက်နိုင်တော့ဘူး"

အထင်ကရ ပုံစံက တကယ့်ကို အရုပ်ကြိုးပျက်။ သံစဉ် စိတ်ပူသွားသည်။

"ဟင် ဟုတ်လား၊ လာ လာ ဒါဆို ငါတွဲပို့ပေးမယ်"

အထင်ကရ ကိုယ်လုံးကြီးကို မနိုင့်တနိုင်ဖြင့် ဆွဲထူလိုက်ပြီး သန့်စင်ခန်းထဲသို့ တွဲပို့လိုက်သည်။

ဘိုထိုင်အိမ်သာဖုံးကို ဖွင့်ကာ

"ထိုင် ထိုင် အဲဒီမှာ ထိုင်ချလိုက်"

"ငါ ငါ ရှက်တယ်"

အရေးထဲ အထင်ကရ မျက်နှာကြီးက ဝေဒနာနှင့် ရှက်စိတ်ရောနှောကာ လိုတာထက်ပို၍ မအီမလည်ကြီး ဖြစ်နေ၏။

"ဟယ် ဒီအချိန်မှာ ရှက်စရာလား။ မရှက်နဲ့ ငါ မျက်စိမှိတ်ထားမယ်"





"အင်း အင်း မှိတ် မှိတ်ထားနော်၊ ပြီးတော့ ငါ့အနားက ထွက်မသွားနဲ့ဦး၊ ငါ အရမ်းမူးနေတယ်"

"အေး အေးပါ မသွားဘူး၊ နင့်ကိစ္စသာပေါ့သွားအောင် ရှင်းထုတ်လိုက်"

အထင်ကရထံမှ စွန့်ထုတ်လိုက်သောအသံက သန့်စင်ခန်းထဲမှာ အကျယ်ကြီး။ သံစဉ် မျက်လုံးကိုစုံမှိတ် နှာခေါင်းကိုပိတ်ပြီး ကျန်တဲ့လက်တစ်ဖက်ဖြင့် အထင်ကရ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်၏။ အထင်ကရ လက်တွေ ရေခဲတုံးတမျှ အေးစက်နေ၏။ သူအခုတော်လေး ခံစားနေရ၍ သံစဉ်ကို ရှက်ဖို့ပင် သတိမရတော့။

လူပုံစံကတော့ တကယ့်ကိုအချောစား။အမိုက်စား။ မိန်းကလေးတိုင်းကို ညှို့ယူဖမ်းစားနိုင်မယ့်ရုပ်။ သို့သော် သူ့ဆီမှ စွန့်ထုတ်လိုက်သော အနံ့ဆိုးကြီးကတော့ ဘယ်လိုမှမခံနိုင်စွာ ဆိုးရွားလွန်းနေ၏။

ခံနိုင်ရည်မရှိသော သူ့ပုံစံကို မျက်လုံးမှိတ်ထားရင်းမှ ရယ်ချင်စိတ်ကို မျိုသိပ်အောင့်အီးထားရ၏။ ယောက်ျားဖြစ်ပြီး အဲဒီလောက်တောင် ခံနိုင်ရည် မရှိဘူးတဲ့လား။

တကယ် ရယ်ရတယ် ရယ်ချင်စိတ်နှင့်အတူ

"ဟော့ အိုကေလား"

"အင်း နင် နံ နံနေလား"



www.burmeseclassic.com

www.burmeseclassic.com



"အီးပဲ နံမှာပေါ့၊ မွှေးတဲ့အီးမှ မရှိတာ"

ဝေဒနာတွေကြားမှာ ခပ်ဖျော့ဖျော့ ရယ်သံတိုးတိုးထွက်လာ၏။ တစ်ယောက်က ဘိုထိုင်မှာ ခပ်ကျုံ့ကျုံ့လေးထိုင် တစ်ယောက်က နံရံကို ကျောမှီ မျက်စိစုံမှိတ်ရင်း စကားပြောနေကြပုံက တဏှာယ်ပါ...

"ကျေးဇူးတင်တယ် သံစဉ်"

"ကျေးဇူးတင်ရင် ကိုယ့်ကိုစွမြန်မြန်ရှင်းလေ၊ ငါနေရတာ မျက်နှာပူလာပြီ"

"အင်း အင်းပါ ပြီးပြီ၊ အား ကျွတ် ကျွတ် ဗိုက်ထဲက ရစ်ပြီး နာနေတယ်"

ကိစ္စပြီး၍ အခန်းထဲပြန်ဝင်လာသည့်တိုင် အထင်ကရ မျက်နှာမှာ ဝေဒနာတွေဖြင့် ဖိစီးနေဆဲ။

"နင့်အတွက် ဓာတ်ဆားရည်ဖျော်ဖို့ အောက်ထပ် ထမင်းစားခန်းထဲမှာ ရေသန့်ဘူး သွားယူလိုက်ဦးမယ်"

"အင်း မြန်မြန်ပြန်တက်ခဲ့နော် ငါ ထပ်သွားချင်နေသေးတယ်"

"အင်းပါ ရေသန့်ဘူးယူပြီးတာနဲ့ ပြန်တက်လာမယ် စိတ်ချ"

သံစဉ် ကမန်းကတန်း အောက်ထက်သို့ ဆင်းပြေးကာ နံရံကပ်ဗီရိုထဲမှ ပါကင်မဖောက်ရသေးသော ရေသန့်ဘူးကို ယူပြီး အိမ်ပေါ်ရှိ အထင်ကရ အခန်းဆီသို့ ပြန်တက်လာခဲ့၏။





အထင်ကရ အိပ်ရာထက်မှာ ဖုတ်လိုက်ဖုတ်လိုက်ဖြင့် ညည်းသွားနေ၏။

ထိုအချိန်တိုအတွင်းမှာပင် သံစဉ် အထင်ကရအား အိမ်သာသို့ နှစ်ကြိမ်မြောက် ပြန်ပို့ပေးရသေး၏။

သံစဉ် ဓာတ်ဆားထုပ်ကို ဖောက်ပြီး ရေသန့်ဘူးထဲသို့ထည့်ကာ ဘူးကို တစ်ချက်နှစ်ချက် လှုပ်ရမ်းလိုက်ပြီး အထင်ကရ မှေးနေသော ဆားတွင်ဝင်ထိုင်ကာ

"ရော့ ဒါ သောက်ထားလိုက်"

ချိနဲ့နေသော အထင်ကရ၏ ကိုယ်ကို မနိုင့်တနိုင် ဆွဲယူမွေ့ထူလိုက်ပြီး ဓာတ်ဆားရေဘူးကို နှုတ်ခမ်းဝမှာ တေ့ပေးလိုက်သည်။

"နင် ဖြစ်ရဲ့လား။ မဖြစ်ရင် ငါတို့ဆေးရုံသွားမယ်"

သံစဉ့် ရင်ထဲက စိတ်ရင်းအမှန်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ခုချိန်မှာ သံစဉ်ရင်ထဲက သူ့ကို နာကျင်တဲ့အမုန်းတွေက အမှုန်တစ်ခုလို ညရဲ့ရန့်တို့နှင့်အတူ ဝေဝါးကွယ်ပျောက်ကုန်ပြီ။

"ဟင့်အင်း မသွားချင်ဘူး။ ဓာတ်ဆားရေသောက်ရင် ဘာမှ ဖြစ်ပါဘူး"

"အင်းလေ နင်နေသာရင် ပြီးတာပဲ"

"ဋ္ဌိ ဋ္ဌိ ဋ္ဌိ"



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲက တဂွီဂွီ အော်သံကြောင့် အထင်ကရ ဗိုက်ကလေး
နှိပ်ကာ အိပ်ရာထက်မှာ လှဲလိုက်ပြီး

"ဒီတစ်ညတော့ ငါ့အနားမှာ နေပေးနိုင်မလား"

အရင်တုံးက အထင်ကရ မဟုတ်တဲ့အတိုင်း မျက်နှာငယ်လေး
ဖြင့်တောင်းဆိုလာတော့ သံစဉ် မငြင်းချင်။ ငြင်းဖို့လည်း ဆန္ဒမရှိ

အခုလို သူ့နားမှာနေပြီး သူ့ကိုပြုစုရတဲ့ အရသာက သံစဉ့်
ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နွေးထွေးလိုက်ဖိုနေ၏။

"အင်းပါ ငါ နေပေးပါ့မယ်"

သံစဉ် ပြောပြောဆိုဆိုဖြင့် အခန်းထောင့်ရှိ ဒရင်းဘက် ဖို
သို့ လျှောက်သွားလိုက်ပြီး ဒရင်းဘက်ပေါ် လှဲလိုက်ပြီး တစ်ချက်သည်း
လိုက်၏။

"နင် အိပ်ချင်နေလား"

"အဟင်း ဒီမှာ ခဏလှဲမလို့ပါ"

"ခုတင်ပေါ်လာလှဲလေ"

"ဟင်"

သံစဉ် မျက်ဝန်းလေး ဝိုင်းစက်သွား၏။ အထင်ကရ အနေ
သော မျက်နှာအမူအရာဖြင့်

"ဟို သဘောရိုးနဲ့ပါ၊ ငါ့ခုတင်ပေါ် လာလှဲနေလို့ နင့်ကို ဘာ





သူက တရားစွဲမှာလဲ"

"ငါတို့ရဲ့ ဝိညာဉ်တွေက"

"မနောက်ပါနဲ့ လာပါ ဒီမှာ လာလှဲ၊ ငါ နင့်ကိုဘာမှမလုပ်နိုင်
ပါဘူး"

"ပြောရမလား ခုတောင် မ်ာတ်ရည်လေး နည်းနည်းသောက်
လိုက်လို့ လေသံကမာလာပြီ"

"လေသံပဲမာနိုင်တာပါ တခြားဟာက မမာနိုင်ပါဘူး စိတ်ချ"

"ဟယ် ဘယ်လို"

"ကဲပါ လာပါ လာလှဲနော်၊ ငါနေမကောင်းဖြစ်ရင် ငါ့ဘေးမှာ
မာမီ လာအိပ်နေမှ နေရတာလုံခြုံမှုရှိသလိုပဲ"

"ငါက နင့်မာမီမှ မဟုတ်တာ"

"ဒါပေမဲ့ ငါ့မိန်းမလေး၊ အဟတ် အဲဒီလိုပြောလို့ တခြားတော့
စိတ်ကူးမရင်နဲ့ဦး"

အထင်ကရ စကားကြောင့် ရန်မလိုသော မျက်ဝန်းဖြင့် မျက်
စောင်းဝေ့ကာ ခုတင်ပေါ်ကို ခွေ့ခနဲ ဆောင့်ကာ အထင်ကရ ဘေးမှာဝင်
လှဲလိုက်၏။

အထင်ကရ သူ ခြုံထားသော ဂွမ်းစောင်တစ်ခြမ်းကို သံစဉ့်
ဘက်သို့ အင်အားမရှိသော လက်အစုံဖြင့် လွှမ်းခြုံပေး၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်တွင် စောင်တစ်ခြမ်းကို နှစ်ယောက်ခြုံကာ ဖားလက်တက်ကလေးတွေလို ပုံစံဖြင့် မျက်ဝန်းလေးတွေ ပေကလပ် ပေကလပ် လှုပ်ခပ်ကာ စကားမပြောဘဲ ငြိမ်နေကြ၏။

အမှန်တော့ တစ်ယောက်ရင်ခုန်သံကို တစ်ယောက် နားစွင့်နေတာလည်း ဖြစ်နိုင်တာပဲလေ။

ရင်ခုန်သံတွေကတော့ သူ့အထာနဲ့သူပေါ့။

■ ■ ■



## အခန်း (၂၄)

"ဟယ် ကိုရယ် ညက တစ်ညလေး ဝမ်းသွားလိုက်တာနဲ့ အဲဒီလောက်အထိ မျက်နှာချောင်ကျသွားရလား"

ဆို့ အသံက တကယ့်ကို သနားကရုဏာတွေ အလျှံအပယ် ဖိတ်စင်နေသော အသံမျိုး။ အထင်ကရ ဆို့၏အဖြစ်သည်းနေပုံကို ကြည့်ကာ ရယ်ချင်နေ၏။

"ခုရော ဝမ်းသွားသေးလား၊ ရပ်သွားပြီလား"

"အင်း ညကဆေးသောက်တယ်၊ နောက်ပြီး ဓာတ်ဆားရေ ချည်းပဲ လိုမ့်သောက်နေရတော့ ဝမ်းကတော့ ရပ်သွားပြီ၊ လူက နုံးပြီး ကျန်ခဲ့တယ်"

"ဒါပေါ့ ဒီလောက် ဝမ်းသွားမှတော့ လူကမျော့မျော့ပဲကျန်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ ဆွိကလေ အရမ်းကိုထူပူပြီး စိုးရိမ်သွားတာ၊ ခုလည်း သိသိ ချင်းထွက်လာတာ''

ခပ်နွဲ့နွဲ့ပြောနေသော ဆွိ ပုံစံလေးကိုကြည့်ပြီး အထင်ကရ ဝေဒနာတွေကြားထဲမှ မဲ့ချင်နေသည်။

''ဘာမှမစိုးရိမ်နဲ့တော့''

''ဟင့်အင်း မရဘူး၊ စိုးရိမ်မှာပဲ ဒီကမစိုးရိမ်လို့ ကိုယ့်ကိုတယ် သူလာစိုးရိမ်ပေးမလဲလို့၊ ဒါကြောင့်လေ ကို သောက်ဖို့ ကြက်ပေါင်းရည် လေးလုပ်လာတယ် သိလား၊ ဒါမှကုန်ခမ်းသွားတဲ့ အင်အားတွေ ပြန်ပြည့် မှာလေ''

''အင်း ကျေးဇူးပဲ''

ဆွိ ခုတင်ပေါ်ရှိ မွေ့ရာအစွန်းလေးပေါ်တွင် တင်ပလွဲလေးထိုင် ရင်း အထင်ကရ၏ ပါးကြောစိမ်းစိမ်းလေးတွေနှင့် ရင်ဘတ်ကို အစိုပါ်ယ်မဲ့ ပွတ်သပ်နေ၏။

''ရင်ထဲမှာ ဘယ်လိုနေလဲဟင်''

အထင်ကရ ကျောထဲစိမ့်သွားသည်။

''ဘာကို ဘယ်လိုနေရမှာလဲ''

ဆွိ အမေးကို အထင်ကရက အလန့်တကြား မေး၏။

''ဩော် ကိုကလည်း နေမကောင်းဖြစ်တော့ ရင်ထဲမှာ ဘယ်လို





နေလဲလို့ မေးတဲ့ဟာကို၊ ဘာတွေလျှောက်တွေးနေတာလဲ၊ သွား လူဆိုး''

ဆွိကိုကြည့်ပြီး အထင်ကရ စိတ်ပျက်စပြုလာပြီ။

''ထ ကြက်ပေါင်းရည်သောက်ရအောင်နော်''

''အဟမ်း အဟမ်း''

သံစဉ်ချောင်းဟန့်သံကြောင့် ဆွိမှာ ဆံပင်လေးတွေ ဝဲခနဲ ခါ သွားအောင် နောက်ကိုလှည့်ကြည့်ရင်း

''ဩော် သံစဉ်၊ ဒီနေ့ ကုမ္ပဏီမသွားဘူးလား''

''စဉ်းစားနေတာ သူကလည်း နေမကောင်းဖြစ်နေတယ် ဆို တော့ ခုတောင် သူစားဖို့ ကြက်သားကြော်နဲ့ဆန်ပြုတ်ကလေး လုပ်ပေး လာတာ''

''ဟုတ်လား ဆွိလည်း ကြက်ပေါင်းရည်လေး လုပ်လာပေးသေး တယ်''

''သံစဉ် ဒီနေ့ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲရှိတယ်မဟုတ်လား''

''အင်း ဟုတ်တယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဒယ်ဒီတော့ ရှိမှာ ပါ''

''ဟာ ဒယ်ဒီရှိလို့ အဆင်ပြေမှာမှ မဟုတ်တာ၊ ကုမ္ပဏီက ထုတ်တဲ့ကုန်ပစ္စည်းအကြောင်းကို မီဒီယာတွေက မေးလာရင် လုပ်ငန်း ရှင်အသစ်ဖြစ်တဲ့ နင်ရှိမှဖြစ်မှာပေါ့၊ ဒယ်ဒီက ဘယ်လိုရှင်းပြမလဲ၊ အသား



www.burmeseclassic.com

www.burmeseclassic.com



အရေထိန်းသိမ်းမှုနည်းပညာပိုင်းကျတော့ နင်တို့မိန်းကလေးတွေက ပိုပြီး နားလည်တတ်ကျွမ်းတာ မဟုတ်လား''

အထင်ကရ စကားကြောင့် သံစဉ့်မျက်နှာ မှိုင်းသွားသည်။

''ဟုတ်ပါတယ် သံစဉ် သွားရင်သွားလေ၊ ဒီမှာ ဆွိနေပေးလိုက်မယ် ဘာမှမပူပါနဲ့''

ဆွိ စကားကို သဘောမကျစွာဖြင့် မျက်နှာအမူအံရာလေး နည်းနည်း မာသွား၏။

မယားရှိလင်ကို သူမို့လို့ ဒီလိုဆက်ဆံရတယ်လို့ အံ့ဩလောက်ပါရဲ့။ ဒါလား ဣန္ဒြေသိက္ခာအပြည့်ရှိပြီး အရည်အချင်းရှိတဲ့မိန်းမ။ သူများ ‌ယောက်ျားအခန်းထဲကို စွတ်ပြီးဝင်လာ။ မိန်းမဖြစ်သူကို အပြင် အတင်းလွှတ်။

ကိုယ်က ကုမ္ပဏီကို ထွက်သွားပါပြီတဲ့။ သူတို့နှစ်ယောက်က living together ပေါ့။

ဘယ်လောက် လွတ်လပ်ပျော်ရွှင်နေကြလိမ့်မလဲ။ ဒါကြောင့် ဒီလို အခွင့်အရေးကို လက်လွှတ်မှာစိုး၍ အထင်ကရကပါ ကိုယ့်ကို ပုတ်ထုတ်ပြီပေါ့။

နှာကျင်စက်ဆုပ်မိသော သက်ပြင်းကို အားတင်းရှိုက်လိုက်ရင်း အထင်ကရ၏ လူမမာမျက်နှာကို စေ့စေ့ကြည့်လိုက်ရင်း





''ကောင်းပြီလေ၊ ငါ သွားပေးမှ ဖြစ်မယ်ဆိုရင်လည်း သွားပေးတာပေါ့။ နင်တို့နှစ်ယောက် ဒီအခန်းထဲမှာ စိတ်လွတ်ကိုယ်လွတ် နေခဲ့ကြပါ၊ အဟင်း ဆွိ ရှိနေပြီဆိုတော့ နင့်အတွက် ဘာမှပူစရာမလိုတော့ပါဘူး''

လက်ထဲမှ အငွေ့တထောင်းထောင်း ယနေသော ဆန်ပြုတ်ပန်းကန်လုံးနှင့် ကြက်ကြော်ထည့်ထားသောပန်းကို စားပွဲပေါ်သို့ ဆောင့်ခနဲ ချလိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့၏။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နင့်နင့်နဲနဲကို ငိုချင်နေသည်။ ညက သူ မှေးခနဲ အိပ်ပျော်မယ်လုပ်တုံး ကိုယ့်နဖူးပြင်ကို နမ်းခဲ့တဲ့ အနမ်းနွေးနွေးတွေ။ သူနဲ့ကိုယ်နဲ့ စောင်တစ်ထည်ရဲ့အောက်မှာ နွေးထွေးစွာ ခိုလှုံခဲ့ရတဲ့ အထိအတွေ့ နွေးနွေးတွေ။ ဝေဒနာတွေကြားထဲမှ ကိုယ့်လက်ကို ဆုပ်ကိုင်ထားတဲ့ သူ့ရဲ့လက်အစုံနဲ့ အကြည့်ဖျော့ဖျော့တွေ။

အရာအားလုံးဟာ ဆွိ မရောက်လာခင်အချိန်ထိ သူနဲ့ကိုယ့်ကြားမှာ ကြားခံတစ်ခုအဖြစ် ကူးလူးယှက်ဖြာပေးနေဆဲပဲ မဟုတ်လား။

အခု ဆွိလည်းရောက်လာရော သူတို့နှစ်ယောက်ကြားမှာ ကိုယ်ဟာ အရှုပ်ထုပ်တစ်ထုပ်ဘဝကို အလိုလို ရောက်ရှိသွားတဲ့ပုံနှင့် သူကို့နှစ်ယောက်အနားကနေ အတင်းနှင်လွှတ်နေတာဟာ ဘယ်လောက် သိသာ ထင်ရှားလိုက်သလဲ။



www.burmeseclassic.com

www.burmeseclassic.com



အစောပိုင်းကာလငယ်တွေမှာ တသိမ့်သိမ့်ခုန်နေရတဲ့ ကိုယ့်ရင်ခုန်သံတွေက ငှက်အတောင်ပံ တဖျပ်ဖျပ်ခတ်သလို ကိုယ့်ရင်ထဲကနေ အဝေးကို ပျံထွက်သွားကြပြီပေါ့။

အောက်နှုတ်ခမ်းကို ခပ်နာနာဖိကိုက်ပြီး ဝေ့ဝဲတက်လာသော မျက်ရည်စ်တွေကို ပါးပြင်အထိ မကျရောက်လာအောင် ကော့ရွှမ်းသော မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်ကာ မျက်ဝန်းအိမ်ထဲသို့ ပြန်လည်မျှော သွင်းလိုက်ရင်း လှေကားထစ်မှ ဆင်းလာခဲ့၏။

စိတ်နှင့်လူနှင့် မကပ်လွန်းစွာဖြင့် ဆင်းနေကျ လှေကားထစ် တွေကိုပင် တစ်ထစ်ကျော်ဆင်းမိ၍ ပြုတ်ကျမလို ဖြစ်သွားခဲ့ရ၏။

အရှိန်နှင့်ပြုတ်ကျတော့မယ့်ခန္ဓာကိုယ်ကို သတိထားထိန်းရင်း ကျန်နေသေးသော လှေကားထစ်တွေကို သတိထားပြီး ဆက်ဆင်းနေရ၏။

တစ်ဦး၏ရင်ခုန်သံကို တစ်ဦးက ဂရုတစိုက် နားထောင်ရင်း အနာဂတ်ကို ရှိမန်ဆန်ဆန်လေး တည်ဆောက်တော့မယ်လို့ တွေးထားတဲ့ ကိုယ့်ရဲ့စိတ်ကူးယဉ်ကမ္ဘာလေးက ခုတော့ ဗုံးဆံမှန်သွားသလို အစိတ် စိတ်အမွှာမွှာ ပျက်စီးခဲ့ရပြီး အစတောင် ရှာမရတော့။

ငြိမ့်ညောင်းသော ညင်သာသော အကြင်နာတွေပေးမယ့် သံစဉ် ရဲ့ မေတ္တာတရားတွေထက် ဆွိရဲ့အကြင်နာမေတ္တာတရားတွေကိုပဲ သူက ပိုလို့ မက်မောသွားပြီပေါ့။ ရှိစေတော့။





လောကမှာ လုပ်ယူလို့မရသော အရာတွေ အများကြီးရှိသလို ယံ အချစ်စစ်ကိုလည်း တမင် ဖွတ်ဖန်တီးယူလို့မှ မရတာ။ အစကတည်း က သူနဲ့ကိုယ့်ရဲ့ဇာတ်လမ်းက အလွဲလေးတွေနဲ့ စခဲ့တာပဲ။

ဒီတော့ ခံစားချက်ချင်းလည်း ဘယ်ညှိယူလို့ရမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဘဝမှာ အချစ်ဆိုတာ အမှန်တကယ် လိုအပ်လာပြီလို့

လိုက်ပြီးကာမှ အချစ်က ကိုယ့်ကို မျက်နှာလွှဲအောင် ရှောင်ဖယ်

ရသလား"

ဒါဆို လူကို မိန်းမောစေတဲ့ အကြင်နာတွေ ဘာလို့ပေးခဲ့

သလဲ။ ဘာလို့ အထိအတွေ့ နွေးနွေးတွေနဲ့ ကိုယ့်ရဲ့စိတ်ကို ဖမ်း

သလဲ။ ခုတော့ နာကျင်လှိုက်ဖိုခြင်းတွေကသာ ရင်ကို ဖြောင်းဆန်အော

လှုပ်ခတ်စေ၏။

ကိုယ့်ကိုယ်ကိုယ် သူ့စိတ်ကြိုက်ပုံစံဖြစ်အောင် ဖွတ်အ

ဖန်တီးခဲ့ရတဲ့ ရလဒ်က ဒီလို ကိုယ့်အသည်းကို စက္ကူစုတ်တစ်ရွ

မွမွကြေစေဖို့လား။





"ဒေါက် ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် နံနက်ခင်းအာရုံရဲ့ အိပ်ရာနိုးထစ အတွေးလှိုင်းတွေကို ဖြတ်တောက်လိုက်ပြီး အိပ်ရာထက်မှ လွန့်လူးကာ ထလိုက်သည်။

"ဘာကိစ္စလဲ"

အခန်းတံခါးကို မဖွင့်သေးဘဲ အသံဖြင့် အရင်လှမ်းမေးလိုက်သည်။

"နင် အိပ်ရာက မနိုးသေးဘူးလားလို့ လာနှိုးတာ"

အခန်းအပြင်မှ အထင်ကရအသံကြောင့် ဖရိုဖရဲဖြစ်နေသော ကိုယ့်ရဲ့ဆံပင်တွေကို လက်နှင့်ကပျာကယာ သပ်လိုက်ပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။

အထင်ကရ သူ့ဖာသာသူ တံခါးဖွင့်၍ အခန်းထဲဝင်လာပြီး သံစဉ်ခုတင်နားသို့ လျှောက်လာ၏။

"ဒီနေ့ ပါတီပွဲတစ်ခု တက်စရာရှိတယ်၊ အဲဒါ ငါနဲ့အဖော်လိုက်ခဲ့ပေးစမ်းပါ"

သံစဉ် နှုတ်ခမ်းမဲ့လိုက်သည်။ ခေါ်ပုံကိုက ညှင်ညင်သာသာ မရှိ။ ထို့ကြောင့် ရင်ထဲမှာရှိပြီးသား အတွေးလှိုင်းတို့က မခံချင်စိတ်တွေဖြင့် ပိုရှုပ်ယှိုင်နဲ့သွားစေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း ဘာလဲ၊ ငါက နင့်ရဲ့ပွဲတက်ဖော်လား"

သံစဉ် တမင်ခနဲ့လိုက်သည်။

"ကျွတ် မနက်စောစောစီးစီး လာပြီး ရန်ထောင်နေပြန်

ခေါင်းမှဆံပင်တွေကို ထိုးဖွကာ ညည်းလိုက်သော အထ

အသံက စိတ်ပျက်ဖွယ်အတိ။

"ရန်ထောင်တာ မဟုတ်ပါဘူး၊ ငါကလည်း နင်နဲ့ရန်ဖြ

စိတ်မဝင်စားပါဘူး"

"ဒါဆို ငါ့ စကားအကောင်းပြောတာကို နင်ဘာလို့ စ

အကောင်းပြန်မပြောလဲ"

အထင်ကရအမေးကို သံစဉ် ပခုံးတွန့်ရင်း မခို့တရို့ဟန်

ဖြင့်

"ဒါ အမှန်တရားကို မေးတာလေ၊ ငါက နင်နဲ့တစ်အိမ်တည

သား၊ အတူရှိနေတာ၊ ကိုယ့်ကိုယ်ကိုယ် နင့်ရဲ့ဘယ်အဆင့် ဘယ်နေ

မှာ ဘာတ်မှတ်ထားခြင်းခံရမှန်း သိတောင်သိတာ မဟုတ်ဘူး၊ ငါ

နင့်ဘဝရဲ့ ဘယ်နေရာမှာ သတ်မှတ်နေရာချပေးထားတာလဲ"

သံစဉ် ညဝတ်ဂါဝန် ဖရိုဖရဲလေးဖြင့် ခုတင်ထက်မှ ဆင်းလ

ပြီး အထင်ကရနှင့် မျက်နှာချင်းဆိုင်ရပ်ရင်း မြင့်မားသော အထင်

မျက်နှာကို မျက်နှာလေးပင့်မော့ကြည့်ကာ မေးလိုက်သည်။





သံစဉ့်မျက်ဝန်းတွေမှာ နာကျင်ရိပ်တွေက တစ်သီတစ်တန်း။

အံ့ပါရဲ့ ကိုယ့်ကိုများ ပါတီပွဲတက်ဖို့ အဖော်ခေါ်ရတယ်လို့

အနားမှာ ဆွိုဆိုတဲ့ မိန်းမတစ်ယောက် ရှိနေတာပဲ၊ သူ့ကိုခေါ်သွားပေါ့။

ိုယ်က ဘာလို့ လိုက်ရမှာလဲ။ ဝေးပါသေးတယ်။

ဟိုနေ့က သူနဲ့ဆွိုနဲ့ အခန်းထဲမှာ လွတ်လွတ်လပ်လပ် ကျန်ခဲ့

ုံးကတော့ ကိုယ့်ကို သူတို့အနားမှာ မရှိစေချင်လို့ အတင်းတွန်းလွှတ်

ယ်။

"နင် ဘာတွေဖြစ်နေတာလဲ သံစဉ်၊ နင် ပြောတာတွေကို ငါ

စ်ခုမှ နားမလည်ဘူး၊ နင်က ငါ့ရဲ့ဘယ်နေရာမှာ ရှိသလဲဆိုတာ နင်

ရာ ငါရောတင်မဟုတ်ဘူး၊ တစ်လောကလုံးတောင် သိနိုင်တာပဲ၊

ကယ်ပဲကွာ တဖြည်းဖြည်း လိမ္မာလာလို့ ငြိမ်းချမ်းရေးယူရမလား

တ်တယ်၊ ချက်ချင်းကြီး ဘာစိတ်တွေ ထဖောက်ပြန်တာလဲ မသိဘူး၊

အားပေါ့လေ အနားမှာ ဂျွန်ဆိုတဲ့ အကောင်ရှိနေမှတော့ ငါ့ကို ဘယ်မှာ

လာပြီး အကောင်းမြင်တော့မှာလဲ၊ တစ်နည်းမဟုတ် တစ်နည်း ပြဿနာ

ှာတော့မှာပေါ့၊ ဒါမှ ဂျွန်နဲ့ လွတ်လွတ်လပ်လပ် အကြည်စိုက်ရမှာကို"

အထင်ကရ၏ ခပ်ညည်းညည်းလေး ကြေးတိုက်စကားဆိုသော

အခါ သံစဉ် ကျေနပ်စွာဖြင့် နှုတ်ခမ်းထောင့်စွန်းလေးတွေ တွန့်ကွေးသွား

ခဲ့ ပြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟား ငါ့မှာ ဂျွန်ရှိနေသလို နင့်မှာရော ဆွိ မရှိဘူးလား။ ဆွိက နင့်ဘဝကို ချိုမြိန်မှုတွေ ပေးနေတာပဲ၊ နင်တို့နှစ်ယောက် အပြန်အလှန်တွေ ဘန်ဖိုးထားမြတ်နိုးနေကြတာပဲ၊ ဖဲဒါနဲ့များ ငါနဲ့ပြိုင်းချမ်းရေးထပ်ယှဉ်နေသေးတယ်ဆိုတော့ နင် သိပ်များလောဘကြီးနေမလားပဲ"

သံစဥ့်အသံတွေက အလိုမကျမှုတွေနဲ့ တုန်ခါအက်ကွဲနေသည်။

"ဒီမှာ နင် သိအောင် ငါ ထပ်ပြောပြမယ်၊ ငါဟာ ငါ့ဘဝရဲ့နေထိုင်မှုပုံစံကို အရာရာ ထက်မြက်တဲ့မိန်းမတစ်ယောက်အဖြစ် ပြောင်းလဲပစ်လိုက်တယ်ဆိုတာ မှန်တယ်၊ ဒါပေမဲ့ အဲဒီပြောင်းလဲမှုတွေဟာ နင့်အတွက်တော့ မဟုတ်ဘူး။ ဒါကို မာန်တက်ပြီး နင့်ကြောင့်လို့ထင်နေရင် နင့်အတွေးတွေကို ဒီထက် တောက်ပြောင်သွားအောင် ဖွပ်လိုက်ဦး သိလား။ ဒါမှ လောဘတွေနဲ့ထပ်ပြီး အရောင်တင်လို့ရမှာ"

ရင်ထဲက ခံစားချက်တွေကို ရင်နာနာနှင့် ပြောချလိုက်ပြီး အထင်ကရရှေ့မှ ဆံစလေးများ ဝဲခါသွားအောင် ချာခနဲ လှည့်ထွက်ခဲ့၏။

မျက်ရည်ကြည်တစ်ပေါက်က လွင့်မျောနေသော ဆံစအချို့နှင့်အတူ ဝေ့ခနဲ။

ကိုယ့်ရှေ့မှ မကျေနပ်ချက်တွေကို ဗုံးတစ်လုံးလို ပေါက်ကွဲပစ်ပြီး ထွက်ခွာသွားသော သံစဥ့်ကိုကြည့်ပြီး အထင်ကရ ဘာပြန်ပြောရမှန်း





သိအောင်ကြောင်တက်တက် ကျန်ခဲ့၏။

သံစဥ့်မ ဘာတွေပြောသွားတာလဲ။ မနက်စောစောစီးစီး ကိုယ့် ဘလိုင်းကြီး ပြဿနာရှာသွားတာတော့ အသေအချာပါပဲ။ ဘာကို ကျေမနပ်ဖြစ်သွားတာလဲ၊ ဟိုရက်က ကိုယ်နေမကောင်းဖြစ်တုံးကတော့ ကိုယ့်ကို စိတ်လိုလက်ရ အနီးကပ်ပြုစုနေတဲ့ပုံစံက အခု-သံစဥ့် မဟုတ်ဘူးသလိုပင်။

မိန်းမတွေရဲ့စိတ်က အဲဒီလိုပဲ တစ်နေ့ကို တစ်မျိုး အရောင်ပြောင်းတတ်သလို အဆိပ်ထုတ်ထားသော မြွေတစ်ကောင်လို အမျက်ဒေါသတွေနှင့် ပြည့်နှက်နေတာပဲလား။

'ဒါပေမဲ့ ဘယ်လိုပုံစံနဲ့ဖြစ်နေ ဖြစ်နေ ရင်ထဲမှာ ချစ်နေမိတာကတော့ တစ်နေ့ထက် တစ်နေ့ပါပဲ။

မိန်းမတစ်ယောက်ကို ချစ်ရတာ သိပ်ကိုခါးသီးလွန်းတယ်။ ဒါပေမဲ့ အဆုံးစွန်ထိ ချစ်မိသွားလျှင်တော့ ခါးသီးတာတွေက သူ့အလိုလို ချိုမြိန်သွားလိမ့်မယ် ထင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"သံစဥ် ပြီးပြီလား၊ ပြီးရင် သွားကြစို့၊ ပါတီပွဲကခြောက်နာ စမှာ"

လက်မှနာရီကို ငုံ့ကြည့်ရင်း သံစဥ် အခန်းထဲကိုခေါင်းငုံ့ကြည် ကာမေးလိုက်သော တဒင်္ဂအတွင်း ရုတ်တရက်ပြောင်းလဲသွားသော အထင်ကရ၏ အကြည့်တွေက ကျေနပ်ခြင်းတွေဖြင့်အရောင်ထိန်သွ သည်။

အနောက်တိုင်းဝတ်စုံဖြင့် အရမ်းကိုချောမောခန့်ညားနေသော အထင်ကရ၏ မျက်နှာပေါ်က ပီတိလွှိုက်မောဖွယ်အပြုံးကို သံစဥ် မြင်ရ တာ ဒါပထမဆုံးအကြိမ်ပါပဲ။

အထင်ကရ အကြည့်တွေက ဆင်စွယ်ရောင် ရယ်ဒီမိတ်အင် လေးနှင့်ဗေဒါရောင်ဖျော့ဖျော့ ဆွဲသားစကော်အရှည်လေးဖြင့် ပန်းထော





ဆင်စွယ်ရောင်သိုးမွေးပဝါစလေး လွှမ်းခြုံကာ ကြွကြွရွရွလေးလှနေသော သံစဥ်ရဲ့ ပုလဲနှစ်ရောင်မျက်နှာ ဝင်းဇင်းလေးကို မင်သက်အံ့ဩစွာ ငေး မောနေမိ၏။

နဂိုက နုဖတ်လှပနေသော မျက်နှာလေးကို မိတ်ကပ်ပါးပါးလေး သာ လိမ်းခြယ်ထားပြီး နှုတ်ခမ်းပါးလေးကို ဗေဒါနုရောင်ဖျော့ဖျော့စိုစို လေးကို တင်ထားသဖြင့် တရှိုက်မက်မက်ဖိကပ် နမ်းချင်စရာကောင်း လောက်အောင်ကို အထင်ကရ ရင်ထဲကခံစားမှုတွေက အထိန်းအကွပ်မဲ့ ရှိနေ၏။

သူ့အကြည့် ရဲရဲတွေကြောင့် သံစဥ် မျက်စောင်းတစ်ချက်လှမ်း ထိုးရင်း

"ဒီမှာ လူကိုဘာလို့ အဲဒီလောက် ကြည့်နေရတာလဲ"

နှုတ်ခမ်းစူစူလေးဖြင့် ပြန်ပြောနေသော သံစဥ် ပုံစံလေးကို အထင်ကရ စိုက်ကြည့်ရင်း အသည်းယားလွန်းစွာဖြင့် နှာခေါင်းချွန်ချွန် လေးကို ခပ်ဖွဖွလိမ်ဆွဲပစ်လိုက်၏။

"အား နာတယ် ဘာလို့သူများ နှာခေါင်းကိုလိမ်ဆွဲရတာလဲ နာတယ်"

ရဲသွားသော နှာသီးဖျားလေးကို လက်ဖြင့်ပွတ်ရင်း သံစဥ် ရှုံ့ မဲ့စွာ အော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းပဲများနေလို့ပေါ့"

"ဘာလဲ နင့်ဆွဲထက် ငါကပိုပြီးလှနေလို့ မဟုတ်လား၊ အဲဟင်း ဟင်း ဟင်း ငါ့အလှကို အားကျရင် နင့်ရဲ့ဆွဲကို ပြောပေါ့ တောဆန်ဆန်ကြီး မပြင်ပါနဲ့လို့၊ ခု ငါပြင်ထားဆင်ထားတာတွေကလည်း နင်နဲ့ ပါတီအတူတက်ဖို့ထက် အဲဒီပါတီပွဲကို ဂျွန်လည်းလာရမယ်လို့ သိထားလို့ ပြင်ဆင်ထားတာ သိရဲ့လား"

သံစဉ် အထင်ကရ၏ စိတ်တွေကို စကားလုံးဖြင့်ထိုးဆွလိုက်သည်။ အထင်ကရ မျက်နှာပျက်သွား၏။

"ဘာ ဒါဆိုနင်က ငါ့ရဲ့ဖနီးတစ်ယောက်အနေနဲ့ လိုက်တာမဟုတ်ဘဲ ဟိုကောင်ဂျွန် လာမှာမို့လို့ လိုက်တာပေါ့"

အထင်ကရ အမှန်ပင် စိတ်ထဲထောင်းခနဲ ဖြစ်သွားရ၏။

စောစောက တငြိမ့်ငြိမ့် ခုန်နေသော ရင်ခုန်လှိုင်းတွေပင် ရင်ဘတ်အပြင်သို့ တစစီလွင့်ပြယ်သွားပြီ ထင်၏။

ဒီမိန်းမ နည်းနည်းတော့ တရားလွန်နေပြီ။ ကိုယ့်ဘက်က ဆက်ဆံရေးတွေကို အရင်လို မတင်းမာတော့ဘဲ သိသိသာကြီး လျှော့ချလိုက်တာတောင် သူ့ဘက်က တင်းမာ၍နေတုံး။

အမှန်ဆို ကိုယ်နဲ့ဆွဲက ရှင်းပြီးသား။ ဘယ်လောက်ရှင်းသလဲဆိုရင် လုံးဝရှုပ်လို့မရအောင်ကို ရှင်းနေတာ။





သံစဉ် ဆွဲနှင့် ဘယ်လောက်တဲ့ မိုးပုံအောင် အထင်တွေလွဲနေပါစေ၊ ဒါဟာ တစ်ချိန်မှာ သူ့ကို ဖြေရှင်းပြရမယ့်ကိစ္စ။ ဘာမရှိးသားမှုမှ ရှိ။

သူ့ဘက်ကကျတော့ ဂျွန့်ကို ပေါ်တင်တွဲနေတာ။ ယုတ်စွအဆုံး အိပ်ခန်းထဲအထိတောင် ခေါ်တယ်ဆိုကတည်းက သည်းခံနိုင်စရာအတိုင်းအတာက ကျော်လွန်နေပြီ။

ဒါပေမဲ့ ကိုယ့်ကိုတမင်ရွဲ့နေတာပဲလေ ဆိုပြီး ဖြေသိမ့်နားလည်မှုတွေနဲ့ မျက်စိစုံမှိတ်ပြီး ဥပေက္ခာပြုဖို့ ကြိုးစားခဲ့ရ၏။

ဒါတွေကို တစ်ဆင့်တက်ပြီး အနိုင်ယူလာပြီပေါ့။

"တောက်"

"တောက်"

မအောင့်အီးနိုင်လွန်းစွာဖြင့် ရင်ထဲကဒေါသတွေကို တက်တစ်ချက်ခေါက်ကာ ဖြေသိမ့်လိုက်ရ၏။

"ဘာလဲ မကျေနပ်ဘူးလား၊ ဒါဆိုလည်း ဆွဲကိုပါ ဖုန်းဆက်ခေါ်လိုက်လေ၊ ရှင် ဖုန်းဆက်ခေါ်ရင် သူအချိန်မရွေးလာနေကြပဲ"

"အေး ခေါ်မယ်၊ ဒါပေမဲ့ ဒီပါတီပွဲကို ငါမသွားတော့ဘူး။ ပါတီပွဲကိုလာမယ့် ငါ့အပေါင်းအသင်း မိတ်ဆွေတွေရှေ့မှာ ငါ့ရဲ့ဖနီးယားတစ်ယောက်က နောက်တစ်ယောက်နဲ့ ဖောက်ပြန်တယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သိဖို့အတွက် ငါ့အရှုပ်အထုပ်ကြီးကို ငါကိုယ်တိုင် သွားမဖြည်ချတော့ဘူး”

“ဒါကတော့ နင့်သဘောပေါ့”

“တီ တီ တီ တီ”

ဖုန်းမြည်လာသဖြင့် အထင်ကရ သံစဉ်ကို ခပ်ဇွေဇွေကြည့်နေရာမှ ဆတ်ခနဲ အကြည့်လွှဲကာ ဘောင်းဘီအိတ်ထဲမှ ဖုန်းကို နှိုက်ယူလိုက်၏။

“ဟဲလို မာမီ”

“. . .”

“ဗျာ ဟုတ်ကဲ့၊ သွားမလို့ပြင်ဆင်ပြီးသွားပြီ မာမီ၊ ဒါပေမဲ့ ခုတော့ မသွားဖြစ်တော့ဘူး၊ ရုတ်တရက် ခေါင်းနည်းနည်းမူးသွားလို့”

“ဗျာ အရမ်းတော့ မမူးပါဘူး၊ ခဏနားလိုက်ရင် သက်သာသွားမှာပါ မာမီ”

“. . .”

“ဟုတ်ကဲ့ ဟုတ်ကဲ့ မာမီ”

အထင်ကရ ဖုန်းပိတ်လိုက်ပြီး သံစဉ်ရှေ့မှ ချာခနဲ လှည့်ထွက်ဖို့ ဟန်ပြင်လိုက်သည်။

“တီ တီ တီ”

“ကျွတ် ဘယ်က ဖုန်းကလာပြန်ပြီလဲ”





ခပ်ညည်းညည်းလေး မေးရင်း ဖုန်းထပ်ထူးလိုက်၏။

“ဟဲလို အထွဋ်လား၊ အေး ပြော”

“. . .”

“ပါတီလား မသွားဖြစ်တော့ဘူး၊ မင်းတို့လာရင် လာလေ ငါ အိမ်မှာရှိမယ်”

“. . .”

“အိုကေ ငါ စောင့်နေမယ်၊ နာရီဝက်အတွင်း အရောက်လာခဲ့ကြ အေး အေး ဒါပဲ”

ဖုန်းပိတ်လိုက်ပြီး သံစဉ်ကို ဖျတ်ခနဲ စေ့ကြည့်လိုက်ပြီး

“အထွဋ်တို့ အာကာတို့ လာလိမ့်မယ်၊ အိမ်မှာ တေဘယ်လ်လေး လုပ်မလို့တဲ့၊ အမြည်းလေး ဘာလေး စီစဉ်ပေးပါ”

ဒေါသသံမပါသော တောင်းဆိုမှုကြောင့် သံစဉ် ဆက်ပြီး မကပ်ချင်တော့။ စောစောက ပါတီပွဲကိစ္စလည်း သူ တမင် အာချောင်လို့ ပျက်သွားရတာ။ အမှန်တော့ ပါတီပွဲကို ဂျွန်က ဘာကိစ္စနဲ့ လာရမှာလဲ။ လာစရာအကြောင်းမှ မရှိတာပဲလေ။

“အင်းလေ အထွဋ်တို့ အာကာတို့က နင့်သူငယ်ချင်းတင် မဟုတ်ဘူး၊ ငါနဲ့ပါ သူငယ်ချင်းဖြစ်နေမှတော့ မစီစဉ်ပေးလို့ရမလား ဟင်း”



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် ပြောပြောဆိုဆိုဖြင့် မျက်စောင်းခပ်ပျစ်ပျစ်လေး ထိုး လိုက်ပြီး

"ကဲ ထွက်တော့ ဒီမှာ၊ သူများအကျီလဲဝတ်မလို့"

"အကျီလဲတာများ လဲပေါ့၊ ဘာကိစ္စ ထွက်ပေးရမှာလဲ၊ ငါ အီးထိုင်ပါတာတောင် နင် မြင်ဖူးသေးတာပဲ၊ နင် အကျီလဲတာ လောက်တော့ ငါလည်း မြင်ဖူးထားသင့်တာပေါ့"

အထင်ကရ တမင်ညစ်ပြီး မထွက်တဲ့အပြင် သံစဉ့်ခုတင်ပေါ် မှာတောင် အကျအန ဝင်ထိုင်လိုက်သေး၏။

"ဟာ နင် မညစ်နဲ့နော်၊ ငါက နင်ရှိနေတဲ့အတွက် ဘယ်လိုလုပ် အကျီလဲမလဲ"

"လဲပေါ့ ဘာဖြစ်လဲ၊ ဒါမှမဟုတ် ငါ လဲပေးမယ်လေ"

ပြောပြောဆိုဆိုဖြင့် ခုတင်ပေါ်မှ ဆတ်ခနဲ ထကာ သံစဉ်ရှေ့ နားသို့ တိုးလာ၏။

သံစဉ် မျက်လုံးလေး အဝိုင်းသားဖြင့် ထိတ်လန့်သွားကာ

"ဟယ် နင်နော်၊ ရှေ့တိုးမလာနဲ့"

"ဘာဖြစ်လဲ တိုးတာ၊ ကိုယ့်မိန်းမနား ကိုယ်တိုးတာ ဘယ် ကောင်က လာပြီးတရားစွဲမှာမို့လို့လဲ"

အထင်ကရ သူမကို မကျေနပ်၍ တမင်ရွဲ့နေပြီဆိုတာ သံစဉ် သိလိုက်သည်။ သို့သော် ဘယ်လိုပဲ ရွဲ့နေပါစေ သံစဉ် ရင်တွေ ခုန်နေ သည်။ စိတ်ထဲမှာ အကျေနပ်ကြီး ကျေနပ်၏။ ဒါဟာ သံစဉ်ရဲ့မျှော်လင့် ချက်လေ။

"နင် တိုး တိုးမလာနဲ့နော်"

"ဘာဖြစ်လဲ တိုးတာ၊ တိုးရုံတင်မဟုတ်ဘူး၊ အကျီတောင် လဲပေးလိုက်ဦးမယ် လာထား"

အထင်ကရရဲ့လက်တွေက သံစဉ် ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး ရင်ခွင်ထဲကို ဆွဲသွင်းလိုက်သည်။ သံစဉ် ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပေမယ့် မမီတော့။ ရုတ်တရက်မို့ သံစဉ့်ကိုယ်လုံးအိအိ လေး အထင်ကရ ရင်ဘတ်ကျယ်ကြီးထဲ နစ်မြုပ်သွား၏။

"အို လွှတ်ပါ၊ ငါက နင့်ရဲ့ဆွဲမဟုတ်ဘူး"

သံစဉ် ရုန်းသည်။ ရုန်းရင်းမှ စကားနာထိုးသည်။

"အင်း ဒီအချိန်မှာ ဒါတွေ လာမပြောနဲ့၊ ငါ ဘာမှမသိဘူး၊ ငါ သိတာ နင့်ကို ငါ့ရဲ့ရင်ခွင်ထဲမှာ ဟောဒီလို အချိန်အကြာကြီး ထွေး ပွေ့ထားချင်တယ်၊ ပြီးတော့ နင့်ပါးလေးကို မြတ်မြတ်နိုးနိုးနဲ့ နမ်းချင် တယ်"

"အို ဟင့်အင်း မနမ်းနဲ့၊ နင်နမ်းရမှာ ငါ မဟုတ်ဘူး ဆွဲကို သွားနမ်း"







www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ဘာတွေပြောနေတာလဲကွာ၊ ဒီအချိန်မှာ ဆွိကိုလည်း မသိဘူး၊ ငွန့်ကိုလည်း မသိဘူး၊ ငါတို့နှစ်ယောက်ရဲ့ကမ္ဘာလေးထဲကို ငါတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ ဝင်မလာရဘူး"

အထင်ကရ၏အသံလှိုင်းတွေက နူးညံ့ညင်သာနေ၏။ အသံတင် မဟုတ်၊ တရစပ်နမ်းလိုက်သော နှုတ်ခမ်းနွေးနွေးတို့သည်လည်း နွေးထွေး နူးညံ့လွန်းနေ၏။

ရင်တွေခုန်လိုက်တာ။ သံစဉ်ဘဝမှာ ဒီလို ရင်ခုန်လှုပ်မောမှု မျိုးကို ခံစားရတာ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ပေါ့။

"ချစ်တယ် ချစ်တယ် သံစဉ်ရယ်၊ ငါ့ရင်ထဲက နင့်ကိုချစ်မိတဲ့ အချစ်တွေကို ငါ ဘယ်လိုမှ ထပ်ပြီး ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မရှိ တော့ဘူး၊ နင့်ကို ဘယ်အချိန်ကတည်းက ချစ်မိသွားမှန်း ငါ့ကိုယ်ငါလည်း မသိတော့ဘူး"

တင်းကြပ်စွာ ဖက်တွယ်ထားရင်းမှ တတွတ်တွတ် ပြောနေ သော အထင်ကရ၏ စကားလုံးတွေက သံစဉ့်ရင်ထဲမှာ ကိန်းအောင်းနေ သော သက်တမ်းရင့် နာကျင်မှုတွေကို တစ်ပြိုင်နက်တည်း အရည်ပျော် ကျသွားစေသလို ပျော်ရွှင်လှိုက်ဖိုကြည်နူးခြင်းတွေဟာ သွေးကြောလေး တွေထဲထိတောင် တဆစ်ဆစ် တိုးဝင်ပျော်မွေ့နေကြသလားဟု ထင် လောက်အောင် ခန္ဓာကိုယ်နှင့် အသိစိတ်တို့က လေထဲမှာ လွင့်နေကြ





ဒါဟာ အိပ်မက်များလား။ အမှန်တကယ် အိပ်မက်ဆိုလျှင် သည်း ထိုအိပ်မက်ကနေ ထာဝရ မနိုးထချင်တော့ပါဘူး။

အထင်ကရ၏မနားတမ်း နမ်းရှိုက်နေသော အနမ်းနွေးနွေးနှင့် ဝင်သက်ထွက်သက် နွေးနွေးတွေကလည်း အိပ်မက်တစ်ခုမဟုတ်ဘူးဆို တာ သက်သေပြနေကြပြန်သည်။

"နင် ငါ့ကိုတကယ်ချစ်တာလား အထင်ကရ"

"အင်း ဟုတ်တယ် ငါ့ရင်ဘတ်ရဲ့ ဟောဒီနေရာမှာ နင် တိတ် ဆိတ် နိုးဝင်နေခဲ့တယ်၊ ငါ သတိထားမိတော့ တော်တော်တောင်ကျွမ်း နေပြီ"

လက်သီးကလေးကို ခပ်တင်းတင်းဆုပ်ကာ ရင်အုံနေရာကို ပ်ဖွဖွထုရင်း အခိုင်အမာ သက်သေတည်နေပုံက တကယ်လေးနက်နေ ပါလားဟု ထင်ချင်စရာ။ ကြည့်စမ်း ကံကြမ္မာရဲ့လှည့်ကွက်က မယုံရဲ လောက်အောင်ကို ပဥ္စလက်ဆန်ပါလား။

သူတို့နှစ်ယောက်ကို ပရမ်းပတာ တွေ့ဆုံပေးလိုက်ပြီး မခိုင်နဲ့ သော ဆုံးဖြတ်ချက်တွေနှင့် ဘဝတစ်ခုကို တူထောင်ခိုင်းသည်။ နောက် ပြီး ကြည့်မရသော နားလည်မှုအလွဲတွေ၊ အမုန်းဖျော့ဖျော့လေးတွေ သံသယခပ်တိမ်တိမ်တွေနှင့် အချိန်အတိုင်းအတာတစ်ခုအထိ ပျော်ခိုင်း၏။

ခုတော့ ဖြုန်းခနဲဆို သူတို့နှစ်ယောက်၏ရင်ဘတ်အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီသွားအောင် ရင်ခုန်သံစစ်စစ်တွေနှင့် ဖြားယောင်းခိုင်းသည်။ ထိုအတွက် ရရှိလိုက်သော ခံစားမှုတွေကတော့ ဘာနှင့်မျှ နှိုင်း၍မရလောက်အောင် နက်ရှိုင်းသော ရင်ခုန်သံတွေ ဖြစ်နေ၏။

အတိတ်မှာ ပြုတ်ကျကျန်ခဲ့သည့် လွှဲချော်မှားယွင်းမှုလေးတွေကို စိတ်မဆိုးရက်နိုင်လောက်အောင်ပင် မိုက်မဲစွာ ချစ်ပစ်လိုက်ကြ

တကယ့်ကို ရင်ခုန်ကြည်မွေ့ချင်စရာကောင်းတဲ့ ညနေခင်းလေးပါပဲ။ အိပ်တန်းဝင်တော့မည့် ငှက်ကလေးတွေအားလုံး မျက်စိကြောင်ကျကြရောပေါ့။

■ ■ ■

"အထင်ကရ"

"အင်း"

"ထတော့လေ၊ မထသေးဘူးလား"

"အင်း ထမယ်၊ ဒါပေမဲ့ အာဘွားလာပေးဦး"

"ဟာ တော်ပြီကွာ၊ ပါးတွေလည်း ပေါက်ထွက်ကုန်ကြဦးမယ် အဟင်း ခစ် ခစ် ခစ်"

"လာကွာ"

"ဟင့်အင်း ရေချိုးခန်းဝင်တော့မယ်၊ ဒီနေ့ ဝန်ထမ်းသစ်တွေ ချယ်ဖို့ အင်တာဗျူးကိစ္စတွေ ရှိတယ်၊ ယောက်ျားနဲ့နှပ်နေလို့ မရဘူး"





သံစဉ် မှန်တင်ခုံမှာ ထိုင်ကာ ဆံပင်တွေကို ဘီးဖြင့်ဖြီးသင်နေရင်း ခပ်နွဲ့နွဲ့လေး ပြောလိုက်သည်။

"အောင်မာ သူတစ်ယောက်တည်း အလုပ်ရှိတာကျနေတာပဲ၊ ပါလည်း ဒီနေ့ ရတနာကုန်သည် အစည်းအဝေးသွားရမှာပါနော်"

"ဒါဆို ထတော့လေ၊ ဘာအပျင်းကြီးနေတာလဲ"

"မရဘူး အာဘွားပေးမှ ထမယ်၊ တော်တော် အလိုက်ကန်းဆိုးသိတဲ့ မိန်းမ၊ ကိုယ့်ယောက်ျားကို အိပ်ရာက နှိုးရင် အနမ်းနဲ့နှိုးရတယ် ဆိုတာ နည်းနည်းလေးမှ မသိဘူးလား"

"ဩော် ရှင်ကြီးကရော မနက်မိုးလင်းရင် ကိုယ့်မိန်းမ မျက်နှာသစ်ဖို့ သွားပွတ်တံမှာ ဆေးဖြည့်ပေးရမယ်ဆိုတာ နားမလည်ဘူးလား"

သံစဉ် ခါးလေးထောက်ကာ စကားနာပြန်ထိုးသည်။

"ဘာမှမဆိုင်ဘူး အဲဒါ မိန်းမက ယောက်ျားကို လုပ်ပေးရမယ့် အလုပ်"

"ဟွန်း သူ့ကျတော့ နည်းနည်းလေးမှ အနာမခံဘူး၊ လူလည်တော်ကားကြီး"

ရယ်ကာမောကာဖြင့် ထိုင်ရာမှထလိုက်ပြီး ခုတင်မှာ အိပ်နေသေးသော အထင်ကရ၏မိုက်ကို ခပ်ဖွဖွလိမ်ဆွဲလိုက်သည်။

အထင်ကရ အလွှတ်မပေး။ သံစဉ်လက်ကို ဖျတ်ခနဲ လှမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြန်၏။ သံစဥ်ကိုယ်လေး အရှိန်မထိန်းနိုင်ဘဲ အထင်ကရ ရင်ခွင်ထဲ ပြိုဆင်းသွားသည်။

"ဟော့ အပျင်းမကြီးနဲ့ဟာ ထတော့၊ ကမ္ဘာထိသွားဖို့ နောက်ကျနေလိမ့်မယ်"

အထင်ကရ မျက်လုံးကို မှေးစင်းကာ သံစဥ်ကို ရင်ခွင်ထဲမှာ တင်းကြပ်စွာ ဖက်ထားရင်း

"အင်းပါ သုံးမိနစ်၊ သုံးမိနစ်ပဲ၊ ဒီလိုနေ့လေးကိုရောက်ဖို့ အတွက် ဘယ်လောက်ထိ စိတ်မောလူမော စောင့်ရလဲသိလား"

အထင်ကရ၏စကားကြောင့် သံစဥ် ကြည်နူးမှု စိမ့်စိမ့်လေးနှင့် အတူ အထင်ကရ ရင်ခွင်မှာ မျက်နှာအပ်ရင်း

"အတူတူပါပဲနော်၊ သူတစ်ယောက်တည်း စိတ်မောတာကျနေ တာပဲ"

"ဟုတ်လို့လား မရှီးနဲ့"

"ဩော် ဒီကိစ္စက ရှီးစရာလား၊ အထင်ကရနော် လူကို ရန်စ ပြန်ပြီ"

"ချစ်လို့ ရန်စတာ"

"ဒီက ပိုတောင် ချစ်သေးတယ်"

"ဒါဆို ငါတို့နှစ်ယောက် တကယ့် အကြင်လင်မယားဖြစ်ရင်





အထိမ်းအမှတ်ကလေးနဲ့ ညေ့ခံပွဲလေးတစ်ခု ထပ်လုပ်မလား၊ သူငယ်ချင်း တွေကိုပဲလေ"

"ဟင့်အင်း ဟန်းနီးမွန်းထွက်မယ်"

"အင်း ဒါလည်း မဆိုးပါဘူး၊ ပိုပြီးရင်ခုန်စရာကောင်းပြီး ပျော်စရာကောင်းမှာ"

"ဘယ်ကိုသွားမလဲ"

"သိဘူးလေ၊ နင် သွားချင်တဲ့နေရာကိုသွား၊ နင်သာပါရင် ကြွင်းဋ္ဌာထဲက ဘယ်နေရာပဲဖြစ်ဖြစ် လိုက်မယ်"

"ဒီအချိန်မှာ သံစဥ်တို့က ချစ်သူသာခေါ်ရင် ငရဲပြည်ကို ဟန်းနီး မွန်းထွက်ရလည်း မငြင်းဘူး"

"အင်း ဒါဆို ဘယ်ကိုသွားရင် ကောင်းမလဲ၊ တစ်ရက်စဥ်းစား လိုက်ဦးမယ်၊ ငါကတော့ နိုင်ငံခြားခရီးစဥ်ပဲ ရွေးရင်ကောင်းမလားလို့"

"လက်မှာပေါ်တက်လည်း ကိစ္စမရှိဘူး"

ချစ်စဖွယ်ဟန်လေးနှင့် ပြောနေသော သံစဥ်ကိုကြည့်ရင်း အထင်ကရ တစ်ချက်မက်မက် နမ်းလိုက်သည်။

ယခုတော့ ချည်နှောင်မိသည့် နှောင်ကြိုးတွေ ရာသက်ပန် ခိုင်မြဲသွားပြီဆိုတာ အသေအချာပဲလေ။

ဘယ်လိုမှကို ပြတ်ထွက်စရာအကြောင်းမရှိတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ကော်ဖီဆိုင်ကလေးက ဂီတသံငြိမ့်ငြိမ့်လေးနှင့် စိမ့်စိမ့်ကလေး အေးမြနေ၏။

နေ့လယ်ခင်းမို့ ကော်ဖီဆိုင်ကလေးမှာ လူမရှိသလောက် ရှင်းလင်းနေ၏။ ထောင့်ကျကျ စားပွဲဝိုင်းလေးမှာတော့ အထင်ကရနှင့် ဆွိတို့၏ ဖာတ်သိမ်းခန်းလေးပေါ့။

တအီးအီး တအင့်အင့် ရှိုက်ငိုနေသော ဆွိကိုကြည့်ပြီး အထင်ကရ အတော်လေး စိတ်လေသွားသည်။ ဆွိက ငိုသံနှောကာ ဗလုံးဗထွေး အသံဖြင့်

"ခုတော့ ဆွိ ဆွိကို ခေါက်လိုက်ပြီပေါ့လေ ဟုတ်လား ကို" ဆွိ၏တရှုံ့ရှုံ့ရှိုက်ငိုနေပုံက တကယ့်ကို ရင်နင့်စရာလေး။ မြင်





တဲ့သူတွေကတော့ ချစ်သူကောင်မလေးကို ကောင်လေးက ချော့နေတဲ့ မြင်ကွင်းမျိုးမှာ ထင်ချင်စရာ။

အမှန်တော့ ဤသို့မဟုတ်။

"ကျွတ် ဘာလို့ ငိုနေတာလဲ ဆွိရာ၊ အဓိပ္ပာယ်မရှိတာကို တွေးပြီး မျှော်လင့်နေလို့ရော ဘာများပိုထူးခြားလာမှာမို့လဲ၊ ခင်းနဲ့ငါနဲ့ ဇာတ်လမ်းက အလုပ်သဘောအရပဲ၊ မင်းလိုသလောက်ကို ငါ ထုတ်ပေးပြီးပြီပဲ၊ ခု ငါ့မိန်းမနဲ့ငါနဲ့လည်း အဆင်ပြေသွားပြီ၊ မင်း အကူအညီထပ် မလိုတော့ဘူးလေ"

"အို အဲဒါကို ဝမ်းနည်းတာပေါ့လို့၊ ဒီက အလုပ်သဘောအရ သက်ခံမှုလိုက်ပေမယ့် တကယ့်ကို မှန်ဝင်သွားတာ သိရဲ့လားလို့ ခုတော့ သူ့ကို ဗီလင်တွေပေးပြီး သူကတော့ ဖုတ်ဖက်ခါပြီး ထသွားပြီပေါ့၊ ဒီက ကျန်ခဲ့တဲ့လူက ဘယ်လောက် ရင်ကွဲနေရသလဲ၊ ဟက်တက်ကြီးရှင့် ဟက်တက်ကြီး"

ရင်ဘတ်ကို တဘုန်းဘုန်းထုရင်း ရင်ထုမနာပြောကာ ငိုနေပုံကိုကြည့်ပြီး အထင်ကရ ရယ်ချင်လွန်း၍ တစ်ဖက်ကိုလှည့်ပြီး ပြုံးလိုက်သည်။

ဆွိက တကယ် မှန်ဝင်သွားသည်ဆို၍ အထင်ကရ ကျောချမ်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တင်တဲ့စစ်ကဲ ကိုယ်ပြန်ချ၍မရဘဲ ဖြစ်တော့မည်ထင်၏။

"မဟုတ်ဘူးလေ ဆွိရာ၊ မှုင်းနဲ့ငါက ဘဝတူတွေလေ၊ မှန်ဝင်စရာမှမလိုတာ၊ နည်းနည်းတော့ သတိကပ်စမ်းပါဦး"

လေပြည်လေးနှင့် နှစ်သိမ့်ဖျောင်းဖျ၏။

ထိုအချိန်တွင် သံစဉ်နှင့်ဌျန်ကလည်း ကော်ဖီဆိုင်ကလေးထဲတွင် မကျေမလည် ဖြစ်နေကြဟန်ဖြင့် ဝင်လာကြသည်။

ရုတ်တရက် သံစဉ်ရဲ့ခြေလှမ်းတွေ ရပ်တန့်သွားကာ

"ဟင် အထင်ကရ"

မျက်နှာပေါ်မှ အံ့ဩခြင်းတွေက ဒေါသတွေအဖြစ် ရုတ်ချည်း ပြောင်းသွားကာ

"ဪ သူတို့က ဇာတ်လမ်းမပြတ်ကြသေးဘူးကိုး"

ဌျန် ခပ်မိန့်မိန့်ပြုံးလိုက်သည်။

"ကဲ ဘယ်လိုလဲ သံစဉ်၊ မင်းပြောတော့ မင်းတို့လင်မယား တွေ တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်နဲ့ ချစ်သွားကြပြီဆို အဟား ခုတော့ ကွယ်ရာမှာ တွဲခုတ်နေကြတုံးကို၊ ဒါနဲ့များ ကိုယ့်ကို သူငယ်ချင်းအဖြစ်က ရပ်စဲဖို့ မင်းမှ ပြောထွက်ရက်တယ်"

"တော်စမ်း ဌျန် ကျွန်မတို့အိမ်ထောင်ရေးကိစ္စ ရှင်နဲ့ဘာမှ မဆိုင်ဘူး။ ရှင်နဲ့ဆိုင်တာက ကျွန်မတို့နောက်ထပ် အဆက်အသွယ်





မလုပ်ကြဖို့ပဲ၊ ခုလည်း ဒီဆိုင်ကိုလာတာ ရှင်နဲ့ အပြီးအပြတ်ဖြတ်ဖို့ လုံလောက်တဲ့ စကားတွေ လာပြောကြတာဆိုတာ မမေ့ပါနဲ့"

"အဟား ကောင်းပါပြီ ခုလောလောဆယ်တော့ မင်းယောက်ျား ရဲ့ဖောက်ပြန်ရေးအစီအစဉ်ကို ရှင်းဖို့ အရင်စဉ်းစားလိုက်ဦး"

ဌျန့်စကားကို ဆုံးအောင် နားမထောင်တော့ဘဲ အထင်ကရ နှင့်ဆွိတို့ စားပွဲဝိုင်းသို့ အေးစက်တင်းမာသော ခြေလှမ်းတွေဖြင့် လျှောက် သွားလိုက်၏။

တိတ်ဆိတ်သော ကော်ဖီဆိုင်လေးအတွင်းမှာ သံစဉ့်ဒေါက်ဖိနပ် သံ တဒေါက်ဒေါက်က ဒေါသလှိုင်းတွေနှင့်အတူ စည်းချက်ညီနေ၏။ စားပွဲဝိုင်းရှေ့မှာ ခြေစုံရပ်လိုက်သည်နှင့်

"ဟင် သံစဉ်"

မော့ကြည့်လာသော အထင်ကရ မျက်နှာမှာ အံ့ဩထိတ်လန့် သွား၏။

"နင်တို့ဇာတ်လမ်းက ဘယ်တော့ပြီးပြတ်မှာလဲ အထင်ကရ၊ ဘာလဲ လှေနံနစ်ဖက်နင်းချင်လို့လား"

"ဟာ မဟုတ်ဘူး ငါ အပြတ်ဖြတ်ဖို့ ဒီကိုလာတာ ယုံပါ"

"အို ဘာကိုပြတ်ရမှာလဲ၊ မဖြတ်နိုင်ပါဘူး ဟင့်အင်း၊ လုံးဝ မဖြတ်ဘူးနော် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆွိ ခေါင်းတခါခါ လက်တခါခါဖြင့် ငြင်းဆန်၏။

"ဪ နင်က သူများမယားငယ်ဖြစ်ချင်နေသေးတယ်ပေါ့"

"အို မယားငယ်မကလို့ မယားပါစီကွေးလေးပဲဖြစ်ဖြစ် လုံးဝကို မဖြစ်ဘူး"

ဆံပင်တွေ ဝေ့ရမ်းနေအောင် ခေါင်းတခါခါဖြစ်နေသော ဆွိရဲ့ ပုံစံက တကယ့်ကို သွေးရူးသွေးတန်းနိုင်လွန်းနေ၏။

အရင်က နူးညံ့သိမ်မွေ့ခြင်းတွေ လုံးဝကိုပျောက်ဆုံးလျက် ကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်ဟု သံစဉ်စိတ်ထဲ တွေးမိလိုက်သည်။

ဂျွန်ကတော့ ပွဲကြည့်ပရိသတ်ပမာ လက်ပိုက်လျက် သုံးပွင့်ဆိုင် ဇာတ်လမ်းကို ရပ်ကြည့်နေ၏။

အထင်ကရ အကြည့်တွေက ဂျွန့်ထံသို့ ရောက်သွား၏။

"နေပါဦး သံစဉ်၊ နင်ကျတော့ ဒီကောင်နဲ့ ခုထိတွဲနေတုံးပေါ့။ ဘာလဲ နင်ကရော လှေနံနှစ်ဖက် နင်းနေတာပေါ့"

အထင်ကရ ပြန်၍ ထောက်ပြအပြစ်တင်၏။

"မင်းတောင် နင်းသေးတာပဲ၊ သံစဉ် နင်းတာ ဘာဖြစ်လဲ၊ သံစဉ် လှေနံနှစ်ဖက်နင်းရုံမကလို့ လေးဖက်စလုံးပဲ ထောက်ပြီးနင်းနင်း ငါကတော့ သံစဉ်ကို ချစ်နေမှာပဲ"





ဂျွန်က ခပ်တင်းတင်းပင် လက်မကလေးထောင်ပြီး ဝင်ပြော၏။

အထင်ကရ ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး

"ဪ မင်းက ငါ့မိန်းမလှေနံလေးဖက်နင်းလည်း အလကား အချောင်နိုက်မယ်ပေါ့ ဟုတ်လား။ ကဲ ကြာကူလီကောင်"

"ခွပ်"

"အောင်မလေး"

အထင်ကရ၏ လက်သီးချက်ကြောင့် သွေးပျက်စွာဖြင့် ဂျွန် နောက်ပြန်လဲကျသွားသည်။ အော်ပုံကိုက ယောကျ်ားမကျ မိန်းမမကျနှင့် အောင်မလေးဟု အော်၏။

"အို ကို မလုပ်နဲ့ မလုပ်ပါနဲ့၊ လက်လွန်ကုန်မယ်၊ အဟင့် ကိုလက်တွေ နာကျင်သွားမှာ ဆွိ အရမ်းစိုးရိမ်တယ် သိလား"

ဆွိ အထင်ကရကို နောက်မှသိုင်းဖက်၍ ဝင်ဆွဲ၏။ ဆွိအသံတွေက လိုတာထက်ပို၍ ချွဲပျစ်ချိုအီနေ၏။

ဆွိ၏အိုဗာဖြစ်နေပုံကိုကြည့်ပြီး သံစဉ့်ဒေါသတွေက အပြင်သို့ ဝုန်းခနဲ ခုန်ပေါက်ထွက်လာပြီး

"ဪ နင်က မချိုမချဉ် မျက်နှာနဲ့ ငါ့ယောကျ်ားကို ကြောင်တောင်နိုက်မယ်ပေါ့ ဟုတ်လား ကဲ"

လျှင်မြန်သော လက်အစုံက ဆွိရဲ့ဝဲအိလှုပ်ရမ်းနေသော ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်တွေကို အားကုန်ဆောင့်ဆွဲလိုက်၏။

ဆွိ၏ဆံပင်အုံလိုက်ကြီးက သံစဉ်ရဲ့လက်ထဲသို့ အပြုလိုက်ပါလာသည်။

"ဟင် ဒါ ဘာ ဘာကြီးလဲ"

လက်ထဲမှာ ပါလာသော ဆံပင်အုံလိုက်ကြီးကို အလန့်တကြား ကြည့်ပြီး နောက်ထပ်အကြည့်တွေကို အံ့ဩစွာဖြင့် ဆွိထံသို့ ပို့လိုက်သည်နှင့်

"အမလေး ကတုံး ကတုံးကြီး"

"အဟင့် ဟင့် ခုတော့ သူများအရှက်ကို ဟက်တက်ကွဲအောင် လုပ်လိုက်ပြီပေါ့၊ ကို ရှင့်မိန်းမလုပ်ပုံ ကောင်းသေးရဲ့လားလို့ အဟင့်"

ဆွိ ချွဲပျစ်ပျစ် ငိုရင်း ပြောင်နေသော ကတုံးကိုပွတ်ကာ ပွတ်ကာဖြင့် ချုံးပွဲချငိုလိုက်သည်။

သံစဉ် ဆွိပုံစံကိုကြည့်ပြီး ယောင်နနလေးဖြင့် ရပ်နေပြီး

"အထင်ကရ သူ သူက အခြောက်ကြီးလား"

"ဟုတ်တယ် သူက အခြောက်ကြီး၊ တကယ့်မိန်းမ မဟုတ်ဘူး။ သူ့ကိုငွေပေးပြီး ငါ့ချစ်သူဟန်ဆောင်ခိုင်းထားတာ၊ ဘာပဲဖြစ်ဖြစ် ငါက ရိုးသားတယ်၊ မရိုးသားတာက နင်ပဲ သံစဉ်"

အထင်ကရ ဒေါသတွေ ဂျွန့်ထံသို့ ရောက်သွားပြန်၏။ ဂျွန်က





ကြမ်းပြင်ပေါ်တွင် ဖင်ထိုင်လျက် လဲကျနေရာမှ သူ့မျက်နှာပေါ်သို့ ဝဲကျလာတော့မယ့် အထင်ကရ လက်သီးချက်တွေကို မျက်လုံးအပြူးသားဖြင့် ကြောင်ငေးကြည့်ပြီး

"မလုပ်နဲ့ မလုပ်နဲ့နော် မှားမယ်"

"ဘာမှားရမှာလဲ၊ မင်းလို အဆင့်အတန်းမရှိတဲ့ကောင်ကို ခုံးမလို့ မှားတယ်ဆိုတာ မရှိဘူးကွ"

သံစဉ် ဆက်ကြည့်နေ၍ မရတော့။

"အို သူပြောသလိုပဲ မှားကုန်လိမ့်မယ်"

အထင်ကရ၏လက်က ဂျွန့်ရဲ့ရင်ဘတ်အင်္ကျီကို ဒေါသတကြီး ဖြင့် ဆုပ်ဆွဲထားရင်းမှ

"လာပြန်ပြီ တစ်ယောက် ဘာမှားတာလဲ"

"ဟုတ်တယ် မှားမယ်၊ သူ သူက ယောက်ျားအစစ် မဟုတ်ဘူး၊ ယောက်ျားစိတ်ပေါက်နေတဲ့ မိန်းမ"

"ဟင်"

"ဟုတ်တယ် ဟုတ်တယ် ငါ့နာမည် ဂျွန်မဟုတ်ဘူး၊ ဖွန့် ဖွန့်သီလာ၊ အားနွဲ့တဲ့မိန်းကလေးကို ကိုယ်ထိလက်ရောက် ကျူးလွန်ရင် အမျိုးသမီးရေးရာကို တိုင်မှာနော်"

ဂျွန် သူ့နာမည်အရင်းကို ရေရွတ်ပြရင်း မိန်းမတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ရန်တွေ့၏။

"ဟုတ်တယ် သူတို့လင်မယား ငါတို့ကို သက်သက်မဲ့ ဒုက္ခ ပေးကြတယ်၊ လာ ဂျွန် ဆွဲတို့သွားကြရအောင် ဟဲ့ ပေး ငါ့ဆံပင်အတု"

ဆွိက ဂျွန်ကိုတွဲထူပြီး သံစဥ်လက်ထဲမှ သူ့ဆံပင်အတုကို ဖျတ်ခနဲ ဆွဲယူကာ သူ့ရဲ့ပြောင်နေသောခေါင်းမှာ စွပ်ခနဲ စွတ်လိုက်ပြီး ယက်ကန်ယက်ကန်ဖြစ်နေသော ဂျွန်ကို ဆွဲခေါ်သွား၏။

"ဟာ ဒီအခြောက်မက တစ်မျိုး၊ ဖြည်းဖြည်းဆွဲပါဟ အကုန် ပြုတ်ထွက်ကုန်မယ်"

"အို ပြုတ်ပါစေ ပြီးရင် ပြန်ဆက်ပေးမယ်၊ ခုလောလောဆယ် ဒီ မကောင်းဆိုးဝါး လင်မယားနဲ့ဝေးဖို့က အဓိကမဟုတ်လား"

နှစ်ဦးစလုံး ဘောက်ဆတ်ဘောက်ဆတ်ဖြင့် မကျေနပ်ချက်တွေကို ဂါထာရွတ်သလို ရွတ်ပြီး ကော်ဖီဆိုင်ထဲမှ ထွက်သွားကြ၏။ သူတို့နှစ်ယောက်ကိုကြည့်ပြီး သံစဥ် မအောင့်အီးနိုင်စွာဖြင့် စိတ်လွတ်ကိုယ် လွတ် အော်ရယ်ပစ်လိုက်သည်။

အထင်ကရလည်း ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားဟန်ဖြင့် သံစဥ်ရဲ့ခေါင်းကို ခပ်ဖွဖွ ထုလိုက်သည်။

"လှလည်းမလေး၊ တွဲစရာရှားလို့ ယောက်ျားလျာကိုမှ တွဲရ လား"





"ဟင် သူများကျတော့ ပြောတယ်နော်၊ သူကျတော့ရော အခြောက် မကြီးကို တွဲတယ်"

"ဒါက ဟန်ဆောင်တာလေ"

"ဒီကလည်း တမင်ဟန်ဆောင်ပြီး ရွှဲ့တွဲတာပါနော်"

"ဘာဖြစ်လို့ တွဲတာလဲ"

"နင့်ကိုချစ်လို့ပေါ့၊ နင် မနာလိုဖြစ်မလားဆိုပြီး အရွဲ့တိုက် တွဲတာပေါ့"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို ငါတို့အခုချိန်ကစပြီး အားလုံး အရှုပ်တွေရှင်းထုတ် ပြီးပြီနော်၊ ရင်ဘတ်ချင်းဘယ်တော့မှ မလွဲတော့ဘူး"

"အင်းပေါ့ ရင်ဘတ်ချင်းငြိပြီးမှတော့ ဘယ်လိုလုပ် လွဲနိုင်စရာ အကြောင်းရှိတော့မှာလဲ"

"ဟုတ်တယ်နော် ငါတို့နှစ်ယောက်ရဲ့အချစ်က အရမ်းကိုချိုမြိန် နေတော့ ဒီတစ်သက် ဘယ်တော့မှ မလွဲနိုင်တော့ဘူး"

အနမ်းတစ်ပွင့်ကို မသိမသာ ခြွေလိုက်ရင်း သံစဥ်ကိုယ်လေးကို ဆွဲ့ခနဲ ကောက်ယူပွေ့ချီလိုက်သည်။

ဂီတသံ ခပ်ငြိမ့်ငြိမ့်နှင့် လူတစ်ယောက်မှ မရှိသေးသော ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးက သူတို့နှစ်ဦးအတွက် တဒင်္ဂ ဖန်တီးထားသော သီးသန့်ကမ္ဘာလေးပါပဲ။

ခုတော့ အချစ်ဟာ ချိုမြိန်မှုန်း သူတို့နှစ်ဦး သိသွားကြပြီလေ။

အားလုံးအတွက်
နတ်သမီး

BURMESE CLASSIC .com

ဝိုးမိုး၀၁၇၆ပ

www.burmeseclassic.com